# ဓမ္မစကြာ မဂ်ဝင် အာနာပါန ကျမ်း

( ဒုတိယတွဲ )



ဓမ္မစကြာ မဟာနာယက ဆရာတော်ဘုရားပုံတော်

ဓမ္မစကြာပဋိပတ် သာသနာပြု အဖွဲ့ချုပ်

မှ

မဟာသတိပဋ္ဌာန်ဒေသနာများ

ဓမ္မစကြာ

# မဂ္ဂင်အာနာပါနကျမ်း

ဒုတိယတွဲ

ထုတ်ဝေသူ ကင်းလွတ်ခွင့် နံပါတ် (၈၅၀၀)
အရှင်ကုမာရ-မဉ္စကြာ သာသနာ့ရိပ်သာ
နိုးဖျော့-မန္တလေး

# မာတိကာ


| နံပါတ်စဉ် | မဂ်ဝင်အာနာပါနကျမ်း | စာမျက်နှာ |
|---|---|---|
| ၁ | အကြောင်းပြုနိဒါန်း | ၁ |
| ၂ | မဂ်ဝင်အာနာပါနကျမ်း ဒုတိတွဲ | ၅ |
| ၃ | ကေတ္တာနည်းနဲ့ သိမ်းဆည်းပုံ | ၁၄ |
| ၄ | ငရုပ်စေ့နဲ့ သစ်ပင်ဥပမာ | ၁၇ |
| ၅ | ဒုတိယစတုက္က ရုပ်-နာမ်ပေါ်ပုံ | ၁၈ |
| ၆ | အဘိဓမ္မာဆရာတွေက မေးကြလိမ့်မယ် | ၂၂ |
| ၇ | ရုပ်တရား နာမ်တရားဝေဘန်ရန် | ၂၅ |
| ၈ | ပစ္စယပရိဂ္ဂဟဉာဏ်သွင်းပုံ | ၃၀ |
| ၉ | ဟေတုအကြောင်းနဲ့ ပစ္စယအကြောင်း | ၃၃ |
| ၁၀ | ဒိဋ္ဌိကြီးလေးချက် တည်ရှိနေပုံ | ၃၅ |
| ၁၁ | သုတ္တန်နည်းနဲ့ သိမ်းဆည်းပုံ | ၃၈ |
| ၁၂ | တကျော့စင်စစ် တရားရှစ်ဖြစ်ပုံဆောင်ပုဒ်လင်္ကာ | ၄၀ |
| ၁၃ | စတုတ္တတိတ်ခွေပဋ္ဌမဘာက်ဘာသာပြန် | ၄၃ |
| ၁၄ | ဝိပဿနာအစသမ္မသနဉာဏ် | ၄၆ |
| ၁၅ | ဥသ္မမီးဓာတ်၏သဘောတရား | ၅၄ |
| ၁၆ | ဥသ္မမီးဓာတ် အရောင် အဆင်း | ၅၅ |
| ၁၇ | အရောင်အဆင် တို့၏ အကြောင်းရင်း | ၆၃ |
| ၁၈ | သဘာဝလေးချက်တည်နေပုံ | ၆၃ |
| ၁၉ | သဘာဝလေးပါးမှထွက်ပေါ်ပုံ | ၆၄ |
| ၂၀ | ဥသ္မမီးဓာတ်အရောင်ထွက်ပုံ | ၆၆ |
| ၂၁ | အရောင်ဓာတ်လေးပါးအကြောင်း | ၆၉ |
| ၂၂ | လောကီလမ်းကျောက်နဂါး | ၇၀ |

# မာတိကာ

| နံပါတ်စဉ် | မာတိကာအာနာပါနကျမ်း | စာမျက်နှာ |
|---|---|---|
| ၂၃ | ကျောက်နဂါး၏ဂုဏ်ကျေးဇူးများ | ၇၁ |
| ၂၄ | လောကုတ္တရာကျောက်နဂါး | ၇၁ |
| ၂၅ | အာနာပါနနှင့် ရုပ်နာမ်စခန်း | ၇၅ |
| ၂၆ | သာသနာပြုနှင့်အာနာပါန | ၇၇ |
| ၂၇ | အာနာပါနနှင့်လောကီအရေး | ၇၉ |
| ၂၈ | စတုတ္ထတိတ်ခွေကြိုးဒုတိယ ဘက်ဘာသာပြန် | ၈၁ |
| ၂၉ | သညာဝိညာဏ်နှင့်တဝဲလယ် ပယ် | ၈၂ |
| ၃၀ | တတိယ တုက္ကရုပ်နာမ်ပေါ်ပုံ | ၈၄ |
| ၃၁ | ကျောက်နဂါးအရောင်နှင့်ရုပ်နာမ် | ၈၇ |
| ၃၂ | ပညာသိသဘောနှင့်ရှာဖွေပုံ | ၈၇ |
| ၃၃ | ပေါ်ထွက်ရာသဘာဝ ၄-ပါး | ၉၀ |
| ၃၄ | ပစ္စုပ္ပန်ကာလ အဘယ်သူလဲ | ၉၈ |
| ၃၅ | ကာလ ၃-ပါးဖွဲ့စည်းခြင်းသဘော | ၁၀၂ |
| ၃၆ | ကာလ ၃-ပါးရုပ်နာမ်ပယ်သတ်ပုံ | ၁၀၄ |
| ၃၇ | သန္တတိကို တွေ့အောင်ရှာပါ | ၁၀၄ |
| ၃၈ | ဝိပဿနာနှင့် သန္တတိဆက်စပ်ပုံ | ၁၀၆ |
| ၃၉ | လက္ခဏာယဉ်သို့တင်၍ ဆင်ခြင်ပုံ | ၁၀၈ |
| ၄၀ | အနိစ္စလက္ခဏာနှင့် သိမ်းဆည်းပုံ | ၁၁၀ |
| ၄၁ | အတိတ်ကာလနှင့် သဿတဒိဋ္ဌိ | ၁၁၄ |
| ၄၂ | ဥစ္ဆေဒဒိဋ္ဌိနှင့် ဒုက္ခလက္ခဏာ | ၁၁၇ |
| ၄၃ | သစ်ပင်များ၏ အနှစ်အသား | ၁၂၃ |
| ၄၄ | အတ္တဒိဋ္ဌိအစွဲပယ်ကျွတ်ပုံ | ၁၂၄ |
| ၄၅ | ပဉ္စမတိတ်ခွေပထမဘက်ဘာသာပြန် | ၁၂၇ |
| ၄၆ | အာနာပါန ၁၅-ရက်အကျိုး | ၁၂၈ |

| နံပါတ်စဉ် | မဂ်ဂင်အာနာပါးကျမ်း | စာမျက်နှာ |
|---|---|---|
| ၄၇ | အာနာပါန စဉ်းစားရန်အချက် | ၁၃၀ |
| ၄၈ | ပရိပါစက မီးခါတ်ဆိုဘာ | ၁၃၄ |
| ၄၉ | သဘောတရား ၃-ပါးစွန့်ခွါခြင်း | ၁၃၆ |
| ၅၀ | ပရိပါစကခါတ်ထင်ပုံ | ၁၃၇ |
| ၅၁ | ပညတ်နိမိတ် ၃-မျိုးထင်ပုံ | ၁၃၇ |
| ၅၂ | ပရိပါစကမီးခါတ်ကို တွေ့အောင်ရှာနည်း | ၁၄၁ |
| ၅၃ | မဟာသတိပဋ္ဌာန် ပါဠိတော် | ၁၄၃ |
| ၅၄ | စတုတ္ထတံခါးဖွင့်ရန် အစီအစဉ် | ၁၅၀ |
| ၅၅ | ပရိပါစကနှင့် ရုပ်-နာမ် | ၁၅၂ |
| ၅၆ | ရုပ်တရား နာမ်တရားနှင့် ထင်မြင်ရန် | ၁၅၂ |
| ၅၇ | ထွက်လေနှင့် ဝင်လေချုပ်ပုံ | ၁၅၃ |
| ၅၈ | ကျောက်နဂါးဂုဏ်ပုဒ် | ၁၅၉ |
| ၅၉ | မီးခါတ်ကြီး ၃-ပါးတည်ရှိနေပုံ | ၁၅၉ |
| ၆၀ | ဥသ္မမီးခါတ်အကျိုးတရား | ၁၆၁ |
| ၆၁ | ပရိပါစက မီးခါတ်နှင့်အကျိုးတရား | ၁၆၂ |
| ၆၂ | ပဠမတိတ်ခွေ ဒုတိယဘက်ဘာပြန် | ၁၆၈ |
| ၆၃ | အားသုလ္လဆောင်ရန် ဆုံးမချက် | ၁၇၃ |
| ၆၄ | လေခါတ်ချုပ်ခြင်း ၃ မျိုးပါဘဲ | ၁၇၄ |
| ၆၅ | ဝဲကြီး ၃-ပါးဆိုသည်မှာလဲ | ၁၇၅ |
| ၆၆ | အင်းအကြောင်းကို ဆက်လက်တင်ပြဦးစို့ | ၁၇၇ |
| ၆၇ | အသက်အောင့်လုပ်ခြင်း၏အကျိုး | ၁၇၈ |
| ၆၈ | လိုရင်းစကားအချုပ်ကိုပြောကြပါစို့ | ၁၇၈ |
| ၆၉ | တရားပြဆရာ စစ်ဆေးပါ | ၁၈၄ |
| ၇၀ | ဝေဒနာရှုမှတ်ပုံကိုခြင်း ဘန်ချက် | ၁၉၀ |

# မာတိကာ


| နံပါတ်စဉ် | မဂ်ဝင်အားန ပါးကျခြင်း | စာမျက်နှာ |
|---|---|---|
| ၇၁ | ကဲကဲ အာနာပါနရှေ့ပိုင်းစကားကိုသိမ်းကြစို့ | ၁၉၀ |
| ၇၂ | ဖြစ်ပျက်ရုပ်နာမ်စခမ်း ကိုတက်ကြစို့ | ၁၉၁ |
| ၇၃ | ဖြစ်ပျက်ဘယ်နှစ်မျိုးပါလဲ | ၁၉၂ |
| ၇၄ | ပဓာနိယင်္ဂတရားငါးပါးရှိပုံ | ၁၉၂ |
| ၇၅ | အဲဒီ ၅-ပါးကိုလဲ အနည်းငယ်ရှင်းပြဦးစို့ | ၁၉၃ |
| ၇၆ | ကဲကဲအဲဒီငါးမျိုးကိုဖော်ထုတ်ရန်<br>အချိန်ရောက်ပါပြီ ဖော်ထုတ်ကြဦးစို့ | ၁၉၆ |
| ၇၇ | ကဲကဲ ဖြစ်ပျက် ၅-မျိုးကိုဆက်လက်ရှုကြစို့ | ၁၉၈ |
| ၇၈ | ဖြစ်ပျက်မှုရုပ်တရားနာမ်တရားရှာမှီးရုံစမ်းပုံမှာ | ၂၀၂ |
| ၇၉ | ပရိပါစကနှင့်သန္တတိပညတ် | ၂၀၄ |
| ၈၀ | အသွားအပြန်မရှိအောင်လုပ်ပုံ | ၂၀၆ |
| ၈၁ | ကဲကဲ သန္တတိပညတ်ရိပ်သတ်ပုံကိုသွားကြဦးစို့ | ၂၀၇ |
| ၈၂ | သန္တတိပညတ်ဘယ်လိုသိမ်းမလဲ | ၂၀၉ |
| ၈၃ | ဒုတိယတဖန်ထပ်ပြီးဝေဘန်ရဦးမယ် | ၂၀၉ |
| ၈၄ | အဘိဓမ္မာနှင့် ဖဿဝေဒနာ | ၂၁၀ |
| ၈၅ | ရုပ်နာမ် ၂-ပါးနှင့် ဖဿဝေဒနာ | ၂၁၂ |
| ၈၆ | ရုပ်တရားနှင့်ဖဿယှူပုံ | ၂၁၄ |
| ၈၇ | ဝေဒနာနှင့်နာမ်တရားဝင်ပုံ | ၂၁၅ |
| ၈၈ | ဝေဒနာအနက် အဘယ်သို့ထွက် | ၂၁၆ |
| ၈၉ | ဉဒယဗ္ဗယ ရုပ်နာမ်ပေါ်လာပုံ | ၂၁၇ |
| ၉၀ | ဖြစ်ပျက် ၂-ပါးမှ တရားတက်ပုံ | ၂၂၀ |
| ၉၁ | တရားလမ်းစဘယ်သို့ရှာမလဲ | ၂၂၁ |
| ၉၂ | နိဂုံး | |

# ( အကြောင်းပြနိဒါန်း )

**အာ** ဒိစ္စောဝ ဒိဝါကရော
**နာ** နာနယေဟိ ယံဂန္ထော
**ပါ** မောက္ခသ သုဘာဝိတော
**နုံ** ဇာနန္တိ ပုထုဇ္ဇနော

ဒိဝါကရော၊နေ့အခါ၌ အရောင်အလင်းကို ပေးတတ်ပြုတတ် သော။အာဒိစ္စောဝ၊ နေမင်းကဲ့သို့။နာနာနယေဟိ၊ တံခါးလေး ပေါက် မီးခုတ်လေးသွယ် ရောင်စုံချယ်၍ ပညတ်နယ်တဝ ဥာဏ်စဉ်ပြသည့် နည်းနာနယအထူးထူးတို့ဖြင့်။ယံဂန္ထော၊အကြင် မဂ်ဝင် အာနာပါနကျမ်းသည်။ ပါမောက္ခသ၊ နည်းအထူးထူး တို့ကိုအသိဦးခဲ့သော အကြီးအမှူးခေါ် ဆိုပညာရှိပုဂ္ဂိုလ်များ၏။ သန္တိကေ၊ ထံတော်မှောက်၌။ သုဘာဝိတော၊ ကောင်းစွာမသွေ ဖြစ်ပေါ်၍လာပါချေပြီ။တံဂန္ထံ၊ထိုမဂ်ဝင် အာနာပါနကျမ်းကို။ ပုထုဇ္ဇနော၊ ဝါသနာအထုံ မလေ့ကြောင့် အကုန်းမေ့ကာ အာရုံ၌ မေ့နေကြကုန်သော သူတစုတို့သည်။ **နု**ဇာနန္တိ မသိရှိ လိုက်ကြလေကုန်။

**နေမင်းပမာ** ရောင်ခြည်တထောင်အလင်းကို ဆောင်

**ကျမ်းမဟာ** သော ရှင်နေမင်းကြီးသည် ကမ္ဘာသူ ကမ္ဘာသား အပေါင်းတို့အား အမှောင်ကိုဖျောက်အလင်းကို ရောက်စေအံ့ဟု ထွက်ပေါ်လာဘိသကဲ့သို့ ဤမဂ်ဝင် အာနာပါန ကျမ်းကြီးကလည်း ကိလေသာ အမှောင်တွင်း၌အလင်းကို မရကြ သော သတ္တဝါခပင်းတို့အား ဝိပဿနာအရောင် အလင်းကို

ဆောင်ပေးအံ့ဟု ရည်ရွယ်ကာ မန္တလေးမြို့အရှေ့ပြင် ဓမ္မစကြာ ငှိပတ်သာသနာပြုရိပ်သာမှဤမဂ်ဝင် အာနာပါနကျမ်း ပဌမတွဲကိုတင်ဆက်ခဲ့ပေပြီ၊ ယခု ဒုတိယတွဲကိုလည်း ဆက်လက်ထွက်ပေါ်စေပြီး ပညာရှိအမည်ခံ ပါမောက္ခများထံ တင်ဆက်လိုက်ပါပြီ။

**မီးဓါတ်ပေါ်ထွက် ကျမ်းဂျလက်** ယခု ဒုတိယ တွဲ၌ကား ကျန် မီးဓာတ်များ ဖြစ်သော သန္တပ္ပန မီးဓာတ် ဥသမမီးဓာတ် ပရိပါစကမီးဓာတ်တို့ကို ပေါက်ရောက်အောင်ရှုပွားလာပါက တွေ့ကြုံရမည့် ကြယ်တံခွန်ရောင်ရဲလောင်းကြီးပမာ လေဝ်စပီကာဟွန်းကြီးပမာပေါ်ထွက်လာပြီး ညို ရွှေနီဖြူဟူသော အရောင်လေးပါး ကျောက်နဂါးမီးဓာတ်ကြီးတွေရဲ့ အဆန်းတကြယ် ထင်လာပုံများကို ဖေါ်ပြထားသည်မှာဤကျမ်းစာအုပ်၏ ထူးခြားချက်ဟု ဆိုရမည်ဖြစ်ပါသည်၊ ၎င်းနောက် မီးဓာတ်များ ပေါက်ရောက်ပြီး ဝိပဿနာရုပ်နာမ်ကို ကူးရာ၌လည်း သညာသိ ဖြစ်ပျက် ဝိဉာဏ်သိ ဖြစ်ပျက်မျိုးတို့နှင့် အချိန်မကုန်စေလို၍ ပညာသိဖြစ်ပျက်မျိုးသာ ဉဒယဗ္ဗယဉာဏ်ခုံရုံးကလက္ခဏ်ဆုံးဖြတ်သောကြောင့် အာနာပါနအလုပ်ဖြင့် ရှာဖွေရာ၌တွေ့သိလာရသော မဂ်ဝင်သည်အထိ တက်သွားနိုင်သည့် ဖြစ်ပျက်မျိုးကား ဘယ်လိုဘဲဟု အတိအကျ ဖေါ်ပြထားသည်မှာလည်း ထိုကျမ်း၏ (ဂျလက်)ပင်ဖြစ်၏။

**တိုက်တွန်းချက်။** ။ နောက်ဆုံး တံခါးပေါက်ကို ဖွင့်ရာ၌၊ လေဓာတ်တွေ အဆင့်ဆင့်ချုပ်သောနည်းဖြင့် ပြထားပြီး အာနာပါနရှုပွားပုံကိုပါ ထည့်သွင်းဖေါ်ပြထား၍၊လေဓာတ်ကို ချုပ်သောအခါ သတိမမေ့သော လေဓာတ်ချုပ်နည်းမျိုးမှ

သာလျှင်၊ သဘာဝ ရှိတဲ့အကြောင်း ဆုံးဖြတ်ပုံတွေမှာ လည်း တကယ်ထိမိလှသော အယူအဆမျိုးများဖြစ်၍ ယခုခေတ် ကိုယ်တွေ့ လက်တွေ့ စမ်းသပ်အားထုတ်လိုသော ပုဂ္ဂိုလ်များအတွက် ကောင်းမြတ် သင့်လျော်သော ကျမ်းမြတ်တစောင် ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါ၏။

အားလုံးသော ပါရမီရှင် ယောဂီအပေါင်းတို့သည် ဤကျမ်းပါ အကြောင်းအရာ အားလုံးတို့ကို ဖတ်ရှုနေရုံနှင့် မပြီးသေးပေ၊ လက်တွေ့အလုပ်ဖြင့်လည်း စမ်းသပ်အားထုတ် ပွားများကြည့်ကြပါမှ၊ ငွေကုန်ကြေးကျခံကာ စာအုပ်အဖြစ် ထုတ်ဝေပြီး ပါရမီအလုပ်ကို အားထုတ်ကြသော ကျောင်း ဒါယကာ, ကျောင်း ဒါယိကာမ တို့၏ စေတနာသဒ္ဒါတရားသည်၎င်း၊ ပါရမီကုသိုလ်မျိုးကို အားထုတ်ကြသော ပါရမီရှင် အပေါင်းတို့၏ စေတနာသဒ္ဒါတရားကို၎င်း၊ ဟောစဉ် စာမူကို ရေးသား ပြုစုကြသော ဓမ္မာစရိယသံဃာတော်များ၏ ပင်ပန်းကျိုးအတွက် ရည်ရွယ်ချက်စေတနာ သဒ္ဒါတရားသည်၎င်း၊ သန့်စဉ် မှန်မြတ်ခြင်းသို့ ရောက်ကြောင်း သိကြပါလိမ့်မည် ဖြစ်ပါကြောင်း။ ။

ခန့်ကျန်းသာယာကြပါစေ

ဦးကေသဝ
ပါမောက္ခဆရာတော်
ဓမ္မစကြာပဋိပတ်သာသနာပြုရိပ်သာ
နန်းရှေ့-မန္တလေး။
၂၀၊၇၊၆၀

# ဓမ္မစကြာ
# မဂ္ဂင်အာနာပါနကျမ်း
## ဒုတိယတွဲ

တတိယတိတ်ခွေ-ဒုတိယဘက်-ဘာသာပြန်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်ကို ပယ်ဖြတ် သုတ်သင် ရှင်းလင်းတော်မူပြီးထသော။ ဝါ၊ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ဝတ်စင်းကော်ရော် မြတ်ပူဇော်ကို ခံတော်မူ ထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ မဘောက်မပြန် သယမ္ဘူဉာဏ် ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် ဉေယျဓံတရား ငါးပါးကို သိမြင်တော်မူပြီးထသော။ တဿ ဘဂဝတော၊ ထို ဝိပဿီ အစ ရှိသော (၇)ဆူသော ရှင်တော်မြတ်ဘုရားအား။ မေ မမ၊ ပါရမီ ဂိုဏ်းဝင် သူတော်စင်အပေါင်း၏။ နမော နမက္ကာရော၊ စေတနာ ဇောကြူး မနော်မြူးလျက် ကြည်နူးဝန္ဒနာ ဖန်ခါခါဖြင့် ရှိခိုး ကန်တော့ရခြင်းသည်။ အတ္ထု ဘဝတု၊ ဖြစ်တော်မူပါစေသတည်း။

တိက္ခ ဟာသ ဇဝန ဂမ္ဘီ၊ ဥာဏ်လေးလီဖြင့် အခွန်ကိုခွါ အကာကိုရှား အသားကိုချေ အနှစ်ကိုတွေနိုင်မှ သဘာဝ အနတ္တ ထင်မြင်နိုင်ရာ၏ ဟူ၍ ဆရာတော်ဘုရားများ မိန့်မှာတော်မူတဲ့ အတိုင်း ဤအာနာပါနလုပ်ငန်းစဉ်ကြီးဟာ မီးခတ်ကြီး ၄-ပါး ကို အခြေခံထား၍ ပေါ်ထွက်လာတဲ့ အာနာပါနကြီးဖြစ်သော ကြောင့် အလွန်တရာမှ သိမ်မွေ့နက်နဲလှပါတယ်။

(ဥပမာ) ကိုယ်ရဲ့ ခန္ဓာကိုယ်ကြီးမှာ သွေးအား လေအား သလိပ်အား သည်းခြေအားတွေ အစဉ်မပြတ် ပြေးသွား နေကြ ပါတယ်၊ အဲဒီ ပြေးသွားနေကြတဲ့ သဘာဝတွေထဲက နာမ်တရား တွေ ဘယ်လိုထွက်လာပါသလဲ သစ်ပင်ကြီးတွေ တောကြီးတွေ တောင်ကြီးတွေ ထင်ရှားရှိသော်လဲ သိတယ်ဆိုတဲ့ နာမ်တရားဟာ အဘယ်ကြောင့် မပေါ်ပါသလဲ၊ သိတယ်ဆိုတဲ့ နာမ်တရားဟာ ခန္ဓာကိုယ်ကြီး၌ ဘယ်သဘာဝက ထွက်ပေါ်လာပါသလဲ၊အဲဒီလို ဝေဘန်ကြည့်ကြစမ်းပါ။

ဝေဘန်ဆင်ခြင် သုံးသပ်ကြည့်လျှင် မီးခတ်ကြီး ၄-ပါးက နာမ်တရား ထွက်ပေါ်လာကြောင်း ထင်ရှားလာပါလိမ့်မယ်။ မီးခတ်ကြီး လေးပါးက ထွက်ပေါ်လာတဲ့ နာမ်တရားတွေကို အဦးပြုပြီးလျှင် ရုပ်တရား,နာမ်တရားဖွဲ့၍လုပ်ငန်းစဉ်တက်ရသော အာနာပါန ဖြစ်ခြင်းကြောင့် အလွန်ဘဲ သိမ်မွေ့လှပါတယ်။

အလွန်သိမ်မွေ့ နက်ကျယ်လှတဲ့ အာနာပါန လုပ်ငန်းစဉ်ကြီး ကိုလဲ ဟောစဉ်ဖွင့်လိုက်တဲ့ အခါမှာ တိတ်ခွေ၅-ခွေနဲ့ အပြီးသပ် ဟောစဉ် ဖွင့်ထားပါသောကြောင့်၊ မကျဉ်း မကျယ် အလယ်

အလပ်ဖြစ်ပါ၍ နာယူတော်မူသော အခါလဲ မပန်းဘဲနှင့် နာယူနိုင်သည့်ပြင် လုပ်ငန်းကို အားထုတ်တဲ့ အခါမှာလဲ တနာရီအားထုတ်ရုံနှင့် လိုတဲ့ကိစ္စ ပြီးစီးနိုင်သော အာနာပါန တရားတော်ကြီး ဖြစ်ပါတယ်။

တိတ်ခွေကြိုး ၅-ခွေဖြင့် တန်းဆာဆင်၍ ဟောကြားဖွင့်လှစ်ထားသော အာနာပါန လုပ်ငန်းစဉ်ကို သင်တန်းနည်းပေးသော အခါတွင် အနည်းဆုံး ၁၅-ရက် ထား၍ နေ့ တချိန်, ည တချိန် ၁-နာရီ သင်တန်းကိုလဲ ရန်ကုန်မြို့နှင့် မန္တလေးမြို့ ပဋ္ဌိပတ် ရိပ်သာများတွင် ဟောပြောနေပါတယ်။

လက်တွေ့ ကိုယ်တွေ့ ပွားများလိုသော ပုဂ္ဂိုလ်များအတွက်လဲ တနေ့ကို တကြိမ် တနာရီအချိန်ထား၍ ကမ္မဋ္ဌာနစရိယဆရာတော်များ ကိုယ်တိုင် လုပ်ငန်းစဉ်ကို ပေးအပ်နေပါတယ်၊ မီးခေတ်လေးပါးက ပေါ်ထွက်လာတဲ့ အာနာပါန လုပ်ငန်းစဉ်ဖြစ်၍ မပင်ပန်းဘဲ တနာရီ ပွားရုံနဲ့ လိုရာကိစ္စ ပြီးစီးနိုင်ပါတယ်။

ယခု အာနာပါန တရားတော် ကို နာယူတော်မူကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့မှာ ရှေးကလဲ အာနာပါန တရားတော်ကို နာယူလာကြသဖြင့် လုပ်ငန်းစဉ်၌ ဗဟုသုတရှိပြီးဖြစ်ကြသောကြောင့် ယခုပြတဲ့ အာနာပါန တရားတော်ကြီးကို ပွားများ အားထုတ်ကြလျှင်ဖြင့် ရုပ်တရား နာမ်တရား ဝိပဿနာ တို့၌ အထူးသဖြင့် ဥာဏ်ကွန့်မြူးတော် မူနိုင်ကြပါလိမ့်မယ်။

ယခု တင်ဆက်ပြလိုက်တဲ့ အာနာပါန လုပ်ငန်းစဉ်ကြီး ဟာ ဓမ္မစကြာသာသနာပြုအဖွဲ့ကြီးမှ လွန်ခဲ့သော ၁၃-၁၅-နှစ်က စ၍ ဓမ္မစကြာပဋိပတ် ရိပ်သာတွေမှာ ဖွင့်လှစ်လာခဲ့သော အာနာပါန လုပ်ငန်းစဉ်ကြီးဖြစ်ပါတယ်။

ဓမ္မစကြာ တဖွဲ့လုံးက ထောက်ခံပြီးဖြစ်သော အာနာပါန အလုပ်တရားကြီးဖြစ်၍ အချိန်အခါကို ငဲ့လင့်စောင့်ဆိုင်းနေရာ ယခု မန္တလေးမြို့ ဓမ္မစကြာပဋိပတ်ရိပ်သာတွင် ၁၅-ရက်သင်တန်းဖွင့်လှစ်အပြီးတွင် ကျောင်းဒါယကာကြီးနှင့် တကွ တရားနာယူကြသော ရဟန်း ရှင် လူပါင်မိရှင်တို့က တောင်းပန်လျှောက်ထားချက်အရ တိုင်းပြည်သို့ တင်ဆက်ရပါတယ်။

သို့ပါ၍ ဤအာနာပါန လုပ်ငန်းစဉ်ကြီးဟာ တံခါး ၄-ပေါက်၊ မီးခွက် ၄-ပါး၊ ပညတ်လေးမျိုး ရုပ်-နာမ် ပေါ်ပုံ အားလုံးတို့နှင့် တကွ ဖွင့်ပြတော်မူရာ၊ ယခုအခါ ပထမတံခါး ဦးခေါင်း ကျရောက်သွားပါပြီ၊ ယခု ဒုတိယ တံခါး ငယ်ထိပ် ဦးကျောက် သန္တာပွန် မီးခွက် ရှုမှတ်ရာမှာလဲ ပညတ်ပေါ်ပုံတို့ကို အစုံအစုံ ထုတ်ဖော် ပြခဲ့ပါပြီ။

ရုပ်တရား နာမ်တရား ပေါ်ထွက်ပုံဘို့ကိုသာ လုပ်ငန်းစဉ်အနေဖြင့် တင်ဆက်ပြဘို့သာ လိုပါတော့သဖြင့် ယောဂါဝစရပုဂ္ဂိုလ်များသည် ရုပ်နာမ်ပေါ်ထွက်ပုံတို့ကို ဉာဏ်အမြင်ပိုင်ရန် လိုပါတော့တယ်။

ကဲကဲ ရုပ်နာမ်ပေါ်ပုံကို သွားကြဦးစို့ရဲ့-

ဒုတိယ စတုက္က ခေါ် ငယ်ထိပ်ဦးကျောက်အရပ်ကို ငြိတိုင်ထား၍ တွက်လေ-ဝင်လေ ၂-ပါးကို ရှုမှတ်ကြသောပုဂ္ဂိုလ်တို့မှာ

နောက်ဆုံး အရေးကြီးတဲ့နိမိတ်မှာ သက်တန့်ရောင်ပေါ်ထွက်လာဘို့ အရေးကြီးပါတယ်။ အဲဒီသက်တန့်ရောင် ပေါ်ထွက်လာလျှင် ဒုတိယ စတုက္ကမှာ ရုပ်တရား နာမ်တရား ကူးနိုင်သွားပါပြီ။

ရဏ္ဍံဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ
ရဿံဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

( မဟာသတိပဋ္ဌာန်ပါဠိတော် )

ကိုယ်ရဲ့ စိတ်ဝိညာဏ်ကြီးဟာ ကိုယ်ထားတဲ့ ဦးကျောက်အိမ်မှာပင် အမြဲတည်နေအောင်ထားရပါတယ်။ အမြဲတည်နေတယ်ဆိုလျှင်ဘဲ ထွက်လေ ဝင်လေတို့ကို မမှတ်တော့ဘဲ ပေါ်နေတဲ့ သဏ္ဌာန်-အရိပ်-နိမိတ် လက္ခဏာနှင့်တကွ ကျောက်နဂါးမီးခဲတတ် သက်တန့်ရောင်ကိုဘဲ ရှုမှတ်နေပါတော့တယ်။

အဲဒီအခါကြတော့ တကိုယ်လုံးမှာ အကြည်ဓာတ်ဆိုက်ရောက်နေပါတယ်။ တရားအားမထုတ်ခင်က ထိုင်နေတဲ့အခါ ကိုယ်ထားတဲ့ လက်ခြေတို့ကို ပြန်လည်သုံးသပ်ကြည့်လျှင် ဘယ်မှာထားတယ်လို့ ဆိုတာ မပေါ်တော့ပါ။ ခန္ဓာကိုယ်ကြီးတခုလုံးဟာ သုဉ်းဆိတ် နေတော့ပါတယ်။ အဲဒီကြအောင် အာနာပါန လုပ်ငန်းကြီးကို အားထုတ်နိုင်စေရမယ်။

ယခု နာရီဝက် တနာရီလောက်ဆိုတော့ ညောင်းတာညာတာ ဖြစ်ရုံလောက်ဘဲရှိပါသေးတယ်။ ရှေ့တံခါးပေါက်တွေကြတော့ တနာရီလောက်နဲ့ မရနိုင်ပါ။ ၂-နာရီလောက်မှ တံခါးပေါက်ကြီးတွေကိုဖွင့်လို့ ရပါလိမ့်မယ်။ ယခုမှ အစပြုတဲ့ ပုဂ္ဂိုလ်မှာတော့ တနာရီလောက်ဘဲ တော်ပါပြီ။

( ၂ )

ဒုတိယ စတုက္ကခေါ် ဦးကျောက်အိမ်ကြီးကိုဖွင့်တဲ့ အာနာပါန လုပ်ငန်းစဉ်ကြီးမှာတော့ ပဋိဘာဂနိမိတ်ဟာ သက်တန့်ရောင် ထွက်ပေါ်လာတာအထိ အားထုတ်ရပါတယ်၊အဲဒီသက်တန့်ရောင် ထွက်ပေါ်လာလျှင် မိမိကိုယ်ကို တိဟိတ် ပုဂ္ဂိုလ် ဆုံးဖြတ်နိုင် ပါတယ်။

အကယ်၍ သက်တန့်ရောင်မပေါ်ဘဲ ကပည့်တော်တို့မှာတော့ အဖြူဝိုင်းကြီးတွေ အနီဝိုင်းကြီးတွေ အဝါရောင်အဝိုင်းကြီးတွေ အပြာရောင် အဝိုင်းကြီးတွေလောက်တော့ ပေါ်ထွက်ပါတယ် ဘုရား၊အဲဒီအဝိုင်းကြီးတွေဟာ ၅-တောင် ၆-တောင်လောက်မှာ ထင်ထင်ရှားရှားပေါ်နေပါတယ် ဆိုရင်လဲ အဲဒါသက်တန့်ရောင် ထဲမှာဘဲ ထည့်၍ ယူနိုင်ပါတယ်။

သို့ရာတွင် မိမိကိုယ်ကို တိဟိတ်ပုဂ္ဂိုလ်လို့တော့ ဤဒုတိယ တံခါးပေါက် ပဋိဘာဂရိပ်တွေကို ထောက်ပြီးတော့ မဆုံးဖြတ်နိုင် သေးဘူး၊ ချက်တိုင်ပရိပါစက မီးခဲတက်ကြမှဘဲ နိမိတ်တွေကို ထောက်လို့ ဆုံးဖြတ်ပါတော့။

ကဲကဲ ဒုတိယတံခါးပေါက်မှာ ယောဂါဝစရပုဂ္ဂိုလ်နားလည် သွားအောင် ပဋိဘာဂနိမိတ်ပေါ်ထွက်ပုံတွေကို စုံစီအောင် ထုတ် ဘော်ပြလိုက်ပါသဖြင့် ပါရမီရှင်များ နားလည်သိရှိနိုင်လောက် ပါပြီ ရှေ့ကို ရုပ်နာမ် ပေါ်အောင် ရှုမှတ်ပုံကိုဘဲ တက်ရောက် နိုင်ဘို့လိုပါတော့တယ်။

ရုပ်နာမ် ပေါ်အောင် ဘယ်လိုတက်ကြမလဲ ဒုတိယစတုက္က ယော်ထိပ် ဦးကျောက်တံခါးကနေ၍ ရုပ်နာမ်ကို ကူးလိုက်လျှင်

ပစ္စယ ပရိဂ္ဂဟဉာဏ်စခမ်းတွင် ကူးနိုင်ပါတယ်၊ ဒီတော့ ပစ္စယ ပရိဂ္ဂဟ ဉာဏ်စခမ်းကို ကူးနိုင်သွားအောင် အနည်းငယ်သိမ်း ဆည်းပုံကလေးကို ပြောပြလိုပါတယ်။

ပစ္စယ ပရိဂ္ဂဟဉာဏ်ရဲ့ သဘောသွားကို ယောဂါဝစရ ပုဂ္ဂိုလ်များ ဉာဏ်အမြင် ထင်မြင်နိုင်ပါလျှင် အလွယ်တကူနဲ့ ကူးနိုင်သွားပါလိမ့်မယ်၊ ဒါကြောင့် ပစ္စယ ပရိဂ္ဂဟဉာဏ်က အကြောင်း အကျိုး သိမ်းဆည်းပုံကလေးတွေကို အကျဉ်းနည်း နဲ့ ထုတ်ဘော်ပြလိုပါသေးတယ်။

အကြောင်းနှင့်အကျိုး ဘယ်လိုသိမ်းပါသလဲ၊ ရှင်တော်မြတ် ဘုရားသည် ကြောင်း ကျိုး ၂ပါးကို သိမ်းဆည်းတော်မူရာ၌ နည်းလေးပါးကို ထုတ်ဘော်၍ အောက်ပါအတိုင်း ဟောကြား ဆုံးမတော်မူပါတယ်။

နာနတ္တနည်း ဆိုသည်မှာ သဘောတရားခေါ် သဘာဝတရား တို့သည် မည်သည့်အရာဝတ္ထုမဆို သူ့သဘာဝနှင့်သူ အသီးသီး ရှိနေခြင်းကို နာနတ္တနည်းဟု ဆိုပါတယ်။

ဧကတ္တနည်းဆိုသည်မှာ ဆက်စပ်ခြင်းသဘောတရားကို ဆိုလို တယ်၊ ဥပမာ မီးနှင့်အရောင်တို့သည် တပြိုင်နက်ထွက်ပေါ်ကြ၍ တပေါင်းတည်း ဖြစ်နေကြသော်လဲ ဆက်စပ်ခြင်းသဘောတရား ရှိကြလေတယ်။

အဗျာပါရနည်းဆိုသည်မှာ တခုသော ပရမတ္ထသဘောတရား က တခုသော ပရမတ္ထသဘောတရားကို မဖြစ်စေနိုင် ဖြစ်နိုင်သော ပယောဂ ဗျာပါရမရှိခြင်းကို ဆိုလိုပါတယ်။ ဧဝံဓမ္မတာနည်း

ဆိုသည်မှာ ဤသဘောတရားရှိသော် ထိုသဘောတရားသည် သခ်တ လောကကြီးမှာရှိရမြဲဓမ္မတာ သဘောတရားကို ဆိုလို ပါတယ်။

ပစ္စယပရိဂ္ဂဟဉာဏ်၌ အရေးကြီးသော နည်းလေးပါးကို ရှေးဦးစွာ ယောဂါဝစရပုဂ္ဂိုလ်များ နားလည်ထားဘို့ အရေး ကြီးပါတယ်၊ အဲဒီနည်းလေးပါးကို နားလည်မှ ပစ္စယပရိဂ္ဂဟ ဉာဏ်အမြင်သန်နိုင်ပါတယ်။

အကြောင်းတရားနှင့် အကျိုးတရားကို နည်းလေးပါးနှင့် သိမ်းဆည်းရန်မှာလောက၌ကြောင်း ကျိုး ၂-ပါးရှိ၏ ဝေါဝေါ ပြောဆို သမုတ်နေကြပါတယ်၊ အဲဒီအကြောင်း အကျိုး ၂-ပါး ဟာ ဘယ်လိုရှိနေကြပါသလဲလို့ ဝိညာဏ်နယ်လောကမှာဝေဘန် ကြပါတယ်။

ဝိညာဏ်နယ်လောက ရှိပုံမှာက အကြောင်းတရားကြောင့် အကျိုးတရားရှိနေတယ်လို့ ဝေဘန်ကြပါတယ်၊ အကြောင်း တရားသည် အကျိုးတရားကို ဖြစ်စေသဖြင့် ကြောင်း ကျိုးဟု ဝိညာဏ်နယ် လောကမှာ ပေါ်ထွက်နေတယ်လို့ ဝေဘန် သိမ်းဆည်းပျက် နှလုံးသွင်းမှတ်ယူနေကြပါတယ်။

ပညာနယ်လောကတွင်ကား ဝိညာဏ်နယ်လောက ယူဆတဲ့ အတိုင်းမဟုတ်ပါ၊ ကြောင်း ကျိုး ၂-ပါးတို့သည် နည်းလေးပါး အနေနှင့် ရှိနေကြတယ်လို့ ပညာနယ်လောကမှာ ဝေဘန် သိမ်းဆည်းကြပါတယ်။

ဘယ်လိုနည်းလေးပါးအနေနှင့် ရှိနေပါသလဲ အကြောင်းနှင့် အကျိုးတို့သည် ဝိညာဏ်နယ်လောကမှာ ပေါ်ထွက်နေကြသော်လည်း အကြောင်းတရားသည် အကျိုးတရားကို မဖြစ်စေနိုင်ပါ အကယ်၍ဖြစ်စေနိုင်သည်ဟု ယူဆပါလျှင် အတ္တဒိဋ္ဌိ အစွဲအယူထဲ ကျရောက်ပါတယ်။

ဒါကြောင့် အကြောင်းနှင့် အကျိုးတို့သည် အဗျာပါရ အနတ္တအနေဖြင့် ဝိညာဏ်နယ်လောကတွင် ပေါ်ထွက်လျက်ရှိနေပါသဖြင့် အကြောင်းတရားသည် အကျိုးတရားကို ဖြစ်စေနိုင်ခြင်းမရှိသောအနေဖြင့် ပေါ်ထွက်နေသည်ဟု ပညာနယ်လောကတွင် ဝေဘန်သိမ်းဆည်းပါတယ်။

ပညာနယ်လောကတွင် အကြောင်းနှင့်အကျိုးတို့ဟာ အကြောင်းတရားသည် အကျိုးတရားကို မဖြစ်စေနိုင်ဟု ဝေဘန်သိမ်းဆည်းလိုက်သော်၊ ဗုဒ္ဓဝါဒီ အယူရှိတော်မူကြသော ကမ္မဿကတ သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်တို့က ယခုဘဝ ပြုလုပ်အားထုတ်ကြတဲ့ အကြောင်းတရားခေါ် ကံတရား အလုံးစုံတို့ဟာ ဝိပါတ်ခေါ် အကျိုးတရားကို ဖြစ်စေနိုင်တယ်လို့ ယုံကြည်၍ အားထုတ်နေခြင်းနှင့် ဆန့်ကျင်နေတယ် မဟုတ်ပါလား။

ဝိပဿနာတရားသည်ကား ကုသိုလ်၊ အကုသိုလ်ခေါ် ကံတရား အလုံးစုံတို့ကို ပယ်နှုတ်သော တရားဖြစ်၍ ဆန့်ကျင်မှသာလျှင် ပယ်နှုတ်ရာရောက်ပါတယ်၊ အကြောင်းကြောင့် အကျိုးဖြစ်တယ် ဆိုတာ ဝိညာဏ်နယ် လောက အနေနဲ့ မှန်ပါတယ်၊ ပိဋကတ်တော်တို့ကလဲ ဝိညာဏ်နယ်လောကအနေနဲ့ ထုတ်ဘော်ပြတော်

မူပါတယ်၊ ၃၁-ဘုံကြီးကို ဖန်ဆင်းတည်ထောင်နေခြင်းဟာလဲ ဝိညာဏ်နယ်လောကအနေနဲ့သာ အကြောင်းအကျိုးတို့ ဖန်ဆင်းနေတာပါ၊ ပညာနယ်လောကအနေမှာကား ကြောင်းကျိုးတို့ကို ပယ်သတ်ခြင်း ဖြစ်ပါတယ်။

ဒါကြောင့် အဗျာပါရနည်းဖြင့် ဝေဘန်သိမ်းဆည်းလိုက်တဲ့အခါ အကြောင်းတရားက အကျိုးတရားကို မဖြစ်စေနိုင်၊ ဖြစ်စေနိုင်သည်ဟု ယူမှားပါလျှင် အတ္တဒိဋ္ဌိအယူဟု သမ္မောဟဝိနောဒနီ အဋ္ဌကထာတွင် ကြောင်းကျိုးသိမ်းဆည်းပုံကို ဖွင့်ဆိုတော်မူပါတယ်။

## ဧကတ္တနည်းနှင့်သိမ်းဆည်းပုံ

ဝိညာဏ်နယ်လောကရှိ ပုဂ္ဂိုလ်သတ္တဝါတို့က စောဒကတက်ပါလိမ့်မယ်၊ အကြောင်းတရားသည် အကျိုးတရားကို မဖြစ်စေနိုင်ခဲ့သော် အကြောင်းနှင့်အကျိုးငှါကို ဘာမျှမဆိုင် တခြားစီလို့ ယူဘွယ်ရာရှိတယ် မဟုတ်ပါလောလို့ စောဒကတက်လောတတ်ပါတယ်။

အဲဒီစောဒကအတွက် ရှင်တော်မြတ်ဘုရားသည် ဧကတ္တနည်းကို ဟောတော်မူပါတယ်၊ အကြောင်းနှင့်အကျိုးတရားတို့ကို ဘာမျှမဆိုင် တခြားစီလို့ ဝိညာဏ်နယ်လောကဆရာတို့ ယူမှားလျှင် ဥစ္ဆေဒဒိဋ္ဌိအယူသို့ ကျရောက်သက်ဆင်းပါလိမ့်မယ်၊ဘာမျှမဆိုင် တခြားစီလို့မဆိုနိုင်ပါ၊အကြောင်းတရားနှင့်အကျိုးတရားတို့ဟာ တဦးနှင့်တဦး ဆက်စပ်လျက်ရှိနေကြပါတယ်လို့ ပညာနယ်လောကဖြင့် မြင်အောင်သိမ်းဆည်းတော်မူပါ။

နောင်တဖန် ထပ်ပြီးတော့ ဝိညာဏ်နယ် လောက ဆရာတို့က စောဒက ထပ်တက်ကြဦးမယ်၊ အကြောင်းတရားနှင့် အကျိုးတရား ၂-ပါးတို့သည် တဦးနှင့်တဦး ဆက်စပ် နေခဲ့သော် တခုတည်း ဟူ၍ငင်း၊ တပေါင်းတည်း ဟူ၍ငင်း မှတ်ယူနိုင်တယ် မဟုတ်ပါလားလို့ စောဒက တက်ဘွယ်ရှိလာပြန်ပါတယ်။

အကြောင်းနှင့် အကျိုးကို ဝိညာဏ်နယ် လောက ဆရာများ ယူသလို တခုတည်းအနေဖြင့်ငင်း၊ တပေါင်းတည်းအနေဖြင့်ငင်း၊ ယူမှားခဲ့ပါလျှင်၊ သဿတဒိဋ္ဌိ အစွဲအယူသို့ကျရောက်ပါလိမ့်မယ်၊ အဲဒီ အစွဲအယူကို ပယ်သတ်ခြင်းငှါ နာနတ္တနည်းကို ရှင်တော်မြတ်ဘုရား ဟောကြားတော်မူပါတယ်။

အကြောင်း နှင့် အကျိုးတို့သည် တခု တည်းလဲ မဟုတ်ပါ၊ တပေါင်းတည်းလည်း မဟုတ်ပါ၊ သဘာဝအားဖြင့် ကွဲပြားလျက် ရှိနေပါတယ်၊ အကြောင်းတရားက အကြောင်းသဘောကိုသာ ဆောင်ပါတယ်၊ အကျိုးသဘောကို မဆောင်နိုင်ပါ၊ အကျိုးသဘောကလဲ သူ၏ အကျိုး သဘောကိုသာ ဆောင်ပါတယ်၊ အကြောင်းသဘောကို မဆောင်နိုင်ပါ၊ ဒါကြောင့် သဘာဝ ကွဲပြားလျက် ရှိနေပါသောကြောင့် တခုတည်းလို့လဲ မယူနိုင်ပါ၊ တပေါင်းတည်းလို့လဲ မယူနိုင်ပါ၊ သဘာဝ ကွဲပြားနေခြင်းကို ပညာနယ် လောကဖြင့် ဆင်ခြင် သုံးသပ်တော်မူပါ။

ဒါဖြင့် ဝိညာဏ်နယ် လောက ဆရာတွေက အကြောင်းတရားနှင့် အကျိုးတရား နှစ်ပါးတို့ အဘယ်ကဲ့သို့ ကျေးဇူးပြုနေပါသလဲလို့ ထပ်မံ၍ မေးကြပါလိမ့်ဦးမယ်။

ရှင်တော်မြတ်ဘုရားသည် အကြောင်းတရားနှင့်အကျိုးတရား ၂-ပါး ကျေးဇူးပြုပုံကို ပညာနယ်လောက ဖွင့်ပြတော်မူသည်မှာ ဧဝံ ဓမ္မတာနည်းကို ဖွင့်ပြတော်မူပါတယ်၊ အကြောင်းနှင့်အကျိုး တို့သည် ပညာနယ် လောကမှာ ဘယ်အနေနဲ့ ထွက်ပေါ်လာပါ သလဲဆိုရင်၊ (ဤသဘောတရားရှိက၊ ထိုသဘောတရားရှိတယ်) အဆိုနဲ့ဘဲ ထွက်ပေါ်နေပါတယ်။

အဲဒီလိုထွက်ပေါ်နေခြင်းကို ဝိညာဏ်နယ်လောက ဆရာတို့က မမြင်ကြသဖြင့် အတ္တဒိဋ္ဌိ အစွဲအယူဖြင့် သူ့ကြောင့် သူဖြစ်တယ် လို့ စွဲယူနေခြင်းသည် အစွဲမှား အမြင်မှားလို့ ဆိုလိုပါတယ် အစွဲမှား အမြင်မှား ရှိခြင်းကြောင့် ကြောင်းကျိုးသံသရာဝဲတွင် အစဉ်လယ်နေကြရသဖြင့်၊ ၃၁-ဘုံမှ မထွက်နိုင်ဘဲ ကြင်လည် ကျက်စားနေကြရခြင်းငှါ ပညာဖြင့် ဆင်ခြင်သုံးသပ်တော်မူကြ စေလိုပါတယ်။

အဲဒီလို ကြောင်းကျိုး ၂-ပါးကို ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် သိမ်းဆည်းပုံတွေကို ယောဂါဝစရပုဂ္ဂိုလ်များရှေးဦးစွာနားလည် ထားဘို့ လိုပါတယ်၊ သို့မှသာ ရုပ် နာမ်ကို ကူးလိုက်တဲ့အခါ ဤဒုတိယ စတုက္ကတံခါးက ပစ္စယပရိဂ္ဂဟဉာဏ် ရုပ်နာမ်ကိုတချက် ထဲ ဝင်အောင်ကူးလို့ ရနိုင်ပါတယ်။

ကြောင်းကျိုး ၂-ပါးကို နည်းလေးပါးနှင့် သိမ်းဆည်းရာတွင် အမျိုးသမီးများအတွက် နားလည်ရန် အနည်းငယ်ပြောကြားလိုပါ သေးတယ်၊ သို့မှသာ ဒုတိယ စတုက္ကတွင် ရုပ်တရား နာမ်တရား ပေါ်ရာ၌ လွယ်ကူနိုင်ပါတယ်။

# ( ငြုပ်စေ့နှင့် သစ်ပင်ဥပမာ )

ငြုပ်စေ့ကို မြေသို့ချ၍ ငြုပ်ပင်လေးတွေ ပေါက်ရာ၌ သညာ ဝိညာဏ်နယ်တွင် ဘယ်လိုပြောဆိုကြပါသလဲ၊ ငြုပ်စေ့ကြောင့် ငြုပ်ပင်ပေါက်တယ်လို့ ပြောဆိုကြပါတယ်၊ ပညာနယ်လောက မှာတော့ ငြုပ်စေ့ကြောင့် ငြုပ်ပင်ပေါက်တယ်လို့ပြောလျှင် အတ္တာဒိဋ္ဌိဝါဒလို့ဆိုလိုပါတယ်။

အတ္တာဒိဋ္ဌိလွတ်အောင်ဝိညာဏ်လောကမှာ ဘယ်လိုခေါ်ဝေါ် မလဲ၊ ငြုပ်စေ့နဲ့ငြုပ်ပင်ဟာ ငြုပ်စေ့ကလဲ ငြုပ်ပင်ကိုမဖြစ်စေ နိုင်ခဲ့သော် ငြုပ်စေ့ကို စိုက်လိုက်တဲ့အခါ ငြုပ်ပင်ပေါက်လာ တယ်မဟုတ်ပါလား၊ ပေါက်လာတာ သဘာဝနယ်မှာ ထင်ရှား ပါလျက် ငြုပ်စေ့က ငြုပ်ပင်ကို မဖြစ်စေနိုင်ဟု ဆိုခြင်းဟာ သင့်လျော်ပါမည်နည်း။

မှန်ပါတယ် ငြုပ်စေ့စိုက်လိုက်တဲ့အခါ ငြုပ်ပင်ပေါက်လာ ပါတယ်၊ သို့ရာတွင် ငြုပ်ပင်ပေါက်လာလို့ ငြုပ်စေ့ကြောင့် ဖြစ်တယ်လို့ စွဲယူခြင်းဟာ အတ္တာဒိဋ္ဌိနယ်ထဲ ကျရောက်ပါတယ်၊ အဘယ်ကြောင့် ဆိုသော် ငြုပ်စေ့သည် ငြုပ်ပင်ကိုဖြစ်နိုင်ခြင်း ပယောဂဗျာပါရ မရှိပါ၊ သညာဝိညာဏ်နယ်သွားကသာ ဖြစ်နိုင် တယ်လို့ယူဆခြင်းပါ။

သဘာဝကတော့မဖြစ်နိုင်ပါ၊သို့ရာတွင် ငြုပ်စေ့ကို စိုက်လိုက် တဲ့အခါ ငြုပ်ပင် ပေါ်ထွက်လာခြင်းသည် ဆက်စပ်ခြင်းရှိ၍ ဤသဘောရှိက ထိုသဘောရှိသည်အနေနဲ့ပေါ်ထွက်လာခြင်းဟု ပညာဖြင့်လက်ဝဲလကျာ်အစွန်းလွတ်အောင်ယူဆစေလိုပါတယ်။

(၃)

သညာ ဝိညာဏ်သဘောနှင့် ပညာသဘောတို့၏ သဘာဝကို ဝေဘန်သိမ်းဆည်းရာတွင် သညာ ဝိညာဏ်သဘောကား အတ္တအနေဖြင့် တရားခံကို လက်ညှိုးထိုးပြီး ဝေဘန်တတ်လေတယ်၊ ပညာသဘောက အနတ္တဓာတ်ကို အခြေခံထား၍ လက်ညှိုးမထိုးဘဲ သဘောတရားတို့၏ အနတ္တဆတ်ဆတ်ကို သိမ်းဆည်းတော်မူပါတယ်။

ဒါကြောင့် အတ္တနှင့် အနတ္တ ၂-ပါးနေပုံကို ပညာဖြင့်သာလျှင် သိမ်းဆည်းနိုင်ပါသောကြောင့် သောတာပန်ပုဂ္ဂိုလ်တို့၏ အသိတရားသည် အနတ္တအသိတရားအစစ်ပါဘဲ၊ အန္ဓပုထုဇဉ်တို့၏ အသိတရားသည် အတ္တအသိတရားအစစ်ပါဘဲ၊ ဤသို့ကွာခြားနေသောကြောင့် အန္ဓပုထုဇဉ်ပုဂ္ဂိုလ်သည် သောတာပန်ဖြစ်ရန် အလွန်ဘဲ အလှမ်းဝေးကွာနေပါကြောင်း အကျဉ်းသိရန်ဘော်ပြလိုက်ပါတယ်။

ပစ္စယပရိဂ္ဂဟဉာဏ်၏ သိမ်းဆည်းပုံကို အာနာပါန လုပ်ငန်းစဉ်ကို အားထုတ်ကြတဲ့ ပုဂ္ဂိုလ်များကြိုတင်သိရှိရန် ကြောင်းကျိုး ၂ ပါးသိမ်းဆည်းပုံကိုဝေဘန်၍တင်ဆက်ပြလိုက်ပါပြီ၊ဤဝေဘန်ချက် သိမ်းဆည်းပုံကို ရှေးဦးစွာနားလည်ထားတော်မူပါ။

## (ဒုတိယစတုက္က ရုပ်နာမ်ပေါ်ပုံ)

နောက်က ရေးသားခဲ့တဲ့ သဏ္ဍာန်အရိပ်နိမိတ် လက္ခဏာနှင့် လေကြောင်းနိမိတ်ထင်လာရုံနှင့် ဒုတိယစတုက္ကတံခါး၏ ရုပ်နာမ်ကိုကူးလို့ မရသေးပါ၊ ဦးကျောက်အိမ်ကြီးမှ သက်တန့်ရောင်ကြီး

ကဲ့သို့ အလင်းခေတ်ကြီးထွက်ရန် အထူးကြိုးစားရပါတယ်၊ အဲဒီလို သက်တန့်ရောင်ကြီးကဲ့သို့ အလင်းခေတ်ကြီး ထွက်ပေါ်လာပြီဆိုလျှင် ရုပ်တရား နာမ်တရားကိုကူးပါ။

ကူးပုံမှာ သက်တန့်ရောင်ခေါ် ဦးကျောက်အိမ်က အလင်းခေတ် ကျောက်နဂါးကြီးသည် ငါ၏ ဦးကျောက်အိမ်၌ အဘယ်သဘာဝတည်ရှိလို့ ထွက်ပေါ်လာပါသလဲလို့ ယောဂါဝစရ ပုဂ္ဂိုလ်ရှေးဦးစွာထွက်ပေါ်လာခြင်း၏ အကြောင်းရင်းကို စုံစမ်းရှာဖွေရပါတယ်။

အလင်းခေတ်ခေါ် ကျောက်နဂါးကြီး ထွက်ပေါ်လာခြင်း ကား သန္တပ္ပန မီးခေတ်ရှိလို့သာ ထွက်ပေါ်လာနိုင်သည်ဟု ဉာဏ်အမြင်ထင်ရှားလာပါလိမ့်မည်၊ သန္တပ္ပနမီးခေတ်၌ ရုပ်တရား နာမ်တရားတို့သည် အဘယ်ကဲ့သို့ ဆက်ဆံကြပါသလဲ သန္တပ္ပန မီးခေတ်၏ သဘာဝမည်သို့ ပြုပြင်ပြောင်းလဲမှုသည် ရုပ် နာမ် အဘယ်သို့ ပေါ်ထွက်ပါသလဲလို့ စဉ်းစားဆင်ခြင်ပါ။

စက္ခုံစ ရူပေစ ပဋိစ္စ စက္ခုဝိညာဏံ
(တိဏ္ဏံ သင်္ဂတိဖဿော)

အနက်။ ။စက္ခုံစ မျက်စိအကြည် ခေတ်ကိုင်း၊ ရူပေစ အဆင်းခေတ်ကိုင်း၊ ပဋိစ္စစွဲ၍ စက္ခုဝိညာဏ်မြင်မှုသည် ဥပ္ပဇ္ဇတိ ဖြစ်ပေါ်လာ၏၊ တိဏ္ဏံသုံးပါးတို့၏ သင်္ဂတိပေါင်းစုခြင်းသည် ဖဿော ဖဿမည်၏။

ဤသို့ဟောကြားတော်မူသော သုတ္တန်နည်း ပဋိစ္စသမုပ္ပါဒ်အရ ဦးကျောက်အိမ်ကြီးက ရုပ်နာမ်ပေါ်ထွက်ပုံကိုဝေဘန်သိမ်းဆည်းနိုင်ပါတယ်။

ဝေဘန် သိမ်းဆည်းရန် နည်းမှာလဲ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူတဲ့ မျက်စိအကြည်ဓာတ် ရူပါရုံအဆင်းဓာတ် စက္ခုဝိညာဏ် အမြင်ဓာတ်တို့ကို ပစ္စုပ္ပါန်အနေနဲ့ တွေ့အောင် ရှာဖွေသိမ်းဆည်းရပါလိမ့်မယ်။

အဲဒီဥပါးတို့ရဲ့ အရိပ်က ရုပ်တရားနာမ်တရားတွေအာနာပါန လုပ်ငန်းဖြင့် ရှာဖွေရပါမယ်၊ ဘယ်လိုရှာဖွေရမလဲ ဦးကျောက် အိမ်ကြီးမှာရှိတဲ့ သန္တပ္ပနမီးဓာတ်က သက်တန့်ရောင်ကြီးထွက်နေ တယ်မဟုတ်ပါလား၊ အဲဒီသက်တန့်ရောင်ကြီး ထွက်ပေါ်လာတဲ့ သဘာဝအစကို တွေ့အောင်ရှာဖွေရပေမယ်။

သာမန် ရှာဖွေကြည့်သောအခါ သက်တန့်ရောင်ကြီးဟာ သန္တပ္ပနမီးဓာတ်က ထွက်ပေါ်နေတယ် ပြောနိုင်ပါတယ်၊ သန္တပ္ပန မီးဓာတ်ကိုလဲ လိုက်၍ စစ်ဆေးမေးမြန်းပါအုံး သန္တပ္ပနမီးဓာတ် ဟာ သူ့သဘောအလိုနဲ့ သက်တန့်ရောင်မထွက်နိုင်ပါ။

ဘယ်သဘာဝတွေပေါင်းစုမှထွက်နိုင်ပါသလဲ၊မျက်စိအကြည် ဓာတ်ရယ် အဆင်းဓာတ်ရယ် အမြင်ဓာတ်ကို သညာသဘောရယ် ဤသုံးပါးပေါင်းစုလို့ သန္တပ္ပနမီးဓာတ်အရောင် ထွက်ပေါ် ကွန့်မြူးလာတာကို သက်တန့်ရောင် ပေါ်ထွက်တယ်လို့ ပြောဆို ခေါ်ဝေါ်ခြင်းပါဘဲ။

အဲဒီလို သဘာဝတရားအစစ်အမှန်ကို တွေ့အောင်အစ အဆုံး ကြအောင် တစတစ ဝေဘန်သိမ်းဆည်းနိုင်ရပါမယ်၊ သို့မှသာ တရားခံအစစ်ကို တွေ့၍ အမှုမှန်ကို ဖေါ်ထုတ် နိုင်ပါလိမ့်မယ်၊

ထမ္ဘာ့ဆေး - ရန်ကုန်။

အပေါ်ရုံလောက်သာ စစ်ဆေးမေးမြန်းသွားပါလျှင် အမှုမှန်မတွေ့ဘဲ သညာဝိညာဏ်လုပ်ကြံတဲ့ သဘောတရား အစစ်အမှန်ထင်နေတတ်ပါတယ်။ (အထူးသတိပြုပါ )

အဲဒီ ၃ပါး ပေါင်းစုနေတာကို အာရမ္မဏိက သဘောတရားလို့ခေါ်ဆိုပါတယ်၊ ဤဒုတိယ စတုက္ကတံခါးပေါက်ကြတော့ အဆင်းသဘောဟာ အပြင်မှာထွက်နေတဲ့ အဆင်းမျိုးမဟုတ်တော့ အကြည်ရိပ်မှာထင်နေတဲ့ အဆင်းသဘောဘဲ ရှိပါတော့တယ်၊ သူ့ကို အာရမ္မဏိက သဘောထဲမှာရှိတဲ့ အဆင်းလို့ခေါ်ပါတယ်။

ပဌမစတုက္ကတံခါးပေါက်တုံးက ရူပါရုံဆိုတဲ့အဆင်းကတော့ အပြင်မှာ အာရုံသဘောကလေးအနေနှင့် ထည်းထည်းရှိတဲ့အဆင်းသဘောကို ကောက်ယူနိုင်တယ်၊ အဲဒီအဆင်းသဘောကြတော့ ရုပ်တရား ပြဌာန်းပါတယ်၊ အာရမ္မဏိက သဘောထဲမှာရှိတဲ့ အဆင်းကြတော့ နာမ်တရားပြဌာန်းပါတယ်၊ ဤဝေဘန်ချက်ကို သဘောပိုင်အောင် စဉ်းစားတော်မူပါ။

အကြည်ရိပ်တို့လဲဘဲ အာရမ္မဏိက သဘောထဲမှာရှိပါတယ်၊ အမြင်ရိပ် ဆိုတာလဲဘဲ အာရမ္မဏိက သဘောထဲမှာရှိပါတယ်၊ အဲဒီ ၃-ပါးအရိပ်ဖွဲ့ပြီးတော့ ရှိနေတဲ့ အာရမ္မဏိက သဘောတရားက ပေါ်ထွက်လာတဲ့ သက်တန့်ရောင်ဟု ဆိုလိုပါတယ်၊အဲဒီအရိပ် ၃-ပါးကတော့ သန္တပ္ပံန မီးခွတ်မှာ ပေါင်းစု ဖြစ်ပေါ်ကြပါတယ်။

(ဥပမာ) မျက်စိနှင့် ကြည့်လိုက်စမ်းပါ၊ လဘက်ရည်ပုကန်ကို ရှေ့မှာထားပြီး ကြည့်လိုက်တဲ့အခါ အဆင်းဆိုတာ ဘယ်ဟာလဲလို့ ဝေဘန်ကြည့်လျှင် အဖြူကလေး အဝါကလေးဘဲလို့ ပြောဆိုတာသည်ပင်လျှင် အဲဒီအဆင်းဟာ အပြင်မှာရှိနေတဲ့ သဘောဘဲမဟုတ်ပါလား။

ယခု ဒုတိယ စတုက္ကတံခါးကြတော့ အဆင်းဆိုတာဘယ်မှာ ရှိပါသလဲ အပြင်မှာရှိပါသေးသလား သို့မဟုတ် စိတ်ဝိညာဏ်မှာ ရှိပါသလားလို့ စိစစ်ကြည့်လိုက်တော့ အဆင်းသဘောဟာ အပြင်မှာ မရှိတော့ပါ၊ အကြည်ရိပ်မှာသာ ထင်နေတဲ့သဘော ကလေးမျှသာ ရှိပါတော့တယ်၊ အဲဒီအကြည်ရိပ်မှာ ထင်နေတဲ့ အဆင်းမျိုးကို သဏ္ဍာနပညတ်အရ ဝေဘန်လျှင် နာမ်သဏ္ဍာန် သဘောတရားထဲမှာဝေဘန်နိုင်ပါတယ်။

အဲဒီသဘောတရား ၃-ပါးတို့သည် တပေါင်းတည်းဖြစ်ပြီးလျှင် ဦးကျောက်အိမ် သန္တပ္ပနမီးခတ်မှာ ပေါ်ထွက်လာခြင်းကို ပစ္စုပ္ပန်သဘောတရားလို့ ခေါ်ဆိုနိုင်ပါတယ်။

## အဘိဓမ္မာ ဆရာတွေက မေးကြလိမ့်မယ်

အဘိဓမ္မာဆရာတွေက မေးကြလိမ့်မယ် မနောဝိညာဏ်အရိပ်ကြီးကော ပေါင်းစုတဲ့အထဲ မပါဘူးလားလို့ မေးကြပါလိမ့်မယ်၊ မနောဝိညာဏ်အရိပ်ကြီးကား နှလုံးအိမ်မှာပေါ်တဲ့အရိပ်ကြီးပါ၊ ယခု ဦးကျောက်အိမ်မှာ ပေါင်းစုတဲ့ သဘောတရားကို ထုတ်ပြနေပါတယ်၊ သို့ရာတွင် မနောဝိညာဏ် အရိပ် နှင့် ကား မကင်းနိုင်ပါ၊ အဘိဓမ္မာနည်းအရ ပြောဆိုရမည်ဆိုလျှင် မနောဝိညာဏ်အရိပ်သည် အုပ်ချုပ်လျက် ပါသည်ဟု ဆိုနိုင်ပါတယ်။

ဦးကျောက်အိမ်ကြီးကို မူထားပြီးလျှင် ဖွင့်ပြနေပါသောကြောင့် ပစ္စုပ္ပန် ပေါင်းစုခြင်းအရ ၃-ပါးကိုသာ ထုတ်ဆော်လိုက်ခြင်းပါဘဲ၊ မနောဝိညာဏ် အုပ်ချုပ်သည့်အနေနှင့် ပါဝင်သည်ဟု မှတ်တော်မူပါ။

အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တွေက အာနာပါန လုပ်ငန်းစဉ်ကို အားမထုတ်ဘူးသေးလျှင် အဆင်းသဘော ဘယ်မှာရှိသလဲလို့ မေးမြန်းလျှင်၊ လဘက်ရည်ပုကန်မှာရှိပါတယ်လို့ လက်ညှိုးထိုးပြပါလိမ့်မယ်၊ အဲဒါပဌမ တံခါးတိုးက ရုပ်-နာမ် မျိုးလို့မှတ်ပါ။

ယခု ဒုတိယစတုက္ကကြတော့ အပြင်မှာ လက်ညှိုးထိုးလို့မရတော့ဘူး၊ အကြည်ရိပ်ကိုသာ လက်ညှိုးထိုးပြနိုင်ပါတော့တယ် အာရုံ သဘောတရား ဇာတ်သိမ်းသွားပါပြီ၊ အာရမ္မဏ်က သဘောတရားမျှသာ ဒုတိယစတုက္ကမှာ ပေါ်ထွက်လာခြင်းဖြစ်၍ အဆင်းကို အပြင်မှာ လက်ညှိုးထိုးလို့ မရနိုင်ပါ။

အဲဒီ အာရမ္မဏ်က သဘောတရား ၃-ပါးတို့သည် တခုသော သဘောတရားကို အညီအညွတ် ဆွဲကိုင်နိုင်ခြင်းကိုလဲ အဆွဲခံရတဲ့ သဘောကို အာရုံလို့လဲဆိုနိုင်ပါတယ်၊ အဲဒီ အာရုံသဘောဟာ နာမပညတ်၊ သဏ္ဌာနပညတ်၊ သမူဟပညတ်၊ ၃-ပါးပေါင်းစုံပြီး သကာလ ချလိုက်တဲ့အခါမှာ အာရုံသဘော ပေါ်ထွက်တယ်လို့လဲ ခေါ်ပါတယ်။

အာရုံသဘော ပေါ်တယ် ဆိုတာလဲ နောက်ဆုံး ဘာလဲ လဘက်ရည်အိုး၊ လဘက်ရည်ပုကန်၊ ယောကျ်ား၊ မိန်းမ ပုဂ္ဂိုလ်သတ္တဝါလို့ခေါ်တဲ့ သညာသိ ဝိညာဏ်သိလောက ပေါ်ထွက်ခြင်းကို ယူရပါတယ်။

ပရမတ်နယ်ရဲ့ သဘာဝကို ပြောရမယ်ဆိုလျှင် ယခု ဒုတိယ စတုက္ကမှာ ပေါင်းဆုံကြတဲ့ အာရမ္မဏာက သဘောတရားပါဘဲ၊ အဲဒီ စကားကို အနည်းငယ် စစ်တန်း ထုတ်ပြပါဦးမယ်၊ ထင်ရှား လာအောင် ယခု ဦးကျောက် အိမ်ကြီးက ပေါ်ထွက်လာတဲ့ သန္တပ္ပန မီးဓာတ်ရဲ့ အရောင်ဓာတ်ခေါ် သက်တန့်ရောင်ကြီးဟာ ဘယ်ကထွက်လာပါသလဲ။

ယခု ဆရာတော် ထုတ်ဘော်နေတဲ့ အဆင်းသဘောရယ်၊ အကြည်သဘောရယ်၊ အမြင်သဘောရယ် အဲဒီ ၃-ပါး ပေါင်းဆုံ လိုက်တဲ့ ပစ္စုပ္ပန်သဘောက ပေါ်ထွက်လာတယ်လို့ သဘာဝ အနေအားဖြင့် ဝေဘန် သိမ်းဆည်း နိုင်ပါတယ်၊ လုပ်ငန်းစဉ် အနေနှင့် ဝေဘန်ကြည့်တဲ့အခါ ဒီ-သဘာဝ ၃-ပါး ပေါင်းစု ခြင်းသည်ပင်လျှင် နာမပညတ်, သဏ္ဍာနပညတ်, သမူဟပညတ်, ၃-ပါး ပေါင်းစုနေတယ်လို့လဲ ယူနိုင်ပါတယ်။

အဲဒီ ပညတ်ရိပ် ၃-ပါး ပေါင်းစုံနေတာကို ယောဂါဝစရ ပုဂ္ဂိုလ်များသည်၊ သဏ္ဍာန်, အရိပ်, နိမိတ်, လက္ခဏာ ပေါ်ထွက် နေသည်ဟု ဆိုနိုင်ပါတယ်၊ ဒါကြောင့် ဒုတိယ စတုက္ကမှာ၊ ပဌမလေကြောင်း နိမိတ်ထင်အောင် ရှုရပါတယ်၊ ဒုတိယ စတုက္က ကြတော့ သဏ္ဍာန်,အရိပ်,နိမိတ်,လက္ခဏာ ပေါ်အောင် ဝေဘန် သိမ်းဆည်းရပါတယ်။

တတိယ ကြတော့ သက်တန့်ရောင် ပေါ်ထွက် လာအောင် ဦးကျောက်အိမ်ကြီးမှာရှိတဲ့ သန္တပ္ပန မီးဓာတ်ကို ရှုရပါတယ်၊ အဲဒီလို အဆင့်ဆင့်ရှု၍ ပေါ်ထွက်လာသော ပညတ်နိမိတ်အလုံးစုံ

တို့ဟာ ယခုဘော်ပြလိုက်တဲ့ အာရမ္မဏိကခေါ် သဘောတရား ၃-ပါးပေါင်းစုခြင်း ပစ္စုပ္ပန်သဘောမှ ပေါ်ထွက်လာသည်ဟု တထစ်ကြဝေဘန်သိမ်းဆည်းတော်မူနိုင်ပါတယ်။

## (ရုပ်တရား နာမ်တရားဝေဘန်ရန်)

ဒုတိယစတုက္ကမှာ သဘာဝအားဖြင့် ပေါ်ထွက်လာတဲ့အဆင်း အကြည် အမြင် ဤ၃-ပါးကို ရုပ်တရား နာမ်တရားအနေနှင့် ဝေဘန်သော် ဘယ်လိုဝေဘန်သိမ်းဆည်းမလဲ၊ရှေးဦးစွာသဘာဝ ၃-ပါးက ပေါ်ထွက်နေသော ပညတ်ရိပ်ကို မြင်အောင်ရှုရ ပါတယ်။

ပညတ်ရိပ်ထွက်ပုံမှာ အဆင်းသဘောမှ နာမပညတ်ရိပ်ထွက် ပေါ်နေပါတယ်၊အကြည်သဘောမှသဏ္ဌာနပညတ်ရိပ်ထွက်ပေါ် နေပါတယ်၊ အမြင်သဘောမှ သမူဟပညတ်ရိပ်ထွက်ပေါ်နေပါ တယ်၊ အဲဒီပညတ်ရိပ်၃-ပါးကို ထင်မြင်လာအောင် ဝေဘန် သိမ်းဆည်းပါ။

ပညတ်ရိပ် ၃-ပါးထွက်ပုံမှာ လဘက်ရည်ပုကန်တခုကို မိမိ၏ ရှေ့မှောက်တွင် ချထားပါ၊ မိမိ၏ အကြည်ဓာတ်နှင့် တခါထဲ ကြည့်လိုက်ပါ၊ အဲဒီလို ကြည့်လိုက်တဲ့အခါ အမြင်ဓာတ်ခေါ် သညာသဘောကလေး ထွက်ပေါ်လာတယ် မဟုတ်ပါလား၊ အဲဒီဓာတ်၃-ပါးတို့က ပညတ်၃-ပါးပေါ်ထွက်နေကြပါတယ်။

အကြည်ရိပ်မှာရှိတဲ့ အဆင်းကလေးက နာမပညတ်ပေါ် ပါတယ်၊ အကြည်ရိပ်က သဏ္ဌာနပညတ်ပေါ်ပါတယ်၊ အမြင်ရိပ်

က သမ္မာပညတ်ပေါ်ထွက်ပါတယ်၊ အဲဒီပညတ်ရိပ် ၃-ပါးဟာ အဘယ်အရာဝတ္ထုကိုဘဲမြင်မြင် ပညတ်ရိပ် ၃-ပါးပေါင်းစုပေါ်ကြပါတယ်။

မြင်လိုက်တဲ့အခါ ကြားလိုက်တဲ့အခါ နံလိုက်တဲ့အခါ စားလိုက်တဲ့အခါ ထိလိုက်တဲ့အခါမှာ ပညတ်ရိပ်၃-ပါးတပြိုင်ထဲ ပေါင်းစုပြီး မိမိ၏ သဏ္ဍာန်က ပေါ်ထွက်နေသည်ကို ရှေးဦးစွာ ထင်မြင်လာအောင်ရှုပါ၊ ပညတ်သဘော ထင်မြင်လာမှ ပရမတ်သဘောကို သိမ်းဆည်းနိုင်ပါတယ်။

ပညတ်သဘောသည် အလဟဿ အချိုးနှိုးပေါ်ထွက်နေသည် မဟုတ်ပါ၊ ပရမတ်သဘောရှိလို့သာ ပေါ်ထွက်နေခြင်းဖြစ်၍ နာမပညတ် ပေါ်ထွက်လာခြင်း၏ တရားခံကို ရှေးဦးစွာ ရှာဖွေသော် အဆင်းသဘောရှိလို့ ပေါ်ထွက်ခြင်းကို တွေ့ပါလိမ့်မယ်၊ အဲဒီအဆင်းဟာ ရုပ်သဘောလား သို့မဟုတ် နာမ်သဘောလား ဤသို့ဝေဘန်သိမ်းဆည်းကြည့်ပါ။

ဤဒုတိယ စတုက္ကတံခါးမှာရှိသော အဆင်းသည်ကား အပြင်မှာ ပေါ်ထွက်နေသော အဆင်းမဟုတ်ပါ၊ အကြည်အရိပ်မှာ အစဉ်ရှိနေတဲ့ နာမ်သဘော သဏ္ဍာန်အရိပ်ကလေး ဖြစ်ပါတယ်၊ ဒါကြောင့် အဲဒီအဆင်းဟာ သညာရဲ့ အမှတ်သဘောလေးထင်နေခြင်းဖြစ်ပါ၍ ရုပ် နာမ်အရ ဝေဘန်လိုက်လျှင် နာမ်သဘော သညာကလေးပင်ဖြစ်ပါတယ်။

အကြည်ဓာတ်ဆိုသည်မှာလဲ ရုပ်အကြည်ဓာတ်၊ နာမ် အကြည်ဓါတ်ဟူ၍ ၂-မျိုးရှိရာ အဆင်းသဘောနှင့် ပေါင်းဆုံ

သော အကြည်ခေတ်သည်ကား ရုပ်အကြည်လို့ ခေါ်ပါတယ်၊ နာမ်အကြည်ခေတ်ဆိုသည်မှာ ရုပ်အကြည်တွင် အစဉ်ကိန်းလျက်ရှိသော သညာကလေးကို နာမ်အကြည်ခေတ်လို့ ခေါ်နိုင်ပါတယ်၊ ဤဒုတိယ စတုတ္ထတံခါး၌ကား အပြင်သဘော၌ အဆင်းခေတ်မရှိသဖြင့် ၎င်းနှင့်ပေါင်းဆုံသော ရုပ်အကြည်ခေတ်လဲ မရှိနိုင်တော့ပါ၊ ဒါကြောင့် အကြည်ခေတ်အရ သညာနာမ်သဘောကို ကောက်ယူရပါမည်။

အမြင်ခေတ်ဆိုသည်မှာကား အဘိဓမ္မာအလို စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်နာမ်ခေတ်မျိုးကို ခေါ်ပါတယ်၊ ဝိပဿနာအရာမှာတော့ သညာသဘောတရားကို ခေါ်ဆိုပါတယ်၊ အဲဒီ အဆင်းသညာ အကြည်သညာ အမြင်သညာကလေး ၃-လုံး ပေါင်းစုပေါ်တာကို ပစ္စုပ္ပန်လို့ ခေါ်ပါတယ်၊အဲဒီသညာကလေး ၃-ပါးဟာ သန္တပ္ပနမီးခေတ်အရိပ်မှာ အစဉ်ရှိနေပါတယ်၊ အဲဒီ သညာရိပ်ကလေးတွေရှိလို့ သန္တပ္ပနမီးခေတ်က သက်တန့်ရောင်ထွက်နိုင်ပါတယ်။

အဲဒီ သညာကလေး ၃-လုံးကိုဘဲ ရုပ် နာမ်အနေနဲ့ ကူးရပါလိမ့်မယ်၊ သညာကလေး၃-လုံးပေါ်ထွက်လာပုံကို အာနာပါနလုပ်ငန်းစဉ်၌ ပေါ်လွင်ထင်ရှားအောင် အမျိုးသိမ်းမျှားနားလည်အောင် ထုတ်ဘော်ရှင်းပြလိုပါသေးတယ်၊ ပိဋကတ်တော်မှာ သညာပြဋ္ဌာန်း၍ ထုတ်ဘော်ဟောကြားထားသည်မှာ ရူပသညာ သဒ္ဒသညာ ဂန္ဓသညာ ရသ,သညာ ဖောဋ္ဌဗ္ဗသညာဟူ၍ အာရုံ ၆-ပါး၌ သညာ၆-မျိုးပြဋ္ဌာန်း၍ ဟောကြားတော်မူပါတယ်။

စက္ခုသညာ သောတသညာ ဃာနသညာ ဇိဝှါသညာ ကာယသညာ မနသညာဟူ၍ ဒွါရ၆-ပါး၌လဲ သညာ၆-လုံး ပြဋ္ဌာန်း၍ ဟောကြားတော်မူပါတယ်၊ အာရုံနှင့် ဒွါရနှစ်ပါး ဆုံရာ၌လဲ စက္ခုသမ္ဖဿ သညာ သောတသမ္ဖဿ သညာ စသည်ဖြင့် သမ္ဖဿ သညာကို ၆-ပါး ထုတ်ဘော်၍ ဟောကြားတော်မူ ပါတယ်။

ဒါကြောင့် ရူပါရုံခေါ် အဆင်းသဘောနှင့် စက္ခုပသာဒခေါ် အကြည်သဘောတို့ ပေါင်းဆုံလိုက်တဲ့အခါ ရူပါရုံမှလဲ ပစ္စုပ္ပန် သညာတလုံးထွက်ပေါ်လာပါတယ်၊ မျက်စိအကြည်ဓာတ်ကလဲ ပစ္စုပ္ပန်သညာတလုံး ထွက်ပေါ်လာပါတယ်၊ ၂-ပါးပေါင်းဆုံ လိုက်တဲ့သဘောကလဲ သမ္ဖဿခေါ်သပ္ပဋိဃ သညာတလုံးထွက် ပါတယ်။

အဲဒီသညာ ၃-လုံးတို့ဟာ ဦးကျောက်အိမ်ခေါ် သန္တပ္ပန မီးဓာတ်မှထွက်ပေါ်လာသော သညာများဖြစ်ကြပါတယ်၊ အဲဒီ သညာများကို ပစ္စုပ္ပန်သညာလို့ ခေါ်ပါတယ်၊ ပေါင်းဆုံတဲ့ အခါမှသာ ထွက်ပေါ်လာခြင်းကြောင့် ပစ္စုပ္ပန်အမည်ထူးကိုရရှိ ကြပါတယ်။

ပစ္စုပ္ပန်သညာကလေး ၃-လုံးကိုဘဲ အာရမ္မဏိက သဘော တရားလို့ခေါ်ဆိုထားပါတယ်၊ အဲဒီအာရမ္မဏိက သညာကလေး ၃-လုံးကို ဒုတိယ စတုက္ကတံခါးမှာ နာမ်တရားလို့ ခေါ်ဆိုနိုင် ပါတယ်၊ ရုပ်တရားဆိုသည်မှာကား ၎င်းသညာကလေး ၃-လုံး တို့ဟာ တစုံတခုသော အာရုံသဘော၌ အညီအညွတ်ပေါင်းဆုံ ပြီးလျှင် ဖြစ်ပေါ်ကြခြင်းကို ဝါ စားပွဲထိုင်ကြခြင်းကို ရုပ်တရား လို့ခေါ်ဆိုနိုင်ပါတယ်။

ဒုတိယစတုက္ကတံခါးမှာ ပေါ်ထွက်လာတဲ့ ရုပ်တရား နာမ် တရားအရ ယခုဘော်ပြလိုက်တဲ့ သညာ ၃-လုံးနှင့်တကွ ၎င်းတို့၏ ပေါင်းဆုံညီညွတ်ပြီးလျှင် တစုံတခုသော အာရုံကိုဆွဲကိုင်လိုက် ခြင်းသည် ရုပ်တရားပါဘဲ၊ဤနေရာ၌ ရုပ်တရားကို အထူးမထုတ် ဘော်တော့ပါ သညာကလေး၃-လုံးတို့၏ ဗျာပါရကိုရုပ်တရားလို့ မှတ်တော်မူပါ။

ပဌမ စတုက္ကနုတ်ခမ်းဖျားနှင့် နှာသီးဖျားတံခါးပေါက်တုံးက ကူးခဲ့တဲ့ အာရုံအာရမ္မဏိက ရုပ် နာမ်မျိုးမဟုတ်ပါ၊ အဲဒီ ပဌမ တံခါးတုံးက အာရုံဆိုတဲ့သဘောကား အပြင်မှာထင်ရှားရှိနေတဲ့ ရူပါရုံ သဒ္ဒါရုံခေါ် အာရုံသဘောမျိုးကို ကောက်ယူနိုင်ပါတယ်၊ ယခု ဒုတိယတံခါးမှာကား အာရုံသဘောသည် ထင်ထင်ရှားရှား မရှိနိုင်တော့ပါ၊ အာရမ္မဏိက သဘောမှာသာ အစဉ်ရှိလျက်နေ သော သဘောမျှဖြစ်ပါတယ်။

ဒါကြောင့် သညာကလေး၃-လုံးတို့၏ ဗျာပါရကိုသာ အာရုံ သဘောအနေနဲ့သာ ကောက်ယူနိုင်ပါတော့တယ်၊ဤမျှသိမ်မွေ့ လာသည်ကို အာနာပါန အားထုတ်သော ယောဂါဝစရပုဂ္ဂိုလ် များ အပြောနှင့် ယုံမှာမဟုတ်၊ ပဋိပတ်ကိုယ်တွေ့ကို အားထုတ်မှ ယုံကြည်နိုင်ပါလိမ့်မယ်၊ ပဋိပတ်အလုပ်သည် ကိုယ်တွေ့အလုပ် ပါဘဲ။

ဤဘော်ပြခဲ့သော ရုပ်တရား နာမ်တရား ပေါ်ထွက်လာပုံ တို့ကို ရှေးဦးစွာအာနာပါနယောဂါဝစရပုဂ္ဂိုလ်များဉာဏ်အမြင် ထင်လင်းဘို့လိုပါတယ်၊ ဉာဏ်အမြင်ထင်လင်းမှသာ ပစ္စယပရိဂ္ဂဟ

ဥာဏ်စခန်းသို့ တက်လှမ်းနိုင်မည်ဖြစ်ပါ၍ ဒုတိယ စတုက္ကတံခါးမှာ ရုပ်တရား နာမ်တရားပေါ်ပုံကိုသဘောပေါက်အောင်အကြိမ်ကြိမ် မွေနှောက်သိမ်းဆည်းတော်မူပါ။

ပစ္စုပ္ပန် သညာကလေး ၃-လုံးကား နာမ်တရားလို့ခေါ်ပါတယ်၊ အဲဒီ၃-လုံးတို့ဟာ တစုံတခုသော အာရုံသဘောကလေးကို အညီအညွတ် ဆွဲကိုင်လိုက်ခြင်းကား ရုပ်သဘောလို့ခေါ်ပါဘယ်၊ ဤသို့ရုပ် နာမ်ပေါ်ပုံကို ရှေးဦးစွာ ဝေဘန်သိမ်းဆည်းတော်မူပါ။

ဒုတိယ စတုက္ကတံခါးမှ ပေါ်ထွက်လာသော ပစ္စုပ္ပန်သညာ ၃-လုံးကို ပစ္စယ ပရိဂ္ဂဟ ဥာဏ်စခန်းသို့တင်၍ ကလျာဏမျက်စိပေါက်အောင် အနတ္တခေတ်ကို ဝေဘန်သိမ်းဆည်းရဦးမယ်၊ သို့မှသာ အနတ္တဥာဏ်ဆင့်မြင်ပြီးလျှင် ယုံမှားခြင်း ၈-ပါးယုံမှားခြင်း ၁၆-ပါးတို့မှ လွတ်မြောက်၍ ဘုရားစစ် တရားစစ် သံဃာစစ်ကို တွေ့ရှိတော်မူ၍ ဗုဒ္ဓဘာသာ အစစ်ဖြစ်နိုင်ကြပါလိမ့်မယ်။

## (ပစ္စယ ပရိဂ္ဂဟ ဥာဏ်သွင်းပုံ)

ပစ္စယ ပရိဂ္ဂဟ ဥာဏ် ဆိုသည်မှာ အကြောင်းတရားကို သိမ်းဆည်းသော ဥာဏ်ကို ဆိုလိုပါတယ်၊ ဘယ်လိုသိမ်းဆည်းပါသလဲ၊ သိမ်းဆည်းပုံကို နောက်က နည်းလေးပါးဖြင့် ဝေဘန်ပြခဲ့ပါပြီ၊ နောက်ကိုပြန်ကြည့်လျှင် တွေ့ပါလိမ့်မယ်။

အာနာပါနလုပ်ငန်းစဉ်ဖြင့် ပေါ်ထွက်လာတဲ့ ပစ္စုပ္ပန်သညာကလေး၃-လုံးကိုပစ္စယပရိဂ္ဂဟဥာဏ်စခန်းဖြင့် ဝေဘန်သိမ်းဆည်းလိုက်၍ အဲဒီသညာကလေး ၃-လုံးဟာ ပစ္စယခေါ် အကြောင်းတရားလို့ခေါ်ပါတယ်၊ အကြောင်းညီညွတ်ခြင်းကိုရ၍ပေါင်းဆုံ

ဖြစ်ပေါ်လာခြင်းကို ပစ္စယလို့ခေါ်ပါတယ်၊ဘယ်လိုအကြောင်း ညီညွတ်ခြင်းကိုရပါသလဲ၊ ရုပ်ရုံခေါ် အဆင်းသဘောလဲရှိရမယ်၊ စက္ခုပသာဒခေါ် အကြည်ဓာတ်သဘောကလဲ ရှိရမယ်၊ ၎င်းတို့ ၂-ဦးကလဲ ပေါင်းဆုံရမယ်၊ ဤသို့ အကြောင်းညီညွတ်ခြင်းကို ရရှိ၍ ထွက်ပေါ်လာရသော သညာများဖြစ်သောကြောင့် ၎င်းတို့ကို ပစ္စယ အကြောင်းတရားလို့ ဝိပဿနာအရာမှာ ခေါ်ဆိုကြပါတယ်။

အဲဒီ ပစ္စယ အကြောင်းတရားကိုဘဲ ဝိပဿနာ အရာမှာ နာမ်တရားလို့ ခေါ်ဆိုနိုင်ပါတယ်၊ ရှင်တော်မြတ်ဘုရားသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို ဖွင့်တော်မူ၍ ဟောကြားတော်မူရာ၌လဲ ပစ္စယ အကြောင်းကို မူထား၍ ဟောကြားဆုံးမတော်မူသည်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံ ဝိညာဏ ပစ္စယာ နာမရူပံ နာမရူပပစ္စယာ သဠာယတနံ သဠာယတနပစ္စယာ ဖဿော စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် တခုလုံးသည် ပစ္စယအကြောင်းကို မူထား၍ ဟောကြားတော်မူပါတယ်။

ဒါကြောင့် ပစ္စယအကြောင်းတရားကို အာနာပါနယောဂါဝစရပုဂ္ဂိုလ်များ သိရှိနားလည်ရန် ပြောပြလိုပါသေးတယ်။

အကြောင်းတရားသည် ၂-မျိုးရှိပါတယ်၊ (၁)ပစ္စယ အကြောင်းတရား၊ (၂)ဟေတု အကြောင်းတရားအားဖြင့် အကြောင်းတရား ၂-မျိုး ခွဲခြားသိမ်းဆည်းပါ။

ပစ္စယအကြောင်းတရားဆိုသည်မှာ ၂-ပါး၃-ပါးစသည်တို့ဖြင့် ပေါင်းစု၍ ဖြစ်သော အကြောင်းတရားမျိုးကို ဆိုလိုပါတယ်၊ (ဥပမာ) မြန်မာနိုင်ငံတော် တရားဘက်ဌာနတွင် ခုံရုံးတော်ဖွင့် ပြီးလျှင် တရားသူကြီး အနည်း ၃-ပါး ၅ပါးအထိ ခုံဖွဲ့၍ တရား စီရင်ခြင်းကဲ့သို့ ပစ္စယအကြောင်းတရားကိုဝေဘန်သိမ်းဆည်းပါ။

ပစ္စယအကြောင်းတရားကားအဝိဇ္ဇာပြဌာန်းသောအကြောင်း တရားဖြစ်ပါတယ်၊ ၃-ပါး ၄-ပါးစသည်ဖြင့်ပေါင်းစု၍ဖြစ်ပေါ် သော အကြောင်းတရားဖြစ်သောကြောင့် ခိုင်မြဲသောအကြောင်း တရားမျိုး ဩဇာ အာဏာရှိသော အကြောင်းတရားမျိုး အနတ္တ အစစ်သို့ ဖေါ်ပြသော အကြောင်းတရားမျိုးဟု ဆိုနိုင်ပါတယ်။

ဟေတု အကြောင်းဆိုသည်မှာ တခုသော အကြောင်းတရား ဖြင့် ဖြစ်ပေါ်ခြင်းမျိုးကိုဆိုလိုပါတယ်၊(ဥပမာ)မြန်မာနိုင်ငံတော် တရားဘက်ဌာနတွင် တရားမ ရာဇဝတ်အမှုကြီး အမှုငယ်တို့ကို စစ်ဆေးရန်အတွက် တရားရုံးများ ဖွင့်လှစ်ထားခြင်းကဲ့သို့ တရား သူကြီးတပါးထိုင်၍ စစ်ဆေးခြင်းတို့လို ဟေတုအကြောင်းတရား သည်ကား တခုသော အကြောင်းတရားဖြင့် ဖြစ်ခြင်းကိုဆိုလို ပါတယ်။

ဟေတု အကြောင်းတရားကား တဏှာသဘောပြဌာန်းလျက် ရှိနေပါတယ်၊ ပစ္စယအကြောင်းတရားနှင့် ဟေတုအကြောင်း တရား ၂-ပါးကို ပစ္စယ ပရိဂ္ဂဟဉာဏ်က ကိုင်ရာတွင် ပစ္စယ အကြောင်းတရားကို နာမ်တရားထား၍ ကိုင်ပါတယ်၊ဟေတု အကြောင်းတရားကို ရုပ်တရားထား၍ ကိုင်ပါတယ်။

တနည်း ပစ္စယအကြောင်းတရားကို ပစ္စယ ပရိဂ္ဂဟဉာဏ်က အကြောင်းရင်းထား၍ ပြဋ္ဌာန်းသောအားဖြင့် ကိုင်ပါတယ်၊ ဟေတု အကြောင်း ကို အကျိုး တရား ထား၍ ကိုင်ပါ တယ်၊ ထိုအကြောင်းတရား ၂-ပါးတို့ကို ပစ္စယပရိဂ္ဂဟဉာဏ်သိမ်းဆည်းတော်မူ၍ သဘာဝအနတ္တ ဉာဏ်စခမ်းကို ထုတ်ဘော်တော်မူပါတယ်။

အဲဒီ ပစ္စယပရိဂ္ဂဟဉာဏ်တွင် သညာ ၃လုံးကိုသွင်း၍ အနတ္တ ဉာဏ်စခမ်းဖွင့်ရပါလိမ့်ဦးမယ်။

## (ဟေတုအကြောင်းနှင့်ပစ္စယအကြောင်း)

အဲဒီသညာကလေး ၃-လုံးတို့သည် ဦးကျောက်အိမ် သန္တာပ္ပနမီးခါတ်တွင် အစဉ်တည်ရှိလျက်နေသောကြောင့် အဆင်းအကြည် ၂-ပါးတို့သည် ပေါင်းဆုံခြင်း ဗျာပါရဖြစ်ကြပါတယ်၊ ပဌမတံခါးတုံးက ရုပ်တရား နာမ်တရားကတော့ အဆင်း အကြည် ၂-ပါးတို့၏ ပြဋ္ဌာန်းပေါင်းဆုံမှုအပေါ်မှာ ရုပ်တရား နာမ်တရားကိုထုတ်ဘော်၍သိမ်းဆည်းခဲ့ပါတယ်။

ဤဒုတိယတံခါးကြတော့ အဆင်းအကြည် ၂-ပါးဆုံတာဟာ ဦးကျောက်အိမ်မှာရှိတဲ့ သန္တာပ္ပနမီးခါတ်တွင် အစဉ်ရှိနေတဲ့ သညာသဘော၃-လုံးကြောင့် ဆုံတယ်လို့ ဝေဘန်နိုင်ပါတယ်၊ (ဥပမာ) သံလိုက်တုံးနှင့် အပ်ချောင်းကလေးတွေ ငြိကပ်နေသလိုပါဘဲ၊ သံလိုက်ခါတ်တခုကို စားပွဲပေါ်မှာထားပြီး အပ်ချောင်းငယ်တခုကို မနီးမဝေးမှာ ထားလိုက်လျှင်ဘဲ အပ်ချောင်းငယ်ကလေးသည် မနေနိုင်တော့ဘဲ လှုပ်ရှားနေပါတော့တယ်။

ထိန်းထားတဲ့လက်ကလဲ လွှတ်လိုက်ပါကရော သံလိုက်တုံးကို တပြိုင်ထဲပြေးကပ်တော့တာပါဘဲ ထို့အတူပါဘဲ သညာ၁၃-လုံးတို့ရဲ့ ပေါင်းစုဘို့အရှိန်အစော်ကြောင့် အဆင်းနှင့်အကြည်ခွာတ်တို့မှာ မနေနိုင်တော့ဘဲ တပြိုင်ထဲပေါင်းဆုံကြပါတော့တယ်။

ဒါကြောင့် သညာ၁၃-ခုကိုအာနာပါနလုပ်ငန်းစဉ်အရဝေဘန်လိုက်လျှင် အဆင်းအကြည် ၂-ပါးတို့၏ ပေါင်းဆုံရန်အကြောင်း ပစ္စယအရာ၌ တည်ရှိနေလေရကား ပစ္စယအကြောင်းအရ သညာကလေး၁၃-လုံးပေါင်းစုခြင်း ပစ္စုပ္ပန်သဘောကိုကောက်ယူပါ။

ဟေတုအကြောင်းတရားဆိုသည်မှာပစ္စယအကြောင်းကြောင့်ဖြစ်ပေါ်လာသော အကြောင်းတရားကို ဆိုလိုဘယ် ဝိပဿနာအရာတွင် ဟေတုအကြောင်းကို အကျိုးတရားအရာမှာထား၍ ဝေဘန်သိမ်းဆည်းတော်မူပါတယ်၊ ယခု အာနာပါနတွင်ကား အကြောင်းတရားအရာမှာထား၍ ဝေဘန်သိမ်းဆည်းပါလိမ့်မယ်၊ ဟေတုအကြောင်းတရားအရမှာအဆင်းနှင့်အကြည်ပေါင်းဆုံခြင်း သဘောတရားကိုသာကောက်ယူနိုင်ပါတယ်၊ရုပ်တရားနာမ်တရား ၂-ပါး၌ သွင်းပါဆိုလျှင် ဟေတုအကြောင်းကား ရုပ်တရားအရာ၌ကျရောက်တည်နေပါတယ်။

ပစ္စယအကြောင်းကား နာမ်တရားအရာ၌ ကျရောက်တည်နေပါတယ်၊ ဤသို့အားဖြင့် အာနာပါနလုပ်ငန်းစဉ်၌ ရုပ်တရားနှင့်နာမ်တရားကို ပစ္စယအကြောင်း ဟေတုအကြောင်းဖွဲ့၍ ပစ္စယပရိဂ္ဂဟဉာဏ်သို့ လုပ်ငန်းစဉ်အနေနှင့်တင်သွင်းတော်မူနိုင်ပါပြီ။

ဒိဋ္ဌိကြီး ၄-ချက်ကိုလဲ ထုတ်ဘော်နိုင်ပါပြီ၊ ရှေ့ကိုတရား သိမ်းဆည်းပုံနှင့် ဒိဋ္ဌိကြီး၄-ချက်ပယ်သတ်ပုံတို့ကိုသာ ထုတ်ဘော် ပြရပါတော့မယ်၊ ရုပ် နာမ်သင်္ခါးပုံလုပ်ငန်းစဉ်သည်ကား ဤဘော် ပြသော သဘာဝတရားတို့ဖြင့် ပြည့်စုံလုံလောက်တော်မူပါပြီ။

## ( ဒိဋ္ဌိကြီး ၄-ချက်တည်ရှိနေပုံ )

ဒုတိယ စတုက္ကတံခါးမှ ပေါ်ထွက်လာသော ရုပ်တရား နာမ်တရားခေါ် သညာကလေး ၃-လုံးမှာ ဒိဋ္ဌိစွဲ ၄-ချက်ရှိနေ ပါတယ်၊ အဲဒီ ဒိဋ္ဌိစွဲ ၄-ချက်ကြောင့် ပေါ်ထွက်လာရပါတယ်၊ ဒါကြောင့် ဒိဋ္ဌိစွဲ ၄-ချက်ကို ပယ်နှုတ်နိုင်အောင် ပစ္စယပရိဂ္ဂဟ ဉာဏ်သို့ တင်သွင်းရခြင်းပါဘဲ၊ ဒိဋ္ဌိစွဲ ၄-ချက် ဆိုသည်မှာ ( ၁ )အတ္တဒိဋ္ဌိ အစွဲတချက်၊ ( ၂ ) သဿတဒိဋ္ဌိ အစွဲတချက်၊ ( ၃ ) ဥစ္ဆေဒဒိဋ္ဌိအစွဲတချက်၊( ၄ )အကိရိယအစွဲတချက်အားဖြင့် ၄-ချက်ရှိပါတယ်။

အဲဒီဒိဋ္ဌိကြီး ၄-ချက်ကို ဖြုတ်နိုင်မှ ပစ္စယ ပရိဂ္ဂဟဉာဏ်ပိုင်၍ ကလျာဏချက်စိပေါက်နိုင်ပါတယ်၊ကလျာဏမျက်စိပေါက်သော် ယုံမှားခြင်း၈-ပါးမှလွတ်မြောက်၍ ဘုရားစစ် တရားစစ် သံဃာစစ် တွေ့ပြီဟု ဆိုနိုင်ပါတယ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်သည်ကား ဒိဋ္ဌိကြီး ၄-ချက်ကို သစ်ပင်ကြီးလှဲသလို ပုဆိန်ဓါးမဖြင့် ခုတ်လှဲသော ဉာဏ်ဖြစ်ပါတယ်၊ ဒိဋ္ဌိကြီး၄-ချက်ရဲ့ ရေသောက်မြစ်ကိုတော့ ဉဒယဗ္ဗယဉာဏ်က ဖြတ်ပယ်ပါလိမ့်မယ်။

အဲဒီ ဉဒယဗ္ဗယဉာဏ်ကြီးက ပယ်သတ်တဲ့အခါမှာလဲအတ္တဒိဋ္ဌိ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အကိရိယဒိဋ္ဌိဆိုပြီး ထုတ်ဘော်ပါလိမ့်မည်

သို့ရာတွင် အခေါ်အဝေါ်ပင် တူကြသော်လဲ ပယ်သတ်ပုံခြင်း ကတော့ ကွာခြားလှပါတယ်၊ ဘယ်လိုကွာခြားပါသလဲ၊ ၎င်းဒိဋ္ဌိ တို့၏ ရေသောက်မြစ်ကို တူးဖေါ်ပယ်သတ်ပါသဖြင့် အပင်လုံးကြီး ကို ဖြတ်ထာနဲ့ ရေသောက်မြစ်ကို ဖြတ်ထာခြင်းကွာခြားပါတယ်။

ယခု သန္တာပ္ပနမီးခေတ်တွင် ရှိတဲ့သညာ ၃-လုံးပေါ်ထွက် နေခြင်းသည် ဒိဋ္ဌိကြီး ၄-ပါးရှိ၍ ပေါ်ထွက်နေခြင်းပါဘဲ၊ ဒါကြောင့် သညာကလေး ၃-လုံးတို့၏ ရုပ် နာမ်သဘောတရား နေပုံကို ဝေဘန်သိမ်းဆည်းပြီးနောက် ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြင့် ရေသောက်မြစ်ဖြစ်တဲ့ သညာကလေး ၃-လုံးပေါ်ထွက်ပြီး ဒိဋ္ဌိ ၄-လုံးကို ပယ်ဖြတ်ပါလိမ့်မယ်။

ဒိဋ္ဌိ၄-ချက်ကို မပယ်နှုတ်သမျှ ရုပ်တရား နာမ်တရားတွေ့ရုံနှင့် ကလျာဏ မျက်စိမပေါက်နိုင်သေးပါ၊ ကလျာဏမျက်စိမပေါက် လျှင် ဘုရားစစ် တရားစစ် သံဃာစစ်မတွေ့နိုင်ပါ၊ ယုံမှားခြင်း ၈-ပါးထဲမှာပင် ယောဂါဝစရပုဂ္ဂိုလ်ဟာ ကျက်စားနေပါတယ်၊ ဒါကြောင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို အပိုင်သိမ်းဆည်းနိုင်အောင် အထူးကြိုးစားရမယ်။

ဤအာနာပါန လုပ်ငန်းစဉ် ဒုတိယစတုက္က တံခါးကိုဖွင့်ခြင်း သည် ပစ္စယ ပရိဂ္ဂဟဉာဏ်၏ ပညာကိုလိုခြင်း၍ ဖွင့်ခြင်းဖြစ်သော ကြောင့် ရုပ် နာမ်ကိုတွေ့ခြင်းသည် တံခါးဝသို့ ရောက်ခြင်းနှင့် တူပါတယ်၊ တံခါးကို ဖွင့်နိုင်ပါလျှင် ပစ္စယ ပရိဂ္ဂဟဉာဏ်၏ အနတ္တခေတ် ရတနာကို ရပါလိမ့်မယ်။

နိဗ္ဗာန်ကို တောင်းတနေကြသော ပုဂ္ဂိုလ်များသည် နိဗ္ဗာန်ကို ရှေးဦးစွာဘော်ပြသော ဉာဏ်မှာ ဤပစ္စယ ပရိဂ္ဂဟဉာဏ်ပင်

ဖြစ်ပါ၍ အာနာပါန ဘာဝနာကို အားထုတ်ကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ရုပ် နာမ်တွေ့ရုံနှင့် တင်းတိမ်မနေကြဘဲ အကြောင်းတရားကို သိမ်းဆည်းနိုင်ရန် ရှေ့ကို ပညာစခမ်းသို့ တက်လှမ်းနိုင်အောင် အထူးကြိုးစားရပေမယ်။

(မှတ်ချက်) ကြောင်းကျိုးသိမ်းဆည်းနိုင်မှ ဒိဋ္ဌိ ၄-ချက်ကို ပယ်သတ်နိုင်ပါတယ်၊ ဒိဋ္ဌိ ၄ချက်ဟာ အကြောင်းမဲ့လာရောက်စုံနေခြင်းမဟုတ် ကြောင်း ကျိုးရှိ၍ ဒိဋ္ဌိ၄-ချက်အစွဲလဲရှိနေခြင်းပါဘဲ။

ဒိဋ္ဌိ ၄ချက်ကို ဘယ်လို ပယ်နှုတ်ကြမလဲ၊ ရှေးကပညာရှိကြီးများက ပယ်နှုတ်ပုံကို အောက်ပါအတိုင်း မိန့်ဆိုထားတော်မူကြပါတယ်။

## (လင်္ကာ ဆောင်ပုဒ်)

အဗျာပါဒ ကေတ္တနှင့် နာနတ္တနည်း ဇံနည်းသာ
ဓမ္မတာဟု ဖြူခါစင်စင်ပညာမြင်မှ ကြည်လင်လှသည်
မြင်ကြအများ နည်းလေးပါး။

အဲဒီ နည်းလေးပါးနဲ့ သိမ်းဆည်းပုံကို ရှေ့ပိုင်းတွင် အကျယ်ဘော်ပြခဲ့ပါပြီ၊အဲဒီဘော်ပြပုံကို တဖန်ပြန်၍ အနည်းဆုံး ၃-ကြိမ်လောက် ဖတ်ရှုပြီးလျှင် ကိုယ်ပိုင်ဉာဏ်ထုတ်၍ စဉ်းစားလာပါလျှင် အလွယ်တကူနဲ့ဘဲ၊ သိမ်းဆည်းနိုင်ပါလိမ့်မယ်၊ ရှေးကဖေါ်ပြရေးသားပြီးဖြစ်၍ နည်းလေးပါး သိမ်းဆည်းပုံကို မရေးသားတော့ပါ။

သုတ္တန်နည်းခေါ် ပေါ်လွင်တဲ့ သိမ်းဆည်းပုံကို အမျိုးသမီးများအတွက် အနည်းငယ်ဘော်ပြလိုပါသေးတယ်၊ ရှေးကဖော်ပြခဲ့တဲ့ နည်း၄-ပါးသိမ်းဆည်းပုံကား အဘိဓမ္မာနည်းဖြစ်ပါတယ်၊ သမ္မောအင်္ဂကထာကြီးမှာ တိုက်ရိုက်ပါရှိတော်မူပါတယ်၊ ယခုသုတ္တန်နည်းကား လုပ်ငန်းစဉ်ကို အားထုတ်လာသဖြင့် ပေါ်ထွက်လာသော နည်းဖြစ်ပါတယ်၊ သို့ရာတွင် သဘာဝခြင်းနှုန်းနှောလိုက်က သက်ဝင်နိုင်ပါတယ်။

## (သုတ္တန်နည်းနှင့် သိမ်းဆည်းပုံ)

ဒိဋ္ဌိစွဲ ၄-ချက်ဟာ ဘယ်သဘာဝကိုကပ်ပြီး စွဲနေပါသလဲ အဲဒါကို အရင်တွေ့အောင် ရှာဖွေရမယ်၊ သို့မှသာ အလွယ်တကူနှင့် အစွဲကိုဖြုတ်လို့ရပါလိမ့်မယ်၊ အလွန်သိမ်မွေ့တဲ့ အရာဋ္ဌာနဖြစ်၍ စာကိုလဲ တဖြေးဖြေးစဉ်းစားဖတ်တော်မူကြပါ။

သညာ ၃-လုံးတို့တွင် အဆင်းသဘောမှ ပေါ်ထွက်လာသော သညာသည်ကား သဿတဒိဋ္ဌိအစွဲ ပြဋ္ဌာန်းနေပါတယ်၊ အကြည်သဘောမှ ထွက်ပေါ်လာသော သညာသည်ကား ဥစ္ဆေဒဒိဋ္ဌိ ပြဋ္ဌာန်းစွဲယူနေပါတယ်၊ ဘာကြောင့်ပါလဲ၊ အဆင်းသဘော သညာသည်ကား အတိတ်သဘောနဲ့ ဆက်စပ်နေပါတယ်၊ အကြည်သဘော သညာသည်ကား အနာဂတ် သဘောနဲ့ ဆက်စပ်နေပါတယ်။

အမြင်သဘောမှထွက်လာသော သညာသည်ကား အတ္တဒိဋ္ဌိ ပြဋ္ဌာန်းစွဲယူနေပါတယ်၊ အတိတ်အနာဂတ် ၂-ပါးနဲ့ ဆက်စပ်နေသဖြင့် အတ္တဒိဋ္ဌိ ပြဋ္ဌာန်းစွဲယူနေတယ်လို့ ဆိုလိုပါတယ်၊ အကိရိယဒိဋ္ဌိသည်ကား သညာ ၃-လုံးတို့၏အပေါ်မှာ သဘာဝ

မရှိဘဲ တဖက်သတ်အမြင်မှား၍ မိစ္ဆာဥာဏ်ကပ်၍ စွဲယူနေသော ဒိဋ္ဌိဖြစ်ပါတယ်၊ အဲဒီဒိဋ္ဌိဟာ သာသနာတော်တွင်းမှာ ရှိသော ကမ္မဿကတာသမ္မာဒိဋ္ဌိရှိသော ပုဂ္ဂိုလ်တို့၏ အစွဲအယူမဟုတ်ပါ၊ သာသနာအပြင်မှာရှိသော တိတ္ထိတို့၏ အစွဲအယူမျိုးဖြစ်ပါတယ်။

ဤကား ဒိဋ္ဌိ၃-ချက် စွဲယူနေပုံကို သိသာရုံအကျဉ်းပြလိုက်ပါတယ်၊ သဘောပေါက်အောင် အကြိမ်ကြိမ်ဝေဘန်ပါ၊ တရားအားမထုတ်ကြတဲ့ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့ဟာ အာရုံနှင့်တွေ့လိုက်တဲ့ အခါ ၆-ပါးသော အာရုံတို့ကို ဒိဋ္ဌိစွဲချပြီးလျှင် အနှစ်အသားနဲ့ ခံစားတော်မူကြပါတယ်။

ခံစားကြတဲ့ အာရုံတွေကို ဝေဘန်ကြည့်ပြန်သော် သညာဝိညာဏ်တို့၏ ခံစားခြင်းဟာ အတိတ်သဘော အနာဂတ်သဘော ပစ္စုပ္ပန်သဘောခေါ် ကာလ ၃-ပါး၌ ဖြစ်သော အာရုံတို့ကို အစဉ်ခံစားလေ့ရှိကြပါတယ်။

အရိယာပုဂ္ဂိုလ်တို့မှာ သညာဝိညာဏ်မလည့်ပတ်နိုင်သဖြင့် ပစ္စုပ္ပန်အာရုံသဘောမျှသာ ခံစားကြပါတယ်၊ ပစ္စုပ္ပန်အာရုံကို ခံစားသော်လဲ အနတ္တခေါ်တ ဦးစီးနေ၍ ဒိဋ္ဌိစွဲဖြစ်အောင်ခံစားခြင်း အလျှင်းမရှိပါ၊ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့မှာ ပစ္စုပ္ပန် မြင်ဆဲ ကြားဆဲ အာရုံကို အတ္တဒိဋ္ဌိအစွဲချ၍ ခံစားပါတယ်၊ အတိတ်အာရုံကို သဿတဒိဋ္ဌိအစွဲချ၍ ခံစားကြပါတယ်။

အနာဂတ်အာရုံကို ဥစ္ဆေဒဒိဋ္ဌိ အစွဲချ၍ခံစားပါတယ်၊ အာရုံတခုကို ခံစားလိုက်လျှင်ဘဲ အတိတ်သဘော အနာဂတ်သဘော ပစ္စုပ္ပန်သဘော ၃-ချက်စလုံးပါဝင်ပြီး၊ အစဉ်ခံစားတဲ့အလေ့ ရှိကြပါတယ်၊ ဒါကြောင့် ပိဋကတ်တော်က အောက်ပါအတိုင်း တဏှာ ၁၀၈ပါးဖြစ်ပုံကို ပြဆိုပါတယ်။

## တကျာစင်စစ် တရာ့ရှစ်ဖြစ်ပေါ်ပုံ
## (ဆောင်ပုဒ်လင်္ကာ)

တကျာ သုံးတန်တည်ထားပြန် အာကာသန်နှင့်မြှောက်
တကျာစင်စစ် တရာ့ရှစ် ဖြစ်၏ လူမှာရောက်။

ဆိုလိုရင်းမှာ တကျာ ၃-ပါးတည်ထားပါ၊ အာရုံ၆-ပါးနှင့် မြှောက်သော် ၁၈ရပါတယ် ၎င်း၁၈-ပါးကို ကာလ ၃-ပါးနှင့် မြှောက်ပြန်သော် ၅၄-ပါးရပါတယ်၊ ၎င်း ၅၄-ပါးသည် မိမိသန္တာန် သူတပါးသန္တာန် ၂-ပါးမှာ ဖြစ်သောကြောင့် ၂-နှင့်မြှောက် ၁၀၈ပါးထွက်လာပါတယ်။

အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့ရဲ့ သညာဝိညာဏ်ဟာ အာရုံ ၆-ပါးနှင့် တွေ့တဲ့အခါ ရှေးဦးစွာ ဣဋ္ဌ အနိဋ္ဌ ခေါ်၊ ကောင်း, မကောင်းနဲ့ ဆွဲတာပါတယ်၊ မျက်စိအကြည်မှာ လာတိုက်တဲ့ အာရုံကို ရှေးဦးစွာ အတ္တဒိဋ္ဌိ ငါအမိုးတရ အနေနဲ့ ခံစားတယ် ဆိုပြီး ဆွဲကိုင်လိုက်ပါတယ်။

အတ္တဒိဋ္ဌိ အနှစ်အသားချပြီး ခံစားတဲ့ အာရုံဟာလဲ ၂-မျိုး ရှိပါတယ်၊အတိတ်သဘောပါပြီးပြင်းပြင်းထန်ထန်ခံစားလာလျှင် သဿတဒိဋ္ဌိ ပူးဝင်ကပ်၍ ခံစားကြတယ်၊ အဲဒီ အာရုံမျိုးတွေ ကြတော့ ဣဋ္ဌ ကောင်းတယ်ဆိုတဲ့ အရိပ်က ပြဋ္ဌာန်း ထွက်ပေါ် လာတယ်၊ အဲဒီ အတိုင်းဘဲ အနာဂတ်သဘောပါပြီး ပြင်းပြင်း ထန်ထန် ခံစားကြတဲ့ အာရုံကြတော့ ဥစ္ဆေဒ ဒိဋ္ဌိ ပြဋ္ဌာန်းပြီးလျှင် ခံစားကြတယ်၊ အဲဒီအာရုံမျိုးကြတော့ အနိဋ္ဌ မကောင်းဘူးဆိုတဲ့ အရိပ်က ပြဋ္ဌာန်းတွက်ပေါ် လာတယ်။

ဆိုလိုရင်းမှာ ခံစားတဲ့အာရုံတခုကိုပင် ကာလ၃-ပါး အရိပ်ပါပြီးလျှင် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အတ္တဒိဋ္ဌိ၃-ချက်တို့ဖြင့် အပြန်အလှန် ခံစားနေခြင်းသည် အန္ဓပုထုဇဉ်တို့၏ အာရုံခံစားခြင်းပါဘဲ၊ အဲဒီလိုအာရုံတခုကို အပြန်အလှန်ခံစား၍ အလိုမရှိသောအခါ ပယ်စွန့်ခြင်းဓမ္မတာရှိပါတယ်။

ပယ်စွန့်တဲ့အခါမှာ အကိရိယဒိဋ္ဌိဖြင့် ပယ်စွန့်ကြပါတယ်၊ အကိရိယဒိဋ္ဌိ ပယ်စွန့်ခြင်းကား အကျိုးကျေးဇူးကို ချေဖျောက်၍ ပယ်စွန့်ခြင်းမျိုးကိုဆိုလိုပါတယ်၊ ဘယ်လိုကျေးဇူးကို ချေဖျက်၍ စွန့်တတ်ပါသလဲ၊ အပြစ်ကိုရှု၍သော်ရင်း၊ မုန်း၍သော်လဲ၊ အာရုံသစ်ကိုရှာလို၍ အဟောင်းကိုစွန့်တဲ့ အနေသော်လဲ စွန့်ခြင်းမျိုးကို အကိရိယဒိဋ္ဌိလို့ ဆိုလိုပါတယ်။

အကိရိယဒိဋ္ဌိဟာ အလွန်ဆိုးဝါးလှပါတယ်၊ ဥပမာ ယောကျ်ားတယောက်သည် မယားယော်လိုချင်လာတော့ မယားကြီးရဲ့အပေါ်မှာ အပြစ်ရှုသလိုသညာဝိညာဏ်ဆွဲကိုင်မှုဖြစ်လာပါတယ်၊ မယားငယ်ယူပြန်တော့လဲ အချစ်နလံထနေခိုက် မယားကြီးအပေါ်မှာ ပျော်ပါးလိုသောစိတ်ကင်းမဲ့၍နင့်မျက်နှာငါမကြည့်ချင်ဘူး နင်ယခုဆင်းသွားဆိုတဲ့ စိတ်ဓာတ်မျိုးဖြစ်နေခြင်းနဲ့တူပါတယ်။

အကိရိယဒိဋ္ဌိဟာ ဤမျှသာ ဆိုးဝါးခြင်း မဟုတ်သေးပါ၊ ဘာသာရေး သာသနာရေး သရဏဂုဏ်မရှိကြတဲ့ပုဂ္ဂိုလ်များဟာ သညာဝိညာဏ်နောက် သို့အစဉ် လိုက်မှားပြီး လျှင် ကု သိုလ်

အကုသိုလ်တို့ကိုပယ်၍ မိမိတို့ရဲ့စိတ်ဖြစ်ပေါ်လာသလိုချုပ်တည်းမှုမရှိဘဲ ဤကိုယ်၏ အလိုကိုလိုက်ပြီး အမျိုးမျိုးပြုကျင့်လွန်ကြူးခြင်းတို့ဟာလဲ အကိုရိယဒိဋ္ဌိအစွဲအယူထဲထည့်နိုင်ပါတယ်။

ဘာသာရေး သာသနာရေးဆိုသည်မှာမိမိ၏စိတ်ကိုသော်၎င်း ကိုယ်အမူအရာ နှုတ်အမူအရာကိုသော်၎င်း၊ဆုံးမသော တရားများဖြစ်၍ သညာဝိညာဏ်များချင်တိုင်းမှား၍မရနိုင်သောတရားများဖြစ်ကြပါတယ်။

သညာဝိညာဏ်ကို ဆုံးမသောတရားမရှိလျှင် စိတ်အလိုတိုင်းလွှတ်ထားပါက တော်သလင်းခွေးပမာ ဖြစ်ကုန်ကြမည်ကားမလွဲနိုင်ပါ ယခုကမ္ဘာကြီးမှာ အချို့သော ပြည်နယ်များတွင် ကာမဂုဏ်အလွန်ထကြွသောင်းကျန်းနေမှုကို ထည့်သွင်းစဉ်းစားပါက အကိရိယဒိဋ္ဌိ၏ ဆိုးဝါးကြောင်း အလွန်ထင်ရှားပါတယ်။

ဤဘော်ပြသော စကားအစဉ်ဖြင့် ဒိဋ္ဌိကြီး ၄-ပါးနေပုံကို စဉ်းစားပြသဖြင့် အာနာပါနဘာဝနာကို အားထုတ်ကြသော ပုဂ္ဂိုလ်များ စဉ်းစားသိရှိနိုင်ပါပြီ။

ဒိဋ္ဌိကြီး၄-ပါး ပယ်သတ်ရန်မှာကား နောက်ကရေးသားခဲ့တဲ့နည်းလေးပါးခုံရုံးတော်သို့ တင်သွင်း၍ ပယ်သတ်ရပါတယ်၊ ဒိဋ္ဌိ၄-ချက်ပြုတ်လျှင် ကလျာဏပုဂ္ဂိုလ်ဖြစ်နိုင်ပါပြီ၊ ယုံမှားခြင်း ၈-ပါး အကြွယ်စဉ်းစားချက်နှင့်သိမ်းဆည်းရန်နည်းမှာဝိပဿနာ လုပ်ထုံးနည်းကျမ်းကို ကြည့်ရှုတော်မူကြစေလိုပါတယ်။

တတိယတိတ်ခွေကြိုးဘာသာပြန်
ပြီးဆုံးခြင်းသို့ရောက်ပြီ။

# ဓမ္မစကြာမဂ်ဝင်အာနာပါနကျမ်း

နမော တဿ ဘဂဝတော အရဟတော

သမ္မာ သမ္ဗုဒ္ဓဿ။

( စတုတ္ထ တိတ်ခွေ ပဌမ ဘက် ဘာသာပြန် )

အာနာပါနတရားဟု ကျော်ကြားလူတွင် ထိုခေတ်ရှင်ကို လိုခြင်ကြ၍ နေ့ညကြိုးစား ရှာကြငြားလည်း ဟရားခေတ်ထူး မရဘူး၍ အရှုးပမာ အရွာရွာတွင် ပညာရှင်များ ခေတ်တရားကို စားရနိုးနိုး အားထုတ်ကြိုးလည်း အဖိုးကြီးဘ အိုကုန်းကွနှင့် သေရသည်သာ ဆက်ခါသားမြေး မြော်ဆတွေးလည်း အရေး မလှ နေ့လရက်ကုန် စရိတ်ကုန်နှင့် ဆန်စုံ အောက်ထက် တောင်ထက် ပေါင်အောက် တူးဖေါက်ဖွေရှာ သပြာငွေသား ဝတ်စားရွှေငွေ ကျေးကျွန်တွေကို မထေ့လေးစား စွန့်ပစ်ထား၍ ရုပ်-နာမ်သေက နိဗ္ဗာန ဟု အားကျမန်ပါ ပြုလုပ်ကာလျှင် မဟာဥဿဟ အားထုတ်ကြသည် များလှရှင်လူ စိတ်စက်ပူ၍ ဟိုက်ရှုပြင်ပန်း အမှန်မသိ ပြုမိပုံရာ ဝါသနာကြောင့် ဗြဟ္မာ မင်းစစ် ဝက်ကြီးဖြစ်သို့ ညစ်ညစ်မွဲတေ သေကြလေဘည်း။

အာနာပါန တရားလုပ်ငန်းစဉ်ကို ပေါက်ရောက်တော်မူကြ သော ဆရာတော် ဘုရားများ မိန့်ဆိုတော်မူသွားတဲ့ အတိုင်း ရှင်တော်မြတ်ဘုရား၏ အနာဂတ် သာသနာ ( ၂၅၀၀ ) တွင် ဤအာနာပါန လုပ်ငန်းစဉ်ကြီးဟာ မြန်မာနိုင်ငံတော် ရေခေတ်

မြေခတ် မှ ရှေးက ပညာရှင်ကြီးများ ချမှတ်တော်မူတဲ့အတိုင်း ထွက်ပေါ်လာတဲ့ အရိယာ အာနာပါန တရားတော်ကြီး ဖြစ်ပါတယ်။

ဤ အာနာပါန တရားတော်ကြီး သည် မဟာ သတိပဋ္ဌာန် ဒေသနာတော်၌ ရှင်တော်မြတ်ဘုရား လုပ်ငန်းစဉ် အစထား၍ ဖွင့်ပြတော်မူတဲ့ အာနာပါန ဖြစ်ခြင်းကြောင့် သတိပဋ္ဌာန် တရားတော်ကြီး တခုလုံး၏ ဥက္ကောင်းကြီး သဘွယ် ဖြစ်ပါ၍ အားထုတ်တော် မူကြသော ယောဂါဝစရ ပုဂ္ဂိုလ်များ ဟာ လုပ်ငန်းစဉ် ကျနမှန်ကန်ဘို့လဲ အလွန်အရေးကြီးလှပါတယ်။ သတိပဋ္ဌာန် အာနာပါန သည် လောကီလမ်းမဖက် အရိယာ လမ်းသက်သက်ကို မီးရှူးတန်ဆောင်သဘွယ်ညွှန်၍ ပြဆိုထားပါ သောကြောင့် သုဒ္ဓဝိပဿက ယျာနိက လမ်းအတွက် ရုပ်တရား နာမ်တရား ထွက်ပေါ်နိုင်ရန်လည်း အလွန့်အလွန် အရေးကြီးလှ ပါတယ်။

တကယ်တန်း အားထုတ်တော်မူကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေအတွက် ရုပ်တရား နာမ်တရား ဝိပဿနာ တရားတို့ကို လုပ်ငန်းစဉ်ဖြင့် ကူးလိုက်သောအခါ သူ့ကဏ္ဍနှင့်သူ ကူးပုံအလုံးစုံတို့ကို အပြည့်အစုံဖော်ပြထားပါတယ်။

ဤအာနာပါနလုပ်ငန်းစဉ်ကြီး၌ တံခါးပေါက်ကြီး၄ ပေါက် စတုက္ကကြီး၄-ခု၊ မီးခွက်ကြီး၄-ပါး၊ ပညတ်ရုပ်၄ပါးတို့ကို အခြေခံထားပြီးသကာလ လုပ်ငန်းစဉ်ကြီးကို ဖွင့်ပြထားတော်မူ ပါသဖြင့် ပွားများအားထုတ်လိုကြသော ယောဂါဝစရပုဂ္ဂိုလ် များအတွက် တက်လမ်းအက်စဉ်ကို အချက်ကျကျဖော်ပြထား ပါတယ်။

ယခုအခါ အာနာပါန လုပ်ငန်းစဉ်ကြီး၌ အချက်ကြဖွင့်ပြလာသော ဘာဝနာလုပ်စဉ်သည် ဒုတိယစတုက္ကခေါ် ငယ်ထိပ်ဦးဏှောက် သန္တာပွနမ်းခေတ်စခမ်းဟာ အလုံးစုံ ပြီးစီးခြင်းသို့ ဆိုက်ရောက်သွားပါပြီ။

ဒီကနေ့ တတိယ စတုက္ကခေါ် နှလုံးအိမ်ရှင်ချိုင့်တံခါးကို ဖွင့်ရပါတော့မယ်၊ နှလုံးအိမ်ရှင်ချိုင့်တံခါး၌ ရှင်တော်မြတ်ဘုရားသည် မဟာသတိပဋ္ဌာန်ဒေသနာတော်တွင် အောက်ပါအတိုင်း ဟောကြားတော်မူပါတယ်။

သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ
သဗ္ဗကာယ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ

(မဟာသတိပဋ္ဌာန်ပါဠိတော်)

(အနက်) သဗ္ဗကာယ ပဋိသံဝေဒီ အလုံးစုံသော ထွက်သက်ဝင်သက်အပေါင်းကို ထင်စွာပြုသည်ဖြစ်၍ အဿသိဿာမိ ထွက်သက်ကိုဖြစ်စေအံ့ ဣတိ ဤသို့ သိက္ခတိကျင့်၏ ဝါ-အားထုတ်၏ ဝါ-လုလ္လပြု၏။

သဗ္ဗကာယ ပဋိသံဝေဒီအလုံးစုံသော ထွက်သက်ဝင်သက်နှစ်ပါး အပေါင်းကို ထင်စွာပြုသည်ဖြစ်၍ အဟံငါသည် ပဿသိဿာမိ ဝင်သက်ကို ဖြစ်စေအံ့၊ ဣတိဤသို့ သိက္ခတိကျင့်၏။

ဆိုလိုရင်းမှာ တတိယတံခါးခေါ် နှလုံးအိမ်ရင်ချိုင့် အာနာပါန လုပ်ငန်းစဉ်၌ ထွက်လေ ဝင်လေ ၂-ပါးတို့ကို အစ အလယ် အဆုံး ၃-ချက်စလုံးကို ထင်စွာပြုပြီးလျှင် ယောဂါဝစရပုဂ္ဂိုလ်သည် ထွက်လေကိုရင်း၊ ဝင်လေကိုရင်း အားထုတ်ရပါလိမ့်မယ်၊ ရှေ့တံခါးများကဲ့သို့ မိမိလိုသော တံခါးပေါက်တခုကိုသာလျှင် အမှတ်ပြု၍ ထွက်လေ ဝင်လေတို့ကို အားထုတ်ရသည် မဟုတ်ပါ၊ ဤတတိယတံခါး၌ကား ထွက်လေ ဝင်လေကိုပင်လျှင် အစ အလယ် အဆုံး ၃-ချက်ထား၍ ထင်မြင်အောင် ရှုရမယ်လို့ဆိုလိုပါတယ်။

အဲဒါကြောင့် ပဌမ အစကနေပြီး အားထုတ်လာကြတဲ့ ယောဂါဝစရပုဂ္ဂိုလ်ကြတော့ ပဌမစတုက္ကတုံးက ဘယ်လို ရုပ်-နာမ် တွေကို ငါတို့ထင်မြင်အောင် ကူးလာခဲ့ပါတယ်၊ ဒုတိယ စတုက္ကငယ်ထိပ် ဦးကျောက်ကြတော့ ရုပ်တရား နာမ်တရားကို ငါတို့ ရှုလာခဲ့ပါတယ် ဆိုတဲ့ မိမိတို့ လက်တွေ့ ရရှိခဲ့ကြသော ရုပ်တရား, နာမ်တရားနှင့် တကွ ပညတ်- အရိပ်- နိမိတ်- တွေက အထောက်အကူ ရရှိကြပြီးလျှင် တတိယ စတုက္ကကိုလဲ အလွယ်တကူနဲ့ လက်လှမ်းယူနိုင်ကြပါလိမ့်မယ်။
စကားအလျဉ်းသင့်၍ တတိယ စတုက္ကမှာ ရုပ်တရား, နာမ်တရား ပေါ်ထွက် လာပုံကို အနည်းငယ် ကြိုတင်၍ ပြောပြ လိုပါသေးတယ်။

## ဝိပဿနာအစ သမ္ပသနဉာဏ်

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော ဝိပဿနာဉာဏ် ၁၀-ပါးတို့တွင် ဤ တတိယ စတုက္ကတံခါး၌ကား ပေါ်ထွက်မည့်

ရုပ်-နာမ်တို့သည် ကာလ ၃-ပါး ရုပ်-နာမ်များ ပေါ်ထွက်ပါလိမ့်မယ်။

အတီတာ နာဂတ ပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန၊
ဒုက္ခံ ဘယဋ္ဌေန အနတ္တံ အသာရကဋ္ဌေန။

(အနက်) အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်-ဖြစ်သော။ရုပံ၊ရုပ်တရားသည်။ခယဋ္ဌေန၊ ကုန်တတ်သော အနက်ကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ ဘယဋ္ဌေန၊ဘေးဟူသောအနက်ကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ အသာရကဋ္ဌေန၊ အနှစ်အသား မရှိခြင်း အနက်ကြောင့်။ အနတ္တံ၊ အနတ္တမည်၏။

ယခု ဘော်ထုတ်လိုက်တဲ့ ကာလ ၃ - ပါး ရုပ်-နာမ်ကို အာနာပါန ဘာဝနာ ပွားများကြသော ပုဂ္ဂိုလ်များ တတိယစတုက္က တံခါးမှ ဖေါ်ထုတ်ပြီးလျှင် အနိစ္စ, ဒုက္ခ, အနတ္တ ခေါ် လက္ခဏာယဉ်သို့ တင်၍ ဆင်ခြင်သုံးသပ်ရပါလိမ့်မယ်။

အဲဒီ တတိယ စတုက္က တံခါးဟာ ဝိပဿနာ ပညာ ဉာဏ်စခမ်းကို ဖွင့်ပြသော တံခါးဖြစ်၍ အနိစ္စတရား ဒုက္ခတရား အနတ္တတရားတို့ကို ပညာဖြင့် သိမ်းဆည်းနိုင်ပါတော့မယ်။

ဟိုစဉ် အခါက အနိစ္စ- ဒုက္ခ- အနတ္တ- လို့ ပြောဆိုလာကြသော သဘောတရား တို့ကား ဝိပဿနာ ပညာဖြင့် ပြောဆိုခြင်း မဟုတ်ကြပေ၊ သညာ ဝိညာဏ် ဖြင့် ပြောဆိုကြသော

အနိစ္စမျိုး၊ ဒုက္ခမျိုး၊ အနတ္တမျိုး- ဖြစ်ကြပါတယ်၊ အဲဒီ သညာ ဝိညာဏ်- အနိစ္စမျိုးတွေကား ပညတ်တရားကို ရှုမှတ်ကြသော အနိစ္စမျိုးတွေဖြစ်၍ တန်ဘိုးမရှိကြပါ၊ အိုးကျကွဲတဲ့ အနိစ္စ ပုဂံကျကွဲတဲ့အနိစ္စ ဇွန်းကျကွဲတဲ့အနိစ္စမျိုးသာ ဖြစ်ပါတယ်၊ လူသေတဲ့အနိစ္စ ခွေးသေတဲ့အနိစ္စ ယောကျ်ားသေတဲ့အနိစ္စ မိန်းမသေတဲ့အနိစ္စမျိုးလို့ဆိုလိုပါတယ်။

အနိစ္စရဲ့ သဘောတရားတွေကို စကားစပ်မိလို့ အမျိုးသမီးတွေ နားလည်အောင် အကျဉ်းမျှပြောကြားလိုပါသေးတယ်၊ အနိစ္စ အရ ဘယ်သဘောတရားကို အနိစ္စရှုမလဲလို့ မေးလျှင်အဖြေမှာ အလွယ်တကူနဲ့ ဖြေလို့မရနိုင်ပါ၊ သဘာဝတွေကို ထုတ်ဘော် ပြပြီး ဖြေဆိုမှသာလျှင် ရနိုင်ပါတယ်။

ဥပမာ လဘက်ရည်ပုဂံတခုကို မိမိ၏ရှေ့မှောက်မှာ ချထား လိုက်ပါ၊ မျက်စိအကြည်နဲ့ကြည့်ပါ အနိစ္စဆိုတာ လဘက်ရည် ပုဂံကြီးလား လဘက်ရည်ပုဂံရဲ့ မမြဲတဲ့ သဘောတရားကို ရှာဖွေ မယ်ဆိုလျှင် ချက်ခြင်းတွေ့မှာမဟုတ်ပါ ပုဂံကွဲအောင် စောင့် ဆိုင်းနေရပါဦးမယ်။

ကွဲကွဲကွဲတာကိုတော့ မရှုပါဘူး၊ အဆင်းကိုဘဲ ရှုမယ်ဆိုပြန် လျှင်လဲ အဖြူအဆင်းကလေးက ဘယ်အခါမှာ ပျက်မယ်ဆိုတာ မပြောနိုင်လို့ အဘယ်မှာ ရှုလို့ရမှာလဲ ကိုယ်ပိုင်ဉာဏ်နဲ့ဘဲ စဉ်းစားကြည့်ပါ။

ရုပ်တရားကို အနိစ္စရှုရမယ်ဆိုတာလဲ ဘယ်လိုရုပ်တရားကို ရှုရမယ်လို့ အတိအကျပိဋကတ်တော်မှာ မပါရှိပါ၊ ရုပ်တရားကို ဝေဘန်ကြည့်ပြန်တော့ ၄-မျိုးတောင် ထွက်လာပါတယ်။

၁။ ဥတုကြောင့်ဖြစ်သော ရုပ်တရား
၂။ အာဟာရကြောင့်ဖြစ်သောရုပ်တရား
၃။ စိတ်ကြောင့်ဖြစ်သောရုပ်တရား
၄။ ကံကြောင့်ဖြစ်သော ရုပ်တရား

အဘိဓမ္မာအလို့ရုပ်တရား ၄မျိုးထွက်ပေါ်လာသောကြောင့် အဘယ်ရုပ်တရားကို အနိစ္စရှုရဘို့ဟာ အလွန်ဘဲ အသိခက်လှပါတယ်၊ ဒါကြောင့် ဤခက်လှတဲ့ အနိစ္စဉာဏ်အရာကိုဖော်ထုတ်ရမဲ့ တတိယစတုက္ကတံခါးပေါက်ကြီးကို အာနာပါနလုပ်ငန်းစဉ်ဖြင့် ဖော်ထုတ်၍ အနိစ္စ ဒုက္ခ အနတ္တဉာဏ်၏ ကျက်စားရာ ရုပ်တရား နာမ်တရားတွေကို ဘယ်လိုဖော်ထုတ်မည်ကို အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဝေဘန်နိုင်အောင်သမ္မသနဉာဏ်စခမ်းသို့ တင်သွင်းပြသွားပါမယ်၊ တံခါးပွင့်အောင်သာ ကြိုးစားကြပါ။

ဤတတိယ တံခါးကြီးပွင့်သွားလျှင်ဖြင့် ခံစားရမယ့်အကျိုးထူးတရားတွေကို အနည်းငယ်ပြောပြလိုပါသေးတယ်၊ ရှင်တော်မြတ်ဘုရားသည် အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ သဘောတရားဒချက်ကို ယာဉ်ဥပါးတရားဟူ၍ ဟောကြားတော်မူပါတယ်၊ ယာဉ်ဆိုသည်မှာ မိမိလိုရာသို့သွားလာနိုင်သော သဘောတရားကိုခေါ်ဆိုနိုင်ပါတယ်။

ဒါကြောင့် ဤတံခါးကြီးဖြင့် အနိစ္စစစ် ဒုက္ခစစ် အနတ္တစစ်ကို တွေ့ကြသော ယောဂါဝစရပုဂ္ဂိုလ်များသည် မိမိတို့လိုရာ အာရုံ ညွတ်ရာ နိဗ္ဗာန်သို့သွားနိုင်တဲ့ ယာဉ်ရထားတခုခုကို လက်ကိုင် ရပြီဖြစ်၍ သံသရာကြီး၌ ဘယ်လိုပင်ကြင်လည်သော်လဲ စိုးရိမ်စရာ မရှိတော့ပါ၊ တနေ့နေ့တွင် အမြိုက်နိဗ္ဗာန်ခေါ်တဲ့ နိဗ္ဗာန် ရွှေနန်းတော်ကြီးသို့ အမှန် ဆိုက်ရောက်မည်ဟု မုချ ၁၀၀ ကန် ဆိုနိုင်ပါပြီ။

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော ပိဋကတ် ၃ပုံကို အကျဉ်းခွဲလိုက်ပါလျှင် သုတ်-ဝိနည်း - အဘိဓမ္မာဟူ၍ ၃မျိုး ၃စား ထွက်ပေါ်လာပါတယ်၊ အဲဒီပိဋကတ် ၃ပုံကို အနိစ္စ ဒုက္ခ အနတ္တဉာဏ်၃ချက်၌ သွင်းသော် အောက်ပါအတိုင်း သွင်းနိုင်ပါတယ်။

(၁) သုတ္တန်ပိဋကတ်တော်ကို အနိစ္စဉာဏ်၌သွင်းပါ၊
(၂) ဝိနည်းပိဋကတ်တော်ကို ဒုက္ခဉာဏ်၌သွင်းပါ၊
(၃) အဘိဓမ္မာ ပိဋကတ်တော်ကို အနတ္တဉာဏ်၌ သွင်းပါ၊

ဤဉာဏ် ၃ပါးပိုင်သော ယောဂါဝစရပုဂ္ဂိုလ်များသည် ပိဋကတ် ၃ပုံ၏ အဆီအနှစ်ကို သောက်မျိုသုံးစွဲရပါသဖြင့် အသိဉာဏ်ပွင့်လင်း၍ သံသရာကျင်လည်ရသော်လဲ အထက်တန်း ဘဝမှာ လက္ခဏာယာဉ်ဖြင့် သွားနိုင်ပြီးလျှင် အလွယ်တကူဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်ကြပါတယ်။

ရှင်တော်မြတ်ဘုရားသည် ဓမ္မစကြာဒေသနာတော်၌ မဇ္ဈိမာ ပဋိပဒါလမ်းကို ထုတ်ဘော်၍ဟောကြားတော်မူပါတယ်၊ မဇ္ဈိမာ

ပဋိပဒါလမ်းသည်လည်းပွင့်တော်မူသောဘုရားတိုင်း ထုတ်ဘော်၍ အကျိုးကျေးဇူးဂုဏ်အနန္တကို ထုတ်ဘော်ပြထားတဲ့ လမ်းထူး လမ်းမြတ်ကြီးတခု ဖြစ်ကြောင်း သာသနာတော်မှာ အလွန် ထင်ရှားပါတယ်။

အဲဒီမဇ္ဈိမာ ပဋိပဒါလမ် ကြီးသို့ ဝင်နိုင်သောတရားမှာ ပဉ္စမ အခြေခံ အနိစ္စ ဒုက္ခ အနတ္တတရား ၃ပါးသာ ဖြစ်ပါတယ်၊ ဤတရား၃ပါးပြည့်စုံပါမှ မဂ္ဂင်ရှစ်ပါးတည်းဟူသောလမ်းတော် ကြီးသို့ ဆိုက်နိုင်လေရကား လက္ခဏာယာဉ် ၃ပါးသည်လည်း မဇ္ဈိမာ ပဋိပဒါလမ်းသို့ ပဉ္စမအခြေခံအနေဖြင့် ဝင်နိုင်ပြီဟု ဆိုနိုင်ပါတယ်။

ရှင်တော်မြတ်ဘုရား သာသနာတော်၌ မဇ္ဈိမာ ပဋိပဒါ လမ်းသို့ ဝင်နိုင်လျှင်တဲ တနေ့နေ့သစ္စာ၄ပါး တရားတော်ကြီး ကို မျက်မှောက်ပြုနိုင်မည်ကား မလွဲနိုင်တော့ပါ၊ ဝေကန်အပိုင် ရသွားပါပြီ၊ ပွင့်တော်မူလတံ့သောဘုရားရှင်တော်မြတ်တို့နှင့်လဲ ဧဝကန်မလွဲ အမှန်တွေ့ကြုံဖူးမြင်ရ၍ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ပါတယ်။

ဤကားထင်ရှားတဲ့အကျိုးတွေကို အာနာပါန အားထုတ်တဲ့ ပုဂ္ဂိုလ်များအတွက် သိရှိတော်မူကြရန် အကျဉ်းမျှဝေဘန်ချက် သာဖြစ်ပါသေးတယ်၊ နောင်အလျှင်းသင့်ပါလျှင် ဤတတိယ တံခါးကြီး၏ အကျိုးတရားတွေကို ဝေဘန်ပြပါဦးမယ်။

ဒါကြောင့် ဒီကနေ့အာနာပါန လုပ်ငန်းစဉ်ကြီးတွင် တတိယ တံခါးကြီးကို ဘယ်လိုဖွင့်ကြမှာလဲ ဖွင့်ပုံဖွင့်နည်း အလုံးစုံကို

တင်ဆက်ပြပါတော့မယ်၊ ကြိုးစား၍ဖွင့်နိုင်အောင်လဲလုပ်ဆောင် အားစိုက်တော်မူကြပါ။

သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊
သဗ္ဗကာယ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။
(မဟာသတိပဋ္ဌာန်ပါဠိတော်)

အဲဒီ မဟာသတိပဋ္ဌာန် ဒေသနာတော်မှာ ရှင်တော်မြတ် ဘုရား ဟောကြားတော်မူတဲ့ အတိုင်း နှလုံးအိမ်ရင်ချိုင့်တံခါး ပေါက်ကြီးကို ဖွင့်ရပါလိမ့်မယ်၊ ကိုယ်ရဲ့ ခန္ဓာကိုယ်ကြီးမှာ အာနာပါန တံခါးပေါက်ကြီး ၄ပေါက်ရှိတယ်ဆိုတာ ရှေးက နာကြားလာခဲ့တဲ့အတိုင်းပါဘဲ။

ထွက်တော့ လေကလေးဟာ ပဌမချက်တိုင်ကစ၍ ထွက်လာ ပါတယ်၊ ဒုတိယကြတော့ နှလုံးအိမ်ရင်ချိုင့် တတိယကြတော့ ဦးကျောက်အိမ် စတုတ္ထကြတော့ နှုတ်ခမ်းဖျားနှင့် နှာသီးဖျား အရပ်လဲကြရော့ ထွက်တဲ့ လေဓာတ် ဒဟမီးတောက်ပြီးချုပ် သွားပါတယ်။

အဲဒီလေဓာတ်ထွက်လာတဲ့ အစီအစဉ်ကို ယခုတတိယ တံခါး ပေါက်ကနေပြီးလျှင် ဝါ-နှလုံးအိမ်ရင်ချိုင့်မှာမိမိ၏စိတ်ဝိညာဏ် ကိုထား၍ လေဓာတ်ကို အစ အလယ်အဆုံး ၃ချက်ထား၍ ရှုမှတ် ပွားများရမယ်လို့ ရှင်တော်မြတ်ဘုရား ဆုံးမတော်မူပါတယ်၊ ဘယ်လိုအစ အလယ် အဆုံး ၃ချက်ထားရမလဲဆိုလျှင် ထွက်တဲ့ လေဟာ ဘယ်ကစထွက်ပါသလဲ၊ ချက်တိုင်ကအစပြု၍ ထွက်ပါ တယ်၊ ချက်တိုင်သည် ထွက်လေ၏အစဟု ဆိုလိုပါတယ်။

ဆိုလိုသည်မှာ နှလုံးအိမ်ရင်ချိုင့်သည် ထွက်လေ၏ အလယ် ဆိုလိုပါတယ်၊ နှုတ်ခမ်းဖျားနှင့် နှာသီးဖျားသည် ထွက်လေ၏ အဆုံးကိုဆိုလိုပါတယ်။

ဤကဲ့သို့ ထွက်လေကို အစ အလယ် အဆုံး ၃ ချက်စလုံးကို ထင်အောင်ရှုရမယ်လို့ ဆိုလိုပါတယ်၊ ယောဂါဝစရပုဂ္ဂိုလ်ဟာ မိမိစိတ်ကို နှလုံးအိမ်ရင်ချိုင့်မှာ မြဲစွဲထားပြီးလျှင် ရှေ့နောက် ၂ ပါးကို အစ အဆုံးဟု ရှုမှတ်လိုက်ရင်ဘဲ အလယ်နဲ့ထင်မြင် နိုင်ပါတယ်။

ထွက်လေကို အစ အလယ် အဆုံး ၃ ချက်စလုံး ထင်မြင်အောင် အရှုခိုင်းခြင်းဟာလဲ ထွက်တဲ့လေ ထင်ရှားစေလိုသောကြောင့် ၎င်း၊ မီးခွတ်ကြီး ၄ ပါးတို့သည် အချင်းချင်းကူးယှက်၍ ခန္ဓာကိုယ်ကြီး၌ ကျေးဇူးပြုနေပုံကို သိစေလိုသောကြောင့်၎င်း၊ ထွက်လေကို ၃ ချက်ထား၍ ထင်မြင်အောင်ရှုမှတ်ခြင်းပါဘဲ။

ဝင်လေကိုလဲ ထွက်လေအတိုင်း အစ အလယ် အဆုံး ၃ ချက် ထား၍ရှုရပါလိမ့်မယ်၊ သို့ရာတွင် ထွက်လေကို ထင်မြင်အောင် ရှုလိုက်လျှင် ဝင်လေကြတော့ လွယ်ကူတတ်ပါတယ်၊ (ဥပမာ) နှလုံးအိမ်ရင်ချိုင့်မှာ စိတ်ကိုမြဲစွာထားနိုင်အောင် ကြိုးစားရပါ တယ်၊ စိတ်မြဲလာလျှင်ဘဲ ထွက်လေ၏ ရှေ့နောက်ဟာ အစအဆုံး မှတ်ရုံပါဘဲ၊ ဝင်လေကြတော့လဲ အဆုံး အစလိုပြန်လှန်ရုံဘဲထူး ပါတယ်။

ရှေ့ကလေ့ကျက်ပြီးဖြစ်၍ ဤတတိယတံခါးပေါက်ဟာလဲ အခက်အခဲမရှိဘဲ အလွယ်တကူချောမောစွာနှင့်ဘဲ ထွက်လေ ဝင်လေ ၂ ပါးကို ရှုမှတ်နိုင်ပါတယ်။

## ဥသ္မမီးဓာတ်၏ သဘောတရား

နှလုံးအိမ်ရင်ချိုင့်မှာရှိတဲ့ မီးဓာတ်ကိုဥသ္မမီးဓာတ်လို့ ခေါ်ဆိုနိုင်ပါတယ်၊ အဲဒီမီးဓာတ်ကိုပင် ပိဋကတ်တော်များ၌ ကိုယ်ငွေ့လို့လဲ ခေါ်ကြပါတယ်၊ အဘိဓမ္မာဆိုင်ရာ ကျမ်းဂန်ကြီးများကတော့ ဟဒယဝတ္ထုရုပ်လို့လဲ ခေါ်ဆိုကြပါတယ်၊ အချို့သုတ္တန်များတွင် ဥသ္မမီးဓာတ်ကို နှလုံးအကြည်လို့လဲ ခေါ်ကြပါသေးတယ်။

အဲဒီ မီးဓာတ်ဟာ သတ္တဝါတို့အား အလွန် ကျေးဇူးပြုသောမီးဓာတ် ဖြစ်ပါတယ်၊ တကိုယ်လုံးမှာ သွေးအား, လေအား, သီးခြေအား, သလိပ်အား- တို့ကို ဤမီးဓာတ်ကဘဲ၊ အထူးစောင့်ရှောက်နေပါတယ်၊ ခန္ဓာကိုယ်ကြီးတခုလုံးပူရှိန်နေခြင်းဟာ ဤမီးဓာတ်၏ အခိုးအငွေ့ ကြောင့်ပါဘဲ။

ဒါကြောင့် ပိဋကတ်တော်များတွင် လူ သေတယ်ဆိုရာ၌ ဤ မီးဓာတ် ချုပ်မှသာလျှင် လူသေတယ်လို့ ဆိုနိုင်ပါတယ်၊ လူသေကောင်မှာလဲ ဤမီးဓာတ်ချုပ်သွားလို့ သေသွားပါလျှင်မကြာမီဘဲ ငွေ-စက်နေပါတော့တယ်။

အဲဒီဥသ္မမီးဓာတ်ကို အဘိဓမ္မာသဘောတရားအရ ရုပ်တရားကိုဝေဘန်လိုလျှင် ရုပ် တရား ဆယ်ပါး သာ ရရှိနိုင်ပါတယ်။ (၁) ပထဝီဓာတ်။ (၂) အာပေါဓာတ်။ (၃) ဝါယောဓာတ်။ (၄) တေဇောဓာတ်။ (၅) ဝဏ္ဏဓာတ်။ (၆) ဂန္ဓဓာတ်။ (၇) ရသဓာတ်။ (၈) သြဇာဓာတ်။ (၉) ဇီဝိတရုပ်။ (၁၀) ဟဒယဝတ္ထု အားဖြင့် ၁၀-ပါးသော ပေါင်းစုပြီးလျှင်

ကလပ်စီးထားသောကြောင့် ဝတ္ထုဒသကကလာပ်လို့ အဘိဓမ္မာ ဒေသနာတော်မှာ တိုက်ရိုက် လာပါတယ်။

အဲဒီ ဉာဏ်မီးခဲတ်ခေါ် ဝတ္ထုဒသက ကလာပ်သည် လူတို့၏ ခန္ဓာကိုယ်၌ ပဋိသန္ဓေ စိတ်နှင့်တကွ ခန္ဓာငါးပါး တပြိုင်နက် ဖြစ်ပေါ်ရာတွင်ရူပက္ခန္ဓာအရာ၌တည်၍ သတ္တဝါတို့၏ဖြစ်ပေါ်ရာ ပဋ္ဌပွန်ဘဝတွင် အစအဦး ဖြစ်သော ရုပ်–လာပ် ဖြစ်ပါသဖြင့် ခန္ဓာကိုယ်ကြီး၌ ပြဋ္ဌာန်းတည်နေသော ရုပ်ကလာပ်တခု အဝင် အပါဟု ဆိုလိုပါတယ်။

အဲဒီ ဉာဏ်မီးခဲတ်ကို တွေ့အောင်လို့ ရှင်တော်မြတ်ဘုရားက အာနာပါန လုပ်ငန်းစဉ်ဖြင့် တတိယ စတုက္က နှလုံးအိမ်ရင်ချိုင့်ကို ဖွင့်တော်မူခြင်းပါဘဲ။

## ဉာဏ်မီးခဲတ်အရောင်အဆင်း

နှလုံးအိမ်မှာရှိတဲ့ ဉာဏ်မီးခဲတ်ကို တွေ့အောင် အာနာပါန လုပ်ငန်းစဉ်ကို ဘယ်လိုအားထုတ်ကြမလဲ ဒုတိယ စတုက္က ခေါ် ငယ်ထိပ် ဦးကျော်က် အိမ်ကြီးကို ဖွင့်လိုက်တဲ့အခါ သန္တပ္ပန မီးခဲတ်ကြီးက သက်တန့်ရောင် ထွက်ပေါ် ကွန့်မြူး ပေါ်လာ သလို ဒီကနေ့ မိမိတို့ရဲ့နှလုံးအိမ်ကြီးကိုလဲ အာနာပါနဘာဝနာ ဖြင့် မီးခဲတ်ပေါ်လာအောင် အားထုတ်ရပါလိမ့်မယ်။

တတိယ တံခါးကြီးကို ဖွင့်လိုသော ယောဂါဝစရ ပုဂ္ဂိုလ် သည် ရှေးဦးစွာ မိမိ၏ စိတ် ဝိညာဏ်ကို နှလုံးအိမ် ရင်ချိုင့်မှာ မြဲစွဲစွာ ထားရပါမယ်၊ ထွက်တဲ့ ဝင်တဲ့ လေကိုလဲ ရှေး ကဏ္ဍက လုပ်လာခဲ့တဲ့ အတိုင်းပါဘဲ၊ ထွက်တဲ့လေကဖလေး ထွက်လာရင်

ထွက်တယ်လို့ ရှုမှတ်ရပါမယ်၊ ဝင်တဲ့လေကလေး ဝင်လာရင် ဝင်တယ်လို့ ရှုမှတ်ပါ၊ အဲဒီလို ရှုမှတ်လိုက်ရင်ဘဲ အချိန် အနည်းငယ် အတွင်းမှာ ထွက်လေ ဝင်လေ နိမိတ် ထင်လာပါ လိမ့်မယ်။

နောက်က ပြောကြားခဲ့တဲ့အတိုင်းပါဘဲ ထွက်လေ ဝင်လေ နိမိတ်တို့ဟာ ဖလ်ချောင်းကလေးပမာ အပ်ချည်မျှင်ကလေးများ ပမာ ဝင်လိုက် ထွက်လိုက်နဲ့ အကြည်ဓာတ် ၆-ပါးမှာ ထင်ရှား ပေါ်ထွက်လာလိမ့်မယ်။

ဒီအခါမှာ လေကြောင်းနိမိတ်ကလေးသည် သဏ္ဌာန်အရိပ် နိမိတ်လက္ခဏာ ပေါ်ထွက်ပြီးလျှင် ထင်ရှားသည်ထက် ထင်ရှား လာပါလိမ့်မယ်၊ အဲဒီလိုထင်ရှားလာတဲ့အခါမှာ မိမိ၏စိတ် ဝိညာဏ်ကိုနှလုံးအိမ်မှာထားပြီးလျှင် သတိပဋ္ဌာန် ဒေသနာတော် က ဆိုတဲ့အတိုင်း ထွက်တဲ့လေဓာတ်ရဲ့အစ အလယ် အဆုံး ၃ ချက် ကို ထင်မြင်အောင်ရှုပါ။

အလယ်သဘောကို ရှေးဦးစွာ မိအောင်ရှုပါ၊အလယ်သဘော ကိုမိလျှင် အစနှင့် အဆုံး ၂ ပါးတို့ဟာ ရှေ့နောက် ၂ ပါးအနေနဲ့ ထင်ရှားလာပါလိမ့်မယ်၊ ဥပမာသေးငယ်သော ဒုတ်ချောင်း ကလေးတခုကို အလယ်ကနေပြီး လက်နှင့် ကိုင်တွယ်ကြည့်သလို စိတ်ဝိညာဏ် အကြည်ဓာတ်အရိပ်တို့မှာ ထင်ရှားလာပါလိမ့်မယ်။

ထွက်လေကို ထင်မြင်ပြီးနောက် ဝင်လေကိုလဲ အဲဒီနည်း အတိုင်းရှုပါ၊ ထွက်လေ ဝင်လေ ၂ ပါးစုံတို့၏ အစ အလယ် အဆုံး ၃ ချက်စလုံးကို အာနာပါန ယောဂါဝစရပုဂ္ဂိုလ်သည် ထင်မြင်

ပြီးနောက် မိမိနှလုံး၏ ခန္ဓာကိုယ်ကြီး တဖန်ကူးပြောင်း၍ လေကြောင်းနိမိတ်၌ အစ အလယ် အဆုံး ၃ချက်ကြည့်ရှုသလို ခန္ဓာကိုယ်ကြီးကိုလည်း ဟေဋ္ဌိမကာယ မဇ္ဈိမကာယ ဥပရိမကာယ ခေါ် ၃ပိုင်းပိုင်းခြား၍ ကြည့်ရှုလိုက်သော် အလုံးစုံထင်လင်း၍ မြင်လာလိမ့်မယ်။

သွေးအား လေအား သီးခြေအား သလိပ်အားတို့အား ဥသ္မမီးဓာတ်ကြီးအားပေးနေပုံ ခန္ဓကိုယ်ကြီးသည် လှုပ်လှုပ်ရှရှ နှင့် ဓာတ်လေးပါးတို့၏ လှုပ်ရှားနေပုံ အလုံးစုံတို့သည် ထင်မြင် လာပါလိမ့်မယ်။

ထိုမှတဆင့် နှလုံးအိမ်ရင်ချိုင့်မှာရှိသော တလက်ဘက်ခွတ်မျှ လောက်သွေးအိမ်၌ တည်ရှိနေတဲ့ ဥသ္မမီးဓာတ်ကို ထင်မြင်လာ အောင်ရှုမှတ်ရမယ်။

ဥသ္မမီးဓာတ်သည်ကား အလွန်သိမ်မွေ့သော မီးဓာတ်ဖြစ်၍ အာနာပါန ယောဂါဝစရပုဂ္ဂိုလ်သည် ၎င်းမီးဓာတ်ကို ချက်ခြင်း မထင်နိုင်သေး ဟဒယဝတ္ထုခေါ် နှလုံးသွေးကိုသာလျှင် ထင်မြင် အောင် ဘမ်းယူရှုရမယ်၊ နှလုံးသွေးသည် ငါးကြင်းပွက်သလို ပွက်နေခြင်းကိုရင်း၊ တခဲနက်ကြည်လင်နေခြင်းကိုရင်း၊ တွေ့မြင် လာပါလိမ့်မည်။

ထိုအခါ နှလုံးအိမ်မှ ပညတ်အရိပ် ၄ချက်ထွက်ပေါ်ကွန့်မြူး လာပါလိမ့်မယ်၊၊ ပညတ်အရိပ် နိမိတ်၄ချက်ဆိုသည်မှာအောက်ပါ အတိုင်းပါဘဲ။

(က)

(၁) အရောင်ဓာတ်သဘောထွက်ပေါ်ကွန့်မြူးခြင်း၊
(၂) အဆင်းဓာတ်သဘောထွက်ပေါ်ကွန့်မြူးခြင်း၊
(၃) အလင်းဓာတ်သဘောထွက်ပေါ်ကွန့်မြူးခြင်း၊
(၄) အကြည်ဓာတ်သဘောထွက်ပေါ်ကွန့်မြူးခြင်း၊

အာနာပါန ဘာဝနာကို ပွားများအားထုတ်ကြသောပုဂ္ဂိုလ်တို့သည် နှလုံးအိမ်မှ အရောင်အဆင်း အလင်း အကြည် ဤနိမိတ်၄ချက်တို့သည် ထွက်ပေါ်ကွန့်မြူးတတ်ပါတယ်၊ ထိုနိမိတ်၄ချက်တို့ကို အားထုတ်သော ပုဂ္ဂိုလ်များ ဝေဘန်သိမ်းဆည်းနိုင်ရန် ဖော်ပြလိုပါသေးတယ်။

အရောင်ဓာတ်ဆိုသည်မှာ=

မီးရောင် နေရောင် လရောင် ကြယ်တို့ကဲ့သို့ မိမိ၏ ခန္ဓာကိုယ်တွင် အစဉ်တောက်လောင်နေသောဒဟာမီးဓာတ်ကြီးမှထွက်ပေါ်ကွန့်မြူးလာတဲ့ မီးဓာတ်အရောင်ကို ဆိုလိုပါတယ်၊ မီးဓာတ်၄ပါးတို့သည် ခန္ဓာကိုယ်ကြီးမှ အစဉ်အတိုင်း လေဓာတ်နှင့်လိုက်ပါသာပြီးလျှင် နှတ်ခမ်းဖျားနှင့် နှာသီးဖျား အရပ်သို့ရောက်သော် လေဓာတ်နှင့်အတူ တပြိုင်ထဲ ချုပ်လိုက်ခြင်းကို ဒဟာမီးဓာတ်တောက်သည်ဟု ခေါ်ပါတယ်၊ အဲဒီတောက်လိုက်တဲ့ ဒဟာမီးဓာတ်ကို အရောင်ဟု ဆိုလိုပါတယ်။

ဒဟာမီးဓာတ်ရောင်သည်ကား အဖြူရောင် ထွက်ပေါ်တတ်ပါတယ်၊ အဘယ်ကြောင့်ဆိုသော် တရားပိုင်သော ဆရာတော်များက ပြဒါးဓာတ်အရောင်ကို အဖြူအရောင်ဖြစ်သတဲ့၊ ဒဟာတေဇောဓာတ်သည်လည်း ပြဒါးဓာတ်နှင့် အတူတူပင်ဖြစ်၍ အဖြူရောင်ဆုံးဖြတ်တော်မူကြပါတယ်။

အဆင်းဓာတ် ဆိုသည်မှာ အကြည်ဓာတ် ၆-ပါး၌ သဏ္ဍာန် ပေါ်ထွက်လာခြင်းကို ခေါ်ပါတယ်၊ သဏ္ဍာန်ဟာလဲ ၂-မျိုး ရှိပါကြောင်း နောက်ကရေးသားခဲ့ပါပြီ၊ (၁) ရုပ် သဏ္ဍာန်။ (၂) နာမ်သဏ္ဍာန်။ (၃) ရုပ်-နာမ် သဏ္ဍာန် အားဖြင့် ၃-မျိုး ရှိပါတယ်။

ရုပ်သဏ္ဍာန်ဆိုသည်မှာ အတို, အရှေ, အပု, အဝိုင်း, အလုံး အခုံး, အပြား,အတဲ့, အရှဲ, အစောင်း အစရှိသောသဏ္ဍာန်အမျိုး မျိုးတို့သည်ငှင်း၊အိုးသဏ္ဍာန်၊ ခွက်သဏ္ဍာန်၊ ယောကျ်ားသဏ္ဍာန်၊ မိမ္မသဏ္ဍာန် အမျိုးမျိုးတို့သည်ငှင်း ရုပ်သဏ္ဍာန် မည်ကြပါတယ်။

အဲဒီ သဏ္ဍာန်နိမိတ်တွေကို ပထမ စတုက္က တံခါးပေါက်ယူတဲ့ နိမိတ်တွေပါဘဲ၊ အဲဒီ သဏ္ဍာန်မျိုးကို သညာ ဝိညာဏ် လုပ်ကြံ သဖြင့် ထွက်ပေါ်လာရသော သဏ္ဍာန်ဟု ဆိုလိုပါတယ်။
နာမ်သဏ္ဍာန်ဆိုသည်မှာ အကြည်ရိပ်၅-ပါးတွင် အစဉ်ထင်နေတဲ့ သဘောတရားကို နာမ် သဏ္ဍာန်လို့ ခေါ်ပါတယ်၊ ဥပမာ ကြေးမုံပြင်ထဲမှာ မိမိ၏ အသွင်ရိပ် ထင်နေသကဲ့သို့ မျက်စိ အကြည် နားအကြည် စသော ၅-ပါးသော ပသာဒရုပ်တို့မှာ ထင်နေတဲ့ သဘောတရားကို နာမ်သဏ္ဍာန်လို့ ခေါ်ပါတယ်။

ရုပ်-နာမ် သဏ္ဍာန်ဆိုသည်မှာ မနောအကြည်ရိပ်တွင် ထင်နေ သော သဏ္ဍာန်မျိုးကို ခေါ်ပါတယ်၊ ဒါကြောင့် အဆင်းအရ မျက်စိအကြည်မှာ လာထင်သော ရူပါရုံ ခေါ် အဆင်းမျိုးကို မယူပါနဲ့၊ အဲဒီ အဆင်းမျိုးကား ဦးကျောက်အိမ် တံခါးနှင့် နှုတ်ခမ်းဖျား နှာသီးဖျား တံခါးတို့မှာ ပြီးခဲ့ပါပြီ။

ယခု ဖွင့်နေတဲ့တံခါးကား နှလုံးအိမ်ရင်ချိုင့်တံခါးကို ဖွင့်နေပါသောကြောင့် မနောအကြည်ဓာတ်နှင့် ဆိုနိုင်သော အဆင်းမျိုးကို ဝေဘန်ပါ၊ ဓမ္မာရုံဆိုတဲ့ သဘောတရားအရ နှလုံးအိမ်မှာပေါ်နိုင်တဲ့ သဘောတရားခေါ် အဆင်းမျိုးကိုသာကောက်ယူပါ အဲဒီ အဆင်းမျိုးသည်ကား ရုပ်နာမ် ၂-ပါးဘို့၏ ပေါင်းစုတဲ့ သဏ္ဌာန် အရိပ်မျှသာရှိပါတယ်၊ အဲဒီ သဏ္ဌာန်ကို ဥသုမီးဓာတ်က ဖေါ်ထုတ်လိုက်လျှင် မီးဓာတ် လေးပါးတို့ရဲ့ အရောင် အဆင်းကိုဘဲ ယူနိုင်ပါတယ်၊ ရှေ့ကို မီးဓာတ်လေးပါးတို့ရဲ့ အရောင်အဆင်းထွက်ပုံထင်ရှားပါလိမ့်မယ်။

အလင်း ဆိုသည်မှာ အာနာပါန ဘာဝနာ ကို ပွားများအားထုတ်သော ပုဂ္ဂိုလ်တို့မှာ သမာဓိ၏ တံခိုးကြောင့်၎င်း၊ မီးဓာတ်တို့၏ ပွင့်လင်းခြင်းကြောင့်၎င်း၊ အလင်းဓာတ်ဖြစ်ပေါ်တတ်ပါတယ်၊ အချို့မှာ ခန္ဓာကိုယ်ပတ်ဝန်းကြင်လောက်ဖြစ်စေ အလင်းဓာတ်ပေါ်ပါတယ်၊ အချို့မှာ ၁၀၊ ၁၅၊ တောင်ပတ်ဝန်းကြင်လောက်ဖြစ်စေ အလင်းဓာတ် ထွက်ပေါ်ကွန့်မြူးနေတတ်ပါတယ်။

အဲဒီလိုထွက်ပေါ်ကွန့်မြူးနေခြင်းမျိုးကို ခန္ဓာကိုယ်မှ အလင်းဓာတ်ထွက်ပြီဟု ဆိုနိုင်ပါတယ်၊ သမာဓိအားကိုလိုက်၍သော်၎င်း၊ မီးဓာတ်လေးပါးတို့၏ ပွင့်ခြင်းအားကိုလိုက်၍သော်၎င်း၊ အသေးအငယ် အကြီးအစား အမျိုးမျိုးရှိတတ်လှပါတယ်၊ နောက်ဆုံးမှာ ကိုယ်မှ ထွက်လာတဲ့ သဘောတရားကိုဘဲ အလင်းလို့ ဆိုခြင်းပါဘဲ။

အကြည်ခေတ်ဆိုသည်မှာခန္ဓာကိုယ်ကြီးတခုလုံး၌အာနာပါန ဘာဝနာ သမာဓိ၏ အစွမ်းကြောင့် မီးခေတ်ကြီး ၄-ပါး တို့သည် အစဉ်ပွင့်လျက်နေပြီဖြစ်၍ အကြည်ခေတ် ထွက်ပေါ်လာခြင်းကို ဆိုလိုပါသည်။

အကြည်ခေတ်ဆိုသဖြင့် မျက်စိအကြည် နားအကြည်ခေတ် မျိုး မယူပါနဲ့၊ခန္ဓာကိုယ်ကြီးတခုလုံး၌ မီးခေတ်၏အစွမ်းကြောင့် သွေးအား, လေအား, သည်းခြေအား, သလိပ်အား အလုံးစုံတို့၏ အကြည်ခေတ် ဖြစ်ပေါ်နေခြင်းကို ယူပါ။

အကြည်ခေတ် ဖြစ်ပေါ်သော ယောဂါဝစရ ပုဂ္ဂိုလ်သည် ဘယ်လိုပင် ထိုင်၍ အားထုတ်သော်လဲ ပြောင်းညာကိုက်ခဲခြင်း မရှိသည့်ပြင် ခန္ဓာကိုယ်ကြီးတခုလုံးသည် အတ္တ သုညတ အဖြစ်သို့ ဆိုက်ရောက်သွားပါတယ်၊ တရား မထိုင်ခင်က မိမိထားသော ခြေ,လက်-စသော အင်္ဂါကြီးငယ် အသွယ်သွယ် တို့ကို ပြန်လည် တွေးတောသော်လဲ တွေးတော၍မရ ဘယ်လိုနေတယ် ဘယ်လို ထိုင်တယ် ဆိုတဲ့ အမူအရာတွေ သုဉ်းဆိတ်နေတာကို အတ္တ- သုညတ လို့ ခေါ်ပါတယ်။

ဥပမာ ကိုယ်ထားတဲ့ လက် ၂-ဘက် လက်မ ကလေး တွေ ကိုတောင် တွေးလို့ မရတော့ဘူး၊အလုံးစုံဘဲသုန်းဆိတ်နေပါတယ် အဲဒါကို တရားပေးကြတဲ့ ဆရာတော် ဘုရားများက ဝေဒနာ ပေါ်ပြီ၊ ဝေဒနာကို ပိုင်ပြီလို့ ဆိုလိုပါတယ်၊ ဆိုလိုရင်းမှာ အကြည်ခေတ် ဆိုက်ခြင်းကို ဝေဒနာပေါ်ခြင်းလို့ သာ မှတ်သား မှတ်ယူပါတော့။

ယခုအခါ အဲဒီသဘာဝကို ဆရာကောင်းထံ နည်းမခံဘူးကြတဲ့ ပုဂ္ဂိုလ်အချို့က နာကျင် ကိုက်ခဲ ပျောက်သွားသည်ကို ဝေဒနာပေါ်တယ်လို့ ပြော၊ ဘာမှမသိဘဲ မေ့သွားတာကို ဝေဒနာ ပိုင်ပြီလို့ ဆိုနေကြပါတယ်၊ မေ့သွားတာတွေဟာ နည်းမှန်လမ်းမှန် အာနာပါနတွေ မဟုတ်ပါ၊ တန်ခိုးရှင် နတ်လောက ကဝေလောက နတ်ဘီလူးလောကတွေနဲ့ ဆက်စပ်ပြီး ဖွင့်တဲ့ အာနာပါန မျိုးတွေပါ။

အမျိုးကောင်းသား အမျိုးကောင်းသမီး တွေ အထူး သတိပြုသင့်လှပါတယ်၊ အာနာပါန လုပ်ငန်းစဉ်ကြီးဟာ အလွန်ဘဲ နည်းသစ်တွေထွင်ပြီး ဖွင့်နေကြပါသဖြင့် အလွန် ကျယ်ဝန်းနေပါတယ်၊ လောကီ အာနာပါန တွေကို ရှေးက အားထုတ်လာခဲ့ဘူးတဲ့အတွက် ကိုယ်တွေ့ လမ်းမှားကို ရောက်ဘူးသဖြင့် သတိပေးရခြင်းပါ၊ အလုပ်ကို အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေကို မနာလို၍ မဟုတ်ပါ၊ အပြစ်လဲ မဆိုပါ၊ ကိုယ်ကဲ့သို့ မမှားအောင်သာ သတိပေးခြင်းပါဘဲ။

ကဲကဲ- အရောင်, အဆင်း, အလင်း, အကြည်, နိမိတ်ထင်ပုံကို ဝေဘန်ပြသဖြင့် နားလည်လောက်ပါပြီ၊ ရှေ့ကို အဲဒီ နိမိတ်ထင်ပြီးနောက် အာနာပါန ဘာဝနာကို ဘယ်လိုတက်ရဦးမှာလဲ ဆိုတဲ့ ဝေဘန်ချက် ထွက်ပေါ်လာပါတယ်။

လောကီ အာနာပါန လုပ်ငန်းစဉ်ကို အားထုတ်ကြတဲ့ ပုဂ္ဂိုလ်များ အတွက်ကတော့ အဲဒီ အရောင်အဆင်း အလင်း အကြည်ကို ထင်သည်ထက်ထင်အောင်လုပ်ပြီးလျှင်ဥဂ္ဂဟနိမိတ်ပဋိဘာဂနိမိတ်ကြအောင် တက်၍ ဈာန်လမ်းကို ရအောင် ကြိုးစား သွားကြပါတယ်။

ယခုတော့ လောကီ အာနာပါန မဟုတ် မဟာသတိပဋ္ဌာန် အာနာပါနလမ်း ဖြစ်၍ ရုပ်-နာမ် စခမ်းသို့ ရောက်အောင်သွားရ မှာဘဲ၊ အရောင် အဆင်း အလင်း အကြည် နိမိတ်ထင်ပြီးနောက် ထို အာနာပါန ယောဂါဝစရ ပုဂ္ဂိုလ် ဟာ အကြောင်းရင်းကို တဖန် ဝေဘန် သိမ်းဆည်းရပါမယ်။

## အရောင် အဆင်းတို့၏ အကြောင်းရင်း

အရောင် အဆင်း အလင်း အကြည် ဟူသော နိမိတ်တို့ဟာ ဘယ်သဘာဝက ထွက်ပေါ် ကွန့်မြူးလာကြပါသလဲ၊ ၎င်းတို့၏ ထွက်ပေါ်ရာ အရင်းအငုတ်ကို ရှာဖွေရဦးမယ်၊ ဒီတော့ နှလုံးအိမ် အကြည်ဓာတ်ကိုဘဲ ကြပ်ကြပ်မတ်မတ် ကြည့်ရှု၍ အကြောင်း ရင်းကိုရှာဖွေပါ။

ဒီအခါမှာ နှလုံးအိမ်မှ အောက်ပါသဘာဝ ၄ချက်ကို တွေ့မြင်၍ အရောင်အဆင်း အလင်းအကြည်တို့၏ ပေါ်ထွက် လာရသော လက်ငုတ်ကို ဝေဘန်သိမ်းဆည်းနိုင်ပါလိမ့်မယ်။

## (သဘာဝ ၄ ချက်တည်နေပုံ)

(၁) မနောအကြည်ဓာတ်ခေါ် နှလုံးသွေးရှိခြင်း၊
(၂) ဓမ္မာရုံခေါ် သဘောတရားနှင့်ပေါင်းဆုံခြင်း၊
(၃) ဘဝင်စိတ်ထွက်ပေါ်ခြင်းသဘာဝကိုမြင်ခြင်း၊
(၄) မနောဝိညာဏ်ခေါ်သိမှု ထွက်ပေါ်ခြင်း၊

အထက်ပါ သဘာဝ ၄ချက်မှ အရောင်အဆင်း အလင်း အကြည်တို့ ထွက်ပေါ်လာခြင်းကို တွေ့မြင်လာပါလိမ့်မယ်။

ပိဋကတ်တော်၌လဲ ရှင်တော်မြတ်ဘုရား ဟောကြားဆုံးမတော်မူသည်မှာ အောက်ပါအတိုင်း သဘာဝ၄ပါး၊ နှလုံးသွေးမှာ ပေါင်းဆုံဖြစ်ကြသည်ဟု ဆုံးမတော်မူပါတယ်။

မနဉ္စ ဓမ္မေ စ ပဋိစ္စ ဥပၸဇ္ဇတိ မနောဝိညာဏံ
တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ

စသည်ဖြင့် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူချက်အရ အရောင် အဆင်း အလင်း အကြည်တို့ဟာ ယခု ဘော်ပြလိုက်တဲ့ သဘာဝ၄ပါးမှ ထွက်ပေါ်လာခြင်းဖြစ်ပါတယ်။

## (သဘာဝ၄ပါးမှ ထွက်ပေါ်ပုံ)

မနောအကြည်ဓာတ်မှ အရောင်ခေါ်ပညတ်နိမိတ်ထွက်ပေါ်လာရပါတယ်၊ ပိဋကတ်တော်၌ မနောအကြည်ဓာတ်ကို

ပဘာဿရမိဒံ ဘိက္ခဝေ အာဂန္တုကေဟိ
ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ

စသည်ဖြင့် ဟောကြားတော်မူပါတယ်။

(အနက်) ဘိက္ခဝေ ချစ်သားတို့ ဣဒံ ဤနှလုံးသွေးသည် ပဘာဿရံ ပြိုးပြိုးပျက်ထွက်သော အရောင်ဓာတ်ရှိ၏။ အာဂန္တုကေဟိ အာဂန္တုက ဖြစ်ကုန်သော ဥပက္ကိလေသေဟိ ငြစ်နွမ်းစေတတ်သော ကိလေသာတို့ကြောင့် ဥပက္ကိလိဋ္ဌံ ငြစ်နွမ်းသည်ဟောတိ ဖြစ်၏။

ဤဒေသနာတော်ကို ထောက်ရှုပါ၊ နှလုံးသွေးမှ အရောင်ဓာတ်ထွက်ကြောင်း အထူးသဖြင့် ထင်ရှားလာပါတယ်။

ဓမ္မာရုံခေါ်သဘောတရားမှ အဆင်းဓာတ်ထွက်ပေါ်လာပါတယ်၊ ဓမ္မာရုံကို အဘိဓမ္မာလောကတွင် ဝေဘန်သောအခါ ၆မျိုးဝေဘန်ပါတယ်၊ အဲဒီ၆မျိုးထဲမှာ ပသာဒရုပ်၅ပါး ပါဝင်နေရာ ဤပသာဒရုပ် ငါးပါးသည် ပဋ္ဌာရုံခေါ်ရူပါရုံ သဒ္ဒါရုံတို့ကို ကျော်ပိုးပြီးလျှင် မနောအကြည်ဓာတ်နှင့် ပေါင်းဆုံခြင်းကြောင့် အဆင်းရိပ်သည် မနောအကြည်ဓာတ်မှာ ပေါ်ထွက်နိုင်ပါတယ်၊ ဒါကြောင့်ဓမ္မာရုံမှ အဆင်းနိမိတ်ပေါ်ထွက်သည်ဟု ဆိုလိုပါတယ်၊ (သဘာဝဥာဏ်နှင့် မြင်အောင်ရှု)ဘဝင်စိတ်မှ အလင်းဓာတ်ထွက်ပေါ်လာပါတယ်၊ စိတ်သည် ၂မျိုးရှိပါတယ်၊ ဘဝင်စိတ် ဝီထိစိတ်အားဖြင့် ၂မျိုးရှိရာ ဘဝင်စိတ်မဖြစ်လျှင် ဝီထိစိတ်ဖြစ်ရိုးဓမ္မတာပါဘဲ၊ ဘဝင်စိတ်သည်မှာ မြစ်ရေအယဉ်ကဲ့သို့ အစဉ်ဖြစ်ပေါ်နေပါတယ်၊ ဝီထိစိတ်ဖြစ်လျှင် ဘဝင်စိတ်ခေတ္တချုပ်သွားပါတယ်၊ အဲဒီလိုသဘာဝအားဖြင့် ဖြစ်ပေါ်နေကြရာ အလင်းဓာတ်ဆိုသည်မှာ ဘဝင်စိတ်မှ ဖြစ်ပေါ်လာရပါတယ်၊ အာနာပါနဘာဝနာကို အားထုတ်တဲ့ သမာဓိ တန်ခိုးကြောင့် ဘဝင်စိတ်၏အရောင်အလင်းထွက်ခြင်းပါဘဲ။

မနောဝိညာဏ်သဘောတရားမှ အကြည်ဓာတ်ထွက်ပေါ်လာပါတယ်၊ အာနာပါနလုပ်ငန်းစဉ်ဖြင့် အားထုတ်၍ သမာဓိရလာပါလျှင် မိမိ၏နှလုံးအိမ်ကို အာရုံစူးစိုက်၍ကြည့်ရှုလျှင်ဘဲ ဝိညာဏ်ဖြစ်ပေါ်သောအခါ နှလုံးသွေးသည် အထူးကြည်လင်လာပါတယ်၊ ဘယ်လောက်များ ကြည်လင်လာပါသလဲဆိုရင် ကြေးမှုံပြင်မက ကြည်လင် ကြည်လင်၍ လာပါတယ်၊ ဒါကြောင့် အာနာပါနဘာဝနာကိုပွားများပါက ကိုယ်တွေ့ဖြစ်ပါလိမ့်မယ်။

ကဲကဲ ယခု ဆိုအပ်ခဲ့သော စကားအရပ်ရပ်တို့ဖြင့် အရောင် အလင်း အဆင်း အကြည်တို့၏ ပေါက်ဖွားရာ ပေါ်ထွက်ရာကို အာနာပါနလုပ်ငန်းစဉ်ဖြင့် ဝေဘန်သိမ်းဆည်းနိုင်လောက်ပါပြီ၊ ရှေ့ကိုတက်၍အာနာပါန ဘာဝနာကို အထက်ကဲ့သို့တက်လှမ်းရပါမည်နည်း။

ရှေ့ကို တက်လှမ်းစရာ အထူးမရှိတော့ပါ၊ အဲဒီသဘာဝ ၄ပါးကိုလဲ ဘယ်ကပေါ်ထွက်လာသလဲ ဝေဘန်ချက်ဖြင့် မိမိ၏ နှလုံးအိမ်ကို အာရုံပြု၍ သဘာဝ ၄ပါးကို ဝေဘန်သိမ်းဆည်း ဘန်များသော် မိမိ၏ နှလုံးအိမ်မှ ဥသွမီးဓာတ်၏ အရောင်သည် တပြိုင်နက်ထွက်ပြောင်တောက်ပလျက် ထွက်ပေါ်လာပါတယ်။

## ဥသွမီးဓာတ်အရောင်ထွက်ပုံ

နှလုံးအကြည်ဓာတ်မှာ အစဉ်ရှိနေသော ဥသွမီးဓာတ်သည် အရောင်ဓာတ်လေးပါးနှင့် ကူးမြူး၍ပွင့်တော်မူပါတယ်၊အရောင် ဓာတ်လေးပါးဆိုသည်မှာ အောက်ပါအတိုင်း ဆရာတော်များ ဝေဘန်သိမ်းဆည်းတော်မူကြပါတယ်။

(၁) အဖြူရောင် )<br>
(၂) အနီရောင် )-အရောင်ဓာတ် ၄ပါးပေါ်ပုံ<br>
(၃) အဝါရင့်ရောင် )<br>
(၄) အဝါနုရောင် )

အထက်ပါ အရောင်ဓာတ်၄ပါးသည် မနောအကြည်ဓာတ်မှ တပြိုင်နက် ထွက်ပေါ်၍ အနည်းဆုံး ၅တောင် အများဆုံး

၁၅တောင်ခန့်မျှ ရဲလောင်းကြီးသဘွယ် အရောင်ခတ်လေးသွယ် ချယ်စီ၍ အထက်သို့ရင်း၊ သို့မဟုတ် မျက်နှာမူရာ ရှေ့တဲ့တဲ့သို့ရင်း ထင်ရှားထွက်ပေါ်လာပါဘယ်။

(မှတ်ချက်) ရဲလောင်းဆိုသည်မှာ ထွက်ပေါ်ရာ အစက သေးငယ်၍ အဖျားကြတော့ အဝကားကြီးနှင့် ထွက်ပေါ်ခြင်း ကို ရဲလောင်းဟုဆိုလိုပါတယ်၊ ဥပမာ လော်စပီကာဟွန်းရှည်ကြီး များသဘွယ် ပေါ်ထွက်လာခြင်းမျိုးကိုမှတ်ပါ။

အဲဒီအရောင်ခတ် ၄ပါးထွက်ပေါ် ကွန့်မြူးပါလျှင် နှလုံး အိမ်ရင်ချိုင့်၌ ဥဿုမီးခတ်ပွင့်ပြီလို့ ဆိုနိုင်ပါတယ်၊ အဲဒီမီးခတ် ပွင့်ရန် မလွယ်ကူပါ၊ အာနာပါနလုပ်ငန်းစဉ်ကို အားထုတ်တိုင်း ပွင့်သည်မဟုတ်ပါ၊ လောကီအာနာပါနလမ်းကိုအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေလဲ ဤမီးခတ်ပွင့်ရန် အတော်ဘဲ ကြိုးစားယူကြ ရပါတယ်။

အဲဒီအရောင်ခတ် ၄ပါးထွက်ပေါ်လာ၍ ဥဿုမီးခတ် ပွင့်လျှင် လောကီသိဒ္ဓိပေါက် ဆရာတော်များက ကျောက်နဂါး မီးခတ်ပေါက်တယ်လို့ ဆုံးဖြတ်ကြပါတယ်၊ ဘာကြောင့် ဥဿု မီးခတ်ကို ကျောက်နဂါးမီးခတ်လို့ ခေါ်ဆိုပါသလဲ၊ ပြဒါး ချုပ်သတ် မီးလုပ်ရပ်ကို အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် မီးဖြင့် အကြိမ်ကြိမ်ပဒါးကို ထိုးသောအခါ ရှေးဦးစွာ သစ်ရွက် သစ်ခက် ထင်းချောင်းတို့ကို မီးနှင့်တိုက်သောအခါ လောင်မြိုက် သောမီးကဲ့သို့ အစစ္စာ မီးလုံးကလေးကို ရကြပါတယ်၊အဲဒါကိုလဲ ခတ်လုံးလို့ခေါ်တယ်။

ဒုတိယ သစ်ရွက် သစ်ခက် ထင်းချောင်းတို့ကို လောင်မြိုက်သောမီးမှတဆင့် မိုးသီးကောင်းကင်၌ လျှပ်စစ်လို့ ခေါ်တဲ့ မီးအဖြစ်သို့ရောက်အောင် ဓာတ်လုံးကို အစာကြွေးပြီးထိုးရပြန်တယ်၊ အဲဒီအခါကြတော့ ဓာတ်လုံးသည် လျှပ်စစ်မီးဖြစ်ပေါ်လာပါတယ်၊ အဲဒါကိုလဲ ဓါတ်လုံးလို့ ခေါ်ပါတယ်။

( မှတ်ချက် ) သစ်ရွက်မီးထက် အဆင့်အတန်း မြင့်သည့် လျှပ်စစ်မီးကို အထူးကြိုးစားမှရနိုင်ပါတယ်။

တတိယ လျှပ်စစ်မီးကိုဘဲ ဓာတ်ပြဒါးရှင်ခေါ် မိုးကြိုးစက်ကျသောအခါ ထွက်ပေါ်လာသောမီးဖြစ်အောင် ၎င်းဓာတ်လုံးကိုဘဲ အကြိမ်ကြိမ်မီးထိုးချပြန်ပါတယ်။ ထိုအခါတွင် လျှပ်စစ်မီးမှ မိုးကြိုးစက်မီးဖြစ်ပေါ်လာပါတယ်၊ အဲဒါကိုလဲဓာတ်လို့ ခေါ်ပါတယ်၊ မိုးကြိုးစက်မီးကို လုံးနိုင်သောဓာတ်လုံးအဖြစ်သို့ ရောက်သော် ၎င်းမီးဓာတ်သည် သိဒ္ဓိ၁၀ပါးနှင့်တကွ အကျိုးတရားအနန္တကို ဆောင်စွမ်းနိုင်ပြီဖြစ်၍ ၎င်းမီးဓာတ်ကို ကျောက်နဂါးမီးဓာတ်ဟု ခေါ်ဆိုပါတယ်။

ဆိုလိုရင်းက ကျောက်အရမှာ စကြာဝတေးမင်းကြီးများ ဆောင်းသော မနောမယ ပတ္တမြားနှင့် အလားတူခြင်းကို ကျောက်ဟု ဆိုလိုပါတယ်၊ နဂါးအရကား ဤဓာတ်လုံးဖြင့် မည်သည့်သယံဇာတဓာတ်ကိုမဆို သတ်နိုင်ခြင်း ပြာအတိဖြစ်အောင် လုပ်နိုင်ခြင်းမျိုးကို နဂါးဓာတ်ဟု ဆိုလိုပါတယ်။

ဤနည်း အတူ ဥသ္မ မီးဓာတ်ပေါက်သော အာနာပါန ယောဂါဝစရပုဂ္ဂိုလ်များ လဲ မိမိ ဥသ္မ မီး ဓာတ် သည်

ကျောက်နဂါးမျိုးနွယ် မီးခါတ်စခမ်းသို့ ကူးပြောင်းသွားခြင်းကိုပင်လျှင် ကျောက်နဂါးမီးခါတ်ရပြီလို့ တရားပေါက်သောဆရာတော်များက အမည်ပြုလိုက်ခြင်းပါဘဲ။

## အရောင်ခါတ် ၄ပါးအကြောင်း

နှလုံးအိမ်ရင်ချိုင့်မှာရှိသော ဥသ္မမီးခါတ်က အရောင်ခါတ်လေးသွယ်ထွက်ပေါ်လာခြင်းမှာလဲ မီးခါတ်၄ပါးတို့၏ အရောင်ပင်ဖြစ်ပါတယ်၊ ခန္ဓာကိုယ်မှာရှိသော ပရိပါစကခေါ် ချက်တိုင်မှာရှိတဲ့ မီးခါတ်၏အရောင်ကား အဝါနုရောင်ထွက်ပါတယ်။

ဥသ္မမီးခါတ်ခေါ် ကိုယ်ငွေ့မီးခါတ်မှ ထွက်ပေါ်လာသောအရောင်သည်ကား အင ါရင့်ရောင်ထွက်ပါတယ်၊ အဝါရင့်ရောင်ကို ရွှေရောင်လို့လဲခေါ်ဆိုနိုင်ပါတယ်၊ ဦးနှောက်အိမ် သန္တပ္ပနမီးခါတ်မှာကား အနီရောင်ထွက်ပေါ်ပါတယ်၊ ဒဟာမီးခါတ်အရောင်မှာကား အဖြူရောင်ဖြစ်ပါတယ်။

အဲဒီလိုမီးခါတ်လေးပါးမှ ထွက်ပေါ်လာတဲ့ အရောင်ခါတ်၄ပါးကို ပေါက်ရောက်တော်မူသော ဆရာတော်များ အမိန့်ရှိပါတယ်၊ အမှန်တကယ် ဟုတ်မဟုတ်ကိုတော့ အာနာပါနဘာဝနာကို ပွားများကြသော ပုဂ္ဂိုလ်များကိုယ်တိုင် ဤကဏ္ဍသို့ရောက်ရှိကြ၍ မီးခါတ်ပေါက်လျှင် ကိုယ်တွေ့ဖြစ်ပါလိမ့်မယ်။

ဤဖြူ နီ ဝါ ရွှေဟူသော အရောင်ခါတ်လေးပါးသည်ကား ဥသ္မမီးခါတ်မှ ပေါက်သောအရောင်ခါတ်ဖြစ်၍ ကျောက်နဂါးမီးခါတ်ထွက်ပေါ်သည်ဟု ဆိုလိုပါတယ်၊ ချက်တိုင်အရပ်က

နေ၍အာနာပါနလုပ်ငန်းစဉ် အစ အလယ် အဆုံး၃ချက်ကိုဘမ်း၍ ရှုရသော လုပ်ငန်းစဉ်ဖြစ်သောကြောင့် အလုံးစုံသော မီးခတ် တို့သည် ဥသ္မမီးခတ်မှာ စုပေါင်းပြီးသကာလ ထွက်ကြသော ကြောင့်လဲ အရောင်ခတ် ၄မျိုးပေါ်ထွက်ရသည်ဟုမှတ်ပါ။

ဤကျောက်နဂါးမီး ခတ် သည် လည်း ၂ မျိုး ရှိ၏။ (၁)လောကီလမ်းခေါ်ကျောက်နဂါးမီးခတ်(၂)လောကုတ္တရာ လမ်းခေါ်ကျောက်နဂါးမီးခတ်အားဖြင့် ၂မျိုးခွဲခြားမှတ်ပါ။

## လောကီလမ်း ကျောက်နဂါး

အာနာပါန ဘာဝနာကို အားထုတ် ပွားများကြသဖြင့် လောကီပထမစျာန်စသော သမာပတ်တရားကို ရတော်မူကြသော အရှင်မြတ်တို့သည်၎င်း လောကီ အင်း ဆေး မှော်စမ ဂါထာ မန္တာန် ခတ်ပြာ ပြဒါးစသော ပညာရပ်တို့ကို အားထုတ်ကြ သဖြင့် ပေါက်ရောက်တော်မူကြကုန်သော လောကီသိဒ္ဓိပေါက် ပုဂ္ဂိုလ်တို့သည်၎င်း၊ ယခုဘော်ပြတဲ့ ဥသ္မမီးခတ်မှ ပေါ်ထွက်တဲ့ ကျောက်နဂါးကို အပိုင်ရရှိတော်မူကြပါတယ်။

အဲဒီ ကျောက်နဂါးမျိုးကို လောကီကျောက်နဂါးမျိုးဟု ခေါ်ဆိုနိုင်ပါတယ်၊ လောကီကျောက်နဂါးသည်လည်း အသက် ရှည်ခြင်း အနာကင်းခြင်းစသော အကျိုးတရားများကို အမှန် ပေးစွမ်းတော် မူနိုင်ပါသောကြောင့် ပေါက်တော်မူကြသော ဆရာတော်များက အောက်ပါအတိုင်း ကျောက်နဂါး၏ ဂုဏ်ကို ထုတ်တော်မူပါတယ်။

## ကျောက်နဂါး၏ ဂုဏ်ကျေးဇူးများ

ပါရမီစွဲလမ်းထိုဘက်ကမ်းသို့ ရောက်စွမ်းပြီးငြား ထိုပြဒါး သည် ပတ္တမြားရှင်နေလုလင်သို့ ရောင်ရှင်ဝင်းဝင်းအဆင်း ၄ပါး ကျောက်နဂါးဟု ကျော်ကြားကုန်ဘိ တန်ခိုးရှိ၍ ဝိမုတ္တိရသ ပါရဒသည် အဘယ ခေမာဂုဏ်တေဇာဖြင့် အာကာရေလဲ မြေကိုခွဲလျက် ပျံ့ဝဲငုတ်လျှိုး ဖေါက်ထိုးခုန်လွှား ဝေးရပ်ခြားသို့ ပျံ့သွားမကြာ လျှင်စွာရောက်ခြင်း အဆင်းရူပ သဏ္ဍာန်လှလျက် ဗလစွမ်းအား ပွားများတုံလျှင်း ရောဂါကင်း၍ရှည်ခြင်းအသက် ဘုန်း ကြက် သ ရေ လက် လက် ဝေ စ သည် ဖြင့် လော ကီ ကျောက်နဂါး၏ ဂုဏ်ကို ထုတ်ဖော်တော်မူကြပါတယ်။

## လောကုတ္တရာ ကျောက်နဂါး

ဤ ဥသျှမမီးခါတ် မှ အရောင်ခါတ် ၄ - ပါး ပေါ်ပုံ နှင့် ကျောက်နဂါး ခေါ်ပုံတို့ကို ဝေဘန်ပြသဖြင့် အာနာပါန အားထုတ် ကြ သော ယော ဂါ ဝ စ ရ ပု ဂ္ဂို လ် များ ဝေဘန် သိမ်းဆည်းနိုင်ကြပါပြီ။ ယခုတဖန် ဥသျှမီးခါတ်မှ လောကုတ္တရာ ကျောက်နဂါး ပေါ်ထွက်ပုံ ကို ဝေဘန် သိမ်းဆည်း ပြလိုပါ သေးတယ်၊ သို့မှသာ အားထုတ်ကြတဲ့ ပုဂ္ဂိုလ်များ စိတ်အား တက်ပြီး ကြိုးစားကြပါလိမ့်မယ်။

လောကုတ္တရာ ကျောက်နဂါး အရောင် ခါတ် ကြတော့ လောကီ ကျောက်နဂါး နှင့် အရောင်ခါတ် အနည်းငယ် ပြောင်း ပါတယ်၊ ရှင်တော်မြတ်ဘုရား၏ ရောင်ခြည်တော် ၆ - သွယ်ကို ပိဋကတ်တော်များ၌ ဖွင့်ပြတော်မူသည်မှာ အောက်ပါ အတိုင်း ပါဘဲ။

(၁) နီလ- ညိုသော ရောင်ခြည်တော်။
(၂) ပီတ- ရွှေသော ရောင်ခြည်တော်။
(၃) လောဟိတ- နီမြန်းသော ရောင်ခြည်တော်။
(၄) ဩဒါတ- ဖြူဝင်းသော ရောင်ခြည်တော်။
(၅) မဉ္ဇဋ္ဌ- ညိုမဲသော ရောင်ခြည်တော်။
(၆) ပဘဿရ- ပြိုးပြိုးပျက်ပျက်သော ရောင်ခြည်တော်။

ဤ ရောင် ခြည် တော် ၆ - သွယ်တို့တွင် မူလ ရောတည်၍ ဖြစ်ကြသော ရောင်ခြည်တော်တို့ကား ၄-သွယ်သာလျှင်ရှိပါတယ် ရောင်ခြည်တော် ၂-ပါး တို့ကား ကူး ယှက် သ ဖြင့် ဖြစ်ပေါ် လာသော ရောင်ခြည်တော်များပါ။

မူလ အရောင်အတိုင်း ဖြစ်သော ရောင်ခြည်တော် ၄ - သွယ် တို့ကား၊ အညိုရောင်, အဝါရင့် ခေါ် ရွှေရောင်, အနီရောင်, အဖြူရောင် အားဖြင့် ၄-မျိုးသာ ရှိပါတယ်၊ အဲဒီ အရောင်ဓာတ် ၄-မျိုးကို လောကုတ္တရာ ကျောက်နဂါး အရောင်လို့ ခေါ်ဆိုနိုင် ပါတယ်။

အဲဒီ အရောင်ဓာတ် အတိုင်းဘဲ လောကုတ္တရာ အာနာပါန လမ်းကိုလုပ်ကြတဲ့ ယောဂါဝစရပုဂ္ဂိုလ်များလဲ နှလုံးအိမ်ရင်ချိုင့် ဥဿုမ်းဓာတ်၏ အရောင်သည် ရှင်တော်မြတ်ဘုရားရဲ့ အရောင် ဓာတ် ၄-ပါးအတိုင်း ထွက်ပေါ်လာတတ်ပါတယ်။

ချက်တိုင်က မီးဓာတ်က အဝါရောင် ထွက်လာတတ်ပါတယ်၊ နှလုံးအိမ် ဥသ္မ မီးဓာတ် က အနီရောင် ထွက်ပေါ် လာတတ် ပါတယ်။ သန္တပ္ပန မီးဓာတ် က အညိုရောင် ထွက်လာတတ်

ပါတယ်၊ ဒဟာ မီးခောက်က အဖြူရောင် ထွက်လာတတ်ပါတယ်၊ အဲဒီ အရောင်ခေတ် ၄-ပါး ပေါင်းစုပြီးလျှင် နှလုံးအိမ် ရင်ချိုင့် ဥသျှ မီးခေတ်မှ ခန္ဓာကိုယ်ကြီး၏ အထက်သို့ဖြင်း၊ သို့မဟုတ် ရှေ့တူရူသို့ဖြင်း၊ ထွက်ပေါ် ကွန့်မြူးလာလျှင် လောကုတ္တရာ ကျောက်နဂါး မီးခေတ်ထွက်ပြီလို့ ဆိုနိုင်ပါတယ်။

ဘုရားရဟန္တာအရှင်တို့မှာ ဤ ကျောက်နဂါး မီးခေတ်သည် ခန္ဓာကိုယ်ကြီး၌ အမြဲ ကွန့်မြူးတော်မူပါတယ်၊ အာနာပါန ဘာဝနာအားထုတ်တော်မူကြသောပုဂ္ဂိုလ်များကား အာနာပါန ဘာဝနာကို ပွားများတော်မူခိုက် ပွားများနေတုံးသာ ကျောက် နဂါးမီးခေတ် ထွက်နိုင်ပါတယ်၊ မပွားများလျှင် မထွက်ပါ အစဉ် ပေါ်ထွက်နေခြင်းလဲ မရှိနိုင်ပါ။

ရဟန္တာ အရှင်မြတ်တို့မှာ ခန္ဓာကိုယ်၌ရှိသော မီးခေတ်ကြီး လေးပါးတို့သည် ကိလေသာ ကုန်ခမ်းတော်မူ၍ အာသဝေါ တရား ဓာတ်သိမ်းတော်မူသည်နှင့်တပြိုင်နက် မီးခေတ်ကြီး၄-ပါး တို့သည် အမြဲတေမီး အဖြစ်သို့ ရောက် ရှိ တော် မူ ပါ တယ်၊ တန်ခိုးဣဒ္ဓိပါဒ် ရှိကြကုန်သောနတ် တို့ သည် ၎င်း တို့ ၌ ရှိသော နတ်မျက်စိဖြင့် မထွင်းဘောက်နိုင်ကြပါ။

ဆိုလိုရင်းမှာ ရဟန္တာ ပုဂ္ဂိုလ် တို့၏ ခန္ဓာကိုယ်ကို နတ်တို့၏ ကမ္ဘဇိဒ္ဓိ တန်ခိုးဖြင့် မထွင်းဘောက်နိုင်သောကြောင့် နတ်တို့၏ မျက်စိ၌ ရဟန္တာပုဂ္ဂိုလ်တို့၏ ခန္ဓာကိုယ်သည် ကာကွယ် ပိတ်ဆို့ လျက် ရှိနေပါတယ်၊ အဲဒါ မီးခေတ် ၄-ပါး အမြဲတေ ဆိုက်နေ လို့ပါ။

ပုထုဇဉ်တို့၏ ခန္ဓာကိုယ်ကိုကား နတ်တို့၏ မျက်စိသည် ထွင်းဘောက်နိုင်ပါတယ်၊ ပိတ်ဆို့ကာကွယ်ခြင်း အလျှင်းမရှိနိုင်ဘာကြောင့်ပါလဲ မီးခါတ် ၄-ပါး အမြုတေ မဆိုက်လို့ပါ၊ ဤသို့အားဖြင့် မီးခါတ် ၄-ပါးတို့၏ တန်ခိုး ရှိ-မရှိကို အမျိုးကောင်းသား အမျိုးကောင်းသမီး တို့ နားလည်တော်မူကြစေလိုပါတယ်။

မီးခါတ် တန်ခိုးဆိုခြင်းမှာလဲ ကျောက်နဂါးမီးခါတ် ထွက်ပေါ်နိုင်လျှင် မီးခါတ်တန်ခိုးရှိပြီလို့ ဆိုနိုင်ပါတယ် လူတို့ရဲ့ခန္ဓာကိုယ်မှာ ကျောက်နဂါး မီးခါတ် ၃-ပါး ရှိပါတယ်။

ဦးကျောက်အိမ်ခေါ် သန္တပ္ပနမီးခါတ်ဟာလဲ ကျောက်နဂါးမီးခါတ်တခုပါ၊ အဲဒီ မီးခါတ်ကိုတော့ နဂါးဥကျောင်းမီးခါတ်လို့ ခေါ်ဆိုတော်မူကြပါတယ်၊ ယခုနှလုံးအိမ်ရင်ချိုင့်ကထွက်တဲ့ ဥသ္မမီးခါတ်ကိုတော့ ကျောက်နဂါး၏ကိုယ်လို့ခေါ်ဆိုပါတယ်၊ နဂါးဦးခေါင်းမီးခါတ်ထက် ကျောက်နဂါး၏ ကိုယ်မှ ထွက်တဲ့ မီးခါတ်က တန်ခိုးကြီးပါတယ်။

အာနာပါနဘာဝနာကို အားထုတ်တိုင်း မထွက်နိုင်ကြပါ၊ တိဟိတ်ပုဂ္ဂိုလ်များမှ ထွက်နိုင်သော မီးခါတ်ဖြစ်ပါတယ်၊ မြန်မာနိုင်ငံတော်မှာ ကျော်ကြားတော်မူသော သာသနာပြုပုဂ္ဂိုလ်များလဲ ဤဥသ္မမီးခါတ်ပေါက်၍ ကျော်ကြားတော်မူကြပါတယ်။

ချက်တိုင်မှထွက်တဲ့ ပရိပါစက မီးခါတ်ကိုတော့ နဂါး၏ အမြီးပိုင်းလို့ခေါ်ပါတယ်၊ အဲဒီအမြီးပိုင်းခေါ် ကျောက်နဂါးမီးခါတ်ပေါက်ရန်လဲ မလွယ်ကူပါ၊အလုံးစုံသော မီးခါတ်တို့တွင် ဤအမြီးပိုင်းပရိပါစက မီးခါတ်သည် တန်ခိုးကြီးပါတယ်။

အဲဒီပရိပါစက ကျောက်နဂါးအမြီးပိုင်း မီးခဲတဲ့သည် ထွက်လေ ဝင်လေ ၂ပါးချုပ်မှ ထွက်ပေါ်လာသော မီးခဲတ် ဖြစ်၍ လျှပ်စစ်ခဲတ်ဟု ဆရာတော်ဘုရားများဆုံးဖြတ်တော်မူကြ ပါတယ်၊ အဲဒီမီးခဲတ်ကို ဒေါက်ရောက်တော်မူကြသော ပုဂ္ဂိုလ် များက မိန့်ဆိုတော်မူသည်မှာ ( ဥပမာ )ဘီအေ ဘီအက် စီ အောင်မြင်ပြီးနောက် ဘွဲ့ထူးဂုဏ်ထူးတွေ ၂ဦး ၃ဦးရကြတဲ့ ပုဂ္ဂိုလ်နှင့်တူတယ်လို့ မိန့်ကြားတော်မူပါတယ်။

ရှင်တော်မြတ်ဘုရား လက်ထက်တော်က ရဟန္တာတွေ အနန္တ ဖြစ်ကြသော်လဲ တေဒင်္ဂရ ရဟန္တာဖြစ်နိုင်ခဲ့သလို ဤပရိပါစက မီးခဲတ်ဟာလဲ တေဒင်္ဂဘွဲ့ထူးဂုဏ်ထူးရ ရဟန္တာပုဂ္ဂိုလ်မျိုးနှင့် တူကြောင်း ဥပမာပေးတော်မူကြပါတယ်။

ယခုဘော်ပြခဲ့တဲ့အတိုင်း ကျောက်နဂါးမီးခဲတ်၏ ၃မျိုး ရှိနေပုံကို အာနာပါန ဘာဝနာအားထုတ်ကြသော ပုဂ္ဂိုလ်များ အတွက် အချက်ကြကြဝေဘန်နိုင်ရန် ခွဲခြား၍ ကျောက်နဂါး မီးခဲတ်နေပုံကိုတင်ဆက်ပြလိုက်ပါပြီ။

နှလုံးအိမ်ရင်ချိုင့်မှ ဥသ္မမီးခဲတ်ပွင့်ပုံနှင့်တကွ အာနာပါန လုပ်ငန်းစဉ်၌ ပညတ်နိမိတ်ထင်ပုံ ကျောက်နဂါးအရောင်ခဲတ် ၄ပါးပေါ်ထွက်ပုံတို့ကို ပွားများတော်မူကြသော ယောဂါ ဝစရပုဂ္ဂိုလ်များကိုယ်တိုင် အားထုတ်တော်မူကြ၍ ကိုယ်တိုင် တွေ့ကြုံပြီးမှ ရုပ် နာမ်စခမ်းကိုကူးလှမ်းတော်မူကြပါ။

## အာနာပါနနှင့် ရုပ်နာမ်စခမ်း

မြန်မာနိုင်ငံတော်တွင် ၁၃၀၀-ပြည့် နှစ်က စ၍ သာသနာ တော်၌ အာနာပါန လုပ်ငန်းစဉ်သည် နေဝန်းကြီးများ ပေါ်

ထွက်သလို ထွန်းပေါ်တက်လာလေတယ်၊ ထိုလုပ်ငန်းစဉ်များကို ပေးကြသော ဆရာကြီးများထံမှ ငါတို့သည် အားထုတ်ခဲ့ရာ ၃-ရက် ပညတ်နိမိတ် ယူစေပြီးလျှင် ရုပ်-နာမ်စခမ်းသို့ ကူးခဲ့ရပါတယ်။

အဲဒီ အာနာပါန လုပ်ငန်းစဉ်အရ ရုပ်-နာမ် ကူးသောအခါ (မသိလျှင်ရုပ်–သိလျှင်နာမ်) ရုပ်- နာမ် မျိုးကို ကူးခဲ့ရပါတယ်၊ ၁၃၀၂-ခုနှစ်တွင်သထုံမှုနိသျှဆိုပြီးလျှင် အာနာပါနလုပ်ငန်းစဉ် ထွက်ပေါ်လာပြန်ပါတယ်၊ အဲဒီ အာနာပါနကိုလဲ အားထုတ်ကြည့်ရာ ငယ်ထိပ်ကို စိတ်မှာထားပြီး ၃-ရက် အမှတ်စခမ်းကို လုပ်ရပါတယ်၊ ၃-ရက် ကျော်လျှင် ရုပ်-နာမ် ကူးပေးပြန်ရာ ဖြစ်-ပျက် ရုပ်နာမ်ကို ကူးပေးပါတယ်။

တရားအလုပ်ကိုဝါသနာပါသည့်အလျောက် အားထုတ်ခဲ့ဘူးသည်များကိုဘော်ပြခြင်းပါဘဲ၊အပြစ်ဆိုလို၍ ပြောခြင်းမဟုတ်ပါ အာနာပါန လုပ်ငန်းစဉ်ကို တစတစ အခြေခံ၍ ပွားများလာခဲ့ရာ ယခုဘော်ပြတဲ့ ဓမ္မစကြာ အာနာပါန လမ်းသည်ကား ပေါက်ရောက်ကြသော ဆရာတော်များထံမှ လက်ထပ် သင်နည်းရ၍ ၃-နှစ် အားထုတ်တော်မူခဲ့ရာ ဤ အာနာပါနလမ်းသည် ပညတ်နိမိတ် ပေါ်ပုံနှင့်တကွ ရုပ်-နာမ်ကူးပုံအလွန် ကျနပါတယ်။

အာနာပါန လမ်းအမျိုးတွင်လဲ ယခု အာနာပါန လမ်း သည် မဟာသတိပဋ္ဌာန်လမ်း အာနာပါနဖြစ်ပါတယ်၊ အဲဒီအာနာပါန တရားတော်ကြီးကို ဓမ္မစကြာရိပ်သာတွင် လက်တွေ့တရားပြသော အခါမီးခေတ်နှင့်တွဲ၍ပြသရာ ၁၀-ရက်အတွင်းမှာပင် ဦးနှောက်အိမ်က သန္တပ္ပန မီးခေတ်ကို ဖွင့်နိုင်ကြ၍ ရုပ်- နာမ် စခမ်းသို့ ကူးနိုင်ကြပါတယ်။

အာနာပါန လုပ်ငန်းစဉ်ကို လိုလားကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီး တို့သည် ဤကျမ်းစာအုပ်ကို ဖတ်ရှု၍ အားထုတ် လုပ်ဆောင်ရာ၌ မအောင်မြင်ခဲ့သော် ဓမ္မစကြာ ပဋိပတ် ရိပ်သာသို့ လာရောက်၍ ပွားများအားထုတ် ပါကရက်တိုတိုနှင့် လိုရာကိစ္စ ပြည့်စုံနိုင်ပါတယ်။

## သာသနာပြုနှင့် အာနာပါန

ရှင်တော်မြတ်ဘုရား၏ သာသနာတော် စီပင်ပြန့်ပွားတိုးတက်ခြင်းငှါ အလိုရှိတော်မူကြကုန်သော ရဟန်း ရှင် လူသာသနာပြု ပုဂ္ဂိုလ်များသည် မိမိတို့၏သာသနာပြုလုပ်ငန်းစဉ်ကြီးအောင်မြင် ထမြောက်စေရန် တခုကောင်း အပိုင်ရရှိထားဘို့ အရေးကြီးကြောင်း ဆရာတော်ဘုရားဆုံးမတော်မူပါတယ်။

တခုကောင်းအရဝေဘန်ကြည့်လျှင် ဓူတင် ၁၃ ပါးမှ တခုခု ပေါက်ရောက်အောင် အားထုတ်ခြင်းသော်၎င်း ရှိစေရပါမယ်၊ သို့မဟုတ် သမထဘက်မှာ မေတ္တာသော်၎င်း ပေါက်ရောက်ထားစေရပါမယ်၊ အာနာပါနလုပ်ငန်းစဉ်၌သော်၎င်း တခုခုပေါက်ရောက်အောင်မြင်လက်ကိုင်တခုရှိစေရပါမယ်။

အယုတ်ဆုံးဂုဏ်တော်ကို ပွားများအားထုတ်သဖြင့် ဂုဏ်တော်ပေါက်ပုဂ္ဂိုလ်များတောင် သာသနာပြုလုပ်ငန်းစဉ်၌ အခြေခံ တခုဖြစ်နေသည်ကို ကိုယ်တွေ့မျက်မြင် တွေ့ကြုံခဲ့ဘူးပါတယ်၊ ဒါကြောင့် သာသနာပြုပုဂ္ဂိုလ်များသည် လက်ကိုင်ပေါက်ခေတ် တခုခုရှိနိုင်ရန်လိုအပ်ပါတယ်။

ယခု လုပ်ငန်းစဉ်အနေဖြင့် တင်ဆက်လိုက်သော ဓမ္မစကြာ အာနာပါနသည် သာသနာပြုပုဂ္ဂိုလ်များ ပေါက်ခဲ့တော်အနေနှင့် လက်ကိုင်ထားရန် အထူးသင့်လျော်လှပါတယ်၊မိမိတို့၏ခန္ဓာကိုယ် မှာရှိနေတဲ့ . ကျောက်နဂါးမီးခဲတော်ကြီး ပေါက်လာလျှင်ဘဲ တနေ့တခြား ဘုန်းကြက်သရေတိုးပွား၍ သာသနာပြုလုပ်ငန်းစဉ် ကြီးကို ဆထက်တံပိုးအောင်မြင်နိုင်ပါတယ်။

မိမိမှာလဲ အသိအလိမ္မာဉာဏ်ပညာတိုးပွား၍ ဖေပါးသော ဣန္ဒြေတို့ကို စောင့်စည်းနိုင်ခြင်း စောင့်ရှောက်နိုင်ခြင်း ဝိသဘာဂ အာရုံတို့၌ တပ်မက်ခြင်းမှကင်းခြင်း အကျင့်သီလဂုဏ် သိက္ခာ ကာမ ဂုဏ်အထူးသဖြင့် ပြည့်စုံခြင်းစသော အကျိုးတရားများကို ခံစားကြရပါတယ်။

သာသနာပြုပုဂ္ဂိုလ်သည် လူအပေါင်းတို့အား အသိဉာဏ် တိုးပွားအောင်နှင့် ကာယကံ-ဝစီကံ စင်ကြယ်စေမှုကို အရေး ပြုပြီးလျှင် လိမ္မာယဉ်ကျေး၍ ရုပ် နာမ်တရားတို့ကို နှလုံးသွင်း နိုင်ရန် ရည်သန်တော်မူ၍ သာသနာပြုကြပါတယ်၊ မိမိပြုချက် အတိုင်း မိမိကိုယ်ကိုလဲ ရှေးဦးစွာပြုပြီးမှ သာသနာပြုလျှင် ပို၍ ကောင်းပါသောကြောင့် အာနာပါနလုပ်ငန်းစဉ်ဖြင့် ရှေးဦးစွာ မိမိကိုပြုပြင်နိုင်လျှင် သူတပါးကိုလည်း ပြုပြင်နိုင်ပါလိမ့်မယ်။

မိမိမှ တခုကောင်းမှုမရှိဘဲနှင့် သာသနာပြု လုပ်ငန်းစဉ်ကို အားထုတ် လုပ်ဆောင် နေပါသော် အောင်မြင်မှု နည်းပါး၍ ကိုယ်ပန်း စိတ်နွမ်းရုံမျှမက အနှောက်အယှက် အဖျက်အဆီး အမျိုးမျိုးနှင့်တွေ့ကြုံတတ်ကြောင်းကိုယ်တွေ့ဖြစ်၍ပါရမီရှင်များ သိရှိတော်မူရန် တင်ပြလိုက်ပါတယ်။

## အာနာပါန နှင့် လောကီအရေး

အာနာပါနတရားတော်ကြီးသည်ကား လောကီလောကုတ္တရာ ၂-ဖြာသော လမ်းကြီးကို ဖွင့်လှစ်သော တရားတော်ကြီး ဖြစ်သောကြောင့် လောကီရေးရာ အဖြာဖြာနှင့် မကင်းကြသော ပုဂ္ဂိုလ်တို့သည်လည်း အာနာပါန လုပ်ငန်းစဉ်ကို သက်ဝင် အားထုတ်ကြစေလိုတယ်။

လောကီရေးရာ ဆိုသည်မှာ စီးပွားရေးတခုထဲ မဟုတ်ပါ လူမှုရေးရာဆိုတာ အလွန်ကြယ်ဝန်းလှပါတယ်၊ နေရေးထိုင်ရေး ပေါင်းသင်းဆက်ဆံရေး မင်းမှုစိုးရေး ရပ်ရွာအခင်းရေး စသော အရေးပေါင်း အနန္တ ကြယ်ဝန်းလှသော လူမှုအရေးကြီးကို ပြေလည်အောင် ဖြေရှင်းနိုင်ရန် မလွယ်ကူပါ။

အာနာပါန လုပ်ငန်းစဉ်ဖြင့် အယုတ်ဆုံး ဦးကျောက်အိမ်မှာ ရှိသော သန္တပ္ပန ကျောက်နဂါး မီးခဲတ် ပေါက်တာ နှင့်ပင် တနေ့တခြား အသိအလိမ္မာ ဉာဏ်ပညာ ဘုန်းလက်ရုံး ဆန့်တန်း နိုင်၍ လူမှုအရေးတို့ကို အလွယ်တကူနှင့် ဖြေရှင်းနိုင်ပါလိမ့်မယ်။

ဆိုလိုရင်းမှာ မိမိမှာ ဘုန်းကြက်သရေ သြဇာ အာဏာရှိလာမှ မိမိပြောဆိုသော စကားကို သူတပါး ယုံကြည်မယ် သူတပါး ယုံကြည်လာလျှင်ဘဲ မိမိကြံစီသမျှ အလွယ်တကူနှင့် အောင်မြင် နိုင်ပါတယ်၊ အကြံအစီ အောင်လာ လျှင်ဘဲ အရာခပ်သိမ်းတို့၌ မျက်နှာပွင့်လန်း ပဒုမ္မာ ရွှေကြာပန်းကဲ့သို့ ကားကား စွင့်စွင့် မြင့်မြင့်မားမား ကြီးပွားခြင်းသို့ ရောက်ရှိနိုင်ပါတယ်။

အာနာပါန လုပ်ငန်းစဉ်ကြီးနှင့်ပတ်သက်၍ လောကီအကျိုး လောကုတ္တရာ အကျိုး ၂-ပါး တို့ကို အနည်းငယ် ထုတ်ဘော်

ပြလိုက်ပါပြီ၊ ဤ ထုတ်ဘော်ပြခြင်းသည် လောကီ အကျိုးကို လိုလား၍ မဟုတ်ပါ၊ သို့ရာတွင် သာသနာပြု ပုဂ္ဂိုလ်များအတွက် အားထုတ်ကြစေလို၍ရင်း၊ သာသနာတော်၌ ဆွမ်း, သင်္ကန်း, ကျောင်း,ဆေး ပစ္စည်းလေးပါး အတိုင်းထက်အလွန် ထောက်ပန့် နိုင်စေရန်ရင်း ရည်သန်ပြီးလျှင် လောကီ လောကုတ် သဘော မယုတ်စေရာ ဝေဘန်၍ ထုတ်ဘော်ပြခြင်းပါဘဲ။

ဤဘော်ပြလိုက်သော စကားအစဉ်တို့ဖြင့် ရှင်တော်မြတ် ဘုရား ဟောကြားတော်မူအပ်သော မဟာသတိပဋ္ဌာန်ဒေသနာ တော်၌ အာနာပါနအပိုင်းတွင် စတုက္ကအားဖြင့် ၄စတုက္ကတံခါး ၄ပေါက် မီးခွက် ၄ပါးတို့ဖြင့် ဖွင့်ပြထားရာ ယခုရေးသား ဘော်ပြအပ်သော အပိုင်းသည်ကား ၃-ခုမြောက် ဖြစ်သော တတိယ စတုက္က ဥသ္မမီးခွက်ခေါ် ရင်ချိုင့်နှလုံးအိမ်တံခါး၏ လုပ်ငန်းစဉ်၌ ပညတ်နိမိတ်ပေါ်ထွက်ပုံပြီးဆုံးပါပြီ။

ရှေ့တွင် ရုပ်တရား နာမ်တရားကူးပုံနှင့်တကွ ဝိပဿနာ သမ္မသနဉာဏ်ဝင်ပုံတို့ကို ကြောဘက်ရှိတိတ်ခွေဖြင့် ဟောကြား ထားသည်ကိုဆက်လက်၍ဘာသာပြန်ပြီးလျှင်အမျိုးကောင်းသား အမျိုးကောင်းသမီးများအတွက် တင်ဆက်ပြပါအံ့။

အာနာပါနဘာဝနာကို ပွားများလိုကြကုန်သော သူတော် ကောင်းတို့သည် နှစ်ထောင်းရှင်ဟိတ်တဖိတ်ဖိတ်ဖြင့် ဇောစိတ် မနသိ အလီလီတိုးပွားလျက် သဒ္ဓါမိုဃ်းကို ရွာသွန်းဖြိုးနိုင် ပါစေသောဝ်။

စတုတ္ထတိတ်ခွေကြိုး ပဋ္ဌမကြောဘက် ဘာသာပြန်ပြီးဆုံးပါပြီ။

# ဓမ္မစကြာမဂ်ဝင် အာနာပါနကျမ်း

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

( စတုတ္ထတိတ်ခွေကြီး ဒုတိယဘက် ဘာသာပြန် )

တိက္ခ ပညာသ ဇဝနဂမ္ဘီ ညာဏ်လေးလီဖြင့် အခွံကိုခွာ အကာကိုရှား အသားကိုခြေ အနှစ်ကိုတွေ့နိုင်မှ သဘာဝ အနတ္တ ညာဏ်ထင်မြင်နိုင်ရာ၏။

ဟူသော ဆရာတော်ဘုရားကြီးများ၏ ဆုံးမချက်အတိုင်း အာနာပါန ဘာဝနာသည် အလွန်သိမ်မွေ့သော ဘာဝနာ ဖြစ်ပါတယ်၊ ရှင်တော်မြတ်ဘုရား၏ သာသနာတော်၌ ရှေးက ပေါ်ထွက်ကြသော အာနာပါန ဘာဝနာတို့ကား မီးခတ်ကြီး လေးပါးနှင့်တွဲ၍ ပေါ်ထွက်ခြင်းမရှိပါ၊ ယခုဓမ္မစကြာသာသနာ ပြုအဖွဲ့ကြီးမှ တင်ဆက်သော အာနာပါန ဘာဝနာသည်ကား မီးခတ်ကြီး၄ပါးကို အရင်းခံထား၍ တင်ဆက်သော ဘာဝနာ ဖြစ်ပါတယ်။

ရှေးက ပေါ်ထွက်ကြသော အာနာပါန ဘာဝနာတို့ကား နာမပညတ်နှင့် သဏ္ဌာန ပညတ်နှစ်ပါး ထင်မြင်လာလျှင်ဘဲ ရုပ်တရား နာမ်တရားကို ကူးတော်မူကြပါတယ်၊ ယခုအာနာပါန ကား မီးခတ်အရိပ်ပေါ်မှ ရုပ်နာမ်ကို ကူးရသဖြင့် သဘာဝ လုပ်ငန်းစဉ်ခြင်း အနည်းငယ်ကွဲပြားလျက် ရှိနေပါတယ်။

ရုပ် နာမ် ကူးကြတဲ့အခါမှာ ပရမတ် ရုပ်စစ် နာမ်စစ်ကို ဝင်အောင်ကူးနိုင်မှသာလျှင် ဝိပဿနာလုပ်ငန်းစဉ်သို့ တက်နိုင်

ပါတယ်၊ ရုပ်စစ် နာမ်စစ်ကို ဝင်အောင် မကူးနိုင်ဘဲ ပညတ်စွဲ သညာဝိညာဏ်စွဲ ရုပ်နာမ်မျိုးကို ကူးယူခဲ့ပါလျှင် ဝိပဿနာသို့ မတက်နိုင်ဘဲ ပညတ်စွဲ သညာဝိညာဏ်ဝဲမှာ တလယ်လယ်နှင့် အချိန်ကုန်တတ်လှပါတယ်။

## သညာဝိညာဏ်နှင့် တဝဲလယ်လယ်

ပရမက် ရုပ်စစ် နာမ်စစ်တို့ကို ဝင်အောင် မကူးနိုင်သော အာနာပါန ယောဂါဝစရပုဂ္ဂိုလ်ရှင်တို့မှာ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပျက် အစရှိသော ဝိပဿနာလမ်းများကို မတက်လှမ်းနိုင်ကြပါ၊ အကယ်၍ တက်လှမ်းစေကာမူ သဘောတရားနှင့်လက်ကိုင်ထား၍ မတက်နိုင်ပါ၊ အစွဲတရားနဲ့ဘဲ တက်လှမ်းနေကြရာ အဘယ်မှာ အစစ်အမှန်ဟုတ်နိုင်ပါမလဲ။

သညာဝိညာဏ်အသိခေါ် ပညတ်ဝဲတွင် တလယ်လယ်နှင့်သာ နည်းအမျိုးမျိုးတို့ဖြင့် လှည့်လည်၍ ဝဲလယ်နေခြင်းမျိုးသာ ဖြစ်ပါတော့တယ်။ (အထူးသတိပြုသင့်လှပါတယ်။)

တတိယ စတုက္ကခေါ် နှလုံးအိမ် ရင်ချိုင့်တံခါးကြီး၌ ပညတ်နိမိတ်ဥပေါ်ပုံတို့နှင့်တကွ အရောင်အဆင်း အလင်းအကြည်ထွက်ပုံ ကျောက်နဂါးခေါ် အရောင်ဓာတ် ၄-ပါးပေါ်ပုံတို့ကို ဝေဘန်၍ ဉာဏ်မီးဓာတ်ကြီး ပေါ်ပုံ အလုံးစုံတို့ကို ရှေ့ပိုင်းက ဘော်ပြခဲ့ပါပြီ။

ဤဘော်ပြချက်အလုံးစုံတို့ကို ယောဂါဝစရပုဂ္ဂိုလ်များသည် ပညတ်နိမိတ် ပေါ်ပုံတို့ကို ရှေးဦးစွာ ဉာဏ်အမြင် ပိုင်နိုင်စေရပါမည်၊ သို့မှသာ ဤတတိယ စတုက္ကတံခါး၌ ရုပ်တရား နာမ်တရား ကူးသောအခါ အလွယ်တကူနှင့် ကူးနိုင်ပါလိမ့်မယ်၊

တတိယ တံခါး၌ ရုပ်-နာမ် ပေါ်ပုံ တို့သည် အလွန် သိမ်မွေ့ ပါတယ်။

ပညတ်အရိပ် နိမိတ် ပေါ်ပုံတို့ဟာလဲ အောက်တံခါးတို့ထက် သိမ်မွေ့လှပါတယ်၊ ဤသိမ်မွေ့လှတဲ့ ပညတ် နိမိတ် တို့မှ ပေါ်ထွက်လာရမည့် ရုပ်-နာမ်သည်လည်း သိမ်မွေ့သော ရုပ်-နာမ် ဖြစ်ရပါလိမ့်မယ်။

ဒါကြောင့် အာနာပါနဘာဝနာကို ပွားများတော်မူကြသော ယောဂါဝစရ ပုဂ္ဂိုလ်များသည် ဤ တတိယ စတုက္က တံခါး၏ ရုပ်တရား နာမ်တရား တို့ကို ထင်မြင်အောင် အထူး ကြိုးစား တော်မူကြစေလိုပါတယ်။

ကဲကဲ တတိယ စတုက္က တံခါးကို ဖွင့်ကြဦးစို့—

သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊
သဗ္ဗကာယ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

( မဟာသတိပဋ္ဌာန် ပါဠိတော် )

(အနက်) သဗ္ဗကာယ ပဋိသံဝေဒီ၊ အလုံးစုံ ထွက်သက် ဝင်သက် ၂-ပါးကို ထင်စွာပြုသည်ဖြစ်၍။ အဟံ၊ ငါသည်။ အဿသိဿာမိ၊ထွက်သက်ကိုဖြစ်စေအံ့ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။ ဝါ၊ လုလ္လပြု၏။

သဗ္ဗကာယ ပဋိသံဝေဒီ၊ အလုံးစုံ ထွက်သက် ဝင်သက် ၂-ပါးကို ထင်စွာပြုသည်ဖြစ်၍။ အဟံ၊ ငါသည်။ ပဿသိဿာမိ၊ ဝင်သက်ကိုဖြစ်စေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။ ဝါ လုလ္လပြု၏။

အဲဒီ မဟာသတိပဋ္ဌာန် ဒေသနာတော်မှာ ဟောကြားတော်မူတဲ့ အတိုင်း ဤ တတိယ စတုက္က တံခါးမှာ ရုပ်-နာမ် ပေါ်ပုံကို အာနာပါန ဘာဝနာကို အားထုတ်သော ပါရမီရှင်များ ဝေဘန် သိမ်းဆည်းနိုင်ရန် ထုတ်ဘော်၍ ပြပေအံ့။

## တတိယစတုက္က ရုပ်-နာမ်ပေါ်ပုံ

မနဉ္စ ဓမ္မေ စ ပဋိစ္စ ဥပၸဇ္ဇတိ မနောဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿ ပစ္စယာ ဝေဒနာ။
( သုတ္တန်နည်း ပဋိစ္စသမုပ္ပါဒ် )

ဤ တတိယ စတုက္က တံခါး၌ ရုပ်-နာမ် ပေါ်ပုံတို့ကို ဝေဘန်နိုင်ရန် ပြီးခဲ့သော တံခါးများ၌ ရုပ်-နာမ် ပေါ်ပုံတို့ကို တဖန် ပြန်လည်သုံးသပ်ကြစေလိုပါတယ်၊ပဌမတံခါးခေါ် နှတ်ခမ်းဖျား နှင့် နှာသီးဖျား စတုက္က၌ ပေါ်ခဲ့သော ရုပ်တရား နာမ်တရား တို့မှာ အာရုံ အာရမ္မဏိက ရုပ်တရား နာမ်တရား ဖြစ်ကြပါတယ်၊ အာရုံကား ရုပ်၊ အာရမ္မဏိက ကား နာမ်။

ဒုတိယ စတုက္က ခေါ် ငယ်ထိပ် ဦးခေါင်း တံခါး၌ကား အာရမ္မဏိက ရုပ် တရား နာမ် တရား ထွက်ပေါ်ခဲ့ပါတယ်၊ အာရမ္မဏိက အရ ပစ္စုပ္ပန်သညာ ၃-လုံး ပေါင်းစု ဖြစ်ပေါ်ခြင်း ပါဘဲ၊ ရုပ်-နာမ်အရ ဝေဘန်လိုက်သောအခါတွင် သညာ ၃-လုံး တို့၏ အညီအညွတ် တခုသော အာရုံကို ဆွဲကိုင်လိုက်ခြင်းကိုသာ ရုပ်တရားဟု ထုတ်ဘော်ခဲ့ပါတယ်။

နာမ်တရားအရကား သညာကလေး ၃-လုံး တို့ကိုဘဲ နာမ်တရားဟု ဝေဘန် သိမ်းဆည်း ခဲ့ပါတယ်၊ ဤသို့အားဖြင့် စတုက္က ၂-ပါးတို့၏ ရုပ်-နာမ် ပေါ်ပုံကို ပြန်လည် သုံးသပ် ဆင်ခြင်တော်မူပါ၊ သို့မှသာ ဤ တတိယ စတုက္က တံခါးမှာပေါ်မဲ့ ရုပ်-နာမ်ကို ထင်မြင်သဘောပိုင်ပါလိမ့်မယ်။

တတိယ စတုက္က တံခါးမှာကား အဘယ် ရုပ်- နာမ်မျိုး ပေါ်ထွက်မှာလဲ ကာလ ၃-ပါး ရုပ်-နာမ် ပေါ်ထွက်ပါလိမ့်မယ်၊ ကာလ ၃-ပါး ရုပ်-နာမ်ဆိုရင်ဘဲ ဝိပဿနာ အစ သမ္မသနဉာဏ် စခမ်းသို့ တက်လှမ်းနိုင်ပါပြီ၊ အောက် စတုက္က ရုပ်- နာမ် တို့ထက် သိမ်မွေ့သော ရုပ်-နာမ် လို့ ဆိုနိုင်ပါတယ်။

ကဲကဲ-ရုပ်-နာမ် ပေါ်ပုံကို ဖွင့်ကြဦးစို့ -

အာနာပါန ယောဂါဝစရပုဂ္ဂိုလ်ဟာ နှလုံးအိမ် ရင်ချိုင့် တံခါးသို့ အစဉ်အတိုင်း လုပ်ငန်းစဉ်ဖြင့် တက်ရောက်လာပြီ ဆိုပါတော့ တတိယ စတုက္က တံခါးကို ဖွင့်လိုသော် ရှေးဦးစွာ လေကြောင်း နိမိတ်ပေါ်အောင် လုလ္လပြုရပါတယ်၊လေကြောင်း နိမိတ်ပေါ်ပြီဆိုတော့မှလေကြောင်းနိမိတ်ကိုပင်လျှင်အစအလယ် အဆုံး ၃-ချက်ထင်အောင်ရှုရပါတယ်၊ဒါက တကယ့်လုပ်ငန်းစဉ် ပါဘဲ၊ လေကြောင်း နိမိတ်ကို အစ အလယ် အဆုံး သုံးချက် ထင်ပြီးနောက် အာနာပါန ယောဂါဝစရ ပုဂ္ဂိုလ် သည် လေကြောင်းနိမိတ်ကိုပင်လျှင် အရောင် အဆင်း အလင်း အကြည် အဲဒီ နိမိတ်ပေါ်အောင် တဖန် ထပ်ပြီး အကြိမ်ကြိမ် ပွားများ ဆင်ခြင်အားထုတ်ရပါတယ်။

အကြင်အခါမှာ ယောဂါဝစရပုဂ္ဂိုလ်သည် အားထုတ်ပွားများပါများသဖြင့် လေကြောင်းနိမိတ်မှ အရောင်ခတ်ထင်မြင်လာပါလိမ့်မယ်၊ နောက်ဆက်ခါဆက်ခါ အဆင်းခတ် အလင်းခတ် အကြည်ခတ်တို့သည် နောက်က ဖော်ပြခဲ့တဲ့အတိုင်း အလုံးစုံပေါ်ထွက် ကွန့်မြူးနေပါလျှင် ဒုတိယကဏ္ဍပြည့်စုံပြီဟု မှတ်ပါ။

အရောင် အဆင်း အလင်း အကြည်ထွက်ပြီးနောက် ဥသ္မမီးခတ်ထင်ပေါ်လာအောင် ရှုရပါဦးမည် အကြင်အခါမှာ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဥသ္မမီးခတ်ပေါ်ရန် အလွန်နီးကပ်လာပြီဆိုပါတော့ ထိုအခါမှာ ဖြူနီဝါရွှေခေါ်အရောင်ခတ် ကျောက်နဂါး ထွက်ပေါ်လာပါလိမ့်မယ်၊ ဒီအခါလောကီ ကျောက်နဂါးခတ်ထွက်ပြီဟုမှတ်ပါ။

လောကီကျောက်နဂါးခတ်ထွက်ပေါ်လျှင်လဲ ဥသ္မမီးခတ်ကို တွေ့ပြီလို့ ဆိုနိုင်ပါပြီ လောကုတ္တရာ ကျောက်နဂါးခတ်ကြတော့ ရှင်တော်မြတ်ဘုရား၏ ရောင်ခြည်တော်ခတ်အတိုင်းဘဲ၊ ဖြူ ညို နီ ဝါအရောင်ခတ်လေးပါး ထွက်ပေါ်ပါတယ်။

အဲဒီလောကုတ္တရာ ကျောက်နဂါးခတ်မှာကား အရိယာဖြစ်ပြီးသောပုဂ္ဂိုလ်များ အာနာပါနပွားများပါလျှင် ဤတတိယစတုက္ကတံခါးမှာ ပေါ်တတ်ပါတယ်၊ ဒါကြောင့် ခွဲခြား၍ထုတ်ဘော်ပြလိုက်ရခြင်းပါဘဲ။

အဲဒီကျောက်နဂါး အရောင်ခတ်၄ပါးပေါ်ထွက်လာလျှင် တတိယစတုက္ကတံခါးမှ ရုပ်တရား နာမ်တရား၂ပါးကို ကူးနိုင်

သွားပါပြီ သမထ လုပ်ငန်းစဉ်လဲ ကျောက်နဂါးအရောင်ခါတ် ပေါ်လျှင် ပြီးဆုံးသွားပါပြီ ရှေ့ကို ဝိပဿနာ ရုပ် နာမ်စခမ်း သို့ ကူးပြောင်းတော်မူနိုင်ကြပါပြီ။

အကယ်၍ မကူးဘဲ ထပ်ထပ်လုပ်နေသော်လဲ စျာန်တရားကို မတက်နိုင်ပါ၊ လောကီသမာဓိရင့်သန်ခြင်း အကျိုးတရားသာ ခံစားနိုင်ပါတော့တယ်၊ ဒါကြောင့် ပညာရှိ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ကျောက်နဂါးအရောင်ခါတ်ကနေ၍ ရုပ် နာမ် ကူးယူတော်မူကြပါ။

## ကျောက်နဂါးအရောင်နှင့် ရုပ် နာမ်

ဤတတိယ စတုတ္ထတံခါးပေါက်မှာ ရုပ်တရား နာမ်တရား အဘယ်သို့ကူးမလဲဟူသော ဝေဘန်ချက်ဆင်ခြင်ပြီးလျှင် ရုပ် နာမ် ကူးပုံမှာ ကျောက်နဂါး အရောင်ခါတ် ပေါ်ထွက်လာခြင်း၏ အကြောင်းရင်းကို ပညာနှင့် ဆင်ခြင်သုံးသပ်ရှာဖွေရပါမယ်။

ရုပ် နာမ်ကူးဆိုတဲ့ကိစ္စမှာ သညာသိ ဝိညာဏ်ခေါ် အသိမျိုး နှင့် စုံစမ်းရှာဖွေလို့ မရနိုင်ပါ၊ ပညာသိသဘောနှင့် ရှာဖွေမှသာ ရနိုင်ပါတယ်၊ ဘာကြောင့်လဲ ဤနေရာမှာ ဝိပဿနာသမ္မသန ဉာဏ်စခမ်းသို့ ဝင်နိုင်တဲ့ ရုပ်နာမ်မျိုးဖြစ်၍ ပညာသိသဘောနှင့် ရှာဖွေရမယ်လို့ ဆိုလိုပါတယ်။

## ပညာသိသဘောနှင့် ရှာဖွေပုံ

ဖြူနီဝါရွှေဟူသော ကျောက်နဂါးခေါ် အရောင်ခါတ် လေးပါးတို့သည် ငါ၏ ခန္ဓာကိုယ် အကြည်ဓာတ်ဖြပါး၌ ထင်မြင် ပေါ်လာကြရမှာ အဘယ်သဘာဝမှ ပေါ်ထွက်လာကြပါ

သနည်းဟု ထွက်ပေါ်ရာ အကြောင်းရင်းကို ဝေဘန်သိမ်းဆည်း ရပါမယ်၊ သို့မှသာသဘာဝအမှန်ကိုတွေ့၍ ပညာသိဝေဘန်ခြင်း လို့ခေါ်ဆိုနိုင်ပါတယ်။

ဥဿုမီးခာတ်သည် ငါ၏ ခန္ဓာကိုယ်နှလုံးအိမ်၌ အစဉ်တည်ရှိ နေပါတယ်၊အဲဒီမီးဓာတ်ဘယ်က ထွက်ပေါ်လာသလဲ မိမိရင်ချိုင့် နှလုံးအိမ်ကို နိမိတ်ပေါ်အောင် ဝါ အကြည်ဓာတ် ဖြပါး၌ ထင်မြင်လာအောင် အကြိမ်ကြိမ်ရှုရပါမယ်၊ နှလုံးအိမ်အကြည် ဓာတ်သည် ဥဿုမီးဓာတ်ရှိ၍ ကျောက်နဂါးအရောင်ထွက်ပေါ် လာသည်ကို ရှုမြင်လာလိမ့်မယ်။

အဘယ်သို့ထင်မြင်လာမလဲ ဥဿုမီးဓာတ်သည် နှလုံးအိမ် အကြည်ဓာတ်၌ တည်ရှိနေသော ကြေးမှုံပြင်ကဲ့သို့ နှလုံးသွေး သည် အထူးကြည်လင်လျက်ရှိပါတယ်၊နှလုံးအကြည်၌အဘယ်သို့ သော သဘာဝဓမ္မတို့သည် ပေါင်းဆုံသဖြင့် ကျောက်နဂါးခေါ် အရောင်၄ပါးပေါ်ထွက်လာပါသလဲဟု ပေါင်းစုသော သဘာဝ တို့ကို တွေ့အောင်ရှာဖွေရမယ်။

ဆိုရင်းမှာ ဥဿုမီးဓာတ်၏ တန်ခိုးကား နှလုံးသွေးကြည်လင် ခြင်းသဘောတရားသာ ဖြစ်နိုင်ပါတယ်၊ အရောင်ဓာတ် ၄ပါး ထွက်ပေါ်လာခြင်းကား နှလုံးသွေးအကြည်ဓာတ်၌ ဝါ ဥဿု မီးဓာတ်၌ သဘာဝ၄ပါး ပေါင်းစုခြင်းကြောင့် နှလုံးသွေးသည် ဝါ ဥဿုမီးဓာတ် အရောင်ဓာတ်၄ပါးကွန့်မြူးပေါ်ထွက်ခြင်းကို ကျောက်နဂါးမီးဓာတ်ထွက်ပေါ်တယ်လို့ပညတ်တင်ခြင်းပါဘဲ၊

လိုရင်း အစစ် တရားခံ မှာကား သဘာဝ ၄-ပါး တို့၏ ပေါင်းစုခြင်းသည် တရားခံ အစစ်ပါဘဲ၊ အဲဒီ သဘာဝ ၄-ပါးကို ထုတ်ဘော် စစ်ဆေ ပြီးလျှင် ရုပ်သဘော နာမ်သဘော ပေါ် ထွက်အောင် ပညာဖြင့် သဘာဝလေးပါးကို ဝေဘန်သိမ်းဆည်း ရပါမယ်၊ သို့မှသာ ရုပ်–နာမ်ကို ရှာလို့ တွေ့နိုင်ပါတယ်။

အထူး မှတ်သားရန်မှာ သခ်ီတ လောက တွင် မျက်စိမြင် နားကြားလောကမှာ ပေါ်ထွက်နေသမျှအလုံးစုံတို့ဟာ သဘာဝ နယ်မှာ သဘောတရား ပရမတ် ထောက်ခံ၍ ပေါ်ထွက်နေသည်ဟု အကျဉ်းအားဖြင့် မြင်အောင်ရှုပါ၊ ထောက်ခံတဲ့ သဘာဝကို ပညာ မျက်စိဖြင့်သာ မြင်စွမ်းနိုင်ပါတယ်၊ သညာ ဝိညာဏ် တို့နှင့်ကား မမြင်နိုင်ပါ၊ သညာ ဝိညာဏ် တို့ကား ပညတ်နယ်မှာ လက်မထောင်၍။ ဝါ၊ လူဟာစ်၍ ပေါ်ထွက်နေသော သဘော တရားကိုသာ မြင်စွမ်းနိုင်ပါတယ်။

ယခုလဲဘဲ ကျောက်နဂါးမီးရောင် ၄-ပါး ပေါ်ထွက်နေခြင်း သည် ပညတ်လောက၏ သညာ ဝိညာဏ်နယ် မည်၏၊ ပရမတ် လောကတွင် မည်သည့် သဘာဝ မှ ပေါ်ထွက်လာသနည်းဟု မြင်အောင် ဝေဘန် သိမ်းဆည်း နိုင်လျှင် ပညာသိစခမ်းသို့ ဆိုက် ရောက် နိုင်ပါလိမ့်မယ်။

ကျောက်နဂါး မီးခါတ် အရောင် ၄–ပါး ထွက်ပေါ်လာ ခြင်းကား သဘာဝ ၄-ပါးရှိလို့သာ ပေါ်ထွက်နိုင်ခြင်းဖြစ်ပါ တယ်။ သဘာဝ ၄–ပါးကို အောက်ပါ ဒေသနာတော်အတိုင်း ရှာဖွေစုံစမ်းပါ။

## ပေါ်ထွက်ရာသဘာဝ ၄-ပါး

(၁) မနောအကြည်၊ နှလုံးသွေးခေါ် ဟာဒယဝတ္ထုရုပ်ကို ခေါ်ဆိုပါတယ်။

(၂) ဓမ္မာရုံ၊ အတိတ် အနာဂတ် အာရုံ ၂-ပါးကို ဆိုလိုပါတယ်။

(၃) ဘဝင်စိတ်၊ ဝီထိစိတ် မဖြစ်မီ အစဉ်ဖြစ်ပေါ်နေသော စိတ်ကိုခေါ်ဆိုပါတယ်။

(၄) မနောဝိညာဏ်၊ သိမှုခေါ် ဝီထိစိတ် ဖြစ်ပေါ်လာခြင်းမျိုးကို ခေါ်ဆိုပါတယ်။

အဲဒီ သဘာဝ ၄-ပါးတို့သည် နှလုံးသွေး အကြည်ဓာတ်မှာ ပေါင်းဆုံကြခြင်းကြောင့် ကျောက်နဂါး မီးဓာတ်အရောင် လေးပါးတို့သည် ပညတ်နယ်လောကမှာ ထင်ထင်ရှားရှားပေါ်ထွက်နေသည်ဟု ဆိုလိုပါတယ်။

ယခုဘော်ပြလိုက်တဲ့ သဘာဝ ၄-ပါး ပေါင်းဆုံပုံကို အာနာပါန ဘာဝနာ ပွားများသော ပုဂ္ဂိုလ်များ ဝေဘန်နိုင်ရန် အနည်းငယ် ဘော်ပြလိုပါသေးတယ်။

၁။ မနောအကြည်ဆိုသည်မှာ နှလုံးသွေးခေါ် ဟာဒယဝတ္ထုရုပ်ကိုဘဲ ခေါ်ဆိုနိုင်ပါတယ်။ ၎င်းဟာဒယဝတ္ထုရုပ်သည် စိတ်စေတသိက်တို့၏မှီရာဖြစ်သောရုပ်ဖြစ်ပါတယ်။ ၎င်းသည်နှလုံးအိမ်ရင်ချိုင့်ခေါ်အရပ်၌ တလက်ဘက်ခုတ်မျှသော သွေးအိမ်သည် ရှိပါတယ်။ အဲဒီသွေးအိမ်ကိုဟာဒယဝတ္ထုရုပ်လို့ ခေါ်ပါတယ်။

အဲဒီ ဟဒယဝတ္ထုရုပ်ခေါ် နှလုံးသွေးအိမ်ကလဲ သဘာဝ ၄-ပါးတို့တွင် တခုအနေနှင့် ပါဝင်ရပါတယ်။ အဲဒီသွေးအိမ်ကို အခြေခံမူလထားပြီးလျှင် သဘာဝတွေ ပေါင်းဆုံကြပါတယ်။ ဒါကြောင့် နှလုံးသွေးကိုဘဲ ပေါင်းဆုံကြတဲ့သဘာဝတွေကို စွဲပြီးလျှင် ဒ္ဓမျိုးမျိုးအမည်မှည့်၍ ပိဋကတ်တော်မှာ နှလုံးသွေးကိုဘဲ စိတ်လို့လဲခေါ်ပါတယ်။ ဘဝင်အကြည်လို့လဲခေါ်တယ်။ နှလုံးအကြည် မနောပသာဒအကြည် ဟဒယဝတ္ထု စသည်ဖြင့် အမျိုးမျိုးမှည့်ခေါ်ကြပါတယ်။

၂။ ဓမ္မာရုံဆိုသည်မှာ အဘိဓမ္မာဒေသနာတော်၌ ဓမ္မာရုံကို ၆-မျိုး ပြတော်မူပါတယ်။ ဓမ္မာရုံ ၆ မျိုးဆိုသည်မှာ အောက်ပါ အတိုင်းပါဘဲ။

(၁) ပသာဒရုပ် ငါးပါးခေါ်အကြည်ဓာတ်ဓမ္မာရုံ။
(၂) သုခုမရုပ် ၁၆-ပါး ဓမ္မာရုံ။
(၃) စိတ်တခုယုတ် ၉၀-ဓမ္မာရုံ။
(၄) စေတသိက် ၅၂-ပါး ဓမ္မာရုံ။
(၅) နိဗ္ဗာန်ဟုဆိုအပ်သော ဓမ္မာရုံ။
(၆) ပညတ် ဓမ္မာရုံ။

ပသာဒရုပ်ငါးပါးဓမ္မာရုံဆိုသည်မှာ ရူပါရုံအဆင်းနှင့် မျက်စိအကြည် ၂-ပါးတို့ ပေါင်းဆုံလိုက်သောအခါ ရူပါရုံအဆင်းကား အတိုက်ဓာတ်သက်သက်ဖြစ်၏။ ၎င်းရူပါရုံမှ ရူပသညာခေါ် အတိတ်သဘောသညာသည် အကြည်ဓာတ်၌ ကိန်းလျက် စူးဝင်လျက်ကြွင်းကျန်ခဲ့လေသည်။ အဲဒီအတိတ်သဘောသညာကို အကြည်ဓာတ်မှတဆင့် မနောအကြည်သို့ ရောက်အောင်ပို့

ဆောင်ပေးရပါတယ်။ ဒါကြောင့် အာရုံ ၆-ပါး သညာကလေး တွေကို ပေးပို့ရသော ဗျာပါရရှိ၍ ပသာဒချုပ် ငါးပါးကို ဓမ္မာရုံ ထဲတွင် ထည့်သွင်းတော်မူခြင်းပါဘဲ။

ရူပသညာကိုသာ ပို့ရသည် မဟုတ်သေးပါ။ သူ့မှာလဲ ကိုယ်ပိုင်သညာတလုံးရှိပါတယ်။ အဲဒီသညာကား စက္ခုသညာ လို့ ပိဋကတ်တော်က မှည့်ခေါ်ပါတယ်၊ အဲဒီသညာက ရူပါရုံနှင့် မျက်စိအကြည့်နဲ့ ဆုံလိုက်တဲ့အခါမှာ အနာဂတ်သဘောတရား သို့ သက်ဝင်ရောက်သွားပါတယ်။ အဲဒီသညာကိုလဲ မနော အကြည်ဓာတ်သို့ ကြောပိုးပြီးပို့ရပါတယ်၊ အဆင်းသညာကိုလဲ ကြောပိုးပြီးပို့ရပါတယ်။

ဆိုလိုရင်းမှာ အတိတ်သညာ အနာဂတ် သညာကလေး ၂-လုံးကို ကြောပိုးပြီးလျှင် မနောအကြည်ဓာတ်သို့ ပေးပို့ရတဲ့ ဗျာပါရကြောင့် ပသာဒ ငါးလုံးကို ဓမ္မာရုံထဲတွင် ပါဝင်နေ ပါတယ်၊ ကာလ၃-ပါး ရုပ် နာမ်ဖေါ်တဲ့အခါကြတော့ ပသာဒ ရုပ် ငါးပါးက ကြောပိုး၍ ပို့ထားသော သညာကလေး ၂-လုံး ကို အတိတ်ကာလ အနာဂတ်ကာလလို့ ဖေါ်ထုတ်တော်မူ ပါတယ်။

ဤဘောပြချက်များဟာ အလွန်ဘဲ သိမ်မွေ့ပါတယ်၊ သမ္မ သန ဉာဏ်စခမ်းကို အပိုင်သိမ်းဆည်းနိုင်တဲ့ ယောဂါဝစရပုဂ္ဂိုလ် များကသာလျှင် ဟုတ်မှန်ကြောင်းကိုယ်တွေ့ဝန်ခံနိုင်ပါလိမ့်မယ်၊ အဲဒီသညာကလေး၂-လုံးကို မျက်ခြေမပြတ်စေပါနဲ့ တတိယ စတုက္ကနှလုံးအိမ်ရင်ချိုင့်တံခါးကို ဖွင့်တဲ့အခါ ရင်းတို့ကိုဆွဲထုတ် ပါလိမ့်မယ်။

ဘဝင်စိတ်ဆိုသည်မှာ ပဋိသန္ဓေနေခဲ့သော စိတ်ကိုဆိုလို ပါတယ်၊ အဲဒီစိတ်ဟာ ပဋိသန္ဓေကိစ္စတခုသာ ဆောင်ရွက်ခြင်း မဟုတ်ပါ။ ဝီထိစိတ်ခေါ်သိမှုတွေ ဖြစ်တိုင်းဖြစ်တိုင်း ၎င်းဘဝင် စိတ်က ပါဝင်၍ ကြားညှပ်ဖြစ်ရပါတယ်၊သူမှကြားဝင်၍ မညှပ် လျှင် ဝီထိစိတ်မဖြစ်နိုင်ပါ။

အဲဒီဘဝင်စိတ်ဟာ မြစ်ရေအယဉ်များစီးသကဲ့သို့ မနော အကြည်ဓာတ်မှာ အမြဲဖြစ်နေပါတယ်၊ အိပ်တဲ့အခါလဲ ဒီစိတ် နဲ့ဘဲ သတ္တဝါတွေ အိပ်ကြရပါတယ်၊ ဝီထိစိတ်ခေါ်သိမှုက ဘဝင်စိတ်အစဉ်မှဝင်၍ ဖြစ်ပေါ်ရပါသဖြင့် ဝီထိစိတ်ဖြစ်ရန် ဘဝင်စိတ်က ရပ်ပေးရပါတယ်၊ ဝီထိစိတ်ဖြစ်ပြီးလျှင်လဲ ဘဝင် စိတ်ဘဲ တဖန်ပြန်လည်၍ ဖြစ်ရပါတယ်။

ဒါကြောင့် မနောအကြည်၌ ပေါင်းဆုံကြတဲ့သဘာဝ ၄-ချက်တို့တွင် ဘဝင်စိတ်လဲတခုအပါအဝင်အနေနဲ့ ထည့်သွင်း ရပါတယ်၊ အဲဒီဘဝင်စိတ်ဟာ ယခုဖြစ်တဲ့ ပစ္စုပ္ပန်ဘဝမှာ ပဋိသန္ဓေစိတ်ဖြစ်ပြီးလျှင် ဘဝင်စိတ်ဆိုပြီး ဖြစ်လာသော်လည်း ပဋိသန္ဓေစိတ်ပါဘဲ၊ လုပ်ငန်းစဉ်ပြောင်းလို့ နာမည်ပြောင်းပေါ် တာပါ၊ မသေမခြင်း ဘဝင်စိတ်အမြဲဖြစ်နေရပါတယ်။

မနောဝိညာဏ် ဆိုသည်မှာ သိမှုသဘောတရားကိုဆိုလိုတယ်၊ နှလုံး အကြည်မှာ ပေါ်ကြတဲ့ သဘာဝ ၄-ပါး တို့တွင် မနော ဝိညာဏ်ဟာ ပြဋ္ဌာန်းသော ဝိညာဏ်ကြီး တခု ဖြစ်ပါတယ်၊ အဘိဓမ္မာနည်းအရ ဝေဘန်ပါလျှင် ဝီထိစိတ်အစဉ် တခုလုံးကို မနောဝိညာဏ်လို့ ခေါ်ဝေါ်ထားခြင်းပါဘဲ။

(ဥပမာ) ပဋ္ဌာန်းရဲ့ အတိမဟန္တာရုံ ဝီထိ ဖြစ်ပုံကား အတိတ ဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်းစက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်းသန္တီရဏ ဝုဋ္ဌောဇော ၇-ကြိမ် တဒါရုံ ၂-ကြိမ်စသည်ဖြင့် အတိမဟန္တာရုံဝီထိ ဖြစ်သော် ပဉ္စဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံး ရှိသော ဝီထိစိတ် အလုံးစုံကို မနောဝိညာဏ်လို့ ခေါ်ဝေါ်ခြင်း ပါဘဲ။

မနောဝိညာဏ်သည် ပြဋ္ဌာန်းသော ဝိညာဏ်ကြီး ဖြစ်၍ ၎င်း ဝိညာဏ်ကြီး ဖြစ်မှုသာလျှင် အာရုံကို ပညတ်နှင့် တကွ တင်၍ ဆုံးဖြတ်ပြီးလျှင် သိမှုကြီး ထွက်ပေါ် နိုင်ပါတယ်၊ အဲဒီ မနော ဝိညာဏ်သည် မနောအကြည်ဓာတ်မှာ ပေါ်သော အခါမှာလဲ ထင်ရှားပြီး ပေါ်တတ်ပါတယ်။

အာနာပါန ဘာဝနာကို ပွားများ အားထုတ်ကြသော ပုဂ္ဂိုလ် တို့သည် မိမိ၏ နှလုံးအကြည်ကို နိမိတ်ယူ၍ ကြည့်ရှု နိုင် ပါလျှင် မနောဝိညာဏ်ပေါ်ပုံ ထူးခြားချက်ကို ကိုယ်တွေ့ မြင်ရ ပါလိမ့်မယ်၊ မနောဝိညာဏ် ပေါ်တော့မည် ဆိုလျှင်ဘဲ နှလုံး အကြည်ဓာတ်ဟာ ငါးကြင်းများပွက်လိုက်သလို အထူးကြည်လင် လာပါတယ်။

ကြေးမုံပြင်များကဲ့သို့ နှလုံးအကြည်ဓာတ် ဖြစ်ပေါ်လာပါ တယ်၊ အကြည်ဓာတ် ဖြစ်ပြီးနောက် မရှေးမနှောင်း နှလုံးအိမ်မှ အရောင် တောက်လာပြီးလျှင် မနော ဝိညာဏ် ပေါ်ပါတယ်၊ ကုသိုလ်နှင့်ယှဉ်သော မနောဝိညာဏ်ဖြစ်လျှင် သာ၍ အရောင် တောက်ပြောင်ပါတယ်၊ အကုသိုလ် မနော ဝိညာဏ် ဖြစ်လျှင်

နှလုံးသွေးဟာ အကြည်ဓာတ် ပျောက်ပြီး နောက်ကျုသွား ပါတယ်။

ယခုဖော်ပြခဲ့သောစကားအစဉ်ဖြင့် နှလုံးအကြည်၌ သဘာဝ ၄-ပါး ပေါင်းဆုံညီညွတ် ပေါ်ထွက်ပုံကို ဝေဘန်ပြသဖြင့် အာနာပါန ဘာဝနာ အားထုတ်ကြသော ပုဂ္ဂိုလ်များ သိနိုင် လောက်ပါပြီ၊ အဲဒီ သဘာဝ ၄-ပါးမှ ကျောက်နဂါးမီးဓာတ် ထွက်ပေါ်ကွန့်မြူးနေခြင်းပါဘဲ။

အရောင်ဓာတ် လေးပါး ဖြစ်ပေါ်ခြင်းမှာကား မီးဓာတ် ၄-ပါးတို့သည် သဘာဝ လေးပါးမှ ထွက်ပေါ်၍ လာရခြင်း ကြောင့် မီးဓာတ်၏ အရောင်အတိုင်း လေးပါးဖြာပေါ်နေခြင်း ဟု ဆိုနိုင်ပါတယ်။

တတိယစတုက္ကခေါ် နှလုံးအိမ်ရင်ချိုင့် တံခါး၌ ရုပ်တရား နာမ်တရား ၂-ပါးကို ကူးသော် ယခုဖေါ်ပြတဲ့ သဘာဝ ၄-ပါး နေပြီးလျှင် ရုပ်နာမ်ကိုကူးနိုင်ပါတယ်။ သဘာဝ ၄-ပါးဟာ နှလုံးအိမ်ရင်ချိုင့် တံခါးမှာ လိုရင်းအစစ်တရားခံပါဘဲ။

အဲဒီသဘာဝ ၄-ပါးရှိလို့ ပညတ်နိမိတ်အမျိုးမျိုးတွေ ပေါ် ထွက်နေခြင်းပါဘဲ။ သဘာဝ ၄ ပါးတို့၏ ပေါင်းဆုံနေခြင်းကို မြင်အောင်ရှုနိုင်လျှင် ရုပ်တရား နာမ်တရား ၂–ပါးကို ကူးလို့ ရနိုင်ပါတယ်။ ရှင်တော်မြတ်ဘုရားက သဘာဝ ၄–ပါးတို့၏ ပေါင်းဆုံခြင်းကို အောက်ပါအတိုင်းဟောကြားတော်မူပါတယ်။

မနဉ္စ ဓမ္မေ စ ပဋိစ္စ ဉပ္ပဇ္ဇတိ မနောဝိညာဏံ
တိဏ္ဏံ သင်္ဂတိဖဿော ဖဿပစ္စယာ ဝေဒနာ။

(အနက်) မနဉ္စ မနောပသာဒ အကြည်ဓာတ်ကိုငင်း ဓမ္မေ စ ဓမ္မာရုံကိုငင်း ပဋိစ္စစွဲ၍ မနောဝိညာဏံ သိမှုသည် ဉပ္ပဇ္ဇတိဖြစ်ပေါ်ရှိလာ၏၊ တိဏ္ဏံ သုံးပါးတို့၏ သင်္ဂတိ ပေါင်းစုခြင်းသည် ဖဿော ဖဿမည်၏ ဖဿပစ္စယာ ဖဿဟူသော အကြောင်းကြောင့် ဝေဒနာ-ဝေဒနာသည် သမ္ဘဝတိ ဖြစ်ပေါ်လာ၏။

ဤသို့အားဖြင့် သုတ္တန်ပိဋကတ်တော်၌ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသည့်အတိုင်း သဘာဝ ၄-ပါးတို့၏ ပေါင်းဆုံပုံ ပဋိစ္စသမုပ္ပါဒ်ဖြစ်ပေါ်ပုံတို့ကို ဝေဘန်သိမ်းဆည်း၍ ရုပ်နာမ် ထွက်ပေါ်ပုံကို ဝေဘန်သိမ်းဆည်းနိုင်ပါတယ်။

(မှတ်ချက်) ဒေသနာတော်၌ကား သဘာဝ ၃-ပါးကိုသာ ထုတ်ဘော်ပြလိုသော် လည်း အဘိဓမ္မာ ဒေသနာတော် အရ ဘဝင်စိတ် ကို ထည့်၍ ၄-ပါးထုတ်ဘော်ပြသည်ဟု မှတ်တော်မူပါ။

အဲဒီသဘာဝ ပေါင်းဆုံခြင်းတို့ကို ရုပ်တရား နာမ်တရားအရ ဝေဘန်သိမ်းဆည်းသော် မနောအကြည်နှင့်ဓမ္မာရုံတို့၏ပေါင်းဆုံခြင်းသည် အတိတ် အနာဂတ် ၂-ပါးတို့၏ ပေါင်းဆုံခြင်းပင် ဖြစ်ပါတယ်၊ ဘာကြောင့်ပါလဲ စက္ခုနှင့် ရူပါရုံ ၂-ပါးပေါင်းဆုံ

စဉ်က ဖြစ်ပေါ်လာကြသော အဆင်းသညာ အကြည်သညာ ၂-ပါးတို့သည် မနောအကြည်ခေတ်တွင် ဓမ္မာရုံအနေနှင့် ဝင်ရသောကြောင့် မနောအကြည်နှင့် ဓမ္မာရုံ ၂-ပါးပေါင်းဆုံခြင်းသည်လည်း ၎င်းသညာ ၂-ပါးထွက်ပေါ်ခြင်းကို ဝေဘန်သိမ်းဆည်းရပါတယ်၊ ဒါကြောင့် အဆင်းသညာနှင့် အကြည်သညာ ၂-ပါးတို့သည် မနောအကြည်ခေတ်၌ အတိတ်ကာလ အနာဂတ်ကာလ ၂-ပါး အနေနှင့် ပေါ်ထွက်ခြင်းကိုပင်လျှင် ရှင်တော်မြတ်ဘုရားက မနဉ္စ ဓမ္မေ စ ပဋိစ္စ ဟူ၍ ဟောကြားတော်မူခြင်းကို ဝေဘန် သိမ်းဆည်းတော်မူပါ၊ ဆိုလိုရင်းမှာ မနောအကြည်၌ ပေါ်ကြသော သဘာဝများသည်ကား ပဉ္စာရုံမှာ ထင်ပြီးသော သဘာဝများကိုသာ ခံစားခြင်းသဘောတရား ရှိပါတယ်၊ တကြိမ် ခံစားဘူးတဲ့ အာရုံကိုလဲ မနောအကြည်မှာ အကြိမ်ကြိမ်ခံစားလို့ ရနိုင်ပါတယ်။

အကြိမ်ကြိမ်ခံစားလို့ ရနိုင်ခြင်းသည် ပဉ္စာရုံတို့၏အာရုံသည် မနော အကြည် ၌ သညာ အမှတ်ကလေး ရှိနေခြင်းကြောင့်သာ အစဉ် ခံစားလို့ ရနိုင်ပါတယ်၊ အကြည်ခေတ် ငါးပါးတို့ကလဲ အာရုံငါးပါးနှင့်ပေါင်းဆုံပြီးလျှင် သညာအမှတ် ဖြစ်ပေါ်ရခြင်းကိစ္စမျှသာ ရှိပါတယ်၊ ခံစားတဲ့အခါမှာ မနောအကြည်ခေတ်မှာ ရှိတဲ့ ဝိညာဏ်ကြီးသာ အစိုးတရပိုင်နိုင်အောင်ခံစားနိုင်ပါတယ်။

ဒါကြောင့် ပညာနှင့်သဘာဝကို ဝေဘန် သိမ်းဆည်းလိုက်တဲ့ အခါ အဆင်းသညာနှင့် အကြည်သညာ ၂-ပါးတို့သည် မနော အကြည်ခေတ်၌ အတိတ်ကာလ အနာဂတ်ကာလ အနေနှင့် ပေါ်ထွက်လာခြင်းကို ရှင်တော်မြတ်ဘုရား က မနဉ္စ ဓမ္မေ စ လို့ ဟောကြားတော်မူခြင်းပါဘဲ။

(၁၃)

## ပစ္စုပ္ပန်ကာလ အာဘယ် သူလဲ

ဥပ္ပဇ္ဇတိ မနောဝိညာဏ်လို့ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသောကြောင့် အတိတ်ကာလ အနာဂတ်ကာလ ၂-ပါးတို့၏ ပေါင်းဆုံ ညီညွတ်ခြင်းကို ရခဲ့သော် မနောဝိညာဏ်သည် ပေါ်ထွက်မြဲ ဓမ္မတာပါဘဲ၊ မနောဝိညာဏ် ပေါ်ထွက်လျှင်လဲ ဘဝင်စိတ် ခံပြီးလျှင် ပေါ်ထွက်ရပါသဖြင့် ပစ္စုပ္ပန်ကာလအရ ဘဝင်စိတ်နှင့် မနောဝိညာဏ်တို့ ကောက်ယူနိုင်ပါတယ်။

အတိတ်ကာလ နှင့် အနာဂတ်ကာလ ၂-ပါး ပေါင်းလျှင် ပစ္စုပ္ပန်ကာလ တခု ပေါ်ထွက်မြဲ ဓမ္မတာ ဖြစ်ပါတယ်၊ ၎င်းတို့ကို ဝေဘန်လျှင် အတိတ်ကာလကား ဖြစ်ပြီးသဘောတရားကို ဆိုလိုပါတယ်၊ အနာဂတ်ကာလကား မဖြစ်သေး ဖြစ်လတ္တံ့ သဘောတရားကို ခေါ်ဆိုပါတယ်၊ ပစ္စုပ္ပန်ကာလကား ဖြစ်ဆဲ သဘောတရားကို ခေါ်ဆိုပါတယ်။

အဆင်း သညာ သည်ကား အကြည်ဓာတ်နှင့် ပေါင်းဆုံပြီးနောက် သူ၏ ကိစ္စ ပြီးစီးသဖြင့် ဖြစ်ပြီး သဘောထဲမှာ ကြရောက်နေပါတယ်၊နောင်အခါ မနောအကြည်က ခံစားသော်လဲ အဆင်းသဘောဟာရုပ်သဘောဖြစ်၍မလိုက်နိုင်ပါ၊သညာကလေးကိုသာ ပေးခဲ့ရပါတယ်၊ သညာကလေးကား အတိတ်သဘော အနေနဲ့ မနောအကြည်မှာ ပေါ်ရပါတယ်၊ ဒါကြောင့် ကာလ ၃-ပါးဖွဲ့တဲ့အခါ အတိတ်ကာလမှာ ဝေဘန်သိမ်းဆည်းကြပါတယ်။

အကြည်ဓာတ်သညာသည် သူ၏ ကိစ္စ ရူပါရုံနှင့် ပေါင်းဆုံ ရုံနှင့် မပြီးနိုင်သေးပါ၊ မနောအကြည်ဓာတ်နှင့် တိုက်ရိုက်ဝင်နိုင် သော ဗျာပါရသည် အကြည်ဓာတ်မှာ ရှိနေပါတယ်၊ မနော အကြည်ဓာတ်သို့ဝင်ရန်ကိစ္စ ကြွင်းကျန်နေသောကြောင့်အကြည် ဓာတ်သညာကို အနာဂတ်ကာလတွင် ဝေဘန်သိမ်းဆည်းနိုင် ပါတယ်။

(မှတ်ချက်) မျက်စိအကြည်စသော အကြည်ဓာတ်၆-ပါး တို့သည် အဇ္ဈတ္တိကာယတခု ဖြစ်၍ အချင်းချင်း ဆက်စပ် ကျေးဇူးပြုလျက်နေကြပါတယ်။

ပစ္စုပ္ပန်ကာလအရမှာ ဘဝင်စိတ်နှင့် မနောဝိညာဏ်စိတ် ၂-ပါးကိုဘဲ ကောက်ယူနိုင်ပါတယ်၊ ဒီတော့ သဘာဝ ၄-ပါးကို ကာလ ၃-ပါးရုပ်နာမ်ခွဲလိုက်သောအခါ ၃-မျိုးထွက်ပေါ်လာ ပါတယ်၊ အတိတ်ကာလ ရုပ် နာမ် အနာဂတ်ကာလ ရုပ် နာမ် ပစ္စုပ္ပန်ကာလ ရုပ် နာမ်ဟူ၍ ၃-မျိုးထွက်ပေါ်လာပါတယ်။

သဘာဝကို ကောက်ယူဝေဘန်လျှင် ရူပသညာခေါ် အဆင်း ကလေးသည် အတိတ်ကာလ ရုပ် နာမ်၏ စက္ခုအကြည် သညာ ၅-လုံးသည် အနာဂတ်ကာလ ရုပ် နာမ်၏ ဘဝင်စိတ် မနော ဝိညာဏ်တို့သည် ပစ္စုပ္ပန်ကာလမည်၏။

ဤသို့အားဖြင့် ကာလ၃-ပါးရုပ် နာမ်တို့၏ နေပုံကို ရှေးဦးစွာ ဉာဏ်အမြင် ပိုင်နိုင်စေရမည်၊ သမ္မသန ဉာဏ်စခမ်းသည်ကား ကာလ၃-ပါး ရုပ် နာမ်ကို ပယ်သတ်သော လုပ်ငန်းစဉ်ဖြစ်၍

အာနာပါန ဘာဝနာပွားကြသော ပုဂ္ဂိုလ်များ ကာလ ၃-ပါး တည်နေပုံကို သဘောပေါက်ရန် အလွန်အရေးကြီးပါတယ်။

ယောဂါဝစရပုဂ္ဂိုလ်များသည် ရှေးဦးစွာ ကာလ၃-ပါး၏ ပိုင်းပုံကို ဉာဏ်အမြင်ပိုင်ရန် အရေးကြီးပါတယ်၊ ဒုတိယကာလ အတွင်း၌ ရှိကြသော ရုပ်တရား နာမ်တရားတို့၏ တည်နေပုံကို နားလည်ရန်လဲ လိုပါတယ်၊ ရှင်တော်မြတ်ဘုရားက ဒနိစ္စ လက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာတို့ကို ဟောကြားရာ၌ ကာလ၃-ပါး၏အတွင်းမှာရှိသော ရုပ်နာမ်တရားတို့ကိုဟောကြား တော်မူသောကြောင့် ကာလ၃-ပါး ခွဲခြားပြီးလျှင် ရုပ်တရား နာမ်တရားတို့ကို သိမ်းဆည်းရပေလိမ့်မယ်။

တနည်းအားဖြင့် ကာလ၃-ပါး ရုပ် နာမ်နေပုံကို ပေါ်လွင် ထင်ရှားအောင် ဘော်ပြလိုပါသေးတယ်၊ သို့မှသာအမျိုးသို့တွေ နားလည်သွားပါလိမ့်မယ်။

(ဥပမာ)။ ။ကျောင်းကန်ဘုရားသို့သွားလိုသောယောကျ်ား သည် မိမိနေအိမ်မှ ရှေးဦးစွာထွက်လာကတဲက လှမ်းလာသော ခြေလှမ်းတို့သည် ထောင်ပေါင်း ရာပေါင်းများစွာဖြင့် လှမ်းလာ ခဲ့ရာ ဘုရားပုရဝုဏ်ဘိနပ်ချွတ်သို့ ရောက်သည်နှင့် တပြိုင်နက် ဘိနပ်ချွတ်ရပါတယ်။

ထိုယောကျ်ားသည် ဘိနပ်ချွတ်၍ ခြေစုံရပ်လျက်ရောက်ပြီ ဟူသော အမှတ်ပြုလိုက်သည်နှင့်တပြိုင်နက် ပစ္စုပ္ပန်ကာလ ထွက် ပေါ်လာပါတယ်၊အဲဒီပစ္စုပ္ပန်ကာလသည် သူ့အလိုလိုထွက်ပေါ်

လာပါသလား၊ အမျိုးသမီးများ စဉ်းစားဝေဘန်ပါ၊ ပစ္စုပ္ပန်ကာလသည် အဘယ်မှာလျှင် အလိုလိုထွက်ပေါ်လာနိုင်ပါမလဲ၊ အိမ်က ထွက်လာခဲ့တဲ့အခါ လှမ်းလာသော ခြေလှမ်းတို့ကား လှမ်းပြီးဖြစ်၍အတိတ်ကာလ မည်ပါတယ်၊ရောက်ပြီဆိုတဲ့ခြေလှမ်းက လှမ်းဆဲဖြစ်၍ ပစ္စုပ္ပန်ကာလ ဆိုနိုင်ပါတယ်။

ဤသို့အားဖြင့် အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလဆက်စပ်ပေါ်ထွက်နေပုံကို ရှေးဦးစွာ ဉာဏ်အမြင်စင်ကြယ်အောင်ရှုပါ၊ အနာဂတ်ကာလ ထွက်ပေါ်ပုံကို ပြောပြပါဦးမယ်၊ အဲဒီယောကျ်ားဟာ ရောက်ပြီဆိုရုံနဲ့ မပြီးသေးပါ၊ ဘုရားသွားလျှင် ဘုရားယင်ပြင် ပေါ် ဘုရား မျက်မှောက်သို့ ရောက်အောင် သွားရပါလိမ့်မယ်။

ဘုရားရောက်အောင် သွားရမယ့် ခြေလှမ်းတွေဟာ လှမ်းပြီးလဲမဟုတ်ပါ၊ လှမ်းဆဲပစ္စုပ္ပန်လဲမဟုတ်ပါ၊ မလှမ်းရသေးတဲ့ အတွက် လှမ်းလတ္တံ့ခေါ် အနာဂတ်ကာလ ခြေလှမ်းတွေ ထွက်ပေါ် မလာပေဘူးလား၊ အဲဒီထွက်လာတဲ့ အနာဂတ် ခြေလှမ်းတွေဟာ ရောက်ပြီလို့ ပြောလိုက်တဲ့ ပစ္စုပ္ပန်ကဘဲ ထွက်တယ်မဟုတ်လား။

အဲဒီဉပမာလိုဘဲ အတိတ်ကာလ အနာဂတ်ကာလ ပစ္စုပ္ပန်ကာလတို့ဟာ တဦးကိုတဦးကစွဲ၍ ထောက်၍ ဖြစ်ပေါ်လာကြသော သဘောတရားများဖြစ်သောကြောင့် ယခုလဲဘဲ အတိတ်သညာ အနာဂတ်သညာ ၂-ပါးထွက်ပေါ်လျှင် ပစ္စုပ္ပန်

ခေါ် ကာလဟာလဲဘဲ သဘာဝအတိုင်း ထွက်ပေါ်လာပါသဖြင့် ဤသဘာဝ ၄-ချက်ကို ဝေဘန် သိမ်းဆည်းပါလျှင် ကာလ ၃-ပါးအနေဖြင့် ဆက်စပ်ပေါင်းစု ဖြစ်ပေါ်နေခြင်းကို ယောဂါဝစရ ပုဂ္ဂိုလ်များ ဉာဏ်အမြင် ထင်လင်းနိုင်စေရပါမယ်။

## ကာလ ၃-ပါး ဖွဲ့စည်းခြင်းသဘော

ကာလသုံးပါး ဖွဲ့စည်းရာ၌ သဘောတရား ၂-မျိုးရှိပါတယ်၊ အတိတ်ကာလ အနာဂတ် ကာလ ၂-ပါး ပေါင်းစည်းမှုကို အခြေခံထားပြီးလျှင် ပစ္စုပ္ပန်ကာလ ထွက်ပေါ် လာခြင်းလဲရှိ၏၊ ပစ္စုပ္ပန်ကာလ မှလဲ အတိတ်ကာလ အနာဂတ်ကာလ ၂-ပါး ပေါ်ထွက်လာခြင်းလဲ ရှိပါတယ်၊ ဤသို့ ၂-မျိုး ထွက်ပေါ် နေခြင်းမှာ သဘာဝခြင်း ကွဲပြားလျက် ရှိနေပါတယ်။

အတိတ်ကာလနှင့် အနာဂတ်ကာလ ပေါင်းသဖြင့် ထွက်ပေါ်လာသော ပစ္စုပ္ပန်ခေါ်ကာလ၃-ပါးသည်ကား ရုပ်တရားကို အဦးပြု၍ ပေါင်းကြသော ကာလ ၃-ပါးမျိုးဟု မှတ်ပါ၊အဘယ်ကြောင့်ပါလဲ ရုပ်ပါရုံခေါ် အဆင်း သဘောကို မူထားပြီးလျှင် ရုပ်တရားကို အတိတ်ကာလ ထား၍ နာမ်တရားကို အနာဂတ် ထားပြီးလျှင် ပစ္စုပ္ပန်ကာလကို ရုပ်-နာမ် ၂-ပါးထား၍ ပေါင်းကြသော ကာလ ၃-မျိုးဟု မှတ်ပါ။

ပစ္စုပ္ပန်ကာလကို မူထား၍ အတိတ်ကာလ အနာဂတ်ကာလ ပေါ်ထွက်ကြသော ကာလ ၃-ပါးမျိုးကား ရုပ်-နာမ် ၂-ပါးကို မူထား၍ပေါင်းကြသော ကာလ ၃-ပါးမျိုးဟူ၍ မှတ်နိုင်ပါ၏။

တနည်း ပညတ်သဘောကိုမှူထား၍ ပေါင်းကြသော ကာလ ၃-ပါး မျိုးကို အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူ၍ အတိတ်ကို ပြဋ္ဌာန်းပြီး ပေါင်းသော ကာလ ၃-ပါး ဖြစ်ပါတယ်၊ ပရမတ်သဘောကို မှူထားပြီးလျှင် ပေါင်းကြသော ကာလ ၃-ပါး မျိုးကား ပစ္စုပ္ပန်ကို ပြဋ္ဌာန်း၍ ပေါင်းကြသော ကာလ ၃-ပါး ဖြစ်ပါတယ်။

ကာလ ၃-ပါး ပေါင်းခြင်း၌ ပြဋ္ဌာန်းမှု အပေါ်ကို လိုက်၍ ပေါင်းကြခြင်းကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန် ဟူ၍ရင်း၊ ပစ္စုပ္ပန် အတိတ် အနာဂတ် ဟူ၍ရင်း အပြန်အလှန် ဖြစ်နေရပါတယ်။

ဆိုလိုရင်းမှာကား ပညတ်တရားကို ပြဋ္ဌာန်း၍ ပေါင်းခြင်း ပရမတ်တရားကို ပြဋ္ဌာန်း၍ ပေါင်းခြင်း၊ ရုပ်ကို ပြဋ္ဌာန်း၍ ပေါင်းခြင်း၊ နာမ်ကို ပြဋ္ဌာန်း၍ ပေါင်းခြင်းတို့ကြောင့် ကာလ ၃-ပါး ပေါင်းခြင်းသည် ၂-မျိုး ၂-စား ဖြစ်နေရပါတယ်။

ဤဘောပြချက်တို့ဖြင့် သဘာဝ ၄-ပါးမှ ကာလ ၃-ပါး ရုပ် နာမ် ပေါ်ထွက်လာပုံကို ဝေဘန်ပြသဖြင့် အာနာပါန ယောဂါဝစရပုဂ္ဂိုလ်များ ဝေဘန်နိုင်လောက်ပါပြီ၊ လက္ခဏာ ယာဉ်၃-ပါးသို့တင်၍ ပယ်ပုံတို့ကိုသာ ဘောပြပါအံ့။

ရူပံအတီတာနာဂတ ပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန
ဒုက္ခံ ဘယဋ္ဌေန အနတ္တံ အသာရကဋ္ဌေန။

(အနက်) အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော။ ရူပံ၊ ရုပ်တရားသည်။ ခယဋ္ဌေန၊ ကုန်တတ်သော အနက်ကြောင့်၊ အနိစ္စံ အနိစ္စ

မည်၏။ ဘယဋ္ဌေန ဘေးဟူသော၊ အနက်ကြောင့် ဒုက္ခံ ဒုက္ခမည်၏။ အသာရကဋ္ဌေန အနှစ်အသား မရှိခြင်းအနက်ကြောင့် အနတ္တံ အနတ္တမည်၏။

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ် ၃-ပါးတို့ဖြင့် ကာလ ၃-ပါး ရုပ်နာမ်ကို ပယ်သတ်ရပေလိမ့်မည်။

## ကာလ ၃-ပါး ရုပ် နာမ်ပယ်သတ်ပုံ

ရုပ်အရကို သမ္မုတိဟု နခေါ် အဆိုင်အခဲဖြစ်နေသော ရုပ်တရားမျိုး ကိစ္စယနခေါ် မာမှု ပူမှု အေးမှုဖွဲ့စီးမှု ယိုစီးမှုဖြစ်နေသော ရုပ်တရားမျိုးကို မဝေဘန် မကောက်ယူပါနဲ့, ဤသဘောတရားခေါ် ရုပ်မျိုးကား အောက်ဖြစ်သော နာမရူပ ပရိစ္ဆေဒဥာဏ် စခန်းတွင် တင်သွင်းခဲ့သော ရုပ်တရားမျိုးဖြစ်ပါတယ်။

ယခုတင်သွင်းရမဲ့ဉာဏ်က သမ္မသနဉာဏ်ခေါ် ဝိပဿနာ၏ အစဉာဏ်ဖြစ်ပါ၍ ဤဉာဏ်သို့သွင်း၍ ဝင်အောင် ရုပ်အရကို သဘာဝ ၄-ပါးတို့၏ ဆက်စပ်ခြင်းခေါ် သန္တတိ ရုပ် နာမ်သဘော တရားကိုသာ သွင်းလို့ဝင်နိုင်ပါတယ်၊ ဒါကြောင့် သန္တတိ ရုပ်သဘော နာမ်သဘောနေပုံကို ရှေးဦးစွာ သဘာဝဉာဏ် ပိုင်အောင်ဝေဘန်သိမ်းဆည်းပါ။

## သန္တတိကို တွေ့အောင်ရှာပါ

သန္တတိဆိုသည်မှာ ဆက်စပ်ခြင်း သဘောတရားကို ဆိုလိုပါတယ်၊ ဆက်စပ်ခြင်းအရ ဝေဘန်ပြန်သော် ဆက်စပ်ခြင်းသည် ၃-မျိုး ပေါ်ထွက်လာပါတယ်။

(၁) ရုပ်သန္တတိ၊ ရုပ်တရားတို့၏ အချင်းချင်း ဆက်စပ်ခြင်း။

(၂) နာမ်သန္တတိ၊ နာမ်တရားတို့၏အချင်းချင်း ဆက်စပ်ခြင်း။

(၃) ရုပ်·နာမ်သန္တတိ၊ ရုပ်နှင့် နာမ် ဆက်စပ်ခြင်း။

သန္တတိ သဘောတရားကို ဝေဘန်သောအခါ အထက်တွင် ဖော်ပြတဲ့အတိုင်း ဆက်စပ်ခြင်း ၃-မျိုး၃-စား ထွက်လာပါတယ်၊ ရုပ်သန္တတိ ဆိုသည်မှာ စက္ခုပသာဒခေါ် အကြည် နှင့် ရူပါရုံ အဆင်းဓာတ် ၂-ပါးတို့၏ ဆက်စပ်ခြင်းသည် ရုပ်သန္တတိမည်၏၊ ရူပါရုံအဆင်းကလဲ အဘိဓမ္မာနည်းအရ အပြင်ရုပ်မည်ပါတယ်၊ စက္ခုပသာဒခေါ် အကြည်ဓာတ်ကလဲ အတွင်းမှာရှိသော ရုပ်သဘော မည်ပါတယ်၊ အဲဒီ အတွင်းနှင့်အပြင် ရုပ်သဘောတို့၏ အချင်းချင်း ဆက်စပ်ခြင်းသည် ရုပ်သန္တတိလို့ ဆိုနိုင်ပါတယ်။

နာမ်သန္တတိ ဆိုသည်မှာ စက္ခုဝိညာဏ်နှင့် မနောဝိညာဏ် ၂-ပါးတို့၏ဆက်စပ်ခြင်းကို နာမ်သန္တတိလို့ခေါ်ဆိုနိုင်ပါတယ်၊ စက္ခုဝိညာဏ်ကား ပဥ္စဝိညာဏ် နာမ်ဓာတ် ဖြစ်ပါတယ်၊ မနော ဝိညာဏ်ကား မနောဝိညာဏဓာတ် ဖြစ်ပါတယ်၊ ထို၂-ပါးတို့၏ ဆက်စပ်ခြင်းကို နာမ်သန္တတိ လို့ ခေါ်ဆိုနိုင်ပါတယ်။

ရုပ် နာမ် သန္တတိဆိုသည်မှာ အဆင်း အကြည် အမြင် အသိ ဤလေးပါးတို့၏ အချင်းချင်း ပေါင်းဆုံ ဆက်စပ်ခြင်းသည် ရုပ် သန္တတိလို့ ခေါ်ဆိုနိုင်ပါတယ်၊ ဤနည်းအတူ မနောအကြည်နှင့်

ပဿာဒရုပ် ဓမ္မာရုံ တို့၏ ဆက်စပ်ခြင်း တို့ကိုလဲ အထက်တွင် ဖော်ပြတဲ့နည်းကို အစဉ်မှီးပြု၍ ရုပ်သန္တတိ နေရာမှာသွင်းပါ။

ဘဝင်စိတ်နှင့် ဝီထိစိတ်တို့၏ ဆက်စပ်ခြင်းကို နာမ်သန္တတိလို့ ခေါ်ဆိုနိုင်ပါတယ်၊ သဘောတရား ၄-ချက် တို့၏ ပေါင်းဆုံ ဆက်စပ်ခြင်းကို ရုပ်-နာမ် သန္တတိ ၌ သွင်းယူပါ၊ ရှေးဦးစွာ သန္တတိ ဆက်စပ်ပုံကို ဝေဘန်သိမ်းဆည်းနိုင်ရပါမည်။

ဤ အာနာပါန ဘာဝနာ ကို ပွားများတော်မူကြသော ယောဂါဝစရပုဂ္ဂိုလ်များအတွက် ရှေးဦးစွာသိသင့်သိထိုက်သော ရုပ်အရ ရုပ်သဘော နေပုံကို ဉာဏ်အမြင်ပိုင်အောင် သဘာဝ ၄-ပါးတို့၏ ဆက်စပ်နေပုံကို အကျဉ်းမျှ ဖော်ထုတ်၍ တင်ဆက်လိုက်ပါတယ် ဤကား အဘိဓမ္မာနည်း သန္တတိဆက်စပ်ပုံ။

## ဝိပဿနာနှင့် သန္တတိ ဆက်စပ်ပုံ

ဝိပဿနာနည်း ဆိုသည်မှာ သုတ္တန်နည်းကို အခြေခံထား၍ ရှုမှတ် ပွားများ ရပါသဖြင့် " ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ " ဟု ဟောတော်မူအပ်သော နည်းသည် သုတ္တန်နည်း ခေါ်ဆိုနိုင်ပါတယ်၊ အဲဒီ နည်းအရ သန္တတိ ဆက်စပ်ပုံကို ထုတ်ဖော်၍ တင်ဆက် ပြပါဦးမယ်၊ သို့မှသာ ယောဂါဝစရပုဂ္ဂိုလ် များ ဉာဏ်အမြင် ထင်ရှားသည်ထက် ထင်ရှားလာပါလိမ့်မယ်။

မနောအကြည်နှင့် ဓမ္မာရုံ ၂-ပါးတို့၏ ဆက်စပ်ခြင်းသည် အတိတ်ကာလ အနာဂတ်ကာလ သန္တတိမည်ပါတယ်၊ ဆက်စပ်ပုံမှာ အတိတ်ကာလဆိုသည်မှာဖြစ်ပြီးသောကာလကိုဆိုပါတယ်၊

အနာဂတ်ကာလ ဆိုသည်မှာ မဖြစ်သေးသော ကာလ ဝါ ဖြစ်လတ္တံ့သော ကာလကို ဆိုလိုပါတယ်။

၎င်း ၂-ပါးတို့၏ ဆက်စပ်ပုံမှာအတိတ်ကာလကိုစွဲ၍အနာဂတ် ကာလ ထွက်ပေါ်လာနိုင်ပါတယ်၊ အတိတ်ကာလဆိုသည် ဖြစ်ပြီး သဘောတရားဖြစ်ပါတယ်၊ ဖြစ်ပြီးကိုစွဲ ဖြစ်လတံ့သဘောတရား ပေါ်ထွက်လာခြင်းပါဘဲ၊ (ဥပမာ) အဖြူကိုစွဲ၍ အမဲထွက်ပေါ် သလိုပါဘဲ၊ သုခကိုစွဲ၍ ဒုက္ခ၊ ဒုက္ခကိုစွဲ၍ သုခ၊ အပြန်အလှန်စွဲနေ သလိုပါဘဲ။

အဲဒီလိုစွဲ၍ဖြစ်ပေါ်ခြင်းဟာ ပရမတ်သဘော မပြဋ္ဌာန်းပါ၊ ပညတ်သဘောပြဋ္ဌာန်းနေပါတယ်၊ ပညတ်သဘောဆိုသည်မှာ အခြေခံအဋ္ဌမြစ်မရှိပါ၊ အချင်းချင်းစွဲ၍ ဖြစ်ပေါ်လာကြသော သဘောတရားများဖြစ်ကြပါတယ်၊ ယခုလဲဘဲ ဖြစ်ပြီးအတိတ်ကို စွဲ၍မဖြစ်သေး အနာဂတ်ထွက်ပါတယ်၊ မဖြစ်သေးအနာဂတ်ကို စွဲ၍ဖြစ်ပြီး အတိတ်ပြန်ထွက်ပါတယ်။

အဲဒီလို အပြန်အလှန်စွဲနေခြင်းများကို ပညတ်သဘောလို့ ဝိပဿနာအရာမှာ ဆရာတော်ဘုရားများ ဆုံးမတော်မူပါတယ်၊ ပရမတ် သဘောစစ်စစ် ဆိုသည်မှာ မည်သည့်သဘောကိုမျှ မစွဲ သဘာဝအတိုင်း မဖေါက်မပြန် ထွက်ပေါ်လာသော တရား ဖြစ်ပါတယ်၊ ဤကားအတိတ် အနာဂတ်ဆက်စပ်ပုံ ပစ္စုပ္ပန်နှင့် အတိတ် အနာဂတ် ဆက်စပ်ပုံမှာလဲ မျက်မှောက် မျက်ကွယ် အနေနှင့် ဆက်စပ်နေကြပါတယ်၊ တနည်း ဖြစ်ပြီး မဖြစ်သေးရှိ၍

ဖြစ်ဆဲ ထွက်ပေါ်လာသည်ဟုဆိုက ဆိုနိုင်ပါတယ်၊ သို့ရာ၌င်
ပစ္စုပ္ပန်နှင့်အတိတ်အနာဂတ်ဆက်စပ်ခြင်းတို့ကား ပရမတ်သဘော
နဲ့ ပညတ်သဘောဆက်စပ်ခြင်းလို့ ဆိုနိုင်ပါတယ်။
(မြင်အောင် တွေးကြံရှုပါ)။

ပစ္စုပ္ပန်သဘောကား ပရမတ်သဘောပြဋ္ဌာန်း၍ ဖြစ်ပေါ်
နေပါတယ်၊ အတိတ်အနာဂတ်သဘောတို့ကား ပညတ်ပြဋ္ဌာန်း၍
ဖြစ်ပေါ်နေကြပါတယ်၊ ၎င်း ၂-ပါးတို့၏ ဆက်စပ်ခြင်းကား
အတိတ် အနာဂတ် ဆက်စပ်ခြင်းမျိုးကဲ့သို့ မကြမ်းထမ်းလှပါ၊
မျက်မှောက် မျက်ကွယ်အနေနှင့်သာ ဆက်စပ်ခြင်းသန္တတိ
ရှိပါတယ်။

ယခုအကျဉ်းအားဖြင့် ဘော်ပြလိုက်သော သန္တတိဆက်စပ်
ပုံကို အာနာပါန ယောဂါဝစရပုဂ္ဂိုလ်များ သဘောပိုင်ပိုင်
နိုင်နိုင်လှလှဝေဘန်နိုင်ရန်အလွန်အရေးကြီးပါတယ် အကြိမ်ကြိမ်
စဉ်းစားဆင်ခြင်မှ ဝေဘန်နိုင်ပါလိမ့်မယ်။

## လက္ခဏာယဉ်သို့တင်၍ ဆင်ခြင်ပုံ

ကဲကဲ လက္ခဏာယဉ်တင်ပုံကို ဆက်ကြဦးစို့-

အာနာပါန ယောဂါဝစရပုဂ္ဂိုလ်ဟာ သဘာဝ ၄-ချက်ကို
ကာလ ၃-ပါး သန္တတိဆက်စပ်ပုံ အလုံးစုံ၌ သဘာဝဉာဏ်
အပိုင်သိမ်းဆည်းနိုင်သော် ရှေးကို အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ
သို့ အနတ္တလက္ခဏာသို့ တင်၍ ကာလ ၃-ပါး သန္တတိကို
ကြတ်တောက်ရပါတယ်။

ကာလ ၃-ပါး ဆက်စပ်နေတဲ့ သန္တတိကို ဖြတ်လိုက်လျှင် အနိစ္စ, ဒုက္ခ, အနတ္တ ၃-ပါး ထွက်လာပါလိမ့်မယ်၊ ဆိုလိုရင်းက ရှင်တော်မြတ်ဘုရား သည် အနိစ္စ ဒုက္ခ အနတ္တ တရား ၃-ပါးကို ဟောကြားတော်မူခြင်းဟာ သဘာဝတခုကို ယူဆောင်သယ်ပိုး၍ ကာလ ၃ ပါး ရုပ်-နာမ် ဥ္ဓ ချသွင်းခြင်း မဟုတ်ပါ။

ကာလ ၃.ပါး ရုပ်နာမ်ကို သဘာဝအတိုင်း ဆက်စပ်နေတဲ့ ဆက်စပ်ခြင်း ၃ ပါးကို တပါးစီ တပါးစီ ဖြုတ်လိုက်သောအခါ အနိစ္စသဘော ဒုက္ခသဘောများ အနတ္တသဘောများ ထွက်ပေါ် လာခြင်းကို မြင်စေလို၍ ရှင်တော်မြတ်ဘုရားက လက်ညှိုးထိုးပြီး ပြခြင်းပါဘဲ။

မမြင်ကြတဲ့ပုဂ္ဂိုလ်များက အနိစ္စ သဘောတရားကို ယူဆောင် ပြီးလျှင်၊ ကာလ ၃-ပါး ရုပ်-နာမ်ကို အတင်းအကြပ် ရိုက်နှက် သွင်းကြပါတယ်၊ သူ့အဆက်အစပ်မမှန်လျှင် ဘယ်လိုပင် သွင်း သော်လဲ အံကိုက်ကွင်းကျ အဘယ်မှာဖြစ်ပါ့မလဲ ဝင်နိုင်ဘို့ရာပင် မလွယ်ကူပါ။

ဒါကြောင့် အာနာပါန ယောဂါဝစရ ပုဂ္ဂိုလ် များ သိရှိ နားလည်ကြရန် အရေးကြီး ပါသဖြင့် ပညာရဲ့ သဘာဝကို ပေါ်ထွက်လာအောင် စီစစ်ပြီး ပြဆိုနေပါတယ်၊ ( ဥပမာ ) မီးရထားတွဲဆက်ထားတဲ့ မန္တလေး ရန်ကုန်သွား အမြန်ရထား ကြီးကို တွဲဖြတ်သလိုပါဘဲ၊ သူ့နေရာနှင့် သူ့တွဲကို ဖြတ်မှ ရမယ် မဟုတ်လား၊ တွဲဆက်ကို မသိဘဲနှင့် ရမ်းဆ ဖြတ်လို့ အဘယ်မှာ ရမလဲ၊ တွဲဆက်ကို သိပြန်သော်လဲ ညောင်ရွှေတွဲ မြင်းခြံတွဲ

လားရှိုးတွဲစသည်တို့ကို နားလည်ထားမှ သူ့ဘာသာနှင့် သူ အံကိုက်ကွင်းကျ ဖြတ်နိုင်သလိုပါဘဲ၊ ယခုလဲဘဲ အတိတ်ကာလတွဲ ဆက်ကို ဘယ်လက္ခဏာနဲ့ သိမ်းဆည်းမလဲ၊ အနာဂတ်ကာလ တွဲဆက်ကို ဘယ်လက္ခဏာနှင့် သိမ်းဆည်းမလဲ၊ ပစ္စုပ္ပန်ကာလ တွဲဆက်ကို ဘယ်လက္ခဏာနဲ့ သိမ်းဆည်းမလဲ၊ ဤဒီတွဲဆက်တွေကို မြင်ရင် ပညာသဘောသို့ ရောက်ပါပြီလို့ ဆိုနိုင်ပါတယ်။

## အနိစ္စလက္ခဏာနှင့်သိမ်းဆည်းပုံ

အနိစ္စံ ယေဒွေန ဆိုသည်မှာ ကုန်တတ်သော အနက်သဘော ကြောင့် အနိစ္စလို့ ဆိုလိုပါတယ်၊လက္ခဏာဆိုသည်မှာ ထိုကုန်ခြင်း သဘောတရားကို မှတ်ခြင်းပါဘဲ၊ ထိုစကားအလုံးအဖွဲ့ ရှေးဦးစွာ ကုန်တတ်သော အနက်သဘောကို ရှာဖွေရပါမယ်၊ ကုန်တယ် ဆိုတာ ဘယ်သူလဲလို့ တွေ့အောင်ရှာဖွေကြည့်စမ်းပါ။

ကုန်ခြင်း သဘောတရားကို ရှာဖွေလိုသော အာနာပါန ယောဂါဝစရပုဂ္ဂိုလ်သည် ကာလ ၃-ပါးတို့၏ သန္တတိဆက်စပ် နေပုံကို ပြန်လည် သုံးသပ်ဆင်ခြင်ရပါမယ်၊ သို့မှသာ ကုန်ခြင်း သဘောတရားခေါ် တရားခံကို လက်ပူးလက်ကြပ် မိနိုင်ပါလိမ့် မယ်၊ အတိတ်ကာလ အနာဂတ်ကာလ ပစ္စုပ္ပန်ကာလ ၃-ပါး တို့၏ ဆက်စပ်နေတဲ့ သန္တတိ ၃-ချက်တို့တွင် ကုန်ခြင်းသဘော တရားအရ အတိတ်ကာလကို ကောက်ယူနိုင်ပါတယ်။

အဘယ့်ကြောင့်ပါလဲ၊အတိတ်ကာလသည် အနာဂတ်ကာလ သို့ မရောက်ဘဲ၊ အတိတ်ကာလ အတွင်းမှာပင် ကုန်တတ်သော

သဘောသို့ သူ့သဘာဝသည် သူ့သဘာဝအတိုင်း ဥက္ကောင်းချတယ်မဟုတ်ပါလား၊ သူကဥက္ကောင်းချလို့ အနာဂတ်ကာလဆိုပြီး ပေါ်ထွက်လာတယ်၊ ဒါကြောင့် အနိစ္စလက္ခဏာသည် အတိတ်ကာလနှင့် အနာဂတ်ကာလ ၂-ပါးဆက်စပ်နေတဲ့သန္တတိကို ဖြတ်တော်မူပါတယ်။

၎င်းသန္တတိကိုလဲ ဖြတ်လိုက်ပါရော၊ အတိတ်ကာလနှင့် အနာဂတ်ကာလတို့သည် မကူးမဆက် မစပ်နိုင်တော့ဘဲ အတိတ်ကာလသည် မည်သည့်သဘောတရားပေါ်ထွက်ပါသလဲ၊ အနိစ္စလက္ခဏာဖြင့် ဆက်စပ်နေတဲ့ သန္တတိကိုဖြတ်လိုက်တဲ့အခါ အတိတ်ကာလ နှင့် အနာဂတ် ကာလ တို့ သည် မကူး ဆက် နိုင် တော့ ဘဲ မီးရထားတွဲကိုဖြုတ်ထားလိုက်သလိုဖြစ်ပြီး အတိတ်ကာလတခုလုံးသည် ကုန် ခြင်း သဘော တ ရား သို့ ဥ က္ကောင်း ကြ ရောက် သွား ပါတယ်။

သန္တတိ တွဲဆက်ကို မဖြတ်လျှင် အတိတ် ကာလ သည် ကုန်ခြင်း သဘောသို့ ရောက်မည် မဟုတ်ပေ၊ အနာဂတ်ကာလနှင့်ပူးပေါင်းပြီးလျှင် ပစ္စုပ္ပန်သို့ အစဉ်လိုက်နေအုံးမယ်၊ သန္တတိကိုလဲ ဖြတ်လိုက်ပါရော မလိုက်နိုင်တော့ဘဲ သူ့သဘာဝသည် သူ့သဘာဝအတိုင်း ကုန်ခြင်းသဘောသို့ တခါထဲ ဥက္ကောင်းကြသွားတယ်။

အာနာပါန ယောဂါဝစရ ပုဂ္ဂိုလ်များ ကြပ်ကြပ် စဉ်းစားကြည့်ပါ၊ အမြော်အမြင် ပညာရှိရင်ဘဲ မြင်နိုင်ပါတယ်၊ အတိတ်သဘောဆိုသည်မှာ မျက်မှောက်သဘော မဟုတ်ပါ၊ မျက်ကွယ်

သဘောဖြစ်၍ သူ့သဘာဝဟာ ဘယ်လိုထွက်နေပါသလဲ ကုန်တဲ့သဘောအနေနဲ့ ထွက်နေတယ် မဟုတ်လား၊ ပစ္စုပ္ပန်က သွားဆဲနေလို့သာ အတိတ်သဘောကြီးဟာ ပေါ်လာရတာ၊ ပစ္စုပ္ပန်က မဆဲလျှင် သူ့သဘာဝဟာ ကုန်နေတဲ့ သဘောဘဲ မဟုတ်ပါလား။ (သေသေချာချာတွေးကြည့်ပါ)

ကုန်တဲ့သဘောကိုတွေ့လျှင် တဖန်ထပ်၍ ကုန်တဲ့သဘောကို ဝေဘန်ရဦးမယ်၊ ကဲကဲ ဘယ်လိုဝေဘန်မှာလဲ ဝေဘန်စမ်းပါ၊ ကုန်တယ်ဆိုတဲ့သဘောဟာ သညာသိ ဝိညာဏ်အနေနဲ့ ဝေဘန်ခြင်း၊ ပညာသိ အနေနဲ့ ဝေဘန်ခြင်းအားဖြင့် ၂-မျိုး ၂-စား ထွက်ပေါ်လာပါတယ်။

သညာသိ ဝိညာဏ်သိအနေနဲ့ ဝေဘန်ခြင်းကား ကုန်ဆိုတဲ့ သဘောကို မရှိလို့ ဝေဘန်လိမ့်မည်၊ အဲဒီလိုဝေဘန်လျှင် ဥစ္ဆေဒဒိဋ္ဌိထဲကျသွားတယ်လို့ ဆိုရပေမယ်၊ သညာဝိညာဏ်သိ လောကသမားတွေကို ဥစ္ဆေဒဒိဋ္ဌိက ကျားမျှားချောင်းသလို ချောင်းနေတယ်၊ ဝေဘန်ချက်မှားတာနဲ့ ကျားမျှားအုပ်သလို အုပ်လိုက်ပါလိမ့်မယ်။

အချို့ဝိပဿနာဆရာကြီးတွေက အနိစ္စ မမြဲတဲ့သဘော မမြဲတယ်ဆိုတာဘာလဲ၊ မရှိတဲ့သဘောလို့ ဟောပြောနေကြလေတယ်၊ ယခုလဲ ကုန်တဲ့သဘောကို မရှိတဲ့သဘောလို့ ဝေဘန်လျှင် အနိစ္စမရှိတဲ့သဘောဆိုတာနဲ့ အတူတူဖြစ်နေမယ်၊ ဥစ္ဆေဒဒိဋ္ဌိနယ် ပယ်မှမလွတ်မြောက်နိုင်ပါ။

ပညာသိ သဘောနှင့် ကုန်တဲ့သဘောကို ဝေဘန်လျှင် ရှင်တော်မြတ်ဘုရားသည် အနိစ္စဉာဏ်အရာ၌ အောက်ပါအတိုင်း ဟောကြားတော်မူပါတယ်။

အနိစ္စံ သင်္ခတံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ
နိရောဓ ဓမ္မံတိ။

ဟူ၍ ဟောကြားတော်မူသောကြောင့် အနိစ္စဉာဏ်ကို ကာလ ၃-ပါး ခွဲရှုံးတော်က ကုန်တတ်တဲ့သဘောတရားလို့ ဆုံးဖြတ်ချက်ချပါတယ် ကုန်တဲ့သဘောဆိုတာ ဘာလဲလို့ စဉ်းစားပါလျှင် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူတဲ့ သဘောတရား ၄-ချက်သို့ ဥက္ကောင်းဆိုက်ရောက်ပါတယ်။

ဥက္ကောင်းဆိုက်ရောက်ပုံမှာ ကုန်တဲ့သဘောတရားဆိုသည်မှာ ခယဓမ္မံ၊ ပျက်စီးခြင်းသဘောတရားပါဘဲ၊ ပျက်စီးခြင်းဆိုသည်မှာလဲ ကင်းခြင်းသဘောတရား၊ ချုပ်ခြင်းသဘောတရားပါဘဲ၊ ချုပ်ခြင်း သဘောတရားဆိုသည်မှာလဲ သုဉ်းဆိတ်ခြင်း သဘောတရားပါဘဲ၊ ဒါကြောင့် ကုန်ခြင်းသဘောတရား၏ အဆင့်ဆင့် ပညာသိနယ်စခမ်းဝင်ပုံကို ဆင်ခြင်ပါ။

နောက်ဆုံး သုဉ်းဆိတ်တဲ့ အနတ္တဓာတ်မှာဘဲ ဥက္ကောင်း ကြရောက်ပါတော့တယ်၊ ဒါကြောင့် ဗုဒ္ဓဘာသာ တမျိုးလုံး တို့အား ဆရာတော် သံဃာတော်များက သီလခံယူပြီးနောက် ဆုတောင်းအကျဉ်းချပေးတယ်မဟုတ်လား။

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံဟောတု။

အာသဝက္ခယံ၌ အာသဝေါတရားတို့၏ ကုန်ရာ ကင်းရာ ငြိမ်းရာ ချုပ်ရာဖြစ်သောလို့ အနက်ဖွင့်ကြပါတယ်၊ အဲဒါကုန်တဲ့ သဘောရဲ့ ဥက္ကောင်းဆိုက်ရာကို ဖွင့်ပြခြင်းပါဘဲ၊ကဲ-ကဲ သညာသိ ဝိညာဏ်သိသဘောတရားနဲ့ ပညာသိသဘောတရား သဘာဝ ကွာခြားပုံကို စေ့ဘန်ပြသဖြင့် သိလောက်ကြပါပြီ။

ဆိုလိုရင်းမှာ အတိတ်ကာလသည် သူ့သဘာဝကပင် ကုန်တဲ့ သဘောတရားသို့ ဆိုက်ရောက် နေပါသောကြောင့် အနိစ္စ လက္ခဏာဥာဏ်၏ ကျက်စားရန် ဖြစ်မနေပါ၍ ရှင်တော်မြတ်ဘုရား က အနိစ္စံ ဝယဒွေနလို့ ဟောကြားဆုံးမတော်မူပါတယ်။

## အတိတ်ကာလနှင့် သဿတဒိဋ္ဌိ

ဝိပဿနာအရာ၌ ရှင်တော်မြတ်ဘုရားသည် သောတာပတ္တိ မဂ်ဉာဏ်ကို မျက်မှောက်ပြုနိုင်ရန် အရေးထား၍ ဆုံးမတော်မူ ပါတယ်၊ ဒိဋ္ဌိစွဲပယ်သတ်ရန်အတွက် အနိစ္စလက္ခဏာယာဉ်ကို ထုတ်ဘော်ဆုံးမတော်မူရာ ရင်းအနိစ္စဉာဏ်သည် မည်သည့်ဒိဋ္ဌိစွဲကို ပယ်နှုတ်တော်မူပါသနည်း ဤကား အဓိက လိုရင်းအချက်ဖြစ် ပါတယ်၊ အောက်မဂ်သည် ဒိဋ္ဌိစွဲကို ပယ်သတ်တော်မူပါတယ်၊ အောက်မဂ်ကိစ္စမပြီးသေးဘဲလျက် အထက်မဂ်၃-ပါးလုပ်ငန်းစဉ် ကို မလုပ်ထိုက်ပါ၊ ဒါကြောင့် အနိစ္စလက္ခဏာယာဉ်က ပယ်နှုတ် သော ဒိဋ္ဌိစွဲကိုမြင်နိုင်ရန် ယောဂါဝစရပုဂ္ဂိုလ်အတွက် အထူး အရေးကြီးအပ်ပါတယ်။

သဿတဒိဋ္ဌိ ဆိုသည်မှာ မြဲ၏ဟု ယူမှားခြင်းကိုဆိုလိုပါတယ်၊ အဘယ်သဘောတရားကို မြဲ၏ဟု ယူမှားပါသလဲ ပိဋကတ်တော်၌ သဿတော လောကဟု ဖွင့်ဆိုထားသောကြောင့် လောကကြီးကို မြဲ၏ဟု ယူမှားခြင်းပါဘဲ၊ လောက ဆိုသည်မှာလဲ မိမိဖြစ်ပေါ်နေတဲ့ ဘဝလောကကိုယူပါ၊ လူသေလျှင် လူပြန်ဖြစ်တယ်၊ ခွေးသေလျှင် ခွေးပြန်ဖြစ်တယ်၊ ယောကျ်ား မိန်းမသေလျှင် ယောကျ်ား မိန်းမ ပြန်ဖြစ်တယ်၊ ကုလားသေလျှင် ကုလားပြန်ဖြစ်တယ် စသည်ဖြင့် မှားသောအယူကို သဿတဒိဋ္ဌိလို့ ဆိုလိုပါတယ်။

ဝိပဿနာအရာမှာကား ဤကဲ့သို့ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမတို့၏ အပေါ်၌စွဲယူခြင်းမျိုးကို မကောက်နိုင်ပါ၊ အဲဒီသဿတ ဒိဋ္ဌိ မျိုးကား အလွန်ကြမ်းထမ်းတဲ့ ဒိဋ္ဌိမျိုးပါ၊ ဝိပဿနာ အရာမှာကား သိမ်မွေ့တဲ့ သဿတဒိဋ္ဌိမျိုးကို ဝေဘန်ရပါမယ်။

ကာလ ၃-ပါး ရုပ်-နာမ်ကို ဝေဘန်သိမ်းဆည်းသော နေရာဌာန ဖြစ်၍ အတိတ်ကာလ အတိတ်သဘော အတိတ်အာရုံတို့၏ အပေါ်၌ မြဲ၏ဟု အနှစ်အသားချ၍ ခံစားခြင်းကို သဿတဒိဋ္ဌိ အစွဲအယူဟု ဝေဘန်သိမ်းဆည်းရပါမယ်။

သတ္တဝါတို့သည် ပစ္စုပ္ပန် ဖြစ်သော မြင်မှု ကြားမှု နံမှု စသော အာရုံတို့ကို ခံစားတိုင်းခံစားတိုင်း အတိတ်အာရုံ အတိတ်သဘော အတိတ်ကာလ အာရုံတို့ကို ဆွဲကိုင်ပြီးလျှင် ခံစားနေကြပါတယ်။ ဥပမာ)ဝက်သားဟင်းလျာကို လျှာဖျားနှင့်ထိ၍ ကောင်းတယ် သို့မဟုတ် မကောင်းဘူး ခံစားလိုက်ခြင်းသည်ပင်လျှင် အတိတ်က

ခံစားဘူးသော အာရုံသည် နှလုံး အိမ်မှာ ရှိနေသဖြင့် ၎င်းအတိတ် အာရုံက ထောက်ခံချက် ပြုသဖြင့် ကောင်းတယ် မကောင်းဘူး အနေဖြင့် ဆွဲကိုင်နိုင်ပါတယ်။

အတိတ်ကာလ အတိတ်အာရုံ မထောက်ခံလျှင် ကောင်း မကောင်း အနေဖြင့် မဆွဲကိုင်နိုင်ပါ၊ ဒါကြောင့် သတ္တဝါတို့မှာ အတိတ်ကာလအတိတ်အာရုံအတိတ်သဘောတို့သည်စိတ်ဝိညာဏ်၌ အစဉ်တည်ရှိလျက် နေခြင်းတို့ကိုပင် ရှင်တော် မြတ်ဘုရား က သဿတ ဒိဋ္ဌိ အစွဲအယူ ဟု ဆုံးမတော်မူပါတယ်။

အန္ဓ ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ နှလုံးအိမ်မှာ ဖြစ်ပြီးတဲ့ အတိတ် ကာလ အတိတ်အာရုံတို့ကိုပင် အနှစ် အသား အနေဖြင့် ဆွဲကိုင် ထားသည်မှာ အသက်အရွယ်ကြီးလေ အစွဲကြီးလေပါဘဲ၊ အချို့ အဖိုးအို အမယ်အိုတို့ကို ညဉ့် ၃-ယာမ် တယာမ်သာ အိပ်စက် ပြီးလျှင် အိပ်မပျော်တိုင်း ငယ်စဉ် တောင်ချေး ကလေးဘဝက ဖြစ်ပျက်တွေ့ကြုံခဲ့တဲ့ အတိတ်ဟောင်း ဇာတ်ကြောင်းတွေကိုသာ ပြောဆိုကြပြီးလျှင် မိုးလင်းကြပါတော့တယ်။

ဒါကြောင့်သတ္တဝါတို့၏နှလုံးအိမ်မှာ ဓမ္မတာအစဉ်အားဖြင့် အတိတ်ကာလ အတိတ်အာရုံတွေဟာ အစဉ်ဖုံးလျက် တည်ရှိနေ ခြင်းဟာ ရှင်တော်မြတ်ဘုရား က သဿတဒိဋ္ဌိလို့ ဆုံးမတော် မူပါတယ်။

အနိစ္စလက္ခဏာဉာဏ်ဖြင့် ပယ်သတ်ပြီးသော ယောဂါဝစရ ပုဂ္ဂိုလ်တို့မှာကား အတိတ်ကာလ အတိတ်အာရုံ အတိတ်သဘော

တွေ့ရှိပြီးသော်လဲ သဿတဒိဋ္ဌိအနှစ်အသား အစွဲအယူအနေနဲ့ မရှိပါ၊ တခါတရံ ပစ္စုပ္ပန်အာရုံထင်ရှားအောင် ထောက်ပန့်သည့် အနေနှင့် ထွက်ပေါ်တတ်ပါတယ်၊ သို့ရာတွင် သဿတဒိဋ္ဌိ မရှိသဖြင့် စိတ် ဝိညာဏ်မှာ သုခ ဒုက္ခ အနေနှင့် ဒုက္ခမပေးတော့ပါ။

## ဥစ္ဆေဒ ဒိဋ္ဌိ နှင့် ဒုက္ခ လက္ခဏာ

အတိတ်ကာလ ရုပ်တရား နာမ်တရား တို့ကို အနိစ္စလက္ခဏာဖြင့် သိမ်းဆည်း ပြီးသော ထို ယောဂါဝစရ ပုဂ္ဂိုလ် သည် အနာဂတ်ကာလအတွင်း၌ ဖြစ်ကြသော ရုပ် နာမ် တရား တို့ကို ဒုက္ခလက္ခဏာသို့ တင်၍ တဖန် သုံးသပ်ဆင်ခြင်ရာ၏။

ဘယ်ငွေ့နှ ဒုက္ခံ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသောကြောင့် အနာဂတ်ကာလအတွင်းရှိ ရုပ်-နာမ်တရားတို့ကို ဘေးအတိကဲ့သို့ ထင်မြင်ရှုရမယ်လို့ ဆိုလိုပါတယ်၊ဘေးကြီးအတိဆိုသည်မှာလည်း မင်းဘေး၊ စိုးဘေး မီးဘေး၊ ခိုးသူဘေး၊ အနာရောဂါ နှိပ်စက်ခြင်းဘေးကြီးတို့ဖြင့် နှိပ်စက်ခြင်းကို ခံစားနေကြရကုန်သော သတ္တဝါတို့သည် ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းဖြစ်သကဲ့သို့ အနာဂတ်ကာလ ရုပ်တရား နာမ်တရားတို့ကို ဒုက္ခလက္ခဏာ ထင်အောင် ဘေးကြီးအတိကဲ့သို့ ရှုရမည်ဟု ဆိုလိုပါတယ်။

ဤ၌ ဒုက္ခလက္ခဏာ၏ သဘာဝကို ယောဂါဝစရပုဂ္ဂိုလ်များဝေဘန် သိမ်းဆည်းနိုင်ရန် အနည်းငယ် ထုတ်ဘော်ပြပါမယ်။

အနာဂတ် ကာလ ဆိုသည်မှာ အတိတ် ကာလကို စွဲ၍ ထောက်၍ အနာဂတ် ကာလဟု ထွက်ပေါ်နေရသောကြောင့် အတိတ်ကာလကို အနိစ္စဉာဏ်ဖြင့် အပိုင် သိမ်းဆည်းလိုက်လျှင်ဘဲ အနာဂတ် ကာလ သည် သဘာဝအားဖြင့်ပေါ်နိုင်တဲ့ သဘော မရှိတော့ပါ၊ ပျက်စီးခြင်း၊ အရေးမလှခြင်း သဘောတရားသို့ သူ့အလိုလို ဥက္ကောင်းဆိုက်ရောက်သွားရပါတယ်။

ယောဂါဝစရပုဂ္ဂိုလ်များ မိမိတို့၏ကိုယ်ပိုင်ဉာဏ်ဖြင့်ဆင်ခြင် သုံးသပ်ကြည့်စမ်းပါ၊ အနာဂတ်ကာလကား အတိတ်သဘောကို အမှီပြု၍ ထောက်၍ အားကိုး၍ ပေါ်ထွက်နေရသော သဘော တရားအမှန်ပါ၊ မိမိသဘောဖြင့် တဇင်ထောင်၍ ပေါ်ထွက် နေခြင်းအလျှင်းမဟုတ်ပါ။

အတိတ်ကာလကိုစွဲ၍ အနာဂတ်ကာလဟု ခေါ်ဆိုထား ပါတယ်၊ ဖြစ်ပြီးကိုစွဲ၍ ဖြစ်လတ္တံ့ ဝါ မဖြစ်သေးဟု ခေါ်ဝေါ် ခြင်းသည်ရင်း တဦးနှင့်တဦးစွဲ၍ ခေါ်ဝေါ်ခြင်းဟု ဆိုလိုပါ တယ်၊တဦးကိုအနိစ္စလက္ခဏာယာဉ်နှင့်သိမ်းဆည်းခံရပါလျှင်တဦး မှာကား ဒုက္ခလက္ခဏာယာဉ်သို့ သဘာဝအတိုင်း ဆိုက်ရောက် ရမည်ကား မလွဲနိုင်ပါ။

ဒါကြောင့် ဒီယာဉ်၂-ပါးကို ပိဋကတ်တော်က ဘုရားမပွင့် သော်လဲ ပေါ်ထွက်နေသော ယာဉ်၂-ပါးဟု ထုတ်ဖော်ပြထား ပါတယ်၊ ဘုရားမပွင့်သော်လဲ ၎င်း၂-ပါးထွက်ပေါ်နေရခြင်းမှာ ပညတ်ပြဋ္ဌာန်းသော သဘောတရားမျိုးဖြစ်၍ သညာဝိညာဏ် ၂-ပါး ကျက်စားနိုင်သောကြောင့်ဟု ဆိုနိုင်ပါတယ်။

ဒါကြောင့် အနိစ္စလက္ခဏာဖြင့် အတိတ်ကာလ ရုပ် နာမ်တွေကို သိမ်းဆည်းပြီး သော ထိုယောဂါဝစရပုဂ္ဂိုလ် သည် အနာဂတ်ကာလရုပ်နာမ်တို့၏အပေါ်၌ဒုက္ခလက္ခဏာသည် အထူးမဆင်ခြင်ရတော့ဘဲ သဘာဝအတိုင်း ထွက်ပေါ်လာခြင်းပါဘဲ၊ အရေးကြီးတာက ရေသောက်မြစ် တခု ကို ဖြတ်လိုက်နိုင်ဘို့သာ အရေးကြီးပါတယ်၊ တခုပြတ်လျှင် ကျန်တဲ့ ရေသောက်မြစ်လဲ အားမရှိတော့ပါဘူး၊ တဖြေးဖြေးညှိုးနွမ်းခွေယိုင်၍ ဘိုင်းဘိုင်း ကြီးပြတ်ပြီး ပျက်စီးခြင်း ဒုက္ခသဘောသို့ သက်လျှောမည်မှာ အမှန်ဖြစ်ပါတော့တယ်။

ဤသို့အားဖြင့် အတိတ်ကာလ အနာဂတ်ကာလ ရုပ် နာမ် ၂-ပါးတို့ကို အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာဖြင့် သိမ်းဆည်းလိုက်သော် အတိတ်ကာလ ရုပ် နာမ်၌စွဲဝင်နေသော သဿတဒိဋ္ဌိသည် ပယ်နှုတ်သဖြင့် ယောဂါဝစရပုဂ္ဂိုလ်တို့မှာ အစွဲတချက်ကျွတ်လွတ်သွားပါပြီ။

ယခုတဖန် အနာဂတ်ကာလ ရုပ်နာမ်ကို ဒုက္ခလက္ခဏာဖြင့် ဆင်ခြင်ပယ်သတ်လိုက်ပြန်သဖြင့် ဥစ္ဆေဒဒိဋ္ဌိ ကျွတ်လွတ်ပါလိမ့်ဦးမယ်၊ အဲဒီ ဥစ္ဆေဒဒိဋ္ဌိကျွတ်လွတ်ပုံနှင့် ၎င်း၏ သဘောတရား ခေါ်ဝေါ်ပုံတို့ကို ထုတ်ဘော်၍ ရှင်းပြပါမယ်၊ ဥစ္ဆေဒဒိဋ္ဌိ ဆိုသည်မှာ ပြတ်ခြင်းကင်းခြင်းဟု ယူမှားသော ဒိဋ္ဌိကိုဆိုလိုပါတယ်၊ ပြတ်ခြင်းကင်းခြင်းအရ ဝေဘန်လျှင် အနာဂတ်ဘဝမရှိ သေလျှင်ပြတ်သွားပါတယ်၊ ဘာမျှမဖြစ်ဘူးဟု ယူမှားသော ဒိဋ္ဌိကိုဆိုလိုပါတယ်။

ဥပမာ လူသေလျှင်ပြတ်ကရော ခွေးသေလျှင် ယောကျ်ား သေလျှင် မိန်းမသေလျှင် ကုလားသေလျှင် ဗမာသေလျှင်ပြတ် ကရော ဘာမျှမဖြစ်ဘူးဟု ယူမှားသော ဒိဋ္ဌိကို ဥစ္ဆေဒဒိဋ္ဌိလို့ ခေါ်ပါတယ်။

ဝိပဿနာအရာမှာကတော့ဥစ္ဆေဒဒိဋ္ဌိအရကိုသိမ်မွေ့ပါတယ်၊ အတိတ်ကာလသဘောကို ပယ်ခြင်းသည် ကင်းခြင်းလို့ခေါ် ပါတယ်၊ ပစ္စုပ္ပန်ကာလကို ပယ်ခြင်းသည် ပြတ်ခြင်းလို့ဆိုနိုင် ပါတယ်၊ ဥစ္ဆေဒဒိဋ္ဌိဟာ အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလ ၂-ပါး ကို ပယ်ပြီး ျင် အနာဂတ်ကာလမရှိဟု ယူခြင်းပါဘဲ။

ဆိုလိုရင်းကတော့ အနာဂတ်ကာလသည် သညာဝိညာဏ် တို့၏ အတွေးအခေါ် အယူဝါဒသာဖြစ်ပါတယ်၊ လက်တွေ့ မျက်မှောက်ခံစားလို့ မရတဲ့အတွက် မရှိဘူးလို့ပယ်လိုက်ခြင်း ပါဘဲ၊ အဲဒီလိုပယ်လိုက်တော့ သတ္တဝါတွေဟာ ဘယ်လိုအယူ ဝါဒမှားတွေကို အားထုတ်ကုန်မလဲ၊ ယောဂါဝစရပုဂ္ဂိုလ်များ စဉ်းစားသာကြည့်ပါတော့။

ပစ္စုပ္ပန်ဖြစ်တဲ့ ဉာဏ်ခန္ဓာကိုယ်ကြီးရဲ့စိတ်အလိုကို လိုက်မှားပြီး လျှင် မပြုသင့်တဲ့ ဒုစရိုက်မှုကြီးတွေကို ပြုမှားလာပါလိမ့်မယ်၊ (ဉ ဘဝ ဉာဏ်ကိုယ်စံ)ဆိုတဲ့စနစ်ကို လက်ကိုင်ထားပြီး စိတ်အလို အတိုင်း ပြုကျင့်တာတွေ ပြုကျင့်လာရင် ကံငါးပါးလဲ မရှိတော့ ဘူးပေါ့၊သူတပါး၏ သားမယား သားသမီးတွေကိုလဲ အကျင့်မှား ကြတော့မယ်၊ ရှိခိုးထိုက် ရိုသေထိုက်တဲ့ အနန္တော အနန္တတရား တွေကိုလဲ ပြစ်မှားလွန်ကျူးလာလိမ့်မယ် ဒီအခါ အပယ်လေးပါး ရောက်ဘို့ဘဲ ရှိပါတော့တယ်။

ဒါကြောင့် တရားပေးကြတဲ့ ဆရာတော်ကြီးများက ဥစ္ဆေဒ ဒိဋ္ဌိဟာ အဆစ်ပွေး ကြတာနဲ့ တူတယ်၊ အဆစ်ပိုး ကြလာလျှင် သစ်ပင်ဟာ မကြီးပွားတော့ဘဲ တဖြေးဖြေး ပျက်စီး သွား သလို ဥစ္ဆေဒ ဒိဋ္ဌိ အယူကို လက်ခံလိုက်လျှင် နိယတ မိစ္ဆာ ဒိဋ္ဌိ ကံကြီး ၃-ပါးကို လက်ရ ခေါ် သလိုဘဲ နိယတ မိစ္ဆာ ဒိဋ္ဌိ အယူဝါဒသို့ ကြရောက်မည်ကား မလွဲနိုင်ပါ၊ ဒါကြောင့် ဥစ္ဆေဒ ဒိဋ္ဌိ အယူ သို့ မကြအောင် ဝိပဿနာ ကာလ ၃-ပါး လုပ်ငန်းစဉ်တွင် ဥစ္ဆေဒ ဒိဋ္ဌိကို ဒုက္ခလက္ခဏာဉာဏ်ဖြင့် ပယ်နှုတ် နိုင်ရန် ယောဂါဝစရ ပုဂ္ဂိုလ်များ ဉာဏ်အမြင်ပိုင်ရန် အလွန် အရေးကြီးပါတယ်။

ဒုက္ခလက္ခဏာယာဉ်ကား အနာဂတ်ကာလကိုမရှိဟုမပယ်ပါ၊ အနာဂတ် ကာလ သည် ဘေးဟူသော အနက် သဘောထဲမှာ ရှိခြင်းကြောင့် အနာဂတ် ကာလ၊ အနာဂတ် ရုပ်-နာမ် တွေကို သုခထင်ပြီး လိုက်မှားလျှင် ဒုက္ခတရားနှင့်တွေ့မည်ဟု အနာဂတ် ကာလကို ဒုက္ခဟု လက်ညှိုးထိုးပြခြင်းပါဘဲ။

အဲဒါကို ဝိပဿနာဉာဏ်အမြင်မရှိကြတဲ့ မပိုင်ကြတဲ့ ပုဂ္ဂိုလ် တွေက အနာဂတ် ကာလကို မရှိဟု ယူမှား လိုက်ခြင်း ကြောင့် ဥစ္ဆေဒဒိဋ္ဌိ အစွဲအယူသို့ ကြရောက်ရပါတယ်၊ ပညာရဲ့ အမြင်မှာ ကတော့ အနာဂတ် ကာလဟာ အမှန်ရှိပါတယ်၊ ဘယ်အနေနဲ့ ရှိပါသလဲ၊ ဒုက္ခအနေနဲ့ ရှိပါတယ် ဆိုတာကို ထုတ်ဘော် ပြထား ပါတယ်။

(မှတ်ချက်)။ ။ အယူဝါဒ တွေကို ကြပ်ကြပ်သတိပြုပါ၊
တိမ်းပါးလိုက်ရင်ဘဲ စောင်းသွားပါတယ်၊
စောင်း သွား လျှင် မှောက် တော့ မှာ ဘဲ
ဆိုတာကို အစဉ်သတိရစေလိုပါတယ်။

## ပစ္စုပ္ပန် ကာလ နှင့် အနတ္တ လက္ခဏာ

ဤသို့အားဖြင့် အတိတ်ကာလ ရုပ်-နာမ်ကို အနိစ္စလက္ခဏာယာဉ်ဖြင့် ဆင်ခြင်သုံးသပ်နိုင်၍ အနာဂတ်ကာလ ရုပ်-နာမ်ကို ဒုက္ခလက္ခဏာယာဉ်ဖြင့် ဆင်ခြင်နိုင်သော ယောဂါဝစရပုဂ္ဂိုလ်တို့သည် ပစ္စုပ္ပန်ကာလ ရုပ်-နာမ်ကို အနတ္တလက္ခဏာယာဉ်ဖြင့် ဆင်ခြင်သုံးသပ်ရန် လွယ်ကူနိုင်ပါပြီ။

အနတ္တ အသာရကဋ္ဌေနဟု ရှင်တော်မြတ်ဘုရား ဟောကြားတော်မူချက်အရ အနတ္တဆိုသည်မှာ အနှစ်သာရမရှိခြင်းကို ဆိုလိုပါတယ်၊ အနှစ်အသား ဆိုသည်မှာလည်း ပစ္စုပ္ပန်ကာလသည် အလိုလိုပေါ်ထွက်လာသည်မဟုတ်ပါ၊ အတိတ်ကာလ အနာဂတ်ကာလ ၂-ပါး တို့၏ ပေါင်းခြင်းကြောင့်သာ ပစ္စုပ္ပန် ကာလထွက်ပေါ်လာရခြင်းပါဘဲ။

ယခုတော့ အတိတ် ကာလကို အနိစ္စဉာဏ်နှင့် ရိုက်ချိုးလိုက်ပါပြီ၊ အနာဂတ် ကာလကို ဒုက္ခ ဉာဏ်နှင့် တဖန် သတ်လိုက်ပြန်ပါပြီ၊ အတိတ် ကာလ အနာဂတ် ကာလ ၂-ပါး တို့သည် မပေါ်နိုင်တော့ဘဲ ဖရိုဖရဲ ပြိုကွဲပျက်စီး၍ ခိုကိုးရာမရ ဖြစ်သွားလေရာပစ္စုပ္ပန်ကာလသည် ၎င်းတို့ ပေါင်းမှပေါ်မှ ပေါ်ရသဖြင့် အတိတ် ကာလ အနာဂတ် ကာလ မရှိခဲ့သော် အဘယ်မှာလျှင် ပစ္စုပ္ပန်ကာလ ပေါ်ထွက်နိုင်ပါတော့မလဲ။

အနှစ်အသားအရ အတိတ် အနာဂတ် ၂-ပါးပင်ဖြစ်ပါတယ် အတိတ်ကာလ အနာဂတ် ၂-ပါး မရှိခဲ့သော် အဘယ်မှာလျှင်

ပစ္စုပ္ပန် ကာလသည် အနှစ်အသား ရှိဘော့မှာလဲ၊ အနှစ် အသား မရှိခဲ့သော် သူ့သဘာဝသည် ရှင်တော်မြတ်ဘုရား ဟောကြား တော်မူတဲ့အတိုင်း အနတ္တဓမ္မသို့ အလိုလို ဥကွောင်းဆိုက်ရောက် နေပါတော့တယ်။

အနှစ်အသားနှင့် ပတ်သက်၍ အာနာပါန ယောဂါဝစရ ပုဂ္ဂိုလ်များ ဉာဏ်အမြင် ပိုင်အောင် သုဘ္ဘန်နည်းတခုကို ထုတ် ဘော်၍ ထင်ရှားအောင် တင်ပြလိုပါသေးတယ်။

## သစ်ပင်များ၏ အနှစ်အသား

လောကတွင်သဘာဝအားဖြင့်ပေါက်ရောက်လျက်ရှိကြသော ပျဉ်းကတိုး၊ သစ်ရာ အင်ကြင်း စသော သစ်မာ အပင်များသည် အနှစ် ၅၀-ကြာမြင့်သော်လဲ ပျက်စီးခြင်းမရှိ အနှစ်တရာ ကြာ သော်လဲ ပျက်စီးခြင်းမရှိဘဲ သစ်ပင်မှာပင် ကျောက်အတိဖြစ်၍ ခိုင်မြဲခြင်းဘဝသို့ ပြောင်းရွှေ့ သွားကြပါတယ်။

အဲဒါ ဘာကြောင့်ပါလဲ အနှစ်အသား ရှိသော သစ်ပင်များ ဖြစ်၍ ပင်လုံးခြောက်သော်လဲ ထင်းမဖြစ်ဘဲ ကျောက်ဖြစ်သွား ကြတာကို မြင်ဘူးကြပါလိမ့်မယ်၊ လောကတွင် ခေါ်ဝေါ်သုံးစွဲ နေကြတယ် မဟုတ်ပါလား၊ အင်ကြင်းကျောက်၊ သစ်ယာ ကျောက် လို့ အချို့နေရာများတွင် ကျောက်စည်လုပ်၍ အသုံး ချကြပါတယ်၊ အချို့မှာ သိမ်ကျောက်တိုင် လုပ်၍ အသုံးချကြ ရပါတယ်။

အနှစ် အသား မရှိကြတဲ့ မြက်ပင် ကလေး တွေ စပါးပင် ကလေးတွေဟာ မျက်စိ ရှေ့အောက်မှာဘဲ စိုက်ကြ ပျိုးကြ နှင့် ပင်လုံး ပင်မ ကလေး တွေ ဖြစ်ပေါ် လာပြီး နောက် မကြာမီ ပွင့်ကြ သီးကြပါတယ်၊ နတ်တော်ပြာသိုလဲ ရောက်ကရော အသီး အနှံကို ရိတ်သိမ်း လိုက်ထာနှင့်ပင်လုံးပင်မ တွေဟာ ငုတ်ကောက်ရိုး ဖြစ်သွားရပြီး ကျွဲ နွား တို့ရဲ့ အစာရေစာ ဖြစ်ကြရပါတယ်။

အဲဒါ အနှစ်အသား မရှိကြောင်း လောက မျက်စိ အမြင်မှာဘဲ ထင်ရှား လှပါတယ်၊ ယခု လဲ ပစ္စုပ္ပန် ကာလ ဟာ အတိတ်ကာလ အနာဂတ် ကာလ ၂-ပါး ကင်းမဲ့ သွားလျှင်ဘဲ အနှစ်အသားမရှိ အဖြစ်သို့ ဆိုက်ရောက်ပြီးလျှင် အနတ္တဓမ္မခေါ် သုဉ်းဆိတ်ခြင်း သဘောတရားသို့ ဘယ်သူရဲ့ ဗျာပါရမှမရှိ သူ့သဘာဝအတိုင်းသူ ဖြစ်သွားရခြင်းကို ရှင်တော်မြတ်ဘုရားက အဿရကဋ္ဌေန အနတ္တာလို့ဟောတော် ဆုံးမတော်မူပါတယ်။

## အတ္တဒိဋ္ဌိ အစွဲပယ်ကျွတ်ပုံ

အတ္တဒိဋ္ဌိဆိုသည်မှာ အနှစ်အသားရှိ၏ဟု ယူမှားနေခြင်းကို ဆိုလိုပါတယ်၊ သတ္တဝါတို့သည် မျက်စိအကြည်ဓာတ်ဖြင့် ရူပါရုံ ခေါ်အဆင်းဓာတ်နှင့် ပေါင်းဆုံလိုက်သောအခါ မြင်မှုခေါ် အသိဓာတ်ဖြစ်ပေါ်လာပါတယ်၊အဲဒီဖြစ်ပေါ်လာတာကိုပစ္စုပ္ပန် လို့ခေါ်ဆိုပါတယ်။

အဲဒီပစ္စုပ္ပန်ဟာ ဘယ်လိုသဘာဝဖြင့် ဘယ်လိုထွက်ပေါ် လာတယ်ဆိုတာကို အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့ဟာ မမြင်မတွေ့နိုင်ပါ

မြင်တွေ့လာအောင်လဲမကြံစီမဆင်ခြင်ပါ၊ရှင်တော် မြတ်ဘုရားက အဆင်းခေါ် အတိတ်ကာလ သဘောနှင့် အကြည်ခေါ် အနာဂတ် ကာလ ၂-ပါးပေါင်းဆုံမှုကြောင့် ဖြစ်ပေါ်လာတယ်လို့ ဟော ကြားတော်မူပါတယ်။

ပေါင်းဆုံကြတဲ့ အဆင်းအကြည်တို့ဟာလဲ အနိစ္စနယ် ဒုက္ခ နယ်ထဲမှာ ပေါင်းဆုံကြသဖြင့် ဖြစ်ပေါ်သည်နှင့်တပြိုင်နက်အနိစ္စ ဒုက္ခ တရား၂-ပါးမှာဘဲ ဥက္ကောင်း ဆိုက်ရောက်သွားရပါတယ်၊ ပစ္စုပ္ပန်ကလဲဖြစ်ပေါ်လိုက်ထာနှင့်အနတ္တသဘောထဲမှာဥက္ကောင်း ကြရောက်သွားပါတယ်၊ ဒါပေမဲ့ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တွေက အဲဒီ သဘာဝတွေကို မမြင်မတွေ့ကြဘူး။

ပစ္စုပ္ပန်ကာလ မြင်မှုကိုပင်လျှင် ငါမြင်တယ်၊ ငါကြားတယ်၊ ဆိုပြီး လက်မောင်းတန်း၍ အတ္တဒိဋ္ဌိအစွဲအယူပြင်းထန်လျက်ရှိနေ ကြပါတယ်၊ အတ္တဒိဋ္ဌိအစွဲအယူပြင်းထန်သဖြင့်ဌင်း၊ ပစ္စုပ္ပန်အာရုံ ကို အစွဲကြီးစွဲလျက် ခင်မင်နှစ်သက်ပြီးလျှင် တဏှာဒိဋ္ဌိ ဥပါဒါန် နယ်ကြီးကိုအစွမ်းကုန်ဖွင့်နိုးလျက်ခံစားနေကြပါတယ်၊ဒုက္ခအမျိုး မျိုးကို တွေ့သော်လဲ ဒုက္ခလို့မထင် သုခထင်မှတ်ပြီးလျှင် ခံစား နေကြသော နောက်ဆုံးတွင် သောကပရိဒေဝခေါ် ငိုကြွေးခြင်း စိုးရိမ်ပူဆွေးခြင်း ဒုက္ခဒေါမနဿ ဥပါယာသ ပြင်းစွာပူလောင် ခြင်း မီးတို့နှင့် အစဉ်တွေ့လျက် နေကြပါတယ်။

အဲဒါ ဘယ်သဘာဝကစ၍ ဖြစ်ပေါ်လာကြတာလဲ ပစ္စုပ္ပန် ကာလကို အနတ္တမထင်ဘဲ အတ္တထင်မှားပြီး အနှစ်အသားအနေ နှင့်စွဲမှားလာသောကြောင့် မီးတဆဲ့တပါးနှင့်တွေ့ကြုံ၍ အမျိုး မျိုး ဒုက္ခဝဲထဲမှာ နစ်မြုပ်နေကြတာဘဲမဟုတ်ပါလား၊ အတ္တဒိဋ္ဌိ အစွဲအယူမပြုတ်သမျှ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့မှာ အမြင်မှန်မတွေ့

ကြာတဲ့ သံသရာဝဲမှာ တလယ်လယ်နေကြရမည်ကို ပညာနှင့် ဆင်ခြင် တွေးကြည့်ပါ။

ကဲ-ကဲ ကာလ ၃-ပါး ရုပ် နာမ်ပေါ်ထွက်ပုံ ဝေဘန်ပြလိုက်ပါပြီ။ အာနာပါန ယောဂါဝစရ ပုဂ္ဂိုလ်များအတွက် နှလုံးအိမ်ရင်ချိုင့်တံခါးမှ ပေါ်ထွက်လာတဲ့ ကျောက်နဂါးမီးခတ်က ရုပ် နာမ်ကူးပုံ ဝိပဿနာ သမ္မသနဉာဏ်ဝင်ပုံတို့ကို ဝေဘန်ပြလိုက်ပါသဖြင့် ကျောက်နဂါးမီးခတ်၏ အဘိုးတန်ပုံတို့ကို သိရှိနားလည်နိုင်ကြပါပြီ။

ယခု ဖော်ပြတဲ့ လုပ်ငန်းစဉ်သည်ကား မဟာသတိပဋ္ဌာန် အာနာပါန လုပ်ငန်းစဉ်ဖြစ်ပါ၍ မီးခတ်အစုံနှင့်တကွ တံခါးပေါက် အစုံ ပညတ် အစုံ ရုပ် နာမ် အစုံ ပေါ်ထွက်ပြီး လျှင် ဝိပဿနာသမ္မသနဉာဏ်သို့ အလွယ်တကူနဲ့ တက်လှမ်းနိုင်ကြပါတယ်။

ရှေ့တံခါးဖြစ်တဲ့ ချက်တိုင် ပရိပါစက မီးခတ်ကြတဲ့ ရုပ် နာမ်ပေါ်တဲ့ စခမ်းမှာ အလွန်ဘဲ သိမ်မွေ့ပါတယ်၊ ဥဒယဗ္ဗယ ဉာဏ်ဝင်နိုင်တဲ့ ရုပ် နာမ်မျိုးပေါ်ထွက်ပါလိမ့်မယ်၊ ဒါ့ကြောင့် မဟာသတိပဋ္ဌာန်အာနာပါန လုပ်ငန်းစဉ်ကြီးဟာ ရှင်တော်မြတ်ဘုရား၏ အနာဂတ် သာသနာတော်အတွက် အမျိုးကောင်းသား အမျိုးကောင်းသမီးများအတွက် မဂ်-ဖိုလ် မျက်မှောက် ပြုနိုင်ရန် အချက်ကြကြနှင့် ပေါ်ထွက်လာတဲ့ အာနာပါန လုပ်ငန်းစဉ် ဓမ္မစကြာသာသနာပြုအဖွဲ့ချုပ်မှ တိုင်းပြည်သို့ ဆင်ဆက်လိုက်ရပါသတည်း။

စတုတ္ထတိတ်ခွေကြိုးဘာသာပြန်
ပြီးဆုံးခြင်းသို့ရောက်ပြီ။

# ဓမ္မစကြာမဂ်ဝင်အာနာပါနကျမ်း

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ
(ပဥ္စမတိတ်ခွေ ပထမဘက် ဘာသာပြန်)

သာသနာတော်၃-ရပ်ပဋိပတ်တွင်ခေတ်လေးပါး၊ခေတ်၈-ပါး ခေတ်၆-ပါး စကားပညတ် ခေတ်ချင်တိုင်း ခေတ်ကြဇတော့ ပိဋကတ်၃-ပုံ သည်ခေတ်တွင်ကြုံခါမှတုံ လိုတုံရုံလိုရုံခေါင်းမြီးချုံ ကြုံသဘာဝ ဝိသဘာဂနှင့်မနေဗေဒင်က ဗေဒင်စကြာတရားတော် ကလဲဓမ္မစကြာလာချင်တိုင်းလာကြတော့ ဂ,ယ်လုံးခုံ၊အုပ်ရှစ်ထု ကျက်ဥတွေထောင်းသည့်နှယ် ခေတ်ပေါင်းတွေစုံလင် ဝဏ်ဘာ ဝေ ဆံကေတော်မြတ်စံကိမ်းဝတ်သည့် ၉-သွယ်သော ဂုဏ်တော် အတုမရှိအမှန်ပြုရသည့် ဓမ္မစကြာ အာနာပါန ဂုဏ်ကိုမယုံလျှင် စမ်းမလား ရွှေနန်းတော်ကြီးရဲ့မိတ်ဘက် ကြက်သရေဝင်းပြောင် တောင်ဝေဘူအလုံးကို အသုံးတော်ရပြီမို့ ပညာရှိအရေးအမေး တော်ထွက်ခါမှ ဉာဏ်လက်နက်ဝရဇိန်နှင့် တထိန်ထိန်ထွန်း လတ္တံ့ ရွှေမှော်ကွန်းရောင် တပြောင်ပြောင်သည် ကမ္ဘာလောင် ဆူးဝလို့မကြာစတမ်း။

ရှေးက ဆရာတော်ဘုရားများ မိန့်ဆိုတော် မူခဲ့တဲ့အတိုင်း အာနာပါန လုပ်ငန်းစဉ်ဟာ မိမိတို့၏ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ပီးခေတ်ကြီး၄-ပါး ခေတ်ကြီး၄ ပါး တံခါးပေါက်ကြီး ၄-ပါး ပညတ်ကြီး ၄-ပါးတို့မှရုပ်တရား နာမ်တရား ၂-ပါးနှင့်ယှဉ်သော

အာနာပါနလုပ်ငန်းစဉ်ခေါ် အစစ်အမှန် တရားတော်ကြီးကို အမျိုးကောင်းသား အမျိုးကောင်းသမီးများအတွက် တင်ဆက်ပြလိုက်ပါပြီ။

ထိုအာနာပါနတရားတော်တို့သည် မိမိတို့၏ ခန္ဓာကိုယ်ကြီး၌ အစဉ်တည်ရှိနေတဲ့ မီးဓာတ်ကြီး၄-ပါးမှ ရုပ်တရား နာမ်တရား ဝိပဿနာ တရားတွေဟာ ဘယ်လို ပေါ်ထွက်လာတယ်ဆိုတာ ကိုယ်တွေ့ဒိဋ္ဌသိမြင်နိုင်ပါတယ်၊ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူတဲ့ ဓမ္မစကြာတရားတော်အနတ္တလက္ခဏာသုတ် ဆိုတဲ့တရားတော်တွေ မဟာသတိပဋ္ဌာန်ဆိုတဲ့ တရားတော်တွေကိုပင်လျှင် ကိုယ်တွေ့ လက်တွေ့ သဘောတွေ့အနေဖြင့် အာနာပါနအားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်များ ဝေဘန်သိမ်းဆည်းတော်မူနိုင်ပါလိမ့်မယ်။

## အာနာပါန ၁၅-ရက် အကျိုး

မန္တလေးမြို့ အရှေ့ပြင် ဓမ္မစကြာဋ္ဌိပတ်ရိပ်သာသို့ နေ့မပျက် ညမပျက်ဘဲ အဓိဋ္ဌာန် ၁၅ - ရက် ဖြင့် အားထုတ်နိုင်ကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့မှာမိမိတို့၏ ဦးကျောက် အိမ်ကြီး၌ သန္တာပ္ပန မီးဓာတ် တည်နေပုံနှင့် ရုပ်တရား, နာမ်တရား ပေါ်ထွက်ပုံတို့ကို ပဌမ အခြေခံအနေနဲ့ ရရှိသွားကြပါပြီ။

နောက်ထပ်၍ ယုံကြည်သော သဒ္ဓါကို အခြေခံ အမာခံထား နိုင်ပြီးလျှင် အာနာပါန လုပ်ငန်းစဉ်ကို ပြီးဆုံးအောင် လုပ်နိုင်ပါလျှင် တနေ့ လမ်းဆုံးသော ရွာကို တွေ့ရမယ်ဆိုသော ရှေး

ပေါရာဏစကားအတိုင်း မိမိတို့အလိုရှိကြတဲ့ ဖြစ်-ပျက် ၂-ပါး နှင့်တကွ ပညာမြင် အနတ္တ ခေတ်ကြီးကို အမှန် ဦးခေါင်းချနိုင်မည်ဟု ယုံကြည်နိုင်ပါလိမ့်မယ်။

တိက္ခ ဟာသ ဇဝန ဂမ္ဘီ ဉာဏ်လေးလီဖြင့် အခွံကိုခွါ အကာကိုရှား အသားကိုခြေ အနှစ်ကိုတွေနိုင်မှ အနတ္တဉာဏ် ထင်မြင်နိုင်ရာ၏ ဟူ၍ ဆရာတော်များ ဆုံးမတော်မူတဲ့ အတိုင်းဘဲ အာနာပါန လုပ်ငန်းစဉ်ကြီး၌ ရှေးဦးစွာ ပညတ်နိမိတ်တွေကို ခွါရပါမယ်၊ သဏ္ဌာန် အရိပ် နိမိတ်လက္ခဏာ သုဉ်းဆိတ်အောင် အကာတွေကို ရှားရပါမယ်။

အရောင်, အဆင်း, အလင်း, အကြည်ဆိုတဲ့ အသားတွေကို ထုခြေလိုက်ရပါမယ်၊ ဒီတော့မှ အနှစ်ကိုတွေရမယ် ဆိုတဲ့အတိုင်း ပရမတ် ရုပ်တရား နာမ်တရားတွေ ထွက်လာနိုင်ပါမယ်၊ မဟာသတိပဋ္ဌာန် အာနာပါနကြီးဟာ ပရမတ်ရုပ်စစ်, နာမ်စစ်တွေကို ထုတ်ဖော်နိုင်တဲ့ အာနာပါနကြီးဖြစ်၍ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ပွားမျှားအားထုတ်ရန် အထူးလျော်ကန်လှပါတယ်။

တရားပေးတော်မူကြတဲ့ ဆရာတော်ဘုရားများက မြန်မာနိုင်ငံတော် သာသနာ ခေတ်အားကို နှိုင်းချိန်တော်မူပြီးလျှင် သာသနာတဝက် ကျော်၍ ၁၀-နှစ် စွန်းပေါ်တက်မှ မဟာသတိပဋ္ဌာန် အာနာပါန လုပ်ငန်းစဉ်ကြီးကို ဖွင့်လှစ်ရန် ဆန္ဒရှိကြပါတယ်၊ ဘာကြောင့်ပါလဲ၊ သာသနာတဝက်လဲလျှင် သာသနာ

တော်၌ အာနာပါန လုပ်ငန်းစဉ်တွေ အမျိုးမျိုး ပေါ်ထွက်ကြပါလိမ့်မယ်၊ အဲဒီအာနာပါနတွေဟာ မဟာသတိပဋ္ဌာန်နည်း အာနာပါန မဟုတ်ပါ၊ ပရိယတ်ကို မူထားပြီးလျှင် မိမိတို့၏ တဂိုဏ်း တဖွဲ့ အနေဖြင့် ဖွင့်လှစ်ကြသော အာနာပါန များသာ ဖြစ်ကြပါသဖြင့် ၎င်းတို့ ပေါ်ထွက်ပြီးမှသာ မဟာသတိပဋ္ဌာန် အာနာပါန ပေါ်ထွက်ရန် အလိုဆန္ဒရှိကြပါတယ်။

မဟာသတိပဋ္ဌာန်အာနာပါနမှာကား မီးခွက်ကြီး ၄-ပါးကို မူထား၍ ရုပ်တရား နာမ်တရား ပေါ်ထွက်ကြပါတယ်၊ အခြား အာနာပါန များကား မီးခွက်ကြီး ၄-ပါးကို အရင်းခံ မထားကြဘဲ ပညတ် နိမိတ် သညာ ဝိညာဏ်ရုပ်ကို ပခနထားပြီးလျှင် ရုပ်တရား နာမ်တရား ထွက်ကြပါတယ်။

## အာနာပါန ငြင်းခုံရန် အချက်

ရှင်တော်မြတ်ဘုရားရဲ့ နှစ်ထောင်ငါးရာ သာသနာတော်၌ အာနာပါန လုပ်ငန်းစဉ်တွေဟာ အလွန်များပြားစွာ ပေါ်ထွက်နေကြပါတယ်၊တရားပေးကြတဲ့ ဆရာတော်ဘုရားများက လူတွေ ပွားများတဲ့ အာနာပါနထက် နတ်တွေ ပွားများတဲ့ အာနာပါန တွေပါ သာသနာတော်၌ ပေါ်ထွက် လာပါလိမ့်မယ်၊ အဲဒီ အာနာပါန တွေဟာ ရုပ်တရားအစစ် နာမ်တရား အစစ်ကို တွေ့အောင် မရှာနိုင်ပါ၊ အဲဒီနတ်တွေဟာ အာနာပါနတရားကို ပြ၍ ပါတီအင်အားစုကြပါလိမ့်မယ်၊ ၎င်းတို့၏ကမ္မဗိဒ္ဓိတန်ခိုးဖြင့် ပုဂ္ဂိုလ်တဦးတယောက်ကိုအနှောင်အဖွဲ့ပြုလုပ်ပြီးလျှင်အာနာပါန

တရားခေတ်သွင်း၍ အဖွင့်ခိုင်းပါလိမ့်မယ်၊ ထိုအခါ လူတို့သည် အထင်အမြင် ကြီးလာ၍ အာနာပါနအလုပ်ကို အားထုတ်ကြပေလိမ့်မယ်။

ဤသို့စသည်ဖြင့် ဆရာတော်ဘုရားများ၏ မိန့်မှာချက်အတိုင်း မြန်မာနိုင်ငံတော်ရဲ့ သာသနာ့ ခေတ်ကို ဝေဘန် သိမ်းဆည်းလိုက်လျှင် အထက်ပါ ဆရာတော် ဘုရားများ၏ မိန့်မှာ ချက်တွင် သာသနာတော်၏ ဖြစ်ပေါ်ပုံသည် နတ်များ၏ အာနာပါန လုပ်ငန်းစဉ်ခွဲတွင် ပါဝင်နေလျက် ရှိနေပါတယ်။

ဒါကြောင့် ဓမ္မစကြာ သာသနာပြု အဖွဲ့ကြီး မှ နတ်တို့၏ အာနာပါနဝဲမှ လွတ်မြောက်စေရန် ပွဲဦးထွက်မထွက်ပေါ်သေးဘဲ ဆိုင်းငံ့တော်မူပြီးလျှင် အခါအခွင့်ကို စောင့်ဆိုင်း မျှော်ကြည့်နေပါသေးတယ်၊ ယခုအခါတွင် နတ်များ၏ အာနာပါန ဝဲသည် အရှိန်သေသင့်သလောက် အရှိန်သေလာပါပြီ၊ မဟာသတိပဋ္ဌာန် အာနာပါနကြီး ကိုလဲ ထုတ်ဘော်ရန် အချိန်ရောက်ပြီ ဖြစ်ပါ၍ မီးခေတ်ကြီး ၄-ပါး နှင့် တွဲ၍ အရိယာ အာနာပါန လမ်း ခေါ် လုပ်ငန်းစဉ်ကြီးကို တိုင်းပြည်သို့ တင်ဆက်လိုက်ရပါတယ်။

(မှတ်ချက်)။ ။ဤဝေဘန်ချက်ဟာ အလွန်နက်နဲလှပါတယ် မိမိ အာနာပါနမှ တပါး အခြားအာနာပါနများကို ပုတ်ခတ်ရာ ရောက်တယ်လို့ မစွတ်စွဲလိုက်ပါနဲ့၊ ယခုထွက်နေတဲ့ အာနာပါန တိုင်းကို ဆိုလိုသည်မဟုတ်ပါ ဆရာနည်း မရှိဘဲ ၇-ရက်နှင့်မဂ်သွင်း နေကြတဲ့ အာနာပါန မျိုးကိုသာ ဆိုလိုပါတယ်။

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူတဲ့ မဟာသတိပဋ္ဌာန် အာနာပါန လုပ်ငန်းစဉ်ကြီးကို တံခါး ၄-ချက် မီးခွက် ၄-ပါး ထားပြီးလျှင် ဓမ္မစကြာ သာသနာပြု အဖွဲ့ကြီး မှ ဓမ္မစကြာ အနုဿသနီ နည်းကို အစဉ် မှီးလျက် တိုင်းပြည်သို့ တင်ဆက် လိုက်ပါပြီ၊ အားထုတ်ကြတဲ့ ပါရမီရှင်တွေဟာ မိမိ၏ ခန္ဓာကိုယ် ကြီး၌ တံခါး ၄-ပေါက်၊ မီးခွက်ကြီး ၄-ပါး၊ ပညတ်ရိပ်ကြီး ၄-ပါး တို့ကို အထူး နားလည်တော်မူကြစေလိုပါတယ်။

မီးခွက်ကြီး လေးပါးမှ အစဉ်အတိုင်း ရုပ်တရား နာမ်တရား ပေါ်ထွက်ပုံကို ဝေဘန် သိမ်းဆည်းတော်မူလာရာ ယခု အခါ ချက်တိုင် အရပ်မှာ ရှိတဲ့ ပရိပါစက မီးခွက် တခုဘဲ ကျန်ပါ တော့တယ်၊ အဲဒီ မီးခွက်ဟာလဲ နောက်ဆုံးတံခါးပါဘဲ၊ အဲဒီ မီးခွက်ကို ဖွင့်လိုက်တဲ့အခါ ပေါ်ထွက်လာတဲ့ ရုပ်တရား, နာမ် တရား ဟာလဲ ဥဒယဗ္ဗယ ဉာဏ်ကို ဝင်နိုင်တဲ့ ရုပ်တရား, နာမ် တရားပါဘဲ။

ပိဋကတ်တော်များက မီးခွက်၄-ပါး၏ အကြောင်းတရားကို ထုတ်ဘော်ပြတဲ့အခါမှာ ပရိပါစက မီးခွက်တခုသာ ကံကြောင့် ဖြစ်တယ်လို့ ထုတ်ဘော်တော်မူပါတယ်၊ ကျန်တဲ့မီးခွက် ၃-ပါး ကြတော့ အကြောင်း တရား လေးပါး ကြောင့် ဖြစ်တယ်လို့ ထုတ်ဘော်ထားပါတယ်။

ဒါကြောင့် ပရိပါစက မီးခွက်က ထွက်တဲ့ ရုပ်-နာမ်ကို အာနာပါန ယောဂါဝစရပုဂ္ဂိုလ်များ လုပ်ငန်းစဉ်ဖြင့် ကိုယ်တွေ့ လက်တွေ့ မနောတွေ့ ဖြစ်ရအောင် အထူးဘဲ ကြိုးစားတော်

မူကြပါ၊ ကံကြောင့်ဖြစ်တဲ့ မီးဓာတ်က ထွက်တဲ့ ရုပ်-နာမ်ဟာ အလွန်ဘဲ သိမ်မွေ့ပါတယ်၊ ရုပ်စစ်- နာမ်စစ်- ပရမတ် စစ်လဲဖြစ်ပါတယ်။

ကဲ-ကဲ နောက်ကပြခဲ့တဲ့ စကားတွေကို သိမ်းကြဦးစို့၊ ပဌမ နှုတ်ခမ်းဖျားနှင့် နှာသီးဖျားအရပ်ခေါ် ပထမစတုက္ကတံခါးက ဒဟာမီးဓာတ်ကြီးကို သိမ်းဆည်းပြီးလျှင် အာရုံအာရမ္မဏိက ရုပ် နာမ်ပေါ်ထွက်ခဲ့ပါတယ်၊ မှတ်မိတော်မူကြပါလိမ့်မယ်။

ဒုတိယစတုက္က ငယ်ထိပ်ဦးခေါင်တံခါးကြတော့ရင် သန္တပ္ပနမီးဓာတ်ကို သိမ်းဆည်းတော်မူပါတယ်။ ရုပ်တရား နာမ်တရားပေါ်တဲ့အခါမှာ အာရမ္မဏိက ပစ္စုပ္ပန်သညာ၃-လုံးပေါ်ထွက်၍ ရုပ်တရား နာမ်တရားထုတ်ဘော်ခဲ့ပါတယ်၊ ဉာဏ်စဉ်အားဖြင့် ပစ္စယ ပရိဂ္ဂဟဉာဏ်မှာ သွင်းယူပြပါတယ်။

တတိယစတုက္ကနှလုံးအိမ်ရင်ချိုင့်တံခါးကြတော့ကာလ၃-ပါး ရုပ် နာမ်ကိုဖေါ်ထုတ်ခဲ့ပါတယ်၊ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာယာဉ်သို့ တင်၍ ပယ်သတ်ခဲ့ရ သဿတဒိဋ္ဌိ ဉစ္ဆေဒဒိဋ္ဌိ အတ္တဒိဋ္ဌိ ဒိဋ္ဌိကြီး ၃-ပါးကို ပယ်နှုတ်တော်မူခဲ့ပါတယ်။

ယခုချက်တိုင်တံခါး ပရိပါစကမီးဓာတ်မှာကား ဖြစ်ပျက် ရုပ် နာမ် ၂-ပါးကိုဖေါ်ထုတ်ပါလိမ့်မယ်၊ ဉဒယဗ္ဗယခန္ဓာငါးပါးလဲ ပေါ်ထွက်ပြီးလျှင် ခနပစ္စုပ္ပန် သန္တတိပစ္စုပ္ပန် ၂-ပါးကို သိမ်းဆည်းတော် မူပါလိမ့်မယ်၊ ဒါကြောင့် ဤတံခါးမှာဘဲ အာနာပါနကြီး ဉက္ကောင်းချုပ်မည်ဖြစ်ပါ၍ ယောဂါဝစရပုဂ္ဂိုလ်များ အသိဉာဏ်အပိုင်ရဘို့လိုပါတယ်။

## ပရိပါစေကမိုးခေါ်ဆိုတာ

ကဲ-ကဲ ပရိပါစက မိုးခေါ် အကြောင်းအရာကို ရှင်းကြစို့၊ ပရိပါစက မိုးခေါ်ဆိုသည်မှာ စားသောက်သမျှ အာဟာရတွေကို တခနခြင်း ကြေကျက်စေနိုင်တဲ့ မိုးခေါ်ကို ဆိုလိုပါတယ်၊ အဲဒီမိုးခေါ်ဟာ သတ္တဝါတို့၏ ခန္ဓာကိုယ်၌ အလွန်အရေးပါသော မိုးခေါ်ဖြစ်ပါတယ်၊ သူ၏နေထိုင်ရာ ဖြစ်ပေါ်ရာ အရပ်ကား ချက်တိုင်အရပ်မှာ တည်ရှိနေပါတယ်။

ချက်တိုင်အရပ်မှာ ဘယ်အခါကစ၍ တည်နေပါသလဲဆိုရင် ပဋိသန္ဓေတည်နေကထဲက ပရိပါစက မိုးခေါ်ဟာ ပဋိသန္ဓေစိတ်နှင့်အတူ တပြိုင်ထဲပါလာပြီး တည်နေပါတော့တယ်၊ ပဋိသန္ဓေကို ဖြစ်စေတတ်တဲ့ ဇနက ကံကြောင့် ဖြစ်ပေါ်လာသော ကမ္မဇချုပ် ၉ ပါးလို့ ပရိပါစက မိုးခေါ်ကို အဘိဓမ္မာကျမ်းကြီးတွေက မိန့်ဆိုတော်မူကြပါတယ်။

အဘိဓမ္မာအလိုအားဖြင့် ကလာပ်စီးတဲ့အခါမှာ ဇီဝိတနဝက ကလာပ်လို့ခေါ်ပါတယ်၊ မြန်မာလိုဘာသာပြန်လျှင် ဇီဝိတ လျှင် ၉-ခုမြောက်ဖြစ်တဲ့ အပေါင်းအစုလို့ ဆိုလိုပါတယ်၊ရုပ်အရေအတွက်အားဖြင့် ရုပ်ပေါင်း ၉-ခု ရှိပါတယ်၊ ၉-ခုကိုရေတွက်ကြည့်ဦးစို့။

(၁) ပထဝီခေါ် မဟာဘုတ်တပါး၊
(၂) အာပေါခေါ် မဟာဘုတ်တပါး၊
(၃) ဝါယောခေါ် မဟာဘုတ်တပါး၊
(၄) တေဇောခေါ် မဟာဘုတ်တပါး၊

(၅) ဝဏ္ဏခေါ် အဆင်းခေါတ်၊
(၆) ဂန္ဓခေါ် အနံ့ခေါတ်၊
(၇) ရသခေါ် အရသာခေါတ်၊
(၈) ဩဇာခေါ် အဆီအနှစ်၊
(၉) ဇီဝိတခေါ် ရုပ်ဇီဝိတိန္ဒြေ၊

ပေါင်းသော် ရုပ်၉-ပါး ဖြစ်ပါတယ်၊ အဲဒီရုပ် ၉-ပါးကို ပေါင်းတဲ့အခါမှာ ဇီဝိတရုပ်ကို အမှူးအကဲထား၍ ပေါင်းစုကြသောကြောင့် ဇီဝိတ နဝက ကလာပ်လို့ ခေါ်ပါတယ်၊ မ်းခေါတ်အနေနဲ့ဆိုလျှင် ပရိပါစက မီးခေါတ်လို့ခေါ်ပါတယ်။

အဲဒီပရိပါစက မီးခေါတ်ကိုဘဲ ပိဋကတ်တော်များ၌ သတ္တဝါတို့၏ အသက်ဆိုသည်မှာ ဘယ်ဟာလဲ ပိဋကတ် မသင်ကြားဘူးတဲ့ ပုဂ္ဂိုလ်များက အသက်ဆိုတာ ထွက်လေနှင့် ဝင်လေဘဲလို့ထင်မှတ်နေကြတယ်၊ စတုတ္ထစျာန်သမာပတ်နှင့် နိရောဓသမာပတ် ဝင်စားတော်မူကြသော အရှင်မြတ်တို့မှာ ထွက်လေ ဝင်လေ ၂-ပါးချုပ်နေပါတယ်၊ အဘယ်မှာသေလို့လား၊ ဒါကြောင့် အသက်ဆိုတာ ပရိပါစကမီးခေါတ်ကို တပါးအဝင်အပါအနေနှင့်ကောက်ယူပါ။

ဒါကြောင့်ငင်းပရိပါစက မီးခေါတ်ကို အာယုလို့လဲခေါ်ကြပါတယ်၊ ဇီဝိတိန္ဒြေလို့လဲ ခေါ်ကြပါတယ်၊ အာယုလို့ခေါ်သဖြင့် သတ္တဝါတို့၏ အသက်ဟာ သူပါဘဲ၊ ဇီဝိတိန္ဒြေလို့ခေါ်သဖြင့် ဤခန္ဓာကိုယ်ကြီးကို မပုတ်မသိုးမပျက်စီးအောင်

စောင့်ရှောက်နေခြင်းဟာလဲ ပရိပါစက မီးခွတ်ပါဘဲ၊ အဲဒီ မီးခွတ်ဟာ အဘယ်အခါမှ ချုပ်ပါသလဲဆိုလျှင် ပဋိသန္ဓေက ဖြစ်လာတဲ့ ဒီမီးခွတ်ဟာ ပစ္စုပ္ပန်ဘဝတခုလုံးကို သတ္တဝါအား ကျေးဇူးပြုပြီးလျှင် လူသေတဲ့အခါမှာ စုတိစိတ်ချုပ်တယ်ဆိုတာ ကြားဘူးကြပါလိမ့်မယ်။

အဲဒီစုတိစိတ်နှင့်တပြိုင်နက် အတူဘဲ ချုပ်ပါတယ်၊ အဲဒီ မီးခွတ်ချုပ်မှ သတ္တဝါသေတယ်လို့ သမုတ်နိုင်ပါတယ်၊သူမချုပ် လျှင် ဝါ သူရှိနေပါလျှင်လူသေလို့မခေါ်နိုင်သေးပါ၊ဒါကြောင့် ပိဋကတ်တော်များ၌ လူသေတယ်ဆိုတာ ဘယ်တရားချုပ်မှ လူသေခေါ်နိုင်ပါသလဲလို့ အမေးကိုဖြေဆိုထားသည်မှာ အောက်ပါအတိုင်းပါဘဲ။

အာယုဉ္မာစ ဝိညာဏံ ယဒါကာယံ ဇဟန္တိမံ
အပဝိဒ္ဓေါ တဒါသေတိ နိရတ္ထံဝ ကလိင်္ဂရံ။

ဆိုလိုရင်းမှာ လူသေဆိုခြင်း၌ သဘောတရား ၃-ပါးတို့သည် ခန္ဓာကိုယ်ကြီး၌ စွန့်ခွါမှသာလျှင် လူသေလို့ခေါ်ဆိုနိုင်ပါတယ်။

## သဘောတရား ၃-ပါးစွန့်ခွါခြင်း

(၁) အာယုလို့ခေါ်တဲ့ ပရိပါစက မီးခွတ်ချုပ်ခြင်း၊
(၂) ဥသ္မာခေါ်တဲ့ ကိုယ်ငွေ့မီးခွတ်ချုပ်ခြင်း၊
(၃) ပဋိသန္ဓေ ဝိပါတ်စိတ်ချုပ်ခြင်း၊

ဤ၃-ပါးသော သဘောတရားတို့သည် အညီအညွတ် ခန္ဓာကိုယ်ကြီးမှ စွန့်ခွါလိုက်သည်နှင့်တပြိုင်နက် လူရှင်မဟုတ်တော့ပါ လူသေတခါထဲဖြစ်သွားရပါတယ်။

ဒါကြောင့် သတ္တဝါတို့၏ ခန္ဓာကိုယ်၌ ဤပရိပါစကမီးဓာတ်သည် ကံကြောင့်ဖြစ်ပေါ်လာပြီးလျှင် သတ္တဝါတို့အား အထူးကျေးဇူးပြုလျက်တည်ရှိနေသောမီးဓာတ်ဖြစ်ပါတယ်၊ အာနာပါနလုပ်ငန်းစဉ်တွင် ဤမီးဓာတ်မှ ရုပ် နာမ် ပေါ်ထွက်ပုံကို ဝေဘန်ထားသောကြောင့် အနည်းငယ်သိရှိရန် ဘော်ပြလိုက်ရပါတယ်။

## ပရိပါစကမီးဓာတ်ထင်ပုံ

အာနာပါနလုပ်ငန်းစဉ်ကို အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် ထွက်လေနှင့်ဝင်လေ ၂-ပါးကို အမှတ်ပြု၍ ရှုမှတ်လိုက်သောအခါတွင် ရှေးကထင်မြင်ဘူးသော လေကြောင်းနိမိတ်ကလေးပြန်ပေါ်လာပါလိမ့်မယ်။ အဲဒီအခါမှာ ချက်တိုင်ကို အာရုံစိုက်ပြီး အထူးရှုမှတ်ပါ။ မိမိ၏ ပရိပါစကမီးဓာတ်သည် ရှေးဦးစွာ ပညတ်နိမိတ်အနေနဲ့ ရှုမှတ်သော ယောဂါဝစရ ပုဂ္ဂိုလ်အား ထင်မြင်လာလိမ့်မယ်။

## ပညတ်နိမိတ် ၃-မျိုးထင်ပုံ

အချို့သော ယောဂါဝစရ ပုဂ္ဂိုလ်များသည် မိမိ၏ချက်တိုင်ကို အာရုံစူးစိုက်၍ ရှုလိုက်သောအခါ ချက်တိုင်အရပ်မှ ဖရောင်းတိုင် မီးညွန့်ကလေး တက်လာသလို တက်လာတတ်ပါတယ်။ အဲဒီမီးညွန့်ကလေး၏ အဖျားမှ ထွက်လေကလေး အစပြု၍ ပေါ်လာသည်ကို နိမိတ်ထင်မြင်လာတတ်ပါတယ်။

အချို့သော ယောဂါဝစရ ပုဂ္ဂိုလ်များမှာတော့ ရေနံ မီးခွက်က မီးတောက်သလို မိမိ၏ ချက်တိုင်အရပ်မှာ ရှေးဦးစွာ မီးညွန့်တက်လာပြီးလျှင် မီးညွန့်၏အဖျားမှ ထွက်လေပေါ်ထွက်လာသည်ကို နိမိတ်ထင်မြင်တတ်ပါတယ်။

အချို့သောယောဂါဝစရပုဂ္ဂိုလ်တို့မှာကား မိမိ၏ချက်တိုင်အရပ်ကို အာရုံစိုက်၍ ရှုမှတ်လိုက်သောအခါတွင် ဆီမီးခွက်က မီးတောက်သလို မီးညွန့်ကလေး ထွက်လာသည်ကို ရှေးဦးမြင်တွေ့ရပါတယ်။ မီးညွန့်ရဲ့အဖျားမှ ထွက်လေကလေး ပေါ်ထွက်လာတာကို မြင်ရတတ်ပါတယ်။ အဲဒီလို ပရိပါစက မီးခွတ်ကို လေကြောင်းနိမိတ်ထင်မြင်ဘူးသော ပုဂ္ဂိုလ်များ ရှုလိုက်သောအခါ အရိပ်နိမိတ် ထင်မြင်လာတတ်ပါတယ်။ တရားပေါက်ကြသောဆရာတော်များက ပရိပါစကမီးခွတ်ရဲ့ အရိပ်နိမိတ်ကို ထောက်ဆပြီးလျှင် အောက်ပါအတိုင်းခွဲခြမ်းတော်မူကြပါတယ်။

၁။ ဖယောင်းတိုင် မီးညွန့်ကဲ့သို့ထင်သော နိမိတ်ရှိသော ပရိပါစကမီးခွတ်သည် တိဟိတ်ပုဂ္ဂိုလ်တို့၏မီးခွက်ဟု ဆိုနိုင်ပါတယ်။

၂။ ဆီမီးခွက်က မီးညွန့်ကဲ့သို့ ထင်သော နိမိတ်ရှိသော ပရိပါစက မီးခွတ်သည် ဒွိဟိတ်ပုဂ္ဂိုလ်တို့၏ မီးခွတ် ဆိုနိုင်ပါတယ်ဟုဆုံးဖြတ်ပါတယ်။

၃။ ရေနံခွက်က တောက်သော မီးညွန့်ကဲ့သို့ ထင်သောနိမိတ်ရှိသော ပရိပါစက မီးခွတ်သည် အဟိတ်ပုဂ္ဂိုလ်တို့၏ မီးခွတ်ဟု ဆုံးဖြတ်ပါ။

သဒ္ဓေါပါဟောတိ အပ္ပါဗာဓော အမာယာဝီ ဝိရိယော ပညဝါ ဟူ၍ ဟောတော်မူအပ်သော ပဉ္စင်္ဂ ဂုဏ်တို့ ရှိပါဠိတော်၌၊ ပဓာနိယင်္ဂ တရားငါးပါးကိုထုတ်ပြတော်မူရာမှာ ကျန်းမာသန်စွမ်းခြင်းခေါ် အနာကင်းခြင်းကိုလည်း ပဓာနိယင်္ဂတရား ငါးပါး၌ ထည့်သွင်း ထားတော်မူပါတယ်။

အဲဒီ ထည့်သွင်း ထားခြင်းကို အဋ္ဌကထာ ဆရာများက ဖွင့်ဆို တော်မူကြသည်မှာ အောက်ပါအတိုင်းပါဘဲ။

> အပ္ပါဗာဓော အပ္ပါတင်္ကော နာတိသီတဿ နာစ္စုဏှာယ ပဓာနက္ခမာယ သမဝေပါ ကိနိယာ ဂဟဏိယာ သမန္နာ ဂတော။

(ပါ-ဒီ-ဋ-တိ-၂၇၊ စာမျက်နှာ-၅၇)

ဟု ဖွင့်ဆိုတော်မူချက်အရ ကျန်းမာ သန်စွမ်းခြင်းနှင့် ပြည့်စုံ မှုသည် ပရိပါစက မီးဓာတ်ပြဋ္ဌာန်းနေပါတယ်၊ အချင်းခင်သိမ်း ပရိပါစက မီးဓာတ်သည် အပူ အအေး မျှတညီညွတ်မှု ရှိစေရပါ မယ်၊ အပူနှင့်တွေ့သော်လဲ ဘောက်ပြန်ခြင်း မရှိရပါ၊ အအေးနှင့် တွေ့သော်လဲ ဘောက်ပြန်ခြင်းမရှိရပါ၊ အပူဒဏ် အအေးဒဏ်ကို အစဉ်ခံနိုင်တဲ့ မီးဓာတ် ဖြစ်စေရမယ်။

သို့မှသာယခုဘဝ မဂ်တရား ဖိုလ်တရား ရနိုင်ပါတယ်၊မီးဓာတ် အားမကောင်းပါလျှင် ကျန်းမာရေး ချို့တဲ့ လာပါလိမ့်မယ်၊ ကျန်းမာရေး ချို့တဲ့လာလျှင် ဘယ်လိုပင် တရားအားထုတ်၍

မရ၊ ဆရာဝန် သွားဝန်တွေနဲ့ ကုသနေရပါလျှင် အဘယ်မှာ တရားအလုပ်ကို အားထုတ်နိုင်ပါတော့မလဲ တရား အားမထုတ်နိုင်သော် မဂ်-ဖိုလ်ကို အဘယ်မှာလျှင် ရနိုင်ပါတော့မလဲ။

ဒါကြောင့် မဂ်-ဖိုလ် ရကြောင်း အင်္ဂါ ၅-ပါးထဲတွင် ခန္ဓာ အားကောင်းမှုနှင့် ပြည့်စုံခြင်းကို တပါး အပါအဝင် ထည့်ထားသောကြောင့် ဤ ပရိပါစက မီးဓာတ် သည် တိဟိတ် မီးဓာတ် ဖြစ်စေရန်လဲ အရေးကြီးအပ်ပါတယ်၊ တိဟိတ်မီးဓာတ်နှင့်ပြည့်စုံကြကုန်သော ဗျာနလာဘီ ရသေ့ ရဟန်း တို့မှာ တောတောင် အရပ်မှာ နေသော်လဲ ဘယ် ဆရာဝန် သွားဝန် မှ ဆေးသွားကုရခြင်း၊ဆေးထိုးပေးရခြင်း အလျှင်းမရှိပါ၊ ပရိပါစကမီးဓာတ်ဖြင့် ကျန်းမာရေး အထူးပြည့်စုံနေကြပါတယ်။

အာနာပါန ဘာဝနာကို ပွားများ အားထုတ်တော်မူကြတဲ့ ပုဂ္ဂိုလ်တို့ဟာလဲ အထက်တွင် ဘော်ပြလိုက်တဲ့ နိမိတ် ၃- မျိုး တို့တွင် မိမိ၏ပရိပါစကမီးဓာတ်သည် မည်သည့်အဆင့်အတန်းမှာ ရှိနေသည်ကို မိမိကိုယ်တိုင် ဝေဘန်သိမ်းဆည်းနိုင်ရန် ပရိပါစက မီးဓာတ်၏ နိမိတ်ထင်အောင် အားထုတ်တော်မူကြစေလိုပါတယ်။

အာနာပါန တံခါး ၄-ပေါက် တို့တွင် ဤ ချက်တိုင် ခေါ် တံခါးပေါက်သည် ထင်မြင်ရန် ခဲရင်းပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ လေဓာတ်ကို အစဉ်အတိုင်း ချုပ်အောင်လုပ်မှ ထင်နိုင်ပါတယ်၊ လေဓာတ် မချုပ်လျှင် ပရိပါစက မီးဓာတ် နိမိတ်ကို မထင်နိုင်ပါ။

အာနာပါန ယောဂါဝစရပုဂ္ဂိုလ်တို့သည် ယခုဘော်ပြခဲ့တဲ့ ချက်တိုင်မှာရှိတဲ့ ပရိပါစက မီးဓာတ်ကို တွေ့အောင် လုပ်ငန်းစဉ်ဖြင့် ဘယ်လိုအားထုတ်ကြရမလဲ၊ အဲဒီမီးဓာတ်ဟာ ၃၁ဘုံမှာ ရှိကြတဲ့ သတ္တဝါတို့ရဲ့ အာယုလို့ခေါ်တဲ့ မီးဓာတ်ပါဘဲ၊ ဇီဝိတိန္ဒြေလို့လဲ ခေါ်နိုင်ပါတယ်၊ ခန္ဓာကိုယ်ကြီးတခုလုံးကိုဘဲ ပရိပါစက မီးဓာတ်က စောင့်ရှောက်ထားပါတယ်။

ဒီမျှတွင်မကသေးဘူး လူတို့ရဲ့ ကျန်းမာရေးကိုလဲ ပရိပါစက မီးဓာတ်က အားပေးနေတယ်ဆိုတာလဲ ထုတ်ဘော်ရှင်းလိုက်ပါပြီ၊ ပုဂ္ဂိုလ်သတ္တဝါတို့မှာ ရောတည် မီးဓာတ်ဖြစ်ကြောင်းကို ယောဂါဝစရပုဂ္ဂိုလ်များ နားလည်ကြပေပြီ၊ မဂ်ဝင်ရား-ဖိုလ်တရားကို ရတယ်ဆိုတာလဲ ပရိပါစကမီးဓာတ် အားကောင်းမှ ရနိုင်ပါတယ်။

သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်ကြီးဟာ ဘယ်လောက်ပင်ကြီးထွား ရှိနေသော်လဲ လိုရင်းမှာ ပရိပါစက မီးဓာတ်ဟာ အမြုတေ ကလေးပါဘဲ၊ ခန္ဓာကိုယ်ကြီး ကြီးထွားနေတာက အကာတွေ ပါဘဲ အနှစ်ကို ရှာလိုက်ရင် အဲဒီမီးဓာတ်ပါဘဲ။

စတုဘ္ဘဈာန်ဝင်စားတော်မူသော ရဟန္တာအရှင်မြတ်တို့ဟာ တခါတရံခန္ဓာကိုယ်ကြီးကို မသုံးတော့ဘဲ၊ ဤမီးဓာတ်နှင့်ပင် နေထိုင်ကြပါတယ်၊ အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်သည် နန္ဒောပနန္ဒနဂါးမင်းကြီးကို ချတ်တော်မူတဲ့အခါမှာလဲ စတုတ္ထဈာန်သမာပတ် ဝင်စားတော်မူ၍ ခန္ဓာကိုယ်ကြီးကို အသေးဆုံးဖြစ်အောင် ဤပရိပါစက မီးဓာတ်ဖြင့် ယူတော်မူပါတယ်။

ဤပရိပါစက မီးခါတ်ဖြင့် ယူတော်မူပြီးလျှင် နဂါးကြီး၏ ခံတွင်းထဲသို့ရင်း၊ ဝမ်းခေါင်းထဲသို့ရင်း၊ စင်္ကြံကြွတော်မူခြင်း ကိစ္စကိုပြုလုပ်တော်မူနိုင်၍ နောက်ဆုံးတွင် နဂါးမင်းသည် အရှုံး ပေးရပါတယ်၊ ဒါကြောင့် ဤပရိပါစက မီးခါတ်သည် တန်ခိုး ရှင်များ၏ တန်ခိုးဘန်ဆင်းခြင်း၌လည်းကိုယ်အဖြစ်အသုံးချတော် မူကြပါတယ်။

မဟာသမယသုတ်တော်ကို မြတ်စွာဘုရား ဟောကြားတော် မူသောအခါ စကြာဝဠာတသောင်းမှ နတ်ဗြဟ္မာ အစည်းအဝေး ဖြစ်တော်မူရာပရိသတ်တွေအလွန်များပြားလှပါသဖြင့် နတ်ဗြဟ္မာ တို့သည် သား မြီး ဖျား ထိုး လောက် ရုံ မျှ ရှိ သော အ ရပ် မှာ ပင် နတ်ဗြဟ္မာတို့သည် အစုံပေါင်း ၆၀-တည်နေရသည်ဟု ဆိုခြင်း မှာလဲ အချို့ပုဂ္ဂိုလ်များက အပ်ဖျားလေး တထောက်အရပ်မှ နတ်ပေါင်း ၆၀-ဘယ်လိုများ နေပါလိမ့်မလဲလို့ စဉ်းစားမရ ဖြစ်ကြပေလိမ့်မယ်။

စဉ်းစားမရမရှိပါနဲ့ နတ်ပေါင်း၆၀-တို့ဟာ တန်ခိုးတော်ဖြင့် နေတယ် ဆိုသော်လဲ ခန္ဓာကိုယ်ကြီးကို အကျဉ်းချုံးပြီးလျှင် ဝါ ခန္ဓာကိုယ်အကြီးကို စွန့်ခွါ၍ ဤပရိပါစက မီးခါတ်နှင့်ပင် နတ်ပေါင်း၆၀-တို့ဟာ အပ်ဖျားတထောက်အရပ်မှာကိုပင် နေကြ ပါတယ်၊ ဆိုလိုရင်းက တန်ခိုးရှင်တော်မှန်လျှင် အကြောင်းရှိ လာခဲ့သော် ဤပရိပါစကမီးခါတ်ကို ခန္ဓာအိမ်ဖွဲ့၍ နေထိုင်ပြီး လျှင် အမှုကိစ္စများကို ဆောင်ရွက်တော်မူပါတယ်။

ဤမျှလောက် အစစအရာရာမှာ အသုံးအဝင်ဆုံးဖြစ်တဲ့ ပရိပါစက မီးခါတ်၏ အကြောင်းအရာတွေကို အာနာပါန

ယောဂါဝစရပုဂ္ဂိုလ်များ သိရှိနားလည်ရန်ဖေါ်ထုတ်၍တင်ဆက်ပြလိုက်ပါပြီ။

## ပရိပါစကမီးဓာတ်ကို တွေ့အောင်ရှာနည်း

ကဲ-ကဲ ပရိပါစက မီးဓာတ်ကိုတွေ့အောင် လုပ်ငန်းကိုသွားကြရပေမယ် သွားကြဦးစို့။

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမိတိ သိက္ခတိ
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမိတိ သိက္ခတိ။

## မဟာသတိပဋ္ဌာန်ပါဠိတော်

(အနက်) ကာယသင်္ခါရံ ရုံးရင်းကြမ်းထမ်းသော ကမ္မဋ္ဌာန်းနိမိတ်ကို ပဿမ္ဘယံ၊ ပဿမ္ဘယန္တော၊ ငြိမ်းစေသည်ဖြစ်၍။ အဟံငါသည်။ အဿသိဿာမိ၊ ထွက်သက်ကို ဖြစ်စေအံ့။ ဣတိဤသို့၊ သိက္ခတိ ကျင့်၏။

ကာယသင်္ခါရံ ရုံးရင်းကြမ်းထမ်းသော ကမ္မဋ္ဌာန်းနိမိတ်ကို ပဿမ္ဘယံ၊ပဿမ္ဘယန္တော၊ငြိမ်းစေသည်ဖြစ်၍။ အဟံငါသည်၊ပဿသိဿာမိ ဝင်သက်ကိုဖြစ်စေအံ့။ ဣတိဤသို့၊ သိက္ခတိကျင့်၏။ ဝါ အားထုတ်၏။

ဆိုလိုရင်းမှာ ထွက်တဲ့လေကို တစတစနဲ့ မထွက်အောင် သိမ်းဆည်းရမယ်၊ ဝင်တဲ့လေကိုလဲ၊ တစတစနဲ့ ဝင်လေကိုလဲ သိမ်းဆည်းရမယ်၊ ဘာကြောင့်လဲ ထွက်တဲ့လေနဲ့ ဝင်တဲ့လေကို

သိမ်းဆည်းသွားနိုင်လို့ ထွက်တဲ့လေဟာ ချက်တိုင်မှာဘဲ ထွက် ချက်တိုင်မှာဘဲ ချုပ်နိုင်လာရင် ဝင်တဲ့လေကိုလဲ ချက်တိုင်မှာဘဲ ဖြစ် ချက်တိုင်မှာဘဲ ချုပ်နိုင်လာလျှင် ပရိပါစက မီးခုတ်ကို တွေ့တော့ဘာဘဲ။

လေခုတ် ၂-ပါး ချုပ် တယ် ဆို လျှင် ဘဲ၊ အလုံး စုံ သော မီး ခုတ် တွေ ဟာ အကြည် ခုတ် ဆိုက်ပါတော့ တယ်၊ အကြည် ခုတ် ဆိုက် လျှင် ခန္ဓာ ကိုယ် မှာ ဝေဒနာ ပေါ်တယ်လို့ ဆိုနိုင်ပါပြီ၊ ဝေဒနာပေါ်လျှင် ဘယ်အာရုံကို မဆို ယူနိုင်ပါတယ်။ တရားအာရုံကို ယူလျှင်လဲ အလွယ်တကူနှင့် ယူလို့ရလာပါတယ်။ လောကီအာရုံကို ယူလျှင်လဲ တခနဲခြင်း ယူလို့ရနိုင်ပါတယ်။

ဒါကြောင့် လေခုတ်ကိုချုပ်အောင် အားထုတ်ခိုင်းတာပါ။ အချို့က လေခုတ်ချုပ်လျှင် သတိမရ ဖြစ်သွားတယ်လို့ ပြောကြတယ်။ မဟုတ်ပါ၊ သတိမလစ်ပါ၊ သတိလစ်သွားတာက နတ်ဂိုဏ်း မှော်ဂိုဏ်းတွေနဲ့ ယှဉ်တဲ့ အာနာပါနမျိုးပါ၊ အကြည် ခုတ်ဆိုက်တယ်ဆိုတာလဲ ခန္ဓာကိုယ်ကြီးတခုလုံး ကြည်နေရှ် ဝေဒနာပေါ်တာကိုဆိုပါတယ်။

ဝေဒနာပေါ်တယ်ဆိုတဲ့ နာကျင် ကိုက်ခဲ ဖြစ်နေ တာ ကို ဝေဒနာပေါ်တယ်လို့ ထင်မှတ်နေကြမယ်၊ အဲဒါက သညာ ဝိညာဏ် ဝေဒနာမျိုးပါ၊ ယခု ဝေဒနာ ပေါ်တယ်ဆိုတာက သညာဝိညာဏ်တောင် မပေါ်တော့ဘူး။ ပညာရဲ့ သဘောတရား ခံစားလို့ရနိုင်တဲ့ဝေဒနာမျိုး မဟုတ်ပါ။ ခန္ဓာကိုယ်ကြီးတခုလုံး

အတ္တသညာတဆိုက်ရောက်ပြီး ဘာကိုမျှ ခံစားလို့မရဘဲ ပရိပါစက မီးခွတ်၏အခိုးအရှိန် ဖြစ်ပေါ်နေ၍ တကိုယ်လုံးအကြည်ခွတ် ရောက်နေခြင်းကို ဝေဒနာပေါ်တယ်လို့ တထစ်ကြမှတ်ပါတော့။ အဲဒီဝေဒနာပေါ်တာကို အလိုရှိတော်မူ၍ ရှင်တော်မြတ်ဘုရားက လေခွတ်ကို ချုပ်အောင် လုပ်ရမယ်လို့ အမိန့်ရှိတော်မူခြင်းပါ။ ကိုယ်တွေ့လက်တွေ့ အားထုတ်ပါက ဟုတ်မှန်ကြောင်းဝန်ခံနိုင်ပါ လိမ့်မည်။ မိမိတို့ရဲ့ ခန္ဓာအိမ်ကြီးဟာ မီးခွတ် လေးပါးက တည်ဆောက်ထားတဲ့ ခန္ဓာအိမ်ကြီးဖြစ်ပါတယ်။ ဘယ်လို တည် ဆောက်ထားပါသလဲ၊ဦးကျောက်အိမ်ကြီးမှာ သန္တပ္ပနမီးခွတ်က တည်ဆောက်ထားပါတယ်။ နှလုံးအိမ် ရင်ချိုင့်မှာတော့ ဥသ္မ မီးခွတ်က တည်ဆောက်ထားပါတယ်။ နှုတ်ခမ်းဖျား နှာသီး ဖျားကတော့၊ အင်္ဂဟောင်းပျက် အသစ်ဖြစ်အနေနဲ့ ဒဟမီးခွတ် တည်ဆောက် ထားပါတယ်။ အဲဒီသဘာဝကို ရှေးဦးစွာ မြင်အောင်ရှုပါ။

အဲဒီ မီးခွတ်ကြီးတွေကို ထွက်လေဝင်လေ ၂-ပါးက အား ပေးနေပါတယ်။ ထွက်လေဝင်လေ ၂-ပါးကို ရနေကြသဖြင့် မီးခွတ်ကြီး လေးပါးတို့ဟာ သူ့ကိစ္စကို သူတို့ဆောင်ရွက်နေ နိုင်ပါတယ်။ သွေးအား သည်းခြေအား သလိပ်အား လေအား တို့မှာမီးခွတ်၏အခိုးအရှိန်ဖြင့် လှုပ်ရှားသွားလာနေကြပါတယ်။ မီးခွတ်ကလဲ ထွက်လေ ဝင်လေအားကို အမြဲတန်း ယူနေကြ ပါတယ်။

မိမိတို့ရဲ့ခန္ဓာကိုယ်ကြီးမှာ ထွက်တဲ့လေနှင့် ဝင်တဲ့လေ ၂-ပါး ဟာ မီးခွတ်ကြီး ၃-ပါးကို ကျွေးမွေးပြုနေပါတယ်။ မီးခွတ်ကြီး ၃-ပါးက တဖန် သွေး-သည်းခြေ-လေ-သလိပ်တို့ကိုကျွေးမွေးပြုကြ

ပါတယ်။ အဲဒီလိုကျေးဇူးပြုကြတဲ့အတွက် ခန္ဓာကိုယ်ကြီးမှာ ကံကြောင့်ဖြစ်တဲ့ ဓာတ်လေးပါးတွေ စိတ်ကြောင့်ဖြစ်တဲ့ ဓာတ်လေးပါးတွေ ဥတုအာဟာရကြောင့်ဖြစ်တဲ့ ဓာတ်လေးပါးတွေဟာ သူ့ကိစ္စကိုသူဆောင်၍ ဖြစ်ပေါ်နေကြပါတယ်။

ဒါကြောင့်လဲ ခန္ဓာကိုယ်ကြီးဟာ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျှောင်းခြင်းဆိုတဲ့ ဣရိယာပုထ်တွေကို အားထုတ်နိုင်ကြပါတယ်၊ အာရုံ ၆-ပါးနှင့် ဒွါရ ၆-ပါး တိုက်လိုက်တဲ့အခါမှာလဲ သိမှုခေါ်တဲ့ ဝိညာဏဓာတ်တွေကို တဖွားဖွားပေါ်ထွက်နိုင်ပါတယ်။ အဲဒါထွက်တဲ့လေနဲ့ဝင်တဲ့လေရဲ့ ကျေးဇူးပါဘဲ၊ အာနာပါန ဘာဝနာကို အားထုတ်တဲ့ပုဂ္ဂိုလ်များမှာ ထွက်လေ ဝင်လေ ၂-ပါးက ခန္ဓာကိုယ်ကြီးအား ကျေးဇူးပြုပုံကို ပြလိုက်ခြင်းပါဘဲ။ အာနာပါန အားထုတ်ကြတဲ့ပုဂ္ဂိုလ်များကြတော့ ထွက်လေ ဝင်လေဟာ အပြင်ကို မထွက်တော့ဘဲ အတွင်းအဇ္ဈတ္တမှာသာနေပြီး ကျေးဇူးပြုနေပါတယ်။ အဲဒီလို ကျေးဇူးပြုတာနဲ့ အပြင်ကိုထွက်ပြီး ကျေးဇူးပြုတာနဲ့ ဘယ်လိုကွာခြားပါသလဲ။ ထွက်လေ ဝင်လေ ၂-ပါးတို့မှာ အပြင်ကိုမထွက်စေဘဲ အတွင်းမှာနေ၍ ကျေးဇူးပြုတာက မီးဓာတ် ၃-ပါးတို့သည် အခိုးမထွက်ဘဲ အခိုးငြိမ်းနေပါတယ်။ အခိုးငြိမ်းနေပါလျှင် ခန္ဓာကိုယ်ကြီးတလုံးဟာ အကြည်ဓာတ်ဆိုက်ပါတော့တယ်။ အကြည်ဓာတ်ဆိုက်တာကို ဝေဒနာပေါ်တယ်လို့ ဆိုပါတယ်။ အာရုံအမျိုးမျိုးကို ပညာဖြင့် ဝေဘန်သိမ်းဆည်းနိုင်ခြင်း အကျိုးရှိပါတယ်။

ထွက်လေ ဝင်လေ ၂-ပါးကို အပြင်သို့ထုတ်၍ လေကို ရှူရှိုက်ခြင်းကား မီးဓာတ်အခိုးထွက်လာသဖြင့် ၆-ပါးသော အကြည်ဓာတ်တွေဟာ မီးဓာတ်အခိုး ကိန်းဝပ် တည်နေပါတယ်။

ထိုအခါ သတ္တဝါတို့ဟာ အာရုံကို မထိန်းသိမ်းနိုင်တော့ဘဲ သညာ ဝိညာဏ်နောက်သို့ အစဉ်လိုက်မှားပြီးလျှင် ကိလေသာ တွေ ဝင်ရောက်လာပါတော့တယ်။

ဒါကြောင့် ရှင်တော်မြတ်ဘုရားက ရှန်းရင်းကြမ်းထမ်းသော လေခါတ်ကို ချုပ်အောင်လို့ လပြုရမယ်လို့ အာနာပါန လုပ်ငန်း စဉ်မှာ ဆုံးမပေးတော်မူပါတယ်။ အထက်ဖြစ်ဒသာပြဟ္မာပြည်မှာ နေကြတဲ့ ပြဟ္မာမင်းကြီးတွေက ကာမဘုံသားတို့အား ထွက်လေ ဝင်လေ ၂-ပါးတို့ကို အမှိုပြုနေရခြင်းတို့ပင်အပြစ်မြင်ကြပါတယ်၊ ကာမဘုံသားများဟာ ထွက်လေဝင်လေ ၂-ပါးကို ယူနေရသဖြင့် တဏှာရာဂ ကိလေသာတွေဟာ အာရုံ အာရမ္မဏိက ပွားစီးပြီး နေကြပါတယ်။ ဒါကြောင့် ထွက်လေ ဝင်လေ ၂-ပါ ကို အား ထုတ်နေခြင်း၏ သဘောတရား အပြစ်ဆိုတော်မူကြပါတယ်။

မီးခါတ်ကြီးလေးပါးတို့ဟာလဲ ထွက်လေနှင့် ဝင်လေ -ပါး က မှုတ်ပေးသဖြင့်မီးတောက်ပြီးလျှင် အခိုးအရိပ်တွေဟာ ပသာဒ အကြည်ခါတ်တွေမှာ ဝင်အောင်းနေကြပါတယ်။ ရူပါရုံနဲ့ တွေ့လိုက်တဲ့အခါမှာ အခိုးတွေထွက်ပြီးလျှင်သွေး, သည်းခြေ,လေ သလိပ်တို့ကို အားပေးနေပြန်ပါတယ်။ ဒါကြောင့် အာရုံငါးပါး ကာမဂုဏ်တရားတို့ရဲ့အပေါ်မှာ မထိန်းသိမ်းနိုင်ကြဘဲ အန္ဓ ပုထုဇဉ်တွေဟာ အတိုင်းထက်အလွန် ခံစားတော်မူကြ ပါတယ်။

ဒါကြောင့် ရှင်တော်မြတ်ဘုရားက အာနာပါနလုပ်ငန်းစဉ်၌ စတုတ္ထ ချက်တိုင်တံခါးတွင် ထွက်လေနဲ့ ဝင်လေ ၂-ပါးကို

ချုပ်ငြိမ်းအောင် အားထုတ်ရမယ်လို့ လုပ်ငန်းစဉ် ပေးတော်မူပါတယ်၊ ဒါကြောင့် ရုပ်တရား၊ နာမ်တရားကို တကယ်တွေ့လိုကြသော ပုဂ္ဂိုလ်များအတွက်ဖြစ်စေ၊ သမာဓိတရားက နေပြီး သကာလ ပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် အစရှိတဲ့ စျာန်တရားကို အလိုရှိကြတဲ့ ပုဂ္ဂိုလ်များဖြစ်စေ၊ ထွက်လေဝင်လေ ၂-ပါး ချုပ်အောင် အားထုတ်ကြရပါတယ်။

ထွက်လေ ဝင်လေချုပ်မှ ခန္ဓာကိုယ်ကြီးတခုလုံး အကြည်ဓာတ်ခေါ် ဝေဒနာ ထွက်ပေါ်နိုင်ပါတယ်။ ဝေဒနာပေါ်လာရင်ဘဲ ရေပြင်ပေါ်မှာရေပွက်ကလေးတွေပွက်သလို ဘယ်သဘာဝမဆို ထင်မြင်လာနိုင်ပါတယ်။

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

လို့ ရှင်တော်မြတ်ဘုရားက အပြင်သို့ထွက်နေသော လေဓာတ်ကို မထွက်အောင် တဖြေးဖြေး ချုပ်ငြိမ်းစေနိုင်ရမယ်လို့ အာနာပါန စတုက္ကတခါး၌ အဆုံးမပေးတော်မူပါသဖြင့် အာနာပါန ဘာဝနာကို ပွားများကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဤကဏ္ဍကို အောင်မြင်အောင် အထူးကြိုးစားပါ။

လေဓာတ် ချုပ်ငြိမ်းတဲ့အတွက် ခန္ဓာကိုယ်ကြီး၌ မီးဓာတ်သဘာဝပြောင်းသွားပုံကို အနည်းငယ်ဘော်ပြလိုပါသေးတယ်၊ ထွက်တဲ့လေနဲ့ ဝင်တဲ့လေကို တဖြေးဖြေး ချုပ်နိုင်လာလျှင် မီးဓာတ်တွေဟာ ဘယ်လိုသဘာဝ ပြောင်းသွားပါသလဲ၊ အစိုး

အငွေ့အရိပ်တွေ မထွက်တော့ဘဲ၊ မီးခတ်တွေဟာ ပိုပို၍ ကြည်လင်လာပါတယ်။

(ဥပမာ) လသာမီးအိမ်များကို ပြောင်းတပ်လိုက်သလို ဂျာပန်ပြည်ကလာတဲ့ တိုင်ကပ်မီးတိုင်ကလေးတွေကို ဖလ်ပြောင်းတပ်လိုက်တဲ့အခါ မှိုင်းခိုးတွေ မတက်တော့ဘဲ၊ မီးရောင်ကြည်နေသလို မိမိရဲ့ခန္ဓာကိုယ်မှာလဲ ထွက်လေ ဝင်လေချုပ်လိုက်လျှင် မီးခတ်တွေဟာ အကြည်ဆိုက်လာပါတယ်၊ မီးခတ်တွေ အကြည်ဆိုက်လာမှ သွေးအား လေအား သည်းခြေအားအလုံးစုံ တို့ဟာလဲ အကြည်ခတ်ဝင်နိုင်ပါတယ်။

နောက်ဆုံးမှာ စိတ်ဝိညာဏ်ခေါ် မနောဝိညာဏ ခတ်ကြီး တခုလုံးဟာ ၎င်း၏မှီရာတည်ရာဖြစ်တဲ့ ဟဒယဝတ္ထု ရုပ်ကြီးက အကြည်ခတ်ဆိုက်တော့ ၎င်းလဲဘဲ၊ မကြည်ဘဲမနေနိုင်တော့ပါ၊ တည်ကြည်ငြိမ်သက်တဲ့ သမာဓိသဘောသို့ ကြရောက်လာရပါတယ်၊ ဒါကြောင့် ထွက်လေ ဝင်လေ ၂-ပါး ချုပ်ငြိမ်းရန်အတွက် အာနာပါနတွင် စတုတ္ထတံခါးပေါက်ကို ရှင်တော်မြတ်ဘုရား လုပ်ငန်းစဉ်ထားတော်မူပါတယ်။

လေခတ်ချုပ်ငြိမ်းတဲ့အတွက် အကျိုးတရားတွေကို အနည်းငယ် တင်ဆက်ပြလိုက်ပါပြီ၊ ရှေ့ကိုဆက်လက်၍ လေခတ်ချုပ်အောင် အားထုတ်လုပ်ဆောင်နည်းကို ဘော်ပြပါတော့မယ်၊ လေခတ်ချုပ်လိုတဲ့ ယောဂါဝစရပုဂ္ဂိုလ်ဟာ အစဉ်အတိုင်း အာနာပါန တံခါးကို ဖွင့်လာနိုင်စေရမယ်။

ပဌမနှုတ်ခမ်းဖျားနှင့် နှာသီးဖျားတံခါး ဒုတိယငယ်ထိပ်ဦးကျောက် တတိယ နှလုံးအိမ်ရင်ချိုင့် စတုတ္ထချက်တိုင် အဲဒီ တံခါးများကို အစဉ်အတိုင်းဖွင့်နိုင်လာရပါမယ်၊ ကျော်ပေါက်ပြီးဖွင့်လို့ မရနိုင်ပါ၊ တံခါး ၄-ပေါက်စလုံးကို တကြိမ်ဖွင့်နိုင်ပါလျှင်နောက်တကြိမ်၌အစဉ်အတိုင်း မဟုတ်သော်လဲ ကိုယ်လိုရာ တံခါးကို ဖွင့်မယ်ဆိုလျှင် ဖွင့်နိုင်ပါတယ်။

## စတုတ္ထတံခါးဖွင့်ရန် အစီအစဉ်

အာနာပါန ယောဂါဝစရပုဂ္ဂိုလ်များသည် အစဉ်အတိုင်း အာနာပါန တံခါးများကို ဖွင့်လာပြီးနောက် ချက်တိုင်တံခါးကို ဖွင့်လိုသောယောဂါဝစရပုဂ္ဂိုလ်သည် ရှေးဦးစွာထင်မြင်ပြီးသော လေကြောင်းနိမိတ်ကိုဘဲ ပြန်လည်၍ ထင်ရှားအောင် လုလ္လပြုရပါမယ် အကြိမ်ကြိမ်အဘန်ဘန်လု့လ္လပြုဘန်များသော ယောဂါဝစရပုဂ္ဂိုလ်အား ထွက်လေ ဝင်လေ ၂-ပါးတို့သည် အပ်ချည်မျှင်ကလေးများပမာ ဖလ်ချောင်းကလေးများ ပမာ ထွက်လိုက် ငင်လိုက်နဲ့ နိမိတ်ထင်မြင်လာပါလိမ့်မယ်။

အဲဒီ အခါမှာ ယောဂါဝစရ ပုဂ္ဂိုလ်သည် ရှေးဦးစွာ ထွက်တဲ့လေကို လုပ်ငန်းစဉ် အနေဖြင့် ချုပ်အောင် ပြုလုပ် ရပါမယ်၊ ထွက်တဲ့လေဟာ ချက်တိုင်အရပ်မှစ၍ ထွက်လာပြီးလျှင် နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှာ ချုပ်သွားပါတယ်။

အဲဒီ လေခေါတ်ဟာ ငါ၏ ချက်တိုင် အရပ်မှာ အဘယ်ကဲ့သို့ ပေါ်ထွက်လာပါသလဲဆိုတဲ့ လေခေါတ်၏ ပေါ်ထွက်ခြင်းအစကို

တွေ့အောင် ရှာဖွေသိမ်းဆည်းရပါမယ်၊ ထွက်တဲ့လေခတ်ဟာ ပဌမစ၍ ပေါ်ရာတွင် ချက်တိုင်အရပ်က အစပြု၍ ပေါ်ထွက်လာပါတယ်၊ ချက်တိုင် အရပ်ကိုပင် အာရုံစူးစိုက်၍ သိမ်းဆည်းလိုက်သောအခါမှာ ပထမ ဖရောင်းတိုင် မီးညွန့်ကိုဖြစ်စေ ဆီမီးခွက်က မီးညွန့်ဖြစ်စေ၊ ရေနံခွက်က မီးညွန့်ဖြစ်စေ၊ နိမိတ်တခုခု ထင်ရှားလာပါလိမ့်မယ်။

အဲဒီနိမိတ်ကို မျက်ခြေမပြတ် အာရုံစူးစိုက်၍ကြည့်ရှုရပါမယ်၊ ထိုအခါ မီးညွန့်အဖျားမှ လေခတ်ကလေး ထွက်လာသည်ကို နိမိတ်ထင်လာပါလိမ့်မယ်၊ မီးညွန့်ကလေးကား ကမ္မဇမီးခတ်လို့ ဆိုလိုပါတယ်၊ ထွက်လာတဲ့ လေခတ် ကလေးကား ကမ္မဇ တေဇောခတ် ပြဋ္ဌာန်းထားတဲ့ လေခတ် ခေါ်ပါတယ်၊ အဲဒီ လေခတ်ခေါ် ကမ္မဇ တေဇော ခတ်သည် မီးညွန့်အဖျားမှ ပေါ်ထွက်ပြီးလျှင် အပ်ချည်မျှင်ကလေးပမာ အထက်သို့တက်လာသည်ကို ထင်မြင်လာပါလိမ့်မယ်။

နှလုံးအိမ်ချင်ချိုင့်သို့ ရောက်သောအခါ နှလုံးအိမ်မှာရှိသော ဥဿုမိုး-ခတ်မှ စိတ္တဇ ဝါယော ခတ် ထွက်ပေါ်လာပြီးလျှင် ထိုခတ် ၂-ပါး တို့သည် အပ်ချည်မျှင် ကလေးများ ပမာ ဦးခေါင်းအိမ်သို့ ဝင်သွားပြီးလျှင် ဦးခေါင်းအိမ်မှ အာဟာရဇ အာ-ပေါခတ် ထွက်ပေါ် ကွန့်မြူးပြီးလျှင် ထိုခတ် ၃-ပါး တို့သည် တပြိုင်နက် နှတ်ခမ်းဖျား နှာသီးဖျားအရပ်သို့ ရောက်ကြသောအခါ နှုတ်ခမ်းဖျား နှာသီးဖျားမှ ဥတုဇ ပထဝီခတ် ထွက်ပေါ်ပြီးလျှင် ခတ် ၄-ပါး တို့သည် ၎င်းနှုတ်ခမ်းဖျား နှာသီးဖျား အရပ်မှာပင်လျှင် ဒဟမီးခတ် တောက်လောင်ပြီး သကာလ ချုပ်ငြိမ်းသွားကြပါတယ်။

ထွက်လေမှ ခေတ် လေးပါး သဘာဝ ထင်မြင် လာအောင် ရှုရပါမယ်၊ တခါထဲနှင့် တံခါး ၄-ပေါက်စလုံးကို ခေတ်၄-ပါး ထင်အောင် မရှုနိုင်ပါ၊ တံခါးတပေါက်ကို ထင်မြင်ပြီးမှ တံခါး တပေါက်ကို ကူးယူသွားပါ။

## ပရိပါစကနှင့် ရုပ်-နာမ်

အာနာပါန ဘာဝနာကို ပွားများကြသော ပုဂ္ဂိုလ်တို့တွင် ဈာန်လမ်းကို အလိုရှိသဖြင့် အားထုတ်ကြသောပုဂ္ဂိုလ် ရုပ်တရား နာမ်တရားကို အလိုရှိကြသဖြင့် အားထုတ်ကြသော ပုဂ္ဂိုလ် အားဖြင့် ၂-မျိုးရှိရာ လောကီဈာန်ကို အလိုရှိသဖြင့် အားထုတ် ကြသော ပုဂ္ဂိုလ်တို့မှာကား ဤစတုတ္ထ စတုက္ကခေါ် ချက်တိုင် တံခါးပေါက်၌ လေခေတ်ချုပ်အောင် လုပ်နိုင်မှသာလျှင် ဈာန် တရားကို တက်လှမ်းနိုင်ပါတယ်။

ဈာန်နှင့် ယှဉ်သော ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ စသော သမာဓိမျိုးသည်ကား လေခေတ်ချုပ်မှသာလျှင် မီးခေတ် သည် အကြည်ခေတ်ခေါ် ဝေဒနာ ပေါ်ထွက်နိုင်ပါတယ်၊ ဝေဒနာပေါ်ထွက်နိုင်မှ ဝိတက် ဝိစာရစသော တရားတို့သည် ပေါ်ထွက်နိုင်လေရကား ရှေးဦးစွာချက်တိုင် တံခါး၌ လေခေတ် ချုပ်ရန် လုလ္လပြုရပါတယ်။

## ရုပ်တရား နာမ်တရားနှင့် ထင်မြင်ရန်

ဈာန်လမ်းနှင့်မယှဉ်ကြသော အာနာပါနယောဂါဝစပုဂ္ဂိုလ် တို့မှာကား ရုပ်တရား နာမ်တရား ၂-ပါးကို အဦးပြုပြီးလျှင်

အာနာပါနဘာဝနာကို ပွားများခြင်းဖြစ်ကြပါတယ်၊အဲဒီပုဂ္ဂိုလ်များအတွက် လေးဆင့်မြောက် ချက်တိုင်တံခါး၌ ထွက်လေနှင့်ဝင်လေ ၂-ပါးချုပ်ငြိမ်းရန်မလိုပါ။

တံခါးလေးပေါက်မှာ ခေတ်လေးပါး အကြောင်းတရား ၄-ပါးထင်မြင်အောင်ရှုနိုင်လာလျှင် ရုပ် နာမ်ကိုတွေ့နိုင်ပါတယ်၊ သို့ရာတွင် ဤစတုတ္ထတံခါးပေါက်ကား သိမ်မွေ့လှပါသောကြောင့် တိဟိတ်ပုဂ္ဂိုလ်ပါရမီရှင်များမှသာလျှင် ထင်မြင်ပေါက်ရောက်နိုင်ကြောင်း ဆရာတော် ဘုရားများ ဆုံးမတော်မူကြပါတယ်။

ဆိုလိုရင်းမှာ ဝိပဿနာဉာဏ်ထက်သန်ကြီးမားသော ယောဂါဝစရပုဂ္ဂိုလ်များသည် လေခေတ်ကိုချုပ်သွားအောင် အပင်ပန်းခံ၍ မလုပ်သော်လဲ ထွက်တဲ့လေ ဝင်တဲ့လေ ၂-ပါး၌ မီးခေတ် ၄-ပါးနှင့် တွေ့သောအခါ ခေတ်ကြီး၄-ပါး အကြောင်းတရား ၄-ပါးပေါ်အောင် ရှုနိုင်ပါလျှင် ဖြစ်ပျက်ရုပ်နာမ်ကို ကူးလို့ရနိုင်ပါတယ်။

ဝိပဿနာဉာဏ်အားသေးသော ပုဂ္ဂိုလ်များကား ဖြစ် ပျက်ရုပ် နာမ်ကို ကူးလို့ရအောင် လေခေတ်ချုပ်ငြိမ်းစေရပါမယ်၊ ဤကား ဆရာတော်များ၏ အဆုံးအဖြတ်ပါဘဲ။

## ထွက်လေနှင့် ဝင်လေချုပ်ပုံ

အာနာပါနဘာဝနာကို ပွားများကြသော ယောဂါဝစရပုဂ္ဂိုလ်များသည် ရှေးဦးစွာ လေခေတ် ၂-ပါးချုပ်ရန်လုလ္လပြုကြရပါတယ်၊ ရှေးဦးစွာ လေကြောင်းနိမိတ် ထင်မြင်လာအောင်

အားထုတ်ရပါမယ်၊ လေကြောင်းနိမိတ်ထင်မြင်လာသော်ထွက်တဲ့ လေကလေးသည် အဘယ်အရပ်က အစပြု၍ ထွက်ပါသလဲ ချက်တိုင်ကို အာရုံစူးစိုက်ထားပါ။

ထွက်တဲ့ လေကလေးသည် ချက်တိုင်အရပ်မှ ပေါ်ထွက်လာပြီးလျှင် နှလုံးအိမ်ရင်ချိုင့် ငယ်ထိပ်ဦးကျောက်အထိတက်လာပါတယ်၊ နောက်ဆုံးနှုတ်ခမ်းဖျားနှင့် နှာသီးဖျားအရပ်လဲကြရော တထွာလောက် အပြင်သို့ထွက်ပြီးလျှင် ချုပ်သွားပါတယ် ဆိုတာကို ထင်ထင်ရှားရှားတွေ့အောင် နိမိတ်ကိုဘမ်းယူနိုင်ရပါတယ်။

နိမိတ်ဘမ်းယူနိုင်သော ယောဂါဝစရ ပုဂ္ဂိုလ်သည့်ထွက်တဲ့ လေကို ချုပ်အောင်လုပ်ရပါမယ်၊ ထွက်တဲ့လေသည် ချက်တိုင်မှစ၍ အစဉ်အတိုင်းတက်လာရာ နှုတ်ခမ်းဖျားနှင့် နှာသီးဖျား အရပ်သို့ ရောက်လာပါရော အပြင်သို့အထွက်မခံဘဲ ၎င်းနှာသီးဖျားအရပ်မှာပင် ချုပ်သွားအောင် ရှေးဦးစွာ သိမ်းဆည်းရပါတယ်။

အဲဒီလိုသိမ်းဆည်းတာလဲ တခါနှစ်ခါနဲ့ မရနိုင်ပါ၊ ၂-ရက် ၃-ရက်ဆိုသလိုအလေ့အကျင့် လုပ်ယူရပါတယ်၊ နှုတ်ခမ်းဖျားနဲ့ နှာသီးဖျားအရပ်မှာပင် ထွက်တဲ့လေကို ချုပ်နိုင်လာခဲ့သော် ပဌမတံခါးမှာ အောင်ပြီလို့ဆိုနိုင်ပါတယ်၊ ဒုတိယတံခါးကို ဆက်လက်၍ သိမ်းဆည်းရပေမယ်။

အထက်ပါနည်းအတိုင်း ထွက်တဲ့လေကလေးထွက်လာတယ်၊ ဦးကျောက်ငယ်ထိပ်အရပ်သို့ ရောက်လာပါရော ရှေ့သို့အထွက်

မခံတော့ ငယ်ထိပ် ဦးကျောက်အရပ်မှာပင် ထွက်တဲ့လေကို ဘမ်းဆီးချုပ်နှောင်စေရမယ်၊ ဒီအခါမှာ လေခတ်ကလေးသည် မှိမိဘမ်းဆီးချုပ်နှောင်ရာ တံခါးမှာကိုပင် ချုပ်ငြိမ်းသွားရပါတယ်။

ဦးကျောက်ငယ်ထိပ်အရပ်က လေခတ်ကို ချုပ်ငြိမ်းနိုင်ခဲ့သော် တတိယတံခါးခေါ် နှလုံးအိမ်ရင်ချိုင့်အရပ်ကို တဖန်ရွှေ့ပြောင်း၍ ထွက်တဲ့လေကို ဘမ်းဆီး ချုပ်နှောင်ပြီးလျှင် ချုပ်ငြိမ်းအောင် တံခါးအဆင့်ဆင့် လုပ်ရပါမယ်။

စတုတ္ထ တံခါးမှာ လေခတ် ချုပ်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည် တံခါးအဆင့်ဆင့် လေခတ်ကို ချုပ်ငြိမ်းပြီးနောက်နောက်ဆုံး ချက်တိုင် တံခါးသို့ လုပ်ငန်းစဉ်လဲ ဆိုက်ရောက်လာပါရော ထွက်တဲ့လေကလေးဟာ ထွက်လာတယ်၊ ချက်တိုင်အရပ်မှာသာ ထွက်နိုင် တော့တယ်၊ နှလုံးအိမ် ရင်ချိုင့်, ငယ်ထိပ်, ဦးကျောက် အရပ်သို့ ရောက်အောင် မသွားနိုင်တော့ပါ။

ထွက်တဲ့ လေဟာ ချက်တိုင်မှာ ထွက်တယ်၊ ချက်တိုင် မှာဘဲ ချုပ်ငြိမ်းနိုင်လာတယ်၊ အဲဒီလို ထွက်တဲ့လေကို ချုပ်ငြိမ် နိုင်လျှင် ဝင်တဲ့ လေကိုလည်း ဤနည်းအတူ ချုပ်ငြိမ်းရပါမယ်။

ဝင်တဲ့လေဟာ ဝင်လာတယ်၊ ချက်တိုင်မှာသာလျှင် ရှိတော့တယ်၊ ထွက်တဲ့လေလဲ ထွက်လာတယ်၊ ချက်တိုင်မှာသာ ရှိတော့တယ်၊ အဲဒီလို ဝင်တဲ့လေနဲ့ ထွက်တဲ့လေ ၂-ပါးကို ချက်တိုင်မှာသာလျှင် ချုပ်ငြိမ်းနိုင်ပါလျှင်၊ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူတဲ့ အောက်ပါ မဟာသတိပဋ္ဌာန် လုပ်ငန်းစဉ်အရ သက်ဝင်နိုင်ပါပြီ။

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

အထက်ပါ မဟာသတိပဋ္ဌာန်ဒေသနာတော်အရ အာနာပါန ယောဂါဝစရ ပုဂ္ဂိုလ်သည် ထွက်လေနှင့် ဝင်လေ ၂-ပါး ကို ချက်တိုင် အရပ်မှာ ချုပ်ငြိမ်း နိုင်ပါလျှင် ခန္ဓာ ကိုယ်မှာ ရှိတဲ့ မီးခဲတ်တွေဟာ အခိုးမထွက်တော့ဘဲ ဖလ်ပြောင်းနှင့်ထွန်းသော လသာ မီးအိမ်များ ကဲ့သို့ အရောင် အဆင်း အထူး ကြည်လင် လာပါလိမ့်မယ်။

ဒီအခါမှာ ယောဂါဝစရ ပုဂ္ဂိုလ်၏ အကြည်ဓာတ် ၆-ပါး တို့ဟာလဲ အထူးသဖြင့် ကြည်လင်နေပါပြီ၊ ခန္ဓာကိုယ်ကြီးတခု လုံးသည် အကြည်ဓာတ် ခေါ် ဝေဒနာ ထွက်ပေါ် နေပါပြီ၊ မည်သည့် သဘာဝကိုဘဲ ဆင်ခြင် သုံးသပ်ပါလျှင် ပြန်လှင့်ခြင်း မရှိဘဲ သဘာဝတွေကို ဆင်ခြင်သုံးသပ်နိုင်ပါပြီ။

အဲဒီ အခါမှာ ချက်တိုင်မှာ ရှိတဲ့ ပရိပါစက မီးဓာတ်ကို ယောဂါဝစရ ပုဂ္ဂိုလ်ဟာ တွေ့ပါပြီလားလို့ မေးရန် ရှိပါတယ်၊ မတွေ့သေးပါ တွေ့ဘို့နီးကပ်နေပါပြီလို့ ဆိုနိုင်ပါတယ်၊ချက်တိုင် မှာ ရှိတဲ့ ပရိပါစက မီးဓာတ်ဆိုတာ ကံကြောင့်ဖြစ်တဲ့ မီးဓာတ် ဖြစ်၍ အလွန်ဘဲ သိမ်မွေ့လှပါတယ်။

ခန္ဓာကိုယ်ကြီး တခုလုံး အကြည်ဓာတ် ဆိုက်သော်လဲ ချက် တိုင်က မီးဓာတ်ကို မတွေ့သေးပါ၊ သို့ရာတွင် ယောဂါဝစရ ပုဂ္ဂိုလ်သည် ချက်တိုင် အရပ်မှာပင် ထွက်တဲ့လေ ဝင်တဲ့လေ

၂-ပါး ချုပ်ငြိမ်းအောင် အဘန်ဘန်အားလုလ္လဆောင်၍ ရှုမှတ်နေရပါတယ်၊အကြောင်အခါမှာ မိမိ၏ဘာဝနာအရှိန်ဖြင့် ချက်တိုင်အရပ်ကစ၍ ခန္ဓာကိုယ်ကြီးတခုလုံးမှာ အရောင် အဆင်း အလင်း အကြည်ဆိုတဲ့ နိမိတ်တွေ ကွန့်မြူး ပေါ်ထွက် လာပြီးလျှင် အလင်းဓာတ် အကြည်ဓာတ် တို့သည် ထူးကဲစွာ ရရှိလာတတ်ပါတယ်။

အဲဒါတွေလဲ ပရိပါစက မီးဓာတ်၏ ရွေ့ပြေး အရောင်မျှသာ ဖြစ်နိုင်ပါတယ်၊ အစစ်အမှန် အရောင်ဓာတ်တွေ မဟုတ်သေးပါ၊ အစစ်အမှန် အရောင်ဓာတ်ကား ပရိပါစက မီးဓာတ်၏အရောင်ဓာတ် ပေါ်ထွက်တော့မယ်ဆိုလျှင်ဘဲ ခန္ဓာကိုယ်ကြီးတခုလုံးဟာ အကြည်ဓာတ်ခေါ် ဝေဒနာ သဘော ရှေးဦးစွာ ထွက်လာပါတယ်။

ဒီအခါမှာ ခန္ဓာကိုယ်ကြီးတခုလုံးဟာ အတ္တသုညတအဖြစ်သို့ ဆိုက်ရောက်နေပါတယ်၊ အကြည်ဓာတ်အလုံးစုံတို့ဟာ ပွင့်လင်းနေပါတယ်၊ မိမိ၏ စိတ်ဝိညာဏ်လဲ ပြန့်လွင့်ခြင်းမရှိ၊ ထွက်လေဝင်လေ ၂-ပါးတို့၏ ချုပ်ငြိမ်းရာ ချက်တိုင်မှာဘဲ ရပ်တည်နေပါတော့တယ်၊ အဲဒီအခါမှာ အမြောက်ကြီးများ ပစ်ဖေါက်လိုက်သလို တကိုယ်လုံး တုန်သွားပါတယ်။

မိမိ၏ နားထဲမှာ ဝုံးကနဲ ဒိုင်းကနဲ အသံများ ဖြစ်ပေါ်ပြီးနောက် ခန္ဓာကိုယ်ကြီးမှ အထက်သို့ ပျံတက်၍ အဝါနုရောင် အဆင်းရှိသော အရောင်တန်းကြီး ထွက်ပေါ် ကွန့်မြူးလာပါ

တယ်၊ (ဥပမာ) မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်ကျော်ခန့်က မိုးကောင်းကင်ကြီးမှ ကြယ်တံခွန် အရောင်ကြီး ပေါ်ထွက်သလို ပါဘဲ၊ ခန္ဓာကိုယ်ကြီးမှာ အဝါနုရောင်ကြီး အထက်သို့ တက်၍ ၁၀-တောင် ၁၅-တောင်အထိ ပေါ်ထွက်နေပါတယ်။

အဲဒါ တရားပေးကြတဲ့ ဆရာတော်ဘုရားများက ပရိပါစက မီးခာတ်က ထွက်တဲ့ အရောင်လို့ ဆုံးဖြတ်ကြပါတယ်၊ အဲဒီ အရောင်ခာတ် ပေါ်ကြတဲ့ ယောဂါဝစရ ပုဂ္ဂိုလ်များ ဟာ မိမိကိုယ်ကို တိဟိတ်ပုဂ္ဂိုလ်ဆုံးဖြတ်နိုင်ပါတယ်။ အဲဒီ အဝါနုရောင် ကြီးဟာ ခန ခေတ္တ ပေါ်ထွက် နေသည် မဟုတ်ပါ (၇) ရက် အနည်းဆုံး ကြာအောင် ပေါ်တတ်ပါတယ်။

အဝါနုရောင် ပေါ်ထွက်လျှင် ချက်တိုင်မှာရှိတဲ့ ပရိပါစက မီးခာတ်ဟာ အာနာပါန လုပ်ငန်းစဉ်ဖြင့် ပေါက်ပြီလို့ ဆိုနိုင်ပါတယ်၊ ရှေ့ကို ဖြစ်-ပျက် ရုပ်-နာမ် ကူးဘို့ဘဲ လိုပါတော့တယ်၊ လောကီ စျာန်လမ်း အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေ ဟာလဲ ပရိပါစက မီးခာတ်ပေါက်လျှင် စျာန်တရားကို တက်နိုင်သွားပါ တော့တယ်။

ပရိပါစကမီးခာတ်ကအရောင်ခာတ်ကြီး ထွက်ပေါ်ကွန့်မြူး လာတာကိုလဲ လောကီလုပ်ရပ် ကျမ်းကြီးတွေက ကျောက်နဂါး ခာတ်လို့ မှည့်ခေါ်ကြပါတယ်။ ကျောက်နဂါးခာတ်ပေါက် သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့အား အထူး ချီးကျူးတော်မူ၍ ဂုဏ်ပုဒ်အမျိုးမျိုးကို ထုတ်ဘော်ထားတော်မူ ပါတယ်။

## ကျောက်နဂါးဂူဟ်ပုဒ်

ကျောက်နဂါးရှင် ငါသို့စဉ်လျှင် တိုင်းခွင်ဇမ္ဗူ
မြကျွန်းသူတို့ ပူဆာသမျှ အေးစေရမည်။

စသည်ဖြင့် ကျောက်နဂါးမီးခါတ်ပေါက်သော ပါရမီရှင်တို့သည် မိမိအကျိုးစီးပွား၊ သာသနာတော်၏ အကျိုးစီးပွား၊ ကမ္ဘာသူကမ္ဘာသားတို့၏အကျိုးစီးပွားများကို ဆောင်ရွက်နိုင်ဘဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်းကို မှတ်တမ်းတင်တော်မူပါတယ်။ အာနာပါန လုပ်ငန်းစဉ်ဖြင့် ပေါက်ရောက်တော်မူကြသော ဆရာတော်ဘုရားများက လူတို့၏ခန္ဓာကိုယ်တွင် မီးခါတ်ကြီး ၃-ပါးတို့သည် တန်ခိုးကြီးကြောင်း ထုတ်ဘော်မြွက်ကြားတော်မူကြပါတယ်။ မီးခါတ်ကြီး ၃-ပါးဆိုသည်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

## မီးခါတ်ကြီး ၃-ပါးတည်ရှိနေပုံ

လူတို့၏ခန္ဓာကိုယ်၌ ငယ်ထိပ်ဦးကျောက်အိမ်သည်ရှိပါတယ်၊ အဲဒီငယ်ထိပ်ဦးကျောက်အိမ်၌ရှိသောမီးခါတ်ကို သန္တပ္ပနမီးခါတ်လို့ ခေါ်ဆိုပါတယ်။ အာနာပါန လုပ်ငန်းစဉ်ဖြင့် သန္တပ္ပနမီးခါတ်ဖွင့်နိုင်ကြသော ပုဂ္ဂိုလ်တို့မှာ ကျောက်နဂါးဥကျွောင်းမီးခါတ်ပွင့်သည်ဟု ဆိုနိုင်ပါတယ်။

ကျောက်နဂါးဥကျွောင်းမီးခါတ်သည်လည်း သတ္တဝါတို့၏အရှယ်သို့လိုက်၍ ပွင့်တတ်ပါတယ်၊ အာနာပါနလုပ်ငန်းစဉ်ကိုအားမထုတ်သော်လဲ ငယ်ထိပ်ဦးကျောက်အားကောင်းလာသော

ပုဂ္ဂိုလ်တို့မှာ ပဉ္စမအရွယ်တွင် သန္တုပ္ပန မီးခွက်၏ အခိုးအရှိန်ကြောင့် သုတမယဉာဏ် ပွားစီးပြီးလျှင် အရာရာမှာ လိမ္မာပြေပြမ်းတီးလျက် လောကီပညာရှိ၊ လောကုတ္တရာပညာရှိကြီးတဦး ဖြစ်နိုင်ပါတယ်။

ပဉ္စမအရွယ် ပညာသင်ရာတွင် ဦးကျောက်အိမ် မီးခွက်အားကောင်းသော ပုဂ္ဂိုလ်တို့မှာ အရာရာမှာ ပညာဗဟုသုတ ပြည့်စုံကြွယ်ဝသဖြင့် ပိဋကတ်ပညာ အကြီးအကျော် ဓမ္မာစရိယ စာချတန်း ပညာအရပ်ရပ်တို့ကို အလွယ်တကူဖြင့် အောင်မြင်ပေါက်ရောက်နိုင်ပါတယ်။ လောကီ တက္ကသိုလ် ပညာရပ်များကိုလည်း ပေါက်ရောက်အောင်ဆည်းပူးနိုင်၍ ဘီအေဘီအက်စ် ဒေါက်တာ အင်ဂျင်နီယာ စသော ပညာများကို အောင်ပန်းဆွတ်ခူးနိုင်ကြပါတယ်။

သန္တုပ္ပန်မီးခွက်ဟာ ပဉ္စမအရွယ်ပညာရှာဖွေရာတွင် အခြေခံဖြစ်တဲ့မီးခွက်ဖြစ်ပါသောကြောင့် သဘာဝအတိုင်း ပဉ္စမအရွယ်မှာ ကြံစီတွေးတော ဆင်ခြင်အားထုတ်သော ပုဂ္ဂိုလ်တို့မှာ ဦးကျောက်အိမ်မီးခွက်ပွင့်၍ လောကီပညာ လောကုတ္တရာပညာများ၌ ကျော်တလုံး ကပိတဆူဖြစ်နိုင်ပါတယ်။

အာနာပါနလုပ်ငန်းစဉ်ဖြင့် ဖွင့်နိုင်လာပါလျှင် အရွယ်မရွေး သန္တုပ္ပန်မီးခွက်၏တန်ခိုးရှိန်ဖြင့် လောကီဂုဏ်သိရီ စီးစိမ်ပွါးတိုး ပြည့်ဖြိုးစေနိုင်သည့်အပြင် ဘဝကံအလျောက် အဆောက်အအုံ အကျိုးတရားအဆူဆူကို အလွယ်တကူခံစားစေနိုင်သော မီးခွက်ဖြစ်ကြောင်းပေါက်ရောက်တော်မူကြသော ဆရာတော်ဘုရားများ မိန့်ဆိုတော်မူကြပါတယ်။

# ဥသျှမီးခုတ်အကျိုးတရား

မိမိတို့၏ နှလုံးအိမ်ရင်ခေါင်မှာရှိသော ဥသျှမီးခုတ်ကြတော့ ကျောက်နဂါးအလယ်ပိုင်းမီးခုတ်လို့ ခေါ်ဆိုပါတယ်၊ အဲဒီမီးခုတ်ဟာလဲ သတ္တဝါတို့အား ကျေးဇူးအလွန်ပြုသောမီးခုတ်ဖြစ်ပါတယ်၊ ဤမီးခုတ်ဟာလဲအရှယ်သို့ လိုက်ပွင့်တတ်ပါတယ်၊ ဒုတိယအရွယ် အသက် ၄၀-ကျော်သွားလျှင်ဘဲ ဤမီးခုတ်အားကောင်းသော တိဟိတ်ပုဂ္ဂိုလ်တို့မှာ ပွင့်သင့်သလောက်ပွင့်နိုးလာတတ်ပါတယ်။

ဤမီးခုတ်ကို ဆရာတော်ဘုရားများကို စိန္တာမယဉာဏ်ပြဌာန်းတည်နေသော မီးခုတ်ဖြစ်၍ အသိအလိမ္မာဉာဏ်ပညာနှင့်တကွပစ္စည်းဥစ္စာ ဘုန်းကြက်သရေ ပြည့်စုံခြင်း၊ အခြံအရံအကျော်အစောရှိခြင်း လူအပေါင်းတို့၏ လေးစားအကြည်ညိုကိုခံယူရခြင်း၊ နာမည်သတင်း ထင်ရှားကျော်ကြားခြင်း၊ စသောအကျိုးတရားအနန္တကိုပွားစီးစေနိုင်သောမီးခုတ်ဖြစ်ပါတယ်။

ဤဥသျှမီးခုတ်အားပြည့်လာတဲ့ ပုဂ္ဂိုလ်တို့မှာ တိဟိတ်အာဇာနီရဲရဲတောက် ပုဂ္ဂိုလ်မျိုးဖြစ်၍ အမှုခပ်သိမ်းအလုံးစုံတို့ကိုအလွယ်တကူဖြင့် အောင်ပန်းဆွတ်ယူနိုင်ပါတယ်၊ လူချင်းယှဉ်လိုက်လျှင် သူတပါးနောက်လိုက် လက်ပါးစေမဟုတ်ဘဲ ရှေ့ဆောင် ပုဂ္ဂိုလ်တဦးအဖြစ်ကိုသာ ရောက်ရှိတတ်ပါတယ်။

အာနာပါန လုပ်ငန်းစဉ်ဖြင့် ဥသျှမီးခုတ်ကြီးကို အရောင်တောက်လေးပါး ပေါ်ထွက်လာအောင် ဖွင့်နိုင်ပါလျှင် အကျိုး

တရားအနန္တကို ထုတ်ဘော်၍ ပညာရှိများ မိန့်ဆိုတော်မူကြပါတယ်။

နှလုံးအိမ်ရင်ချိုင့်မှာရှိတဲ့ ဥသ္မမီးဓာတ်ပေါက်သော ပုဂ္ဂိုလ်တို့အား အကျိုးတရားအနန္တ ပေးစွမ်းနိုင်ခြင်းကို ရှေးကပညာရှိကြီးများ ဤမီးဓာတ်၏တန်ခိုးအာနုဘော်ကို ထုတ်ဘော်ထားကြပါတယ်။

အမှောင်ပယ်ခွင်း နေမင်းအလား ကျောက်နဂါးဟူ၍ရင်း၊ ပတ္တမြားရှင် နေလုလင်သို့ ရောင်ရှင်ဝင်းဝင်း အဆင်း၄ပါး ကျောက်နဂါးဟူ၍ရင်း၊ ရှေးမှတ်တော်မူပါသဖြင့် ဥသ္မမီးဓာတ်ပေါ်ထွက်လာအောင် အာနာပါနလုပ်ငန်းစဉ်ဖြင့် အားထုတ်နိုင်သော ယောဂါဝစရပုဂ္ဂိုလ်များသည် စိန္တာမယဉာဏ်ထက်သန်၍ ယခုဘဝနှင့်ပင်လျှင် မဂ်တရား ဖိုလ်တရားကိုကို အလွယ်တကူဖြင့် အောင်ပန်းဆွတ်ယူနိုင်ပါလိမ့်မယ်။

## ပရိပါစကမီးဓာတ်နှင့်အကျိုးတရား

ခေတ်တိုင်အရပ်မှာရှိတဲ့ ပရိပါစက မီးဓာတ်ကိုတော့ တရားပေါက်တော်မူကြတဲ့ ဆရာတော်ဘုရားများက ကျောက်နဂါးအမြီးပိုင်းခေါ် မီးဓာတ်လို့ ဆုံးဖြတ်တော်မူကြပါတယ်၊ အဲဒီမီးဓာတ်ဟာလဲ အာနာပါနအားထုတ်တဲ့ ပုဂ္ဂိုလ်များဟာအပန်းခံပြီး အားထုတ်မှ ပေါက်နိုင်ပါတယ်၊ အလွယ်တကူနဲ့ မပေါက်နိုင်ပါ။

ပရိပါစကမီးဓာတ်ကို သဘာဝနယ်သို့ချဉ်း၍ အရွယ်နှင့်စေဘန်ပါလျှင် တတိယအရွယ်မှာ ပါရမီကောင်းတဲ့ ပုဂ္ဂိုလ်များ ပရိ

ပါစက မီးခွက်တန်ခိုးပေါ် တတ်ပါတယ်၊ အဲဒီမီးခွက်တန်ခိုး ပေါ်လျှင်ဘဲ ထိုပုဂ္ဂိုလ်များမှာ အနာ ကင်း၍ အသက်ရှည် တတ်ပါတယ်၊ ဘုန်းတန်ခိုးကြက်သရေမဆုတ်ယုတ်ဘဲ သေသည်အထိ ခံစားကြရပါတော့တယ်၊ လူပုဂ္ဂိုလ်များမှာ ဆိုလျှင်လဲ ပစ္စည်း ဉစ္စာလောကီဂုဏ်သိရ်မဆုတ်ယုတ် တိုးပွားသည်ထက်တိုးပွားပြီး လျှင် သေသည်အထိခံစားသုံးဆောင်ရတတ်ပါတယ်။

ပရိပါစကမီးခွက်ဟာ ရှေ့မီးခွက် ၂-ပါးတို့ထက် လွန်ကဲ သော မီးခွက်ဖြစ်ပါတယ်၊ လွန်ကဲတယ်ဆိုခြင်းမှာ ရှေးမီးခွက် ၂-ပါးတို့ထက် တန်ခိုးကြီးတဲ့မီးခွက်လို့ ဆိုလိုပါတယ်၊ မင်္ဂလ မြတ်စွာဘုရားသခင်သည် ရှေးကြောင်းရင်းကံကြောင့် ချက်တိုင် မှာရှိတဲ့ ပရိပါစက မီးခွက်တော်သည် စကြဝဠာ တသောင်း တိုက်လုံးအလင်းခွက်ကို အမြဲပေးနေပါတယ်၊ သတ္တဝါတို့ဟာ မီးမထွန်းဘဲနှင့် မင်္ဂလမြတ်စွာဘုရား၏ ကိုယ်ရောင်တော်ဖြင့် ပင်လျှင် အလင်းခွက်ကိုရရှိတော်မူကြ၍ အမှုခပ်သိမ်းအလုံးစုံကို ဆောင်ရွက်တော်မူနိုင်ကြပါတယ်။

မင်္ဂလမြတ်စွာဘုရား၏ ပရိပါစက မီးခွက်ခေါ် ကိုယ်ရောင် တော်ကြောင့် နေရောင်လရောင်တို့သည် ကွယ်ပျောက်တော်မူ၍ သတ္တဝါတို့မှာ နေ့ ညတောင် ခွဲလို့မရ ဖြစ်တော်မူပါတယ်၊

ဒီအခါမှာ နေ့ ညခွဲခြားရန်အတွက် သတ္တဝါတို့မှာ ကြက်ဒိပ် ကြက်ဆင်းတို့ကို မှတ်ပြီးလျှင် နေ့ည ခွဲခြားရပါတယ်။ ရာသီ အလိုက် ပွင့်ကြတဲ့ ပန်းတို့ကို အမှတ်ထားပြီးလျှင် နေ့ည ခွဲခြား ကြရပါတယ်။

ပပဝတိ အမျိုးသမီးရဲ့ ပရိပါစကမ်ဳိးဓာတ်ခေါ် ကိုယ်ရောင် ဟာလဲ ၁၂ တောင်ရှိတဲ့ တိုက်ခမ်းကြီးတခုလုံးကို မီးမထွန်းဘဲနှင့် အလင်းရောင်ထွက်နေတယ်ဆိုတာလဲ ပရိပါစကမ်ဳိးဓာတ်ရဲ့ အရောင်အလင်းကိုဘဲ ယူနိုင်ပါတယ်။ ဒါကြောင့် အာနာပါနမလုပ်သော်လဲ ကံအကြောင်းတရားတွေကြောင့် ပရိပါစက မီးဓာတ် ထွက်ပေါ်တတ်ပါတယ်။

အာနာပါနဘာဝနာကို အားထုတ်သဖြင့် ပရိပါစကမီးဓာတ် ပေါက်ရောက်သော ပုဂ္ဂိုလ်တို့မှာကား လူသိနတ်ကြား အရောင်အလင်းမထွက်သော်လဲ ကျောက်နဂါးရဲ့ အမြီးဓာတ်ပေါက်သဖြင့် ရုပ်တရား နာမ်တရား ဖြစ်ပျက်တရားတို့ကို အလွယ်ဘာကူနှင့် ကူးယူသွားနိုင်ပါတယ်။ ယခုဘာဝနှင့်ပင် မဂ်ဖိုလ်ကို ရနိုင်တဲ့ ပညာအား ပြည့်စုံတယ်လို့ ဆိုနိုင်ပါတယ်။

ပရိပါစက မီးဓာတ်ကထွက်တဲ့ ပညာကို ဆရာတော်ဘုရားများက ဘာဝနာမယ ပညာလို့ ဆုံးဖြတ်တော်မူကြပါတယ်။ ဘာဝနာမယ ပညာဆိုလျှင်ဘဲ မဂ်တရားနှင့် နီးကပ်နေပါပြီ။ ပါရမီပြည့်လျှင် တဆေ့ခုန်လောက်သာ လိုပါတော့တယ်။ ကြိုးစားနိုင်လျှင်ဖြင့် ဘယ်နည်းနဲ့မှ မဂ်ကိုမရမရှိနိုင်တော့ပါ။

ရှင်တော်မြတ်ဘုရားလက်ထက်တော်အခါက တေဒဂ်ရတော်မူကြတဲ့ ရဟန္တာထေရာ ရဟန္တာထေရီမတို့မှာလဲ ဤကျောက်နဂါးအမြီးဓာတ်ပညာ ပေါက်တော်မူကြတယ်လို့ ဆိုနိုင်ပါတယ်၊ ယခုခေတ်တွင် လောကီ တက္ကသိုလ် ပညာကိုလိုက်စားကြသဖြင့်

ဒီဂရိဘွဲ့ရပုဂ္ဂိုလ်တို့တွင် အချို့မှာနောက်ဆက်တွဲ ဘွဲ့ထူး ဂုဏ်ထူးတွေ ၂-ခု ၃-ခုလောက် ရကြပါတယ်။ အဲဒါလဲ ကျောက်နဂါးအမြီးခတ်ပေါက်တယ်လို့ ဆိုနိုင်ပါတယ်။

သာသနာတော်မှာနေကြတဲ့ ဆရာတော် သံဃာတော်များမှာလဲ အဂ္ဂမဟာပဏ္ဍိတ စသော ဘွဲ့ထူး ဂုဏ်ထူးတော်များကို ရကြတာလဲဘဲ ကျောက်နဂါးအမြီးခတ်ပေါက်တယ်လို့ ဆိုနိုင်ပါတယ်။ ဓမ္မာစရိယစာချတန်းအောင်ရုံတွင်မဟုတ်ဘဲ ဂုဏ်ထူးဆောင်ကျမ်းတွေပါ အောင်မြင်ကြသော သံဃာတော် အရှင်မြတ်တို့ဟာလဲ ကျောက်နဂါးအမြီးခတ်ပေါက်တယ်လို့ ယူနိုင်ပါတယ်။ ကျောက်နဂါးအမြီးခတ်ပေါက်သော ပုဂ္ဂိုလ်တို့မှာ လောကကြောင်း ဓမ္မကြောင်း ၂-ပါးမှာ သူတပါးနှင့် နှိုင်းယှဉ်ပါလျှင် အထက်တန်းမှာ မျက်နှာပန်းပွင့်လျက် အစဉ်ရှိနေပါတယ်။ ဒါကြောင့် ပရိပါစက မီးခတ်သည် သဘာဝ အလျောက်မပေါက်သော်လဲ အာနာပါန ဘာဝနာကို အားထုတ်သဖြင့် ပေါက်ရောက်ပါလျှင်လဲ အကျိုးအနန္တ လောကုတ္တရာ အကျိုးတရားအထိ ခံစားကြရသည်ကို ယုံကြည်တော်မူကြစေလိုပါတယ်။

ဒါကြောင့် အထူးအားဖြင့်တိုက်တွန်းလိုသည်မှာ သာသနာပြုပုဂ္ဂိုလ်များသည် လူ့အပေါင်းနှင့်ဆက်ဆံလျက် မိမိအကျိုးစီးပွား သာသနာတော်၏အကျိုးစီးပွား၊ သတ္တဝါတို့၏ အကျိုးစီးပွားကို အစဉ်ဆောင်ရွက် အားထုတ်နေကြပါသောကြောင့် အာနာပါန

လုပ်ငန်းစဉ်ဖြင့် ပရိပါစက မီးခွတ်ခေါ် ကျောက်နဂါးအမြီးခွတ်ပေါက်ရန် အပတ်တကုတ် ကြိုးစား အားထုတ်စေလိုပါတယ်။

သို့မှသာ သာသနာ့ပြုပုဂ္ဂိုလ်တယောက်ဖြစ်ပြီးလျှင် ထင်ရှားကျော်စော၍ လူအပေါင်းတို့သည် မိမိအား အာရုံညွှတ်လာပါလိမ့်မယ်၊ မိမိပြောလိုက်တဲ့ဆုံးမချက်ကို အရေးယူလာပါလိမ့်မယ်၊ သဒ္ဓါ အာဏာပြည့်စုံစွာဖြင့် လိုရာပြီးမြောက် ကြံတိုင်းပေါက်၍ ဆထက်ထမ်းပိုး သာသနာ့အကျိုးကို ဆောင်ရွက်တော်မူနိုင်ပါတယ်။ အားထုတ်တော်မူကြပါ။

ကျောက်နဂါးအမြီးခွတ် ပေါက်တော်မူကြသော ပုဂ္ဂိုလ်ကြီးများက လူအပေါင်းတို့ သိရှိကြစေရန် အောက်ပါအတိုင်း ကျောက်နဂါးမီးခွတ်ကို စပ်ဆိုထားတော်မူပါတယ်။

ကျောက်နဂါးဟု၊ ကျော်ကြားကုန်ဘိ၊ တန်ခိုးရှိ၍၊
ဝိမုတ္တိရသ၊ ပါချဒသည်၊ အဘယခေမာ၊ ဂုဏ်တေ
ဇာဖြင့်၊ အကာရေထဲ၊ မြေကိုခွဲ၍၊ ပျံဝဲငုတ်လျှိုး၊
ဖေါက်ထိုးခုံလွှား၊ ဝေးရပ်ခြားသို့၊ ပျံသွားမကြာ၊
လျင်စွာရောက်ခြင်း၊ အဆင်းရုပ်၊ သဏ္ဍာန်လှလျက်၊
ဗလစွမ်းအား၊ ပွားများတုံလျှင်း၊ ရောဂါကင်း၍၊
ရှည်ခြင်းအသက်၊ ဘုန်းကြက်သရေ လက်လက်ဝေ။

စသည်ဖြင့် ကျောက်နဂါး အမြီးခွတ်၏ တန်ခိုးအနန္တကြီးထွားပုံတွေကို နောင်လူနောက်သားများ သိရှိစေရန် ထုတ်

ဘော်ထားခဲ့ပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ မီးခဲတော်ကြီး ၃-ပါးခေါ် ကျောက်နဂါးဦးခေါင်း၊ ကျောက်နဂါးအလယ် ကျောက်နဂါးအမြီးပိုင်း မီးခဲတော်တို့ကို အာနာပါန ဘာဝနာဖြင့် ပေါက်ရောက်အောင် ဖွင့်နိုင်ကြပါလျှင် လောကီသိဒ္ဓိ အကျိုးတရား အနန္တတို့နှင့် မဂ်ဖိုလ်သို့ တက်လှမ်းနိုင်သော ဝိပဿနာဉာဏ် အမြင်သန်တော်မူကြပါလိမ့်မယ်။

(ပဥ္စမတိတ်ခွေ၊ ပထမဘက်ပြီး၏)

—⁝— —⁝— —⁝—

# ဓမ္မစကြာမဂ်ဝင်အာနာပါနကျမ်း

နမောတဿ ဘဂဝတော အရဟတော
( သမ္မာ သမ္ဗုဒ္ဓဿ )
(ပဌမတိတ်ခွေ ဒုတိယဘက် ဘာသာပြန်)

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိသိက္ခတိ
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ
(မဟာသတိပဋ္ဌာန် ပါဠိတော်)

(အနက်) ကာယသင်္ခါရံ ရုံးရင်းကြမ်းထမ်းသောကမ္မဋ္ဌာန်း နိမိတ်ကို ပဿမ္ဘယံ၊ ပဿမ္ဘယန္တော၊ ငြိမ်းစေသည်ဖြစ်၍။ ဝါ ချုပ်စေသည်ဖြစ်၍၊ အဟံ ငါသည် အဿသိဿာမိ ထွက်သက်ကိုဖြစ်စေအံ့၊ ဣတိ ဤသို့ သိက္ခတိကျင့်၏။ ဝါ လုလ္လပြု၏။

အထက်ပါ မဟာသတိပဋ္ဌာန်ဒေသနာတော်၌ ရှင်တော်မြတ်ဘုရားဟောကြားတော်မူသည့်အတိုင်း အာနာပါနလုပ်ငန်းစဉ်ကို အားထုတ်ကြတဲ့ ယောဂါဝစရပုဂ္ဂိုလ်တို့ဟာ ၄-ချက်မြောက် ချက်တိုင်တံခါးပေါက်ကြီးဖွင့်နိုင်ရန် အထူးကြိုးစားရပါတယ်။

ဒါကြောင့် ထွက်တဲ့လေကလေးထွက်လာတယ်၊ဘယ်မှာသာ ရှိတော့သလဲ ချက်တိုင်မှာသာ ရှိတော့တယ်၊ ဝင်တဲ့လေကလေး ဝင်လာတယ်၊ ဘယ်မှာသာ ရှိပါတော့သလဲ၊ ချက်တိုင်မှာသာ ရှိပါတော့တယ်၊ ချက်တိုင်အရပ်မှာရှိတဲ့ ပရိပါစကမီးဓာတ်ကို တွေ့အောင် ထွက်လေနှင့် ဝင်လေ ၂-ပါးကို အဆင့်ဆင့်ချုပ်လာ ရပါတယ်။

အကြင်အခါ ထိုအာနာပါနယောဂါဝစရပုဂ္ဂိုလ်ဟာ တံခါးလေးပေါက်ရှိတဲ့ အနက် နှုတ်ခမ်းဖျားနှင့် နှာသီးဖျားအချပ်မှာ လေခတ်ကို ချုပ်နိုင်ပါသေးတယ်၊ ထိုအခါမှာ ယောဂါဝစရပုဂ္ဂိုလ်ဟာ ငယ်ထိပ်ဦးကျောက်အရပ်တွင် လေခတ်ကို ချုပ်နိုင်အောင် အထူးလုလ္လပြုရပါတယ်၊ ငယ်ထိပ်ဦးကျောက်အရပ်မှာ ချုပ်နိုင်သွားလျှင် နှလုံးအိမ်ရင်ချိုင့် အရပ်မှာ လေခတ်ကိုချုပ်နိုင်အောင် အထူးလုလ္လပြုရပါမယ်။

နှလုံးအိမ်ရင်ချိုင့် အရပ်မှာလေခတ်ကို ချုပ်နိုင်သွားလျှင် ချက်တိုင်အရပ်မှာ လေခတ်ကို ချုပ်နိုင်အောင် အထူးလုလ္လပြုရပါမယ်၊ အဲဒီလို အဆင့်ဆင့် တံခါးပေါက်တွေမှာ လေခတ်ကို ချုပ်နိုင်အောင် လုလ္လပြုစေလိုသဖြင့် ရှင်တော်မြတ်ဘုရားက အထက်ပါ မဟာသတိပဋ္ဌာန်ဒေသနာတော်ကို ဟောကြားတော်မူပါတယ်။

အာနာပါန လုပ်ငန်းစဉ် ၌ တံခါး ၄-ချက် ဖွင့်ပြီးလျှင် သဘာဝ လုပ်ငန်းစဉ် အတိုင်း အားထုတ်တော်မူကြသဖြင့် သူ့တံခါးနှင့်သူဆိုင်ရာ ပညတ်နိမိတ်ဖြစ်သော သဏ္ဌာန်,အရိပ်,နိမိတ်, လက္ခဏာတို့ကိုရင်း၊ အရောင်, အဆင်း,အလင်း,အကြည်, နိမိတ်တို့ကိုရင်း ကျောက်နဂါး မီးခတ် အရောင် အဆင်း တို့ကိုအစစ်အမှန်သိမ်းဆည်းနိုင်လျှင်ဘဲ ပဌမ လုပ်ငန်းစဉ် အောင်မြင်ပြီလို့ ယူနိုင်ပါတယ်။

အစဉ်အတိုင်း တံခါး ၄-ပေါက် တို့ကို မဖွင့်ဘဲ ကျော်တိကျော်ပေါက်နှင့် အာနာပါန လုပ်ငန်းစဉ်ကို အားထုတ်ကြသော

ယောဂါဝစရ ပုဂ္ဂိုလ်များမှာ ဤ ချက်တိုင် ခေါ် ပရိပါစက မီးခွက်စခမ်းကြတော့ လေခွက် ချုပ်ရန် မလွယ်ကူလှပါ၊ လေခွက်ချုပ်တဲ့ လုပ်ငန်းစဉ် စခမ်းအထိ ပေါက်ရောက်ပါလျှင် ပါရမီရှင် ပုဂ္ဂိုလ်ကြီးတဦး ဖြစ်နိုင်ပါတော့တယ်။

မြန်မာ နိုင်ငံတော် တွင် တရား ဖွင့်တော်မူကြတဲ့ လယ်တီ တောရ ဆရာတော် ဘုရားကြီး ဆိုလျှင်ဘဲ ပရိယတ် စာပေနယ် လောကမှာ နေရင်းထိုင်ရင်းဘဲ တစတစ အာနာပါနလုပ်ငန်းစဉ် ကြီးကို ပြုစု ပျိုးထောင်တော်မူ၍ တံခါး ၄- ချက် ပွင့်နိုင်တော် မူပါတယ်၊ သက်တော် ၅၆-နှစ် ရှိမှ နိုင်ငံတော် ၌ ဝိပဿနာ လုပ်ငန်းစဉ်တွေကို ဖွင့်တော်မူကြောင်း သိရှိရပါတယ်။

အဲဒီ အတိုင်းပါဘဲ နိုင်ငံတော်မှာ ထင်ရှားတော်မူကြတဲ့ ဆရာတော် သံဃာတော်များလဲ အချို့မှာ အာနာပါနလုပ်ငန်း စဉ်၌ တံခါး လေးချက်အထိ ဖွင့်တော်မူနိုင်ပါတယ်၊ အချို့မှာ တံခါး ၁-ချက်၊ ၂-ချက်လောက်သာ ဖွင့်နိုင်ပြီးလျှင် နိုင်ငံတော် မှာ သာသနာပြု ပုဂ္ဂိုလ်ကြီးတွေ ပြုလုပ်နေကြတာ ထင်ရှား ပါတယ်၊ သို့ တွင် မြေ-မြေခြင်းမှ ခြေကိုမြင် ဆိုတဲ့ ဥပမာလို ပါဘဲ၊ မိမိက အာနာပါန တံခါးကို ဖွင့်နိုင်လျှင် သူတပါးကိုလဲ ဖွင့်နိုင် မဖွင့်နိုင် သိပါတယ်။

အချို့ သာသနာပြု ပုဂ္ဂိုလ်များ အာနာပါန လုပ်ငန်းစဉ်ဖြင့် တံခါး ၄-ချက် မဖွင့်နိုင်သော်လည်း (တခုကောင်း-တခုပေါက်) ခေါ် သမထ တရားလေးနှင့်ဘဲ သာသနာပြုနေကြပါသေးတယ်၊

ဂုဏ်တော်ပေါက် ပုဂ္ဂိုလ်၊ မေတ္တာ ကမ္မဋ္ဌာန်း ပေါက် ပုဂ္ဂိုလ်၊ ကသိုဏ်းပေါက် ပုဂ္ဂိုလ်၊ ဓူတင် ၁-ပါး ၂-ပါး ပေါက် ပုဂ္ဂိုလ်၊ အချို့မှာ လောကီ ဂန္ထာရီပညာရပ်ဖြင့် တခုခုပေါက်ရောက်ပြီး၊ ဥုံဖွနှင့်ဘဲ သာသနာပြု ပုဂ္ဂိုလ်တွေ အနန္တ မြန်မာနိုင်ငံတော်မှာ ထွက်ပေါ်နေကြပါတယ်။

သို့ရာတွင် အကောင်းဆုံးကတော့ လောကုတ္တရာ အာနာပါန လမ်းခေါ် မဟာသတိပဋ္ဌာန် အာနာပါနကြီးကို ကိုယ်တွေ့ လက်တွေ့ ပွားများ အားထုတ်ပြီးမှ ပေါက်ခေတ်ယူ၍ သာသနာ ပြုနိုင်ကြလျှင်ဖြင့် အကောင်းဆုံးပါဘဲ။

သာသနာပြု ပုဂ္ဂိုလ် မှန်လျှင် လောကီနှင့် လောကုတ္တရာ ၂ ပါးကိုတွဲစပ်၍ကိုင်နိုင်မှသာလျှင်သာသနာပြုလို့ရနိုင်ပါတယ်၊ ရှင်တော် မြတ်ဘုရား ၏ သဗ္ဗညုတ ဉာဏ်တော်ကြီး သည် ပင် မဟာကြိယာ ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်တော်ကြီးဘဲ မဟုတ်ပါလား၊ အဲဒီစိတ်တော်ကြီးဖြင့် ရှေ့သွားပြု၍ သာသနာ ပြုတော်မူခြင်းကိုလဲ ဆင်ခြင်ပါ။

ရှင်တော်မြတ်ဘုရားသည်ပင်လျှင် လောကီသမာပတ်ဂပါးကို လက်ကိုင်ထားတော်မူ၍ သတ္တဝါ အနန္တတို့၏ အကျိုး စီးပွား အခြေခံ မူတည်တော်မူ၍ နောက်ဆုံးတွင် သစ္စာ လေးပါး ခေါ် ဓမ္မစကြာသုတ္တန်ဖြင့် မဂ်တရား-ဖိုလ်တရားကို ဖွင့်တော်မူပါတယ်။

ဒါကြောင့် သာသနာပြု ပုဂ္ဂိုလ်များအတွက် လောကုတ္တရာ တဘက်သတ် အသိဉာဏ် လမ်းစဉ်ကို ရှေ့ရှုဆောင်ရွက်တော်

မှုပါလျှင် ဉာဏ်မမှီဘဲ ကံမမှီဘဲ ကောင်းစားရန် အချိန်မရောက်သလို ဖြစ်နေတတ်ပါတယ်၊ အာနာပါန လုပ်ငန်းစဉ်ကြီးဖြင့် ကိုယ်တိုင် အားထုတ်လာလျှင် လောကီ ကိစ္စအရပ်တို့ကိုလဲ ပြီးစီးအောင်မြင်တော်မူ၍ လောကုတ္တရာ အသိဉာဏ် ခေါ် သဘာဝဉာဏ်ကြီးတွေအထိ ထွင်းဖေါက်နိုင်ပြီးသကာလ ကျောက်နဂါးမီးခဲတ်ကြီးတွေ အလုံးစုံ ပွင့်နိုးနိုင်ပါလိမ့်မယ်။

(ဤဘော်ပြချက် အထူး စဉ်းစားပါ)

အာနာပါန လုပ်ငန်းစဉ်ဖြင့် သဘာဝ ဉာဏ်ကြီးတော်ပိုင်နိုင်ပါလျှင် လယ်တီ တောရ ဆရာတော်ဘုရားကဲ့သို့ သာသနာပြုပုဂ္ဂိုလ်ကြီးတဦး ဖြစ်ခဲ့ပါသော် သာသနာတော်၏ အကျိုးစီးပွါးနိုင်ငံတော်၏ အကျိုးစီးပွါး၊ ကမ္ဘာသူ ကမ္ဘာသားတို့၏ အကျိုးစီးပွါးကို ဆောင်ရွက်နိုင်၍ လူခပ်သိမ်းတို့၏ မှီခိုရာ အားထားရာ ပုဂ္ဂိုလ်အဖြစ်သို့ ဆိုက်ရောက် နိုင်ပါတယ်။

ဆိုလိုရင်းမှာ မိမိကိုယ်တိုင် ပေါက်ရောက်၍ အသိဉာဏ်ပိုင်အောင် ရှေးဦးစွာ အားထုတ်စေလိုပါတယ်၊ ပရိယတ္တိ မမှုကို အခြေခံထားပြီး မျက်လုံးတဘက်နှင့် သာသနာ မပြုပါနှင့်၊ ခေတ်အလိုက် ပေါ်ထွက်နေကြတဲ့ သုတ္တန်ကြောင်း၊ မမှုကထိက တို့ရဲ့ အမှုအရာ အပြောအဟော တို့ကိုလဲ လိုက်မှား မနေပါနဲ့၊ ကိုယ်ပေါက်လျှင် သာသနာပြု နိုင်တယ်ဆိုတာ ယုံကြည်တော်မူပါ၊ တင်ဆက်လိုက်တဲ့အာနာပါနဟာလဲ စွယ်စုံမြောက်တဲ့ အာနာပါနဆိုတာ ကိုလဲ ယုံကြည်တော်မူပါ။

တရားပေါက်တဲ့ ဆရာတော်ဘုရား ထံမှ လက်ထပ်နည်း ရရှိလာခဲ့သော အာနာပါန လမ်းကြီးပါဘဲ၊ ဘုရား ပိဋကတ်တော်

နှင့်လဲ ညီညွတ်လှပါတယ်၊ အထူးအားဖြင့် ဓမ္မစကြာ အနတ္တ လက္ခဏသုတ်တို့မှ အဆီညှစ်၍ ဖေါ်ထုတ်လိုက်သော မဟာ သတိပဋ္ဌာန် အာနာပါန တရားတော်ကြီးဖြစ်၍ တကယ့် အား လုလှုဖြင့် အားထုတ်မှ အောင်မြင်နိုင်ကြောင်း ရှေးကဆရာတော် ဘုရားများ မိန့်ဆိုတော်မူပါတယ်။

## အားလုံ့လ ဆောင်ရန် ဆုံးမချက်

သဘာဝနယ် အသိကြွယ်၍ မဂ်ဝယ်ဖိုလ်မြောက်ဆိုစလောက် လည်းမထောက်မနား သဒ္ဒါပွားလျက် သုံးပါးသိက္ခာ ကျင့်အပ် စွာဖြင့် မက္ခာရိုးရိုးဦးညွတ်ကျိုးလျက် တိုးဝင်ခယ နေ့ညမကင်း အားထုတ်ခြင်းဖြင့် မပျင်းမရိ မိုးထိဖျားရောက် မကြောက်မရွံ့ ဝင့်ဝင့်စားစားငါယောကျ်ားဟု စွမ်းအားမလျော့ မပေါ့မမေ့ လေ့လေ့ကြက်ကြက် တောင်ကြီးတက်သို့ နေ့ရက်လနှစ်တွက်စစ် မကျန်ဆင်းရဲခံ၍ ချိုးခြံနိုင်ခဲ့သည်၏ အဖြစ်ကိုရင်း။

စသည်ဖြင့် ဆရာတော်ဘုရားကြီးများ ဆုံးမတော်မူချက်ကို နှလုံးသွင်း ဆင်ခြင်တော်မူကြပြီးလျှင် လောကီ လောကုတ္တရာ ၂ဖြာစွယ်စွယ် ပေါက်ရောက်အောင် အာနာပါနလုပ်ငန်းစဉ်ကြီး ကို ပါရမီရှင်ကြီးများအတွက် တင်ဆက်လိုပါတယ်။

(က-ကလုပ်ငန်းစဉ်ကို ဆက်လက်၍ သွားကြဦးစို့)။

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ
ပဿမ္ဘယံ ကာယ သင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ

ဤလေခေတ်ချုပ်တဲ့ သဘာဝတွေကို အနည်းငယ်ပြော ကြားလိုပါသေးတယ်၊ အာနာပါန အားထုတ်ကြတဲ့ ယောဂါ

ဝစချုပ္ဂိုလ် သဘောပိုင်သွားစေလိုပါတယ်၊ အာနာပါနတွေ ကလဲ သာသနာတော်မှာ အမျိုးမျိုးပေါ်ထွက်နေတော့ မျက်စိ မလည်နိုင်အောင် ဖေါ်ပြသိုပါသေးတယ်၊ ပါချမိချင်ကြီးတွေ တောင်မှဘဲ အာနာပါန လုပ်ငန်းစဉ်မှာ မျက်စိမှောက်နေတတ် ကြပါတယ်။

## လေဓာတ်ချုပ်ခြင်း ၃-မျိုးပါဘဲ

(၁) ပဌမ အင်းဆေး မှော်စမဂါထာ မန္တာန်စသော လောကီ ပညာရပ်ဘို့ဖြင့်လဲ လေဓာတ်ချုပ်တတ် ပါတယ်။

(၂) နတ်လောက ဝိဇ္ဇာလောကမှာရှိကြတဲ့ ကမ္မဇိဒ္ဓိ တန်ခိုးရှင်ကြီးတွေ အင်း, ဆေး, မှော်ပေါက်ကြတဲ့ တန်ခိုးရှင်ကြီးတွေကြောင့်လဲ လေဓာတ်ချုပ်တတ် ပါတယ်။

(၃) အာနာပါန လုပ်ငန်းစဉ်ကြီးကို အဆင့်ဆင့်ပွားများ အားထုတ်လာသဖြင့် တံခါးလေးပေါက် အစဉ် အတိုင်း နောက်ဆုံးတံခါးမှာ ဘာဝနာအရှိန်ဖြင့်လဲ လေဓာတ်ချုပ်တတ်ပါတယ်။

အကျဉ်းနည်းအားဖြင့် လေဓာတ်ချုပ်ငြိမ်းခြင်းဟာ ၃-မျိုး သာ ရှိပါတယ်၊အကြယ်ဝေဘန်လျှင်တော့ အလွန်ကြယ်ပါတယ်၊ အဲဒီမှတ်ချက်ကို ယူသွားပါ၊ အာနာပါန အလုပ်ကို အားထုတ်

လို့ လေခေါတ်ချုပ်လျှင် ကိုယ့်ကိုယ်ကို စေ့ရှုးကိုက်ကြည့်ရပါမယ်၊ တန်ခိုးရှင်တွေရဲ့ အနေ့ာင့်အယှက်တွေဟာ မမြင်တဲ့ ပုဂ္ဂိုလ်မှာ ဘယ်လိုလဲ့ ပတ်တယ်ဆိုတာ မမြင်တော့မကြောက်ပါ ကိုယ်တိုင်မြင်တွေ့လာမှ ကြောက်ပါလိမ့်မယ်။

အာနာပါန အားထုတ်ကြတဲ့ ပုဂ္ဂိုလ်များအတွက် မှာကြားလိုပါတယ်၊ အာနာပါနဝဲကြီး၃-ပါးရှိပါတယ်။

## ဝဲကြီး ၃-ပါး ဆိုသည်မှာလဲ

(၁) နတ်လှည့်ခေါ် အာနာပါန ဝဲကြီးက တချက်ရှိပါတယ်။

(၂) တရားလဲ့ ခေါ် အာနာပါန ဝဲကြီးက တချက် ရှိပါတယ်။

(၃) ပါရမီလဲ့ ခေါ် အာနာပါန ဝဲကြီးက တချက်ရှိပါတယ်။

အဲဒီဝဲကြီး၃-ချက်ကို လွတ်အောင်ရှုံးနိုင်မှသာလျှင် အာနာပါနလုပ်ငန်းစဉ်ဟာ အောင်မြင်ထမြောက်ပါတယ်၊ မရှုံးနိုင်လို့ ဝဲကြီးထဲမှာ ကြရောက်နေပါလျှင် လွတ်ထွက်နိုင်ရန် ခဲယဉ်းလှပါတယ်၊ ဒါကြောင့် ဝဲကြီး၃-ချက်ကို နောက်မှဘဲ ဖွင့်ပြပါမယ်၊ ယခု လေခေါတ်ချုပ်တဲ့ သဘာဝ ကိုစကားဆုံးအောင် သွားကြပါစို့။

အာနာပါန ဘာဝနာကို ပွားများကြတဲ့ ယောဂါဝစရ ပုဂ္ဂိုလ်များရှေးဦးစွာလေခေါတ်ချုပ်ခြင်း၃-မျိုးခွဲခြားရှုမှတ်သားထားပါ တံခါး-၄ပေါက်ဖြင့် အားထုတ်လာတဲ့ ပုဂ္ဂိုလ်တို့မှာ

ပဋ္ဌမစတုက္ကခေါ် နှုတ်ခမ်းဖျားနှင့်နှာသီးဖျားကနေပြီး အားထုတ် လာတဲ့ ဘာဝနာအရှိန်ကြောင့် တကယ်ကို လမ်းစစ်လမ်းမှန် အနေနဲ့ လေခေါတ်ချုပ်သလား သို့မဟုတ်ဘဲ တန်ခိုးရှင် လောက မှာရှိတဲ့ နတ်ဘီလူး ယက္ခ ဂန္ဓဗ္ဗစသော ပုဂ္ဂိုလ်တဦးတို့၏ဝင်ရောက် နှောင့်ယှက်ခြင်းကြောင့် ချုပ်သလား ရက္ခစိုး ဘုမ္မစိုးစသော ပုဂ္ဂိုလ်တို့ ဝင်ရောက် နှောင့်ယှက်ခြင်းကြောင့် ချုပ်သလား အစရှိသော ဝေဘန်ချက်တို့ကို ထုတ်ဘော်ဝေဘန်ပါ၊ သို့မှသာ အမှန်နှင့် အမှားကို အမှန်သိနိုင်ပါတယ်။

ဒါကြောင့် ဒီ၄-ချက်မြောက် စတုက္ကတံခါးမှာ ပေါ့ပေါ့ တန်တန်မလုပ်ပါနဲ့ လေးလေးနက်နက်လုပ်ပါ ယခုအခါ ငါတို့ရဲ့ သာသနာ့နောက်ပိုင်းတွင် နတ်ဖုံကြနိုတဲ့ ဆရာတွေက နတ်စွဲ စုံးစွဲ ဘီလူးစွဲစွဲကြတဲ့ ပုဂ္ဂိုလ်တွေကို ခေါ် ဆောင်ပြီးလျှင် ပရိသတ် အလယ်မှာ အာနာပါနဘာဝနာကို ၁၅မိနစ်ကြာမျှ အထိုင်ခိုင်း ပြီးလျှင် ထင်စေ မြင်စေ ချုပ်စေ ဆိုပြီး အနားမှနေ၍ မန်းမှုတ် အမိန့်ပေးလိုက်ရာ နတ်စွဲရှိတဲ့ ပုဂ္ဂိုလ်မှာ တခါထဲအသက်မရှူဘဲ ချုပ်သွားပါတယ်။

အဲဒီအခါ အမိန့်အာဏာပေးတဲ့ဆရာက ပရိသတ်တွေကို မြင်အောင်ပြပြီး မြင်ကြရဲ့လား အာနာပါနလေခေါတ်ချုပ်လျှင် ဖိုလ်ဝင်စားနိုင်တယ်၊ ယခုဖိုလ်ဝင်နေပြီ မြင်ဘူးအောင် ကြည့်ကြ ပါလို့ အမိန့်ရှိပါတယ်၊ အဲဒါသူများအပြောမဟုတ်ပါ ကိုယ်တွေ့ မြင်ခဲ့ရပါသဖြင့် သတိပေးလိုက်ပါတယ် သူများအလုပ်ကို အပြစ်ဆိုဘယ်လို့ များ မမှတ်ပါနှင့် အာနာပါန အပေါစား တွေများ၍ လူအယုံကြည်ကင်းမဲ့မှာစိုးရိမ်လှပါတယ်။

၁၊ အင်း ဆေး မှော် စမဂါထာမန္တန်တို့ကြောင့် လေခေါက်ချုပ်ခြင်း ဆိုသည်မှာ ဆရာတော် တို့ ငယ်ရွယ်စဉ် အခါက ရှမ်းဘုန်းကြီးကျောင်းမှာနေခဲ့ဘူးပါတယ်၊ထိုအခါ ရှမ်းဘုန်းကြီးက သွေးတိတ်မန်းဆိုပြီး ဂါထာတခု သင်ကြားပေးပါတယ်။

ဂါထာကတော့ အခြားဂါထာမဟုတ်ပါ ဘုန်းကြီးကျောင်းနေလျှင် သိကြတဲ့ ဂါထာပါဘဲ၊ "ဥုံကပ္ပိယံ ကလောဟိ၊ ကပ္ပိယံ ဘန္တေ" ဆိုတဲ့ ဂါထာကို အသက်အောင့်ပြီးလျှင် ၇-အုပ်မန်းရပါတယ်၊ ကိုယ် လက် တခုခုမှာ ရှနပေါက်ကွဲ၍ သွေးထွက်လာရင် ဤ ဂါထာနှင့် ၇-အုပ်မန်းသော် သွေးတိတ်သွားပါတယ်။

ကင်းကိုက်၊ ပင့်ကူကိုက်၊ ခွေးကိုက် စသော အမှုကိစ္စကလေးတွေအတွက် ဂါထာတွေ သင်ပေးပါတယ်၊ ပေးသမျှ ဂါထာတွေဟာ ခပ်တိုတိုမှတ်လျှင် အသက်အောင့်ပြီး ၇-အုပ် မန်းမှုတ်ရတာ များပါတယ်၊ အသက် အောင့် မန်းရတဲ့ သဘာဝ တွေကို သေသေချာချာ ရေရေ လယ်လယ် တွေးကြည့်ပါ၊ လေခေါက်ချုပ်တာကို မူထား နေကြောင်း ထင်ရှားပါတယ်။

## အင်း အကြောင်းကို ဆက်လက်တင်ပြဦးစို့

လောကီအရာ ဂါထာ တသောင်း၊ အင်းကောင်း တကွက်၊ ဆိုကြတဲ့ အတိုင်း အင်းကို စီမံ လိုသော ဆရာဟာ ရှေးဦးစွာ ရှမ်းစက္ကူ ခေါ် မှိုင်းကိုင် စက္ကူကို ထက်လှစွာသော ခဲတန်ဖြင့် မျဉ်းတန်းချပြီးလျှင် ရှေးဦးစွာ အင်းကွက် ချရပါတယ်၊ အဲဒီ

အင်းကွက် ချတဲ့အခါမှာလဲ အမှတ်တမဲ့ချ၍ မရနိုင်ပါ၊ ခဲတန်နှင့် ချစ်လိုက်တဲ့ အခါတိုင်း အခါတိုင်း အသက်ကို အောင့်ပြီးလျှင် (စတုမဟာဒိပ်တိဋ္ဌတု) စသည်ဖြင့် ရွတ်ဆိုချရပါတယ်။

အထဲမှာ အက္ခရာ ထည့်တဲ့အခါမှာလဲ အလွယ်တကူ သွားထည့်လို့ မရပါ၊ အသက်အောင့်ပြီးလျှင် အဆိုကလေးနဲ့ ထည့်ရပါတယ်၊ "အက္ခရ မေကာဋ္ဌ၊ ဗုဒ္ဓရူပံ တိဋ္ဌတု" စသည်ဖြင့် အသက်အောင့် ရွတ်ဆို၍ ထည့်ရပါတယ်၊ အင်း ဆေး မှော် တို့ရဲ့ ပညာကို အားထုတ်ဘူးတဲ့ ပုဂ္ဂိုလ် မှန်လျှင် အသက်အောင့်၍ လုပ်ရကြောင်း အသိ ဖြစ်ပါတယ်။

## အသက်အောင့် လုပ်ခြင်း၏ အကျိုး

အင်း ဆေး မှော် ပညာ တို့ကို အသက်အောင့်၍ လုပ်ကိုင်ရခြင်းမှာ ဘယ်လိုသဘောတရားကြောင့်ပါလဲလို့ စဉ်းစားကြပါ၊ အသက် အောင့် လိုက် ခြင်းသည် ကိုယ်ရဲ့ ခန္ဓာကိုယ်မှာ ရှိတဲ့ မီးဓာတ်ကြီး ၄-ပါးကို နှိုးတာပါ၊ တနည်း မီးဓာတ်ကြီး ၄-ပါး အားရှိအောင်လို့ မီးဓာတ် တန်ခိုး ကို အသုံးချလို၍ အသက်အောင့်ခြင်းတမျိုးပါဘဲ၊ မီးဓာတ်ရဲ့ အခိုးအရိပ် ကမ္မဇ်တွေက အင်း ဆေး မှော် ပညာတို့မှာ ကပ်ပါသွားပြီး တန်ခိုးရှိအောင် ပြုလုပ်ခြင်းလို့ ဆိုနိုင်ပါတယ်။

## လိုရင်းစကားအချုပ်ကို ပြောကြပါစို့

အင်း ဆေး မှော် အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ အသက်အောင့်ပြီး အားထုတ်လိုက်ကြတာနဲ့ မီးဓာတ်ရဲ့ တန်ခိုးတွေကြောင့် နောက်ဆုံးမှာ သေး တိတ်သွားတယ် ဆိုပါတော့၊

ပွေးပေါက်တဲ့ လူကလဲ သဘော်ာမယ်စလီရွက်ကို ၇-ရွက် ထပ်ပြီး အသက်အောင့်မန်း၍ ပွေးကိုတိုက်ရာ မီးခါတ်ရဲ့ တန်ခိုးကြောင့် ပွေးပျောက်သွားပြီလို့ ဆိုပါတော့။

ကင်းကိုက် ပင့်ကူကိုက် စသည်တို့ကိုလဲ အင်း ဆေး မှော် ဂါထာ တို့နှင့်ဘဲ ကုသပါသဖြင့် မီးခါတ်ရဲ့ တန်ခိုးကြောင့် ပျောက်ကင်းကြောင်း အလွန် ထင်ရှား နေပါတယ်၊ လိုရာ ကိစ္စ တွေလဲ အောင်မြင် ပြီးစီး သွားကြပါတယ်၊ ဒါကြောင့် အင်း ဆေး မှော် စမ ဂါထာ မန္တန် တို့ ဟာလဲ ထွက်တဲ့ လေနဲ့ ဝင်တဲ့လေ ၂- ပါး ကို ခေတ္တ ချုပ်နိုင် ပါတယ်၊ အဲဒီလို လေခါတ်ကိုချုပ်နိုင်တော့ တန်ခိုးရှင်လောကမှာရှိကြတဲ့ ပုဂ္ဂိုလ် တွေက အင်း ဆေး မှော်တွေနဲ့ ဘမ်းဆီးပြီး လေခါတ်ကို ချုပ်နိုင်ပါတယ်။

မြန်မာတမျိုးလုံးတို့ရဲ့ ဝါဒမှာ ယောကျ်ားမှန်လျှင် အင်း ဆေး မှော်ပညာနဲ့ လွတ်ခဲပါတယ်၊ ဆေးထိုးတဲ့ အလုပ်ဟာလဲ မြန်မာ လူမျိုးတို့မှာ အမွန်အမြတ် အနေနဲ့ ပြုလုပ်ကြပါတယ်၊ ကောင်းတယ် ဆိုလျှင် စခွက်နှိုက်ဆေး မြွေဆေးဆိုလျှင်ဘဲ သူထက်ငါ ဆေးထိုးကြတဲ့ အလေ့ရှိကြပါတယ်၊အဲဒီ ဆေးတွေ မှော်တွေ အင်းတွေဟာ အာနာပါန လုပ်ငန်းစဉ်ကိုလဲ အားထုတ် ပါရော တခါထဲ စိတ်ဝိညာဏ်မှာ ဝင်ကပ်ပြီးလျှင် သွေးအား လေအား သည်းခြေအား တွေနှင့် ရောထွေးပြီး နှလုံး အိမ်ကို ဖွဲ့စေတတ်ပါတယ်။

ထိုအခါ အာနာပါန ယောဂါဝစရ ပုဂ္ဂိုလ်မှာ ကြာကြာ စိုင်ဆိုက်ရင်ဘဲ သတိလစ်၍ ထိုင်လျက်သား ငုတ်တုတ်ကြီး

ဖြစ်နေကြသည်ကို မကြာခန တွေ့ကြုံဘူးပါသဖြင့် အဲဒီလိုချုပ်တဲ့ လေခေါတ်မျိုးဟာ စင်ကြယ်တဲ့ လေခေါတ်ချုပ်ခြင်းလို့ မခေါ်နိုင်ပါ၊ (ဥပမာ) သားရေအိပ်ကြီးထဲမှာ လေထိုးထားသလို ချုပ်နေတဲ့ လေခေါတ်ချုပ်ခြင်းဖြစ်၍ လူမှာသာ အမှောင့်ပယောဂ ဝင်ကပ်ခြင်း တမျိုးလို့ သာမှတ်ပါ။

အဲဒီလို ချုပ်တဲ့ ပုဂ္ဂိုလ် တွေကိုလဲ တွေ့ကြုံဘူးလှသဖြင့် တခါတရံ မေးမြန်းကြည့်ဘူးပါတယ်၊ ဆရာတော် မေးမြန်းကြည့်တဲ့အခါမှာ သူတို့က ဘယ်လိုဖြစ်သွားတယ် ဆိုတာ မပြောတတ်ပါ၊ သတိလစ်နေပါတယ်လို့ ပြောကြပါတယ်၊ သတိလစ်နေခဲ့သော် ကိုယ့်ရဲ့အာရုံဟာ ဘယ်ရောက်နေသလဲလို့ ထပ်မေးပါတယ်၊ အိပ်မက်များ မက်နေသလိုပါဘဲ ဟိုရောက် ဒီရောက်နဲ့ဘဲ ပြန်၍ သတိရလာပါတယ်လို့ ပြောကြပါတယ်။ •

ကဲကဲ အင်း ဆေး မှော် တို့ကြောင့် ထွက်လေ ဝင်လေ ချုပ်ထာ ဝေဘန် သိမ်းဆည်းနိုင်လောက်ပါပြီ၊ ရှေ့ကိုဆက်ကြဦးစို့။

၂။ ဒုတိယ တန်ခိုးရှင် လောကမှာရှိကြတဲ့ နတ်, ဘီလူး, ယက္ခ, ဂန္ဓဗ္ဗ စသော နတ်တို့၏ ကမ္မဇိဒ်ကြောင့်ရင်း၊ အင်း ဆေး မှော် ပေါက်ရောက်သော ပုဂ္ဂိုလ် တို့၏ တန်ခိုး အမျိုးမျိုး ကြောင့်ရင်း၊ ထွက်လေ ဝင်လေ ၂-ပါး ချုပ်ခြင်းမှာကား တန်ခိုးရှင် ပုဂ္ဂိုလ်တို့ဟာ လူတွေကိုပင် ပယောဂ ဖြစ်အောင် လုပ်နိုင်ကြပါတယ်၊ (ဥပမာ) စုံး ကဝေ ဖုတ်ပြိတ္တာ သူရဲတစ္ဆေ စသော ပုဂ္ဂိုလ်တို့ဘောင်ဘဲ မိမိကမ္မဇိဒ္ဓိတန်ခိုးခေါ် မီးခါတ်ဖြင့်

လူပုဂ္ဂိုလ်အချို့တို့အား ဝင်ရောက်ပူးကပ်နိုင်ခြင်း၊ သူတို့လိုရာကို စိတ် ဝိညာဏ်ပါအောင် ဆွဲဆောင်နိုင်ခြင်းများသည် လောက မျက်မြင်မှာပင် ထင်ရှားလှပါတယ်။

ဒါကြောင့် အာနာပါနအားထုတ်တဲ့ပုဂ္ဂိုလ်မှာ အာရုံနိမိတ် ပညတ်ရိပ်ပေါ်အောင် ယူလို့ရလာပါလျှင် အဲဒီကမ္မဇိဒ္ဓိပုဂ္ဂိုလ် များနှင့်ဆက်ဆံလာနိုင်ပါတယ်၊ **အထူးအားဖြင့်** ဘုမ္မိယဘက် ဆိုင်ရာ ဥစ္စာသိုက်စောင့် ပုဂ္ဂိုလ်များသည် ပိုမို၍အနှောင့်အယှက် ပေးနိုင်လာပါတယ်၊ မိမိတို့နှင့် နီးစပ်ရာဆိုသလို အနှောင့်အယှက် တွေဟာ ပေါ်လာတတ်ပါတယ်။

အချို့ကလဲ နှောင့်ယှက်တယ်လို့ မဟုတ်ပါဘူး၊ သူတို့နှင့် ဘဝချင်းနီးကပ်ချင်လို့ လာရောက်ပြီး အမျိုးမျိုးသွေးဆောင် ဖျားရောင်းခြင်းပါဘဲ၊ အာရုံနိမိတ်ပညတ်ရိပ်မရှိတဲ့လူမှာဆိုလျှင် ၎င်းတို့လာရောက်၍ဖြူးကနဲ မနှောင့်ယှက်နိုင်ပါ နိမိတ်တခုခုကို ပြပြီးတော့နှောင့်ယှက်နိုင်ပါတယ်၊ အဲဒီအခါမှာ အာနာပါန အားထုတ်တဲ့ ပုဂ္ဂိုလ်က အသိဉာဏ် အဆင်ခြင်နည်းပါးလျှင် အကောင်းထင်ပြီး သာယာတတ်လှပါတယ်။

အချို့မှာနတ်ချစ်ဆေး နတ်ကပ်ဆေး နတ်စောင့်ဆေးတွေ ထိုးပြီး နတ်ပူးတာတွေ အလိုရှိနေကြပါတယ်၊ အချို့ကလဲ ပန်းဆီမီး ရေချမ်းထား၍ နတ်များ၏ အပေါ်မှာ ကိုးကွယ် ဆည်းကပ်မှုပြုလုပ်နေကြသည်ကို မျက်မြင်ဒိဋ္ဌတွေ့ကြရပါတယ်၊ ဒီတော့ အာနာပါန ယောဂါဝစရ ပုဂ္ဂိုလ်တို့ကလဲ နတ်များ နှောင့်ယှက်သည်ကို အကောင်းထင်ပြီး လက်ခံတတ်ပါတယ်။

တစတစနှင့် နတ်ကလူကို ဝင်နိုင်လာပြီးလျှင် ၎င်းတို့၏ ကမ္မဇ်ဒ္ဒိဖြင့် သွေးအား သည်း ခြအား သလိပ်အား အာလုံးစုံတို့ကို ဖွဲနှောင်ပါတော့တယ်၊ ခန္ဓာကိုယ်မှာပင်လျှင် နတ်ကအိမ်ပြု နေပါတော့တယ်၊ နတ်ရဲ့ ကမ္မဇ်ဒ္ဒိအဖွဲ့အနှောင် ရင့်သန်လာလျှင် ယောဂါဝစရ ပုဂ္ဂိုလ်သည် စိတ်တမျိုး ဖြစ်လာတတ်ပါတယ်၊ ကိုယ့်ကိုယ်ကို အထင်ကြီးလာတတ်ပါတယ်၊ ဘဝင်မြင့်လာတတ် ပါတယ်၊ ဒီအခါနတ်က တန်ခိုးပြည့်အနေနဲ့ ထွက်လေနှင့် ဝင်လေကိုချုပ်လိုက်ပါတယ်၊ နတ်ခိုင်းရာ နတ်စီမံရာကို လိုက်ပါ ဆောင်ရွက်နေကြပါတယ်၊ အချို့ကလဲဘိုးတော်တွေဆိုပြီးပူဇော် ပသ ကိုးကွယ်နေကြပါတယ်။

နတ်တို့၏ ကမ္မဇိဒ္ဓိတန်ခိုးဖြင့်လေခာတ်ချုပ်တာလဲ ၂-မျိုးရှိ၏။
၁၊ ဂိုဏ်းနှင့်ယှဉ်၍နတ်တို့၏ ပယောဂကြောင့်လေခာတ်ချုပ်ခြင်း တမျိုးမှတ်ပါ။

၂၊ ဂိုဏ်းနှင့်မယှဉ်ပါဘဲလျက် တစုံတခုသော အကြောင်း ကြောင့် နတ်တို့ဝင်ရောက်နှောင့်ယှက်သဖြင့် လေခာတ်ချုပ်ခြင်း။

အထက်ပါ ၂-မျိုးတို့တွင် ဂိုဏ်းနှင့်မယှဉ်သော တန်ခိုးရှင် တို့၏ ဗျာပါရ ပယောဂကြောင့် လေခာတ်ချုပ်ခြင်းမှာကား ဘော်ပြခဲ့တဲ့အတိုင်းပါဘဲ၊အထူးချဲ့ထွင်စရာ မလိုတော့ပါ၊ ဂိုဏ်း နှင့်ယှဉ်သော လေခာတ်ချုပ်ခြင်းကိုသာ အနည်းငယ်ရှင်းပြလိုပါ သေးတယ်၊ သဘာဝဥာဏ်ပိုင်အောင်ယူပါ။

အဲဒီအခါသာ သနာတော် နောက်ပိုင်းတွင် ပရိယတ် ပဋိပတ် ဆိုင်ရာ လုပ်ငန်းစဉ်ဖွင့်တော်မူတဲ့အခါ ဂိုဏ်းခေါ်တဲ့ အဖွဲ့အစည်း

တခုဖြစ်ပေါ်နေကြပါတယ်၊(ဥပမာ)လယ်တီတောရ ဆရာတော်ဘုရားပေါ်ထွက်တော်မူပြီးနောက် ပဋ္ဌိပတ်ဘက်မှာ ဂိုဏ်းအဖွဲ့အစည်း အနေနဲ့ နိုင်ငံတော်မှာပေါ်ထွက်နေကြပါတယ်။

အဲဒီဂိုဏ်းအဖွဲ့အသီးသီးတို့လဲ မိမိတို့၏ အာစရိယ ဩဝါဒအတိုင်း တရားလုပ်ငန်းစဉ်များ ပေးအပ်နေကြသည်မှာ အလွန်ထင်ရှားနေပါတယ်၊ ဂိုဏ်းအဖွဲ့အသီးသီးတို့မှ ပေးသောတရားလုပ်ငန်းစဉ်များတွင် တရားပေးတဲ့ပုဂ္ဂိုလ်က မသိဘဲနှင့် အတွင်းရေးကဝင်၍ တန်ခိုးရှင်ကြီးများ ဆွဲဆောင်နေကြပါပြီ။

တန်ခိုးရှင်ကြီးများဝင်လာရခြင်းဟာလဲ အခြားအကြောင်းမရှိပါ၊ ၎င်းတို့၏ ပါတီအဖွဲ့အစည်း တည်ထောင်ခြင်းပါဘဲ၊ ပါတီအဖွဲ့အစည်း အင်အားဖြင့် အရိမေတ္တေယျ သာသနာကိုဝင်နိုင်အောင် ဆုကြီးပန်ပုဂ္ဂိုလ်များ၏ အားထုတ်ခြင်းတမျိုးပါဘဲ၊အဲဒီဂိုဏ်းတရားသည် မြန်မာနိုင်ငံတော်မှာအတော်ထင်ရှားနေပါသဖြင့် ယခုဘဝနှင့် မဂ်-ဖိုလ်လိုလားတဲ့ ပုဂ္ဂိုလ်များအထူးသတိပြုထိုက်ပါတယ်။

အချို့တရားပြပုဂ္ဂိုလ်များမှာ ရုပ်နာမ်အစင်တောင် မတွေ့ရှာသေးပါ၊ ဆုကြီးပန် ပုဂ္ဂိုလ်လဲဖြစ်နေတယ်၊ ဂိုဏ်းအဖွဲ့ကနောက်ကလိုက်၍ အရောင်ပြနေတော့ လူတွေဟာ တစုံတခုကိုထောက်ပြီးလျှင် ရဟန္တာကိုယ်တော်ကြီးလို့ ထင်မှတ်ကိုးကွယ်နေကြသည်မှာ အများအပြားတွေ့ရှိရပါတယ်။

(ပညာရှိများ အထူးသတိထားရန်)

## တရားပြဆရာ စစ်ဆေးပါ

ယခုဘဝနှင့် မဂ်ဖိုလ်ကို တကယ်အလိုရှိပါလျှင် တရားပြတဲ့ ကမ္မဋ္ဌာနာစရိယ အပေါ်မှာ စစ်ဆေးပါ။ တိုက်ရိုက် စစ်မေးရန် မလျှောက်နိုင်ပါက နည်းလေးရိယာယ်ဆင်၍ မေးမြန်းပါ။ ဆုကြီးပန် ပုဂ္ဂိုလ်ဖြစ်နေပါလျှင် ဂိုဏ်းဂဏအဖွဲ့ထဲမှာဘဲ ကျရောက်နေ ပါတယ်။ ကိုယ်လွတ် အောင်ကိုယ်ရုံးထွက်ဘို့သာကြံပါ။ ဆုကြီးပန် ပုဂ္ဂိုလ်များဟာ ပင်လယ်ကြီးကိုလက်ပစ်ကူးနေသဖြင့် ဘယ်အခါ မှ ကမ်းသို့ရောက်မည်ကိုမပြောနိုင်ပါ။ သံသရာလယ် တရားထဲ မှာသာရှိနေပါသေးသဖြင့် ကိုယ်ကယခုဘဝနှင့်ပင် မဂ်ဖိုလ်ကို အရယူချင်ပါလျှင် ပင်လယ်ထဲ လက်ပစ်မကူးမိအောင် သတိ ဆောင်ရပါမယ်။

ဆုကြီးပန်မဟုတ်ကြတဲ့ ကမ္မဋ္ဌာနာစရိယ ဆရာတော်များထံ တရားယူ အားထုတ်ကြပါလျှင် ဂိုဏ်းအဖွဲ့မပါသော ဆရာတော် များကို ရွေးချယ်စိစစ်၍ တရားယူတော်မူကြစေလိုပါတယ်။ ဂိုဏ်းအဖွဲ့မပါသော ဆရာတော်များကား အာနာပါနလုပ်ငန်း စဉ်ကိုပေးတဲ့အခါ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော ဝိနည်း ပိဋကတ်မှာ လာရှိသည့်အတိုင်း ( သင္ဂြဟစေဝ ပဏ္ဏိ တော၈ ) ပုဒ်နှင့်အညီ ငြိမ်သက်တည်နေသော လေခွာတ်ကိုသာ အခြေခံသား၍ ရက်ရှည်လရှည် လုပ်ငန်းစဉ်ကို ပေးအပ်တော်မူ ကြပါတယ်။

ဂိုဏ်းအဖွဲ့အတွင်းရေးက ကြိုးကိုင်နေသော ကမ္မဋ္ဌာနာစရိယ ဆရာတော်များကား အာနာပါန ဘာဝနာကို ပင်ပန်းစွာ

အားထုတ်စေလျက် အချိန်နာရီကိုလဲ ကြာမြင့်အောင်ပေးတော်မူတတ်ပါတယ်။ ရက်တိုနေ့တိုကို ဝါဒဖြန့်လျက် လုပ်ငန်းစဉ်ကို သတ်မှတ်တော်မူကြပါတယ်။

ဆိုလိုရင်းမှာ နှလုံးသွေးဆူပွက်လာအောင် အရှုခိုင်းခြင်းသည် ဂိုဏ်းဂဏအဖွဲ့ဆိုင်ရာ နတ်ဘီလူးများဝင်ရောက်ကပ်နိုင်ခြင်းပါဘဲ ဒါကြောင့် အကြမ်းဆုံးနည်းဖြင့်ပေးကြတဲ့ အာနာပါနလုပ်ငန်းစဉ်များကိုဖယ်ရှား၍ အထက်ပါ ဝိနည်းပိဋကတ်တော်လာသိမ်မွေ့သောနည်းကိုပေးသော ကမ္မဋ္ဌာနာစရိယဆရာတော်များထံ ချဉ်းကပ်ပြီးလျှင် မဂ်အကျိုး ဖိုလ်အကျိုးအတွက် ကြိုးစားအားထုတ်စေလိုသောကြောင့် ထည့်သွင်းရေးလိုက်ပါတယ်။

နှစ်ပေါင်းကြာနှစ်တော်မူလျှင်လဲလက်ခံပါ၊ မနှစ်သက်လျှင်လဲ မယူဘဲ နေရုံပါဘဲ၊ ယခုအခါ ဓမ္မစကြာ သာသနာပြုအဖွဲ့ကြီးမှ အာနာပါနလုပ်ငန်းစဉ်နှင့် ပတ်သက်၍ တိုင်းပြည်သို့ စာအုပ်အဖြစ်သာ တင်ဆက်ပါသေးတယ်။

အာနာပါန ရိပ်သာကြီးဖွင့်ပြီးလျှင် တရားမပေးသေးပါ၊ ဂိုဏ်းဂဏအဖွဲ့ကို မဖယ်ရှားနိုင်သေး၍၊ ဝါ-မတားဆီးနိုင်သေး၍ ဆိုင်းငံ့နေပါသေးတယ်။

အထူးမှာကြားလိုသည်မှာ အာနာပါနအလုပ်ကို အားထုတ်ခြင်းဟာ ရုပ်တရား နာမ်တရားကို ကူးချင်လို့ အားထုတ်ခြင်းဖြစ်၍ တန်ခိုးရှင်တွေ၏အကူအညီကိုလဲ မလိုပါ။ ကိုယ်ရဲ့ အသိဉာဏ်ဖြင့်သာလျှင် ပေါက်ရောက်ခြင်းကို အလိုရှိကြပါတယ်။

သဘာဝမမြင်တဲ့ပုဂ္ဂိုလ်တွေကတော့ တန်ခိုးရှင်လောကကိုပစ်ပယ်နေတယ်လို့ များ ယူ - တတ်ကြပါတယ်။

မဂ်တရား ဖိုလ်တရား မပေးနိုင်တဲ့ တန်ခိုးရှင်တွေမို့ အာနာပါန လုပ်ငန်းစဉ်ထဲမှာ ဝင်မရှုတ်အောင် အထူးမှာကြားနေရတယ်လို့ မှတ်ပါ။ ကဲကဲ ပညာရှိများ သိတန်လောက်ပါပြီ၊ တံခါးပေါက် အဆင့်ဆင့်ချုပ်တဲ့ အာနာပါန လုပ်ငန်းစဉ်ကိုဘဲ ဘော်ပြကြဦးစို့။

အစစ်အမှန်ချုပ်တဲ့ အာနာပါနဟာ သတိတရားလဲ မလစ်ဘဲနှင့် ထွက်တဲ့လေကို နှုတ်ခမ်းဖျား နှာသီးဖျားအရပ်မှာဘဲ ချုပ်လိုက်တယ်ဆိုတာနှင့် ခန္ဓာကိုယ်ကြီးမှာလဲ လေထည့်ထားတဲ့ သားရေအိပ်ကြီးမဖြစ်ပါဘူး၊ အလွန် ပေါ့ပါလာပါလိမ့်မယ်။ ပဌမတံခါးကို ချုပ်လိုက်ထာနှင့်ဘဲ ခန္ဓာကိုယ်ကြီးဟာ ထိုင်မှန်းမသိဖြစ်ပြီး ပေါ့ပါလာပါတယ်။

ဒုတိယ ယယ်ထိပ်ဦးကျောက်တံခါးမှာ လေခေတ် ချုပ်တယ်ဆိုရင်ဘဲ သွေးအား လေအား သည်းခြေအား သလိပ်အားတွေဟာ အထူးငြိမ်သက်ပြီးလျှင် အကြည်ခေတ်ခေါ်တဲ့ ဝေဒနာပေါ်ထွက်လာပါတယ်။ ဦးကျောက်အိမ်ကြီးထဲမှာ ပေါ်နေတဲ့ သညာ နာမ်ခေတ်ကလေးလဲ ရောက်ရက် မခတ်နိုင်တော့ပါ။ အထူးအားဖြင့် ဦးကျောက်အိမ်သည် အထူးကြည်လင်တောက်ပနေပါတော့တယ်။

တတိယ နှလုံးအိမ်ရင်ချိုင့် တံခါးကြအောင် အာနာပါန လေခေတ်ချုပ်နိုင်လာလျှင်ဘဲ နှလုံးသွေးသည်အထူးကြည်လင်၍ အရောင်အဆင်းနှင့်တကွ ထွက်ပေါ် ကွန့်မြူးလာနိုင်ပါတယ်။

မနောဝိညာဏ်ခေါ်တဲ့ ဝိညာဏ်ကြီးဟာလဲ မျက်တောင်မခတ်တော့ဘဲ အမြဲကြည်လင်ပြီးလျှင် ပွင့်နေပါတော့တယ်။ ပညတ်နိမိတ်ရှုနေတဲ့ မနောဝိညာဏ်သိကို ကောက်ပါ။

စတုတ္ထတံခါးပေါက် ချက်တိုင်ကြအောင်လေဓာတ်ကိုချုပ်နိုင်ပါလျှင် ခန္ဓာကိုယ်ကြီးတခုလုံးဟာ လျှပ်စစ်ရောင်တောက်သလိုပြိုးပြိုးပျက်ပျက် အရောင်တွေ ပေါ်ထွက်နေပါတယ်။ ဇကြည်ဓာတ်အလုံးစုံလဲပွင့်နေပါတယ်။စိတ်ဝိညာဏ်ဟာလဲ ပြန့်လွင့်ခြင်းမရှိဘဲ ဝေဒနာပေါ်နေတယ်လို့ ဆိုနိုင်ပါပြီ။

ဝေဒနာပေါ်တယ်ဆိုတာကို အချို့ပုဂ္ဂိုလ်များက အမျိုးမျိုးတွေးတောကြလိမ့်မယ်၊ ဝေဒနာဆိုတာ ခံစားတာကိုခေါ်တယ်၊ တခုခု အာရုံကို ခံစားတယ်လို့ ယူကြပါလိမ့်မယ်၊ အဘိဓမ္မာဒေသနာမှာ ပြောဆိုကြတဲ့ ဝေဒနာကတော့ ခံစားတာဘဲ၊ ယခုမဟာ သတိပဋ္ဌာန် အာနာပါန ကတော့ ခံစားတာကို မဝေဘန်ပါဘူး၊ အကြည်ဓာတ် ပေါ်တာကို ဝေဒနာ ပေါ်တယ်လို့ခေါ်တာဘဲ။

ပရိပါစက မီးဓာတ်က ထွက်တဲ့ လျှပ်စစ်ဓာတ်ကို ဝေဒနာလို့ဆိုလိုပါတယ်၊ သို့ရာတွင် အားထုတ်ဘူးလာရင်တော့ နားလည်လာကြပါလိမ့်မယ်၊ ယခုအခါ တရား အားထုတ်ကြတဲ့ပုဂ္ဂိုလ်တွေက ဝေဒနာ လိုက်နေတယ်၊ ဝေဒနာ ရှုနေတယ်လို့ပြောဆိုကြတယ်၊ အဲဒီသဘာဝ လေးကို အနည်းငယ် ရှင်းပြလိုပါသေးတယ်။

ဝေဒနာဆိုတာ အကျဉ်းနည်းအားဖြင့် အဘိဓမ္မာ ဒေသနာတော်အရ ခွဲလိုက်လျှင် ၃-မျိုး ထွက်ပေါ်လာပါတယ်။

(၁) သညာသိဖြင့် ခံစားလို့ရတဲ့ ဝေဒနာ။
(၂) ဝိညာဏ်သိဖြင့် ခံစားလို့ရတဲ့ ဝေဒနာ။
(၃) ပညာသိ သဘောမျှသာ ရှိတဲ့ ဝေဒနာ။

၁။ သညာသိ ဖြင့် ခံစားလို့ရတဲ့ ဝေဒနာ ဆိုသည်မှာ ထန်းလျက်ခဲကို ပါးစပ်ထဲထည့်၍ ဝါးမျိုလိုက်တဲ့အခါ ချိုတယ်လို့ပြောကြတဲ့ ဝေဒနာမျိုးကား သညာသိ ဝေဒနာခေါ်ပါတယ်၊ အဲဒီ ဝေဒနာမျိုးကို တရားအားထုတ်မှ ရတယ်လို့ မမှတ်ပါနဲ့၊ ၅-နှစ်သားအရွယ်ရှိတဲ့ ကလေးတောင်ဘဲ ခံစားလို့ရနိုင်ပါတယ်၊ အဲဒီ ဝေဒနာမျိုးကို ရှုမှတ်နေလို့ အကျိုးတရားမရှိပါ။

၂။ ဝိညာဏ်သိ ဝေဒနာ ဆိုသည်မှာ ရူပါရုံနှင့်စက္ခုအကြည်နှင့် တွေ့လိုက်တဲ့ အခါ၊ ကောင်းတယ်, မကောင်းဘူး ဆိုပြီး ခံစားတဲ့ ဒေဝနာမျိုးကို ဝိညာဏ်သိ ဝေဒနာလို့ခေါ်ပါတယ်၊ ဝိညာဏ်သိ ဝေဒနာ ဟာလဲ နာမပညတ်နှင့် သဏ္ဌာန ပညတ် ၂-ပါးပေါ်မှာ စွဲယူပြီး ပေါ်ထွက်နေသောကြောင့် အန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့ရဲ့ နှလုံးအိမ်မှာ အစဉ်ပေါ်နေတဲ့ ဝေဒနာပါဘဲ။

သူ့ကိုလဲ တရားသွားတွေက ဝေဒနာလိုက်တယ်ဆိုပြီး ရှုမှတ်နေပါလျှင် တနုးရှုရာမရောက်တော့ပါ၊ အန္ဓပုထုဇဉ် သဘောတရားထဲ ကြရောက်သွားပါတယ်၊ အကျိုးမရှိပါ။

၃။ ပညာသိ ဝေဒနာဆိုသည်မှာ သညာ၊ ဝိညာဏ်အနေနှင့် စွဲယူ၍ မရနိုင်တဲ့ ပေါ်ထွက်လာတဲ့ သဘာဝကို ခေါ်ပါတယ်။ အလုံးစုံသော ပရမတ္ထ သဘာဝတရားတို့မည်သည်မှာ ပညာနယ် လောကတွင် မည်သည့် သဘာဝရှိပါသလဲလို့ ဝေဘန်လျှင် ပေါ်ထွက်ခြင်း ဝေဒနာသဘောမျှသာ ရှိကြပါတယ်၊ သညာ ဝိညာဏ်နယ်နှင့် ပေါင်းစပ်ပြီးမှသာ သဘာဝ လက္ခဏာတွေ အသီးသီးပေါ်ထွက်လာနိုင်ပါတယ်။

ပညာနယ်မှာရှိတဲ့ ဝေဒနာကို ခံစားတယ်၊ အနက်အဓိပ္ပါယ် ပြန်လို့ မရနိုင်ပါ၊ သညာဝိညာဏ်နယ်နှင့် ဖက်စပ်ပြီးမှသာ ပြန်ဆိုလို့ရပါတယ်၊ ပညာရဲ့ သဘောတရားဆိုသည်မှာအလွန်ဘဲ သိမ်မွေ့နေပါတယ်၊ အဘယ်မှာ ခံစားတယ်လို့ ထန်းလျက်ခဲ ကိုပါးစပ်ထဲထည့်တဲ့ဝေဒနာမျိုးအနေနဲ့ ပြန်ဆိုလို့မရနိုင်ပါ။

တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေက ဝေဒနာလိုက်တယ်၊ ဝေဒနာကိုရှုနေတယ်လို့ ပြောဆိုနေခြင်းမှာ ၎င်းတို့ဘယ်ဝေဒနာ ကို ရှုပါသလဲလို့ မေးမြန်းပါလျှင် ဖြေဆိုရန် မလွယ်ကူပါ၊ ထန်းလျက်ခဲကို ပါးစောင်တင်ခဲတဲ့ဝေဒနာ ကောင်းတယ် မကောင်းဘူးပြောတဲ့ဝေဒနာမျိုးကိုလဲ ရှုမှတ်တယ်လို့ပြောလို့ မရနိုင်ပါ၊ အန္ဓပုဂ္ဂိုလ်များရဲ့ အသိဖြစ်နေပါတယ်၊ ပညာမြင် ဝေဒနာကို လိုက်တယ်ဆိုပြန်လျှင်လဲ သညာဝိညာဏ်သိဖြင့် စွဲချက် မတင်နိုင်ပါ၊ ပညာသဘောဆိုသည်မှာ အသိတခုဖြင့် ကပ်စူပြီး နေ၍ အကြိမ်ကြိမ်ရှုလို့မရပါ၊ ပညတ်နိမိတ်မပေါ်ခြင်းကြောင့် ရှုလို့မရခြင်းပါ၊ သေသေချာချာရေရေလယ်လယ်စဉ်းစားပါ။

## ဝေဒနာရှုမှတ်ပုံကို ဝေဘန်ချက်

ဝေဒနာ လိုက်နေတယ်လို့ ပြောကြတဲ့ ပုဂ္ဂိုလ်တွေဟာ ခန္ဓာကိုယ်မှာကိုက်ခဲနာကြင် ညောင်းညာတာတွေကိုဘဲ ဝေဒနာလို့ ရှုနေကြပါလိမ့်မယ်၊ အဲဒါမျိုးရှုလျှင် ထန်းလျက်ခဲကိုချိုတယ်လို့ ရှုတာနဲ့ အတူတူပါဘဲ၊ အဓိပ္ပါယ်မရှိတဲ့ အပြောမျိုးတွေကို အများကြီး ပြောဆိုနေကြသဖြင့် အာနာပါနပွားများတဲ့ ပုဂ္ဂိုလ်များအတွက် အနည်းငယ်စီစစ်ပြလိုက်ရပါတယ်၊ အပြစ်ဆိုခြင်းမဟုတ်ပါ။

ဝေဒနာစစ်စစ်ကား ပရိပါကေ မီးခါတ်ကထွက်ပေါ်လာတဲ့ လျှပ်စစ်သဘောခေါ် အကြည်ဓာတ်ကို ဝေဒနာခေါ်ပါတယ်၊ အဲဒီဝေဒနာလိုက်နိုင်အောင်လဲ မလွယ်ကူပါ၊ ထက်လေ ဝင်လေ ၂-ပါးချုပ်မှ တွေ့နိုင်တဲ့ ဝေဒနာဖြစ်၍ လူတိုင်းမလိုက်နိုင်ပါ၊ ရှင်တော်မြတ်ဘုရားက အဲဒီဝေဒနာကို ရည်ရွယ်တော်မူ၍ပိဋကတ်တော်မှာ ( ဝေဒနာ အဘိညာတေ၊ ပရိညာတေ ) ပုဒ်တွေနှင့် ထုတ်ဘော်၍ ဟောကြားတော်မူခဲ့ပါတယ်၊ အဘိညာတေ ပရိညာတေပုဒ်နှင့် ဟောထားသဖြင့်အထက်မဂ်တက်သော ပုဂ္ဂိုလ်များ သို့မဟုတ် ဥဒယဗ္ဗယဉာဏ်ပိုင် ပုဂ္ဂိုလ်များကို ယူပါ။

## ကဲကဲ အာနာပါန ရှေ့ပိုင်း စကားကို သိမ်းကြစို့

ယခု ထုတ်ပြတော်မူတဲ့အတိုင်း လေဓာတ်ချုပ်တဲ့ သဘောတရားကို ၃-ချက် ဝေဘန်၍ တင်ဆက်ပြလိုက်ပါပြီ၊ နောက်ဆုံးချုပ်တဲ့ သဘာဝ ကို ပင်လျှင် အစစ်အမှန်အနေနဲ့ တကယ်

ယူနိုင်အောင် စာဘတ်ရုံနှင့် တင်းတိမ်အားရမနေဘဲ ကိုယ်တိုင်လဲ ကြိုးစားတော်မူကြစေလိုပါတယ်။

အထူး သတိပေးလိုတာက လေခာတ်ကို သဘာဝ အတိုင်း မချုပ်ဘဲ ရုပ်-နာမ်ကူးလို့ မရနိုင်တဲ့ လေခာတ် ချုပ်ခြင်းများကို အထူးသဖြင့် ရှောင်ကြဉ်စေလိုပါတယ်၊ အာနာပါန လုပ်ငန်းစဉ် ဟာ ဆရာနည်းမရှိဘဲ အားထုတ်လို့မရနိုင်ပါ၊ ဆရာကို ရှာဖွေ သော်လဲ လမ်းစစ်လမ်းမှန်ကိုပို့နိုင်တဲ့ဆရာကောင်းကိုတွေ့အောင် ရှာဖွေဘို့လဲ မလွယ်ပါသဖြင့်၊ ဤ အာနာပါနလုပ်ငန်းစဉ် စာအုပ် မူကို လက်ကိုင်ထားပြီး ဆရာစစ်ဆရာမှန်ကို ရှာဖွေမယ်ဆိုလျှင်လဲ တွေ့နိုင်ပါလိမ့်မယ်။

နောက်က ဘော်ပြခဲ့တဲ့ အာနာပါန ဝဲကြီး ၃ ချက်ဆိုတာ ကိုလဲ တခုစီ တခုစီ ဖေါ်ထုတ်၍ ရှင်းမပြနိုင်တော့ပါ၊ သဘာဝ ဉာဏ်ထုတ်၍ စဉ်းစားဝေဘန်လျှင် သိနိုင်လောက်ပါပြီ၊ ရှေ့ကို ဖြစ်ပျက် ရုပ်-နာမ် စခမ်း ထင်ရှားအောင် ရေးသားရပါဦးမယ်။

ဒါကြောင့် အာနာနာပါန ဝဲကြီး ၃-ချက်ကို အကျယ်ဖွင့်၍ မရှ ်းတော့ပြီ၊ ဤမျှနှင့်ပင် ပရိပါစက မီးခာတ် ချက်တိုင် တံခါးမှာ လေခာတ် ချုပ်ပုံကို တင်ဆက်လိုက်ပါတော့သတည်း။

## ဖြစ်ပျက် ရုပ်-နာမ် စခမ်းကို တက်ကြစို့

စတုတ္ထ ၄-ချက်မြောက်ချက်တိုင်တံခါးမှထွက်ပေါ်လာသော ရုပ်တရား နာမ်တရားဘို့မှာ အလွန်ဘဲ သိမ်မွေ့လှပါတယ်၊ ဝိပဿနာဉာဏ်အရာမှာ အရေးကြီးထား၍ ရှင်တော်မြတ်ဘုရား

ဟောကြားတော်မူတဲ့ ဖြစ်ခြင်းသဘော ပျက်ခြင်းသဘောခေါ်ရုပ် နာမ်တို့ဖြစ်ပါ၍ အာနာပါနလုပ်ငန်းစဉ်ကိုပွားများကြသော ပုဂ္ဂိုလ်များ ချက်တိုင်တံခါးက ဘယ်သို့ ဘယ်ပုံပေါ်ထွက်လာသည်ကို တင်ဆက်ပြရပါတော့မယ်။

## ဖြစ် ပျက် ဘယ်နှစ်မျိုးပါလဲ

အာနာပါန လုပ်ငန်းစဉ်ကို အားထုတ်ကြသော ယောဂါဝစရပုဂ္ဂိုလ်များ သိရှိနားလည်စေရန် ပိဋကတ်တော်မှလာသော သဘာဝများကိုခွဲစိတ်၍ တင်ဆက်ပြပါအံ့၊ သာသနာတော်၌ ဝိပဿနာတရား အားထုတ်တယ်ဆိုရင်ဘဲ တဦးနှင့်တဦးဆွေးနွေးကြတဲ့အခါ ဖြစ် ပျက် ၂-ပါးကို ထုတ်ဘော်၍ ဆွေးနွေးကြပါတယ်။

ဖြစ် ပျက် ၂-ပါးတွေ့ရင်ဘဲ ဝိပဿနာလုပ်ငန်းစဉ်ဟာ တဝက်ကျို သွားပါပြီ၊ ရှေ့အဘို့မှာ လူယ်ကူစွာဖြင့် မဂ်-ဖိုလ်ကို အရယူနိုင်တဲ့ သဘာတရားသဲသို့ ဥက္ကောင်းဆိုက်ရောက်သွားပါတယ်၊ ဒါကြောင့် ဖြစ် ပျက် ၂-ပါးကို အထူးထုတ်ဘော်၍ ဆွေးနွေးတော်မူကြပါတယ်။

## ပဓါနိယင် တရားငါးပါးရှိပုံ

(၁) သဒ္ဓါ ရုံကြည်မှု သဒ္ဓါတရားနှင့် ပြည့်စုံခြင်းအင်္ဂါတပါး။

(၂) အပ္ပါဗါဓ ကိုယ်လက်အင်္ဂါ ကျန်းမာသန်စွမ်းခြင်း အင်္ဂါတပါး။

(၃) အမာယာဝီ ကောက်ကျစ်စဉ်းလဲခြင်းမရှိ အင်္ဂါတပါး။
(၄) ဝိရိယော ထက်သန်သော အားလုံ့လနှင့် ပြည့်စုံခြင်း အင်္ဂါတပါး။
(၅) ပညဝါ ဖြစ်ခြင်း ပျက်ခြင်း၌ ဉာဏ်စူးရှခြင်း အင်္ဂါတပါး။

အထက်ဘော်ပြရာ အင်္ဂါ၅-ချက်သည် ဃခုဘဝနှင့် မဂ်-ဖိုလ်ရနိုင်သော အင်္ဂါများဖြစ်ကြပါတယ်၊ ဤအင်္ဂါ ၅-ပါးပြည့်စုံလုံလောက်သော ပုဂ္ဂိုလ်သည် ယခုဘဝနှင့်ပင် မဂ်ဖိုလ်ရနိုင်ကြောင်း ထုတ်ဘော်၍ ရှင်တော်မြတ်ဘုရားဆုံးမတော်မူပါတယ်။

မိမိတို့ရဲ့ ဝိပဿနာအလုပ်ကို ရွှေများ မှတ်ရည်တင်ကြည့်သလို အတတ်သိနိုင်အောင် ထုတ်ဘော်ထားတဲ့ တရားငါးပါးဆိုလိုတယ်၊ အဲဒီတရား၅-ပါးနှင့် မိမိညီညွတ်နေလျှင် ယခုဘဝနှင့်ပင် မဂ်တရား ဖိုလ်တရားကို မျက်မှောက်ပြုနိုင်မဲ့ တိဟိတ်ပုဂ္ဂိုလ် အဖြစ် ဆုံးဖြတ်နိုင်ပါတယ်။

## အဲဒီ ၅–ပါးကိုလဲ အနည်းငယ်ရှင်းပြဦးစို့

(၁) သဒ္ဓါ ယုံကြည်မှု သဒ္ဓါတရားပြည့်စုံခြင်းဆိုသည်မှာ ဩကပ္ပန သဒ္ဓါတရားကို ကောက်ယူပါ၊ အဲဒီသဒ္ဓါတရားဟာလဲ လွယ်ကူတဲ့သဒ္ဓါတရား မဟုတ်ပါ၊ နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယ ပရိဂ္ဂဟဉာဏ်ပိုင်တော်မူ၍ ယုံမှားခြင်း ၈-ပါးကူးမြောက်ပြီးသော ကလျာဏပုဂ္ဂိုလ်၌ရှိသော သဒ္ဓါတရားဖြစ်ပါတယ်၊ ကလျာဏပုဂ္ဂိုလ်ဖြစ်သွားပါလျှင် မိမိရရှိသော လုပ်ငန်းစဉ်၌

အခိုင်အမြဲအနှစ်သာရချနိုင်သွားပါသဖြင့် ငွေ ၁-ကျပ်မှာ တမတ် အားရှိသွားပါပြီ၊ ဤဉာဏ် ၂-ပါးပိုင်ရန်မှာလဲ သူတော်ကောင်း အစစ်အမှန်ကို ဆည်းကပ်နိုင်မှ အောင်မြင်နိုင်ပါတယ်။

(၂) အပ္ပါဗါဓော ဆိုသည် မှာ အနာရောဂါကင်း၍ ကျန်းမာခြင်းနှင့် ပြည့်စုံရမည်ဟု ဆိုလိုပါတယ်၊ (ဥပမာ)အစိုးရ အရာရှိတဦးအဖြစ်ကို ခန့်အပ်တော်မူမယ်ဆိုလျှင်ဘဲ ရှေးဦးစွာ ဆရာဝန်ထံမှ ဆေးစစ်ခံရပါတယ်၊ ဆရာဝန်က ရောဂါမရှိ ကျန်းမာကြောင်း ထောက်ခံမှသာ အစိုးရရာထူးပေးအပ်သလို ပါဘဲ ယခုလဲ မဂ်ကိုရမည့်သူဟာ ကျန်းမာရေးပြည့်စုံရမယ်ဆိုတာ ဆေးစစ်ခံခြင်းပါဘဲ။

ဆေးစစ်ခံပုံမှာ ကျန်းမာရေးပြည့်စုံတယ်ဆိုတာ ပရိပါစက မီးဓာတ်ညီညွတ်မှုကို ခေါ်သဖြင့် အာနာပါန ၄-ချက်မြောက် တံခါးသို့ အစစ်ခံပို့လိုက်ခြင်းပါဘဲ၊ အာနာပါနခုံရုံးက စစ်ဆေး ပြီးလျှင် ပရိပါစကမီးဓာတ်ညီညွတ်၏။ သို့မဟုတ်မညီညွတ်၏ကို ဝေဘန်ပြီးသော် အစီရင်ခံလိုက်ရင်ဘဲ ဤအင်္ဂါပြည့်စုံသွား ပါတယ်။

(၃) အမာယာဝီ ကောက်ကျစ်စဉ်းလဲခြင်းမရှိရဆိုခြင်းမှာ လဲ သမ္မာသနခုံရုံးတော်သို့တင်၍ စစ်ဆေးခြင်းပါဘဲ၊ ကောက်ကျစ် စဉ်းလဲခြင်းဆိုသည်မှာ ဝိပဿနာအရာမှာ သုံးတဲ့စကားဖြစ်၍ အလွန်သိမ်မွေ့ပါတယ်၊ ဝိညာဏ်နယ်မှာကတော့ ကောက်ကျစ် တယ်ဆိုတာ မေးမရခေါ်မထူးလုပ်နေတာကိုယူမယ်၊ စဉ်းလဲတယ် ဆိုတာ ပစ္စည်းကိုနူမြောစုံမက်၍ မပေးမလှူတာကို ခေါ်မယ်၊ အဲဒါဝိညာဏ်နယ်အခေါ်ပါ။

ဝိပဿနာပညာအရာမှာက အတိတ်အာရုံကိုအမြဲဆွဲနေတာကို ကောက်ကျစ်တယ်လို့မှတ်၊ အနာဂတ်အာရုံကို အနှစ်အသားနဲ့ ဆွဲကိုင်နေတာကို စဉ်းလဲတယ်လို့မှတ်၊ လူပြိန်းနားလည်အောင် ပြောရမယ်ဆိုလျှင် ကိုယ့်အပြစ်ကိုဖုံးကွယ်ခြင်း သူတပါးအပြစ်ကိုရှာတတ်ခြင်း ဤသဘောတရား ၂-ပါးမရှိလျှင်အမာယာဝီအင်္ဂါနှင့်ပြည့်စုံပြီလို့ဆိုးဖြတ်ပါ။

(၄) ဝိရိယော ထက်သန်သော အားလုလ္လဆိုသည်မှာ မဖြက်မနေ အရိုးကြေကြေအရေစုတ်စုတ်နောက်မဆုတ်သောအားလုလ္လကို ဆိုလိုပါတယ်၊ အဲဒီအားလုလ္လဟာလဲ အခြားမဟုတ်ပါ၊ ဥဒယဗ္ဗယဉာဏ်စခမ်းသို့ အသိဉာဏ်သုမ်းကိုင်နိုင်ပါလျှင် သဒ္ဓါစိတ်သဒ္ဓါမှုန်မှ ထွက်ပေါ်လာသော အားလုလ္လဖြစ်၍ အင်္ဂါတပါးအဖြစ်သို့ရောက်နိုင်ပါတယ်။

ပညဝါ ဆိုသည်မှာ ဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံခြင်းကို ဆိုလိုပါတယ်၊ အဲဒီ ဉာဏ်စခမ်းသည်ကား အလွန် ကြယ်လွန်းသော ဉာဏ် ဖြစ်ပါတယ်၊ ဖြစ်ခြင်း, ပျက်ခြင်း ၂-ပါးကို မြင်လျှင် ဥဒယဗ္ဗယဉာဏ် အမြင်သန်တယ်ဆိုသော်လဲ ပညာမြင် ဖြစ်-ပျက်မှသာလျှင် အမြင် သန်နိုင်ပါတယ်၊ ပညာမြင် ဖြစ် - ပျက် ကို ဝေဘန်ပြန်လျှင်လဲ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ထဲရောက်သွားသဖြင့် ပါရမီရှင်ကြီးများ တလယ်လယ် နေကြရပါတယ်။

ဒါကြောင့် ပဓာနိယင်္ဂ တရား ငါးပါး အရ နောက်ဆုံး ဥဒယဗ္ဗယ ဉာဏ် ဝင်နိုင်တဲ့ ဖြစ် - ပျက်ကို ဤအာနာပါန

စတုတ္ထ ချက်တိုင် တခါးက ဖေါ်ထုတ် ပေးရမယ် ဖြစ်ပါ သဖြင့် အာနာပါန ပုဂ္ဂိုလ်များ နားလည်ကြစေရန် ဖြစ်-ပျက်ငါးမျိုးကို ရှေးဦးစွာ ဝေဘန်ပြပါမယ်။

ဖြစ်-ပျက်ငါးမျိုးကို တွေ့ခဲ့သော် မိမိ၏ အာနာပါနတခါးနှင့် လျော်သော ဖြစ်-ပျက် ကို ဆွဲထုတ် ယူလို့ ဖြစ်နိုင်ပါတယ်၊ ဒါကြောင့် ဝိပဿနာဉာဏ် အလုံးစုံတို့နှင့် ဖြစ်-ပျက် ကို ခွဲခြား ပါလျှင် ၅-မျိုး ထွက်ပေါ်လာပါတယ်။

## ကဲကဲ အဲဒီ ငါးမျိုးကို ဖေါ်ထုတ်ရန် အချိန် ရောက်ပါပြီ၊ ဖေါ်ထုတ်ကြဦးစို့

၁။ ပညတ် ဖြစ်-ပျက် ခေါ် လောက ဖြစ်-ပျက် တမျိုး။

၂။ သညာသိ ဖြစ်-ပျက် ခေါ် အစွဲအမှတ် ဖြစ်-ပျက် တမျိုး။

၃။ ဝိညာဏ်သိ ဖြစ်-ပျက် ခေါ် အာရုံတို့၏ကူးပြောင်းခြင်း ဖြစ်-ပျက်။

၄။ ပညာသိ ဖြစ်-ပျက် ခေါ် အနတ္တ ဉာဏ် ထင်သော ဖြစ် ပျက်။

၅။ သဘာဝ ဖြစ်-ပျက် ခေါ် အာနာပါန လုပ်ငန်းစဉ်၌ ပေါ်ထွက်သော ဖြစ်-ပျက်မျိုး။

အဲဒီ နည်းအတိုင်း ဖြစ်-ပျက် ကို ခွဲခြားရမယ်၊ ဒီတော့မှ အာနာပါန လုပ်ငန်းစဉ်၌ ထွက်ပေါ်လာသော ဖြစ်-ပျက် သည် ဘယ်လို ဖြစ် ပျက် ဘဲ ဆိုတာ နားလည်နိုင်ပါတယ် ယခုတော့

သာသနာတော်မှာ ဖြစ်-ပျက် ၂ ပါးက နာမည်ကြီးနေတော့ ဝိပဿနာကို ဒီကနေ့ ရှုရင်ဘဲ နက်ဖြန် ဖြစ် ပျက် တွေ့ပြီလို့ လက်မောင်း တန်းနေကြပါသဖြင့် အစစ်အမှန်ကို အလိုရှိကြတဲ့ ပုဂ္ဂိုလ်တွေမှာ အခက်အခဲ နှင့် ရင်ဆိုင် တွေ့ကြုံ နေရပါတယ်၊ ဖြစ်-ပျက် အဆင့်အတန်းဟာ စူဠသောတာပန် ဒီကရိကြအောင် အဆင့် အတန်း ရှိကြောင်း ရှင်တော် မြတ်ဘုရား ထုတ်ဘော် ဆုံးမပါတယ်။

ရှင်တော်မြတ်ဘုရားလက်ထက်တော်ကတရားအားထုတ်တော်မူကြတဲ့ ထေရ်ခေါ် ဘိက္ခုနီများမှာ သင့်လျော်သော ကမ္မဋ္ဌာန်း ယူသွားပြီးနောက် လျောက်ပတ်သော နေရာများတွင် အာနာပါန လုပ်ငန်းစဉ်တရားကိုအားထုတ်ပွားများတော်မူကြပါတယ်။

အကြင်အခါမှာ အာနာပါနလုပ်ငန်းစဉ်မှသော်ငင်း ဝိပဿနာ ရုပ်နာမ်စခမ်းတို့သည် မပေါ်ထွက် မကွန့်မြူးနိုင်သေးပါ။ ထိုအခါမှာ ထေရီမဝဲ့၌ ထူးခြားချက် တစုံတရာ မတွေ့ရပါ။ နေ့-ရက်-လ-နှစ် တရားလုပ်ငန်းစဉ်ဖြင့် ပွားများ အားထုတ်ပါသဖြင့် အကြင်ထေရီမကြီးသည် အာနာပါန လုပ်ငန်းစဉ်၌ ချက်တိုင်ခေါ် ပရိပါစကမီးခါတ်သည် ပေါက်၍ ဖြစ်ခြင်း, ပျက်ခြင်း, ရုပ်နာမ်တို့ကို မြင်လာပါအံ့၊ ထိုအခါ ရှင်တော်မြတ်ဘုရားသည် နိမိတ ရုပ်ပွားစေလွှတ်တော်မူ၍ တိုက်တွန်းခြင်း, ဆုံးမပေးတော်မူခြင်းရှေ့ကို ဥဒယဗ္ဗယဉာဏ်အဟုန်ဖြင့် တရှိန်တည်း တက်နိုင်အောင် နည်းလမ်း ညွှန်ကြားခြင်းများကို အထူး ချီးမြှင့်တော်မူပါတယ်။

ဒါ့ကြောင့် ဥဒယဗ္ဗယဉာဏ်သို့ဝင်နိုင်တဲ့ ဖြစ်ခြင်း, ပျက်ခြင်း ရုပ်နာမ်သည် အလွန်အရေးပါ၍ တန်ဘိုးရှိလှသော ရုပ်နာမ်ဖြစ်ပါတယ်။ ရှင်တော်မြတ်ဘုရားကိုယ်တော်တိုင် နိမ္မိတရုပ်ပွားစေလွှတ်တော်မူ၍ ကမ္မဋ္ဌာန်းအာရုံကို မပျက်အောင် စောင့်ရှောက်ပေးတော်မူရခြင်းကိုဘဲ စဉ်းစားပါ။

## ကဲကဲ ဖြစ်ပျက် ၅-မျိုးကို ဆက်လက်ခွဲကြစို့

(၁) ပညတ် ဖြစ်-ပျက်ဆိုသည်မှာ သမုတိသစ္စာနယ်မှာ ထင်ရှားဘဲ့ ကျောင်း အိမ် ဇရပ်စသော အဆောက်အဦ စားပွဲ ကုလားထိုင် ထွေးခံ စသော အသုံးအဆောင် ပစ္စည်းများသည် တစုံတခုသော အနှောင့်အယှက်ကြောင့်၊ ဝါ- မီးလောင်ခြင်းကြောင့် ပျက်စီးခဲ့သော် လူအပေါင်းတို့သည် မည်သူမျှ မဟောရဘဲနှင့် ဖြစ်ခြင်း,ပျက်ခြင်း သဘောတရားတွေဟု နှလုံးသွင်းကြပါတယ်။(ဥပမာ) ပန်းကန်ကျကွဲရင်ဘဲ ဇွန်းကျကွဲရင်ဘဲ အိုးကျကွဲရင်ဘဲ စိတ်မချမ်းမသာဖြစ်ပြီး ဖြစ်-ပျက်လို့ နှလုံးသွင်းဖြေဆိုကြပါတယ်။

အဲဒီ ဖြစ်ခြင်း ပျက်ခြင်းတွေဟာ နာမပညတ်နှင့် သဏ္ဌာနပညတ် ၂-ပါး အပေါ်မှာ တင်စားပြီးလျှင် ဖြစ်-ပျက်ဟု ရှုကြပါသောကြောင့် ၎င်း၊ဖြစ်-ပျက်မျိုးကို ဝိပဿနာအရာမှာ အမည်ထုတ်လိုက်တဲ့ အခါမှာ ပညတ်ဖြစ်-ပျက်တွေလို့ ဆရာတော်ဘုရားများ အမည်ပြုတော်မူကြပါတယ်။

သညာသိ ဖြစ်-ပျက်ဆိုသည်မှာ ငါတို့သည် တရားအားထုတ်ခါစက ကမ္မဋ္ဌာနာစရိယ ဆရာထံမှာ အာနာပါန လုပ်ငန်းစဉ်

ယူခဲ့ ဘူးပါတယ်၊ အဲဒီ ဆရာတော်က မိမိစိတ်ကို ငယ်ထိပ် ဦးခေါင်းကျောက်မှာ ထားပြီးလျှင် ထွက်လေ ဝင်လေ ၂-ပါးကို အမှတ်ခိုင်းပါ၏၊ သဏ္ဌာန်, အရိပ်, နိမိတ်, လက္ခဏာ ပေါ်လာသော အခါ ဝိပဿနာ လုပ်ငန်းစဉ်သို့ ပြောင်းကူးပေးပါတယ်။

(၂) သဏ္ဌာန်,အရိပ်,နိမိတ်,လက္ခဏာမှ တဖန် ကိုယ်ရဲ့ ခန္ဓာကိုယ်တွင် လှုပ်ရှား သွားလာ နေတဲ့ သွေးအား, လေအား, သလိပ်အား, သည်းခြေအားတို့ကို မြင်အောင် အရှုခိုင်းပြီ လျှင် ဖြစ်-ပျက်,ရုပ်-နာမ်သို့ တက်လှမ်းခဲ့ရာ ခန္ဓာကိုယ်ကြီးတခုလုံးဟာ သဲကမ်းပါးပြိုသလို ပြိုကျနေပုံတွေ အမှုန်အမွှားတွေ ဖြစ်ပျက်နေတာတွေကို တွေ့ဘူးလာခဲ့ပါတယ်။

ခေါင်းပိုင်း ထင်လာပြီးနောက် အလယ်ပိုင်း အောက်ပိုင်းတို့ကို ဤနည်းအတူ ရှုရာ ဆရာတော်က အဲဒါ ကလာပ် ဖြစ်-ပျက်တွေ ရုပ်တရားဖြစ်-ပျက်တွေဆိုပြီး ဉဒယဗ္ဗယလုပ်ငန်းစဉ်ပေးအပ်ပါတယ်၊ အဲဒီ ဖြစ်-ပျက်မျိုးတွေကို ယခု အာနာပါနလုပ်ငန်းစဉ်ထဲ သွင်းလိုက်လျှင် မဝင်ပါ၊ သညာသိ ဖြစ်-ပျက်လို့ ခေါ်ပါတယ်။

ဘာကြောင့်ပါလဲ ခန္ဓာကိုယ် အတွင်းမှာ ဖြစ်စေ၊ အပြင်မှာ ဖြစ်စေ၊ လက္ခဏာ ပေါ်ထွက်နေတဲ့ ရုပ်တရားမျိုး မှန်လျှင် သဘာဝနယ် လောကမှာ သညာသိ ရုပ်တရားလို့ ခေါ်တယ်၊ ဥပမာ လသာက်ရည် ပန်းကန်ကို လက်နှင့် ကိုင်တွယ် စမ်းသပ်၍ သိသော မာသိ ပူသိနှင့် သဘာဝခြင်း မခြားနားပါ၊ သညာသိ နယ်စခမ်းမှ မလွတ်ထွက်နိုင်ပါ၊ ရုပ်-နာမ် ဒွာစစ်ကို တွေ့ပြီလို့ မဆိုနိုင်ပါ၊ အန္ဓသိသဘောပါဘဲ။

(၃) ဝိညာဏ်သိ ဖြစ်-ပျက်ဆိုသည်မှာ တအာရုံမှတအာရုံသို့ ပြောင်းကူး၍ ဖြစ်ပေါ်နေကြသော ရုပ်-နာမ်မျိုးကို ခေါ်ဆိုနိုင်ပါတယ် (ဥပမာ) လဘက်ရည်ပန်းကန် တခုကိုလဲ ရှေ့မှာချထားပါ၊ ထွေးခံ တခုကိုလဲ မနီးမဝေးမှာ ချထားပါ၊ရှေ့ဦးစွာ ထွေးခံကို မျက်စိနှင့် ကြည့်သော် နိုင်ငံခြားဖြစ် ထွေးခံဟု အပိုင်သိပြီးနောက် လဘက်ရည် ပန်းကန်ကို ပြောင်းကြည့်ပါ လဘက်ရည် ပန်းကန်ဘဲလို့ အသိ တဖန် ထပ်ပေါ်လာပြန်တယ် မဟုတ်လား၊ အဲဒါထွေးခံလို့ သိတဲ့အသိနှင့် လဘက်ရည်ပန်းကန်လို့ သိတဲ့ အသိ ၂-ခုတို့ရဲ့ အာရုံခြင်းဟာ ရှေ့နောက်ဆက်စပ် ဖြစ်ပေါ်နေကြပါတယ်၊ တခုကို သိပြီးမှ တခုကို သိလာပါတယ်၊ တအာရုံချုပ်မှ တအာရုံဖြစ်ပေါ်ခြင်းမျိုးပါဘဲ၊အဲဒါကိုဝိညာဏ် သိဖြစ် ပျက်လို့ ခေါ်ပါတယ်၊ တအာရုံဖြစ်ပြီးလျှင် ပျက်သွားပြီးမှ တအာရုံ အသစ်ဖြစ်လာပြန်တယ်၊ ဖြစ်လာတဲ့ အာရုံလဲ ချက်ခြင်း ပျက်သွားပါတယ်၊ အဲဒါမျိုးကို ဖြစ်ပျက်ဆိုပြီး၊ ဥဒယဗ္ဗယ ဝိပဿနာဉာဏ်ထဲမှာသွင်းနေကြပါတယ်၊ အဲ့ပုဂ္ဂိုလ် တောင် သိနိုင်တဲ့ ဖြစ် ပျက်မျိုးဖြစ်၍ အဘယ်မှာဝင်မလဲ၊ ပညာ အသိ ၂-ပြားသားမှ အရင်းမရှိဘဲနှင့် အမြတ်ထုတ်နေလို့ မရနိုင်ပါ။ (စဉ်းစားဆင်ခြင်ပါ)

(၄) ပညာသိ ဖြစ်ပျက်ဆိုသည်မှာ အထက်တွင် ဘော်ပြခဲ့သော သညာသိ သဘောတရားတွေ ဝိညာဏ်သိ သဘောတရားတွေဟာ ဘယ်သဘာဝမှ ဖြစ်ပေါ်လာကြပါသလဲ၊ ရုပ်တရား နာမ်တရားခေါ်တဲ့ လောကကြီးဟာ ဘယ်သဘာဝမှဖြစ်ပေါ် လာပါသလဲလို့ အကြောင်းရင်းဖြစ်ပေါ်ခြင်းအစခေါ် သဘာဝကို မြင်ခြင်းသည် ဖြစ်သဘောကို တွေ့မြင်ခြင်းမည်၏။

ပျက်သဘောကိုလည်း ဤနည်းအတူ ဘယ်သဘာဝကြောင့် ပျက်သဘော ထွက်ပေါ်လာရပါသလဲ အကြောင်းရင်းကိုမြင်အောင် ရှုနိုင်ခြင်းကို ပျက်သဘောကို တွေ့သည်ဆို၏။ သခ်တလောကကြီးတခုလုံးသည် ဖြစ် ပျက် ၂-ပါးတို့သာလျှင် တည်ရှိနေ၍ ၎င်းတို့၏ စိမ်ပြုပြင်ခြင်းကိုဉာဏ်ဖြင့်တွေ့မှသာလျှင်ဖြစ်ပျက်ကိုတွေ့သည်မည်၏။

ဤဉာဏ်မျိုးကို စိန္တာမယဉာဏ်လို့ခေါ်ပါတယ်၊ ပရိယတ်အသိနှင့် လိုက်ထောက်၍ ဝေဘန်ချက် အသိမျိုးကို သုတမယဉာဏ်အသိလို့ခေါ်ပါတယ်၊ သုတမယဉာဏ်အသိကို ပရိယတ်သင်ကြားခြင်းထဲမှာပင် ရှိပါသေးတယ်၊ စိန္တာမယဉာဏ်အသိကြတော့ အဆင့်အတန်းမြင့်သွားပါပြီ၊ ပဋိပတ်အသိသို့ သွင်းနိုင်လာပါတယ်။

ဤကား ပညာသိ ဖြစ် ပျက်သဘောကို အာနာပါနလုပ်ငန်းစဉ်ကို အားထုတ်တဲ့ ယောဂါဝစရပုဂ္ဂိုလ်များ သိရှိစေရန်အနည်းငယ်တင်ဆက်ခြင်းပါဘဲ။

(၅) သဘာဝခေါ် ဖြစ် ပျက်ဆိုသည်မှာ အာနာပါနလုပ်ငန်းစဉ်ကို အားထုတ်သော ယောဂါဝစရ ပုဂ္ဂိုလ်သည် ထွက်လေနှင့် ဝင်လေ ၂-ပါးကို ချက်တိုင်ခေါ်အရပ် ပရိပါစကမီးခတ်တွင် ချုပ်လိုက်သောအခါ ထွက်တဲ့လေသည် ထွက်လာတယ်၊ဘယ်မှာလဲ ချက်တိုင်မှာသာ ထွက်တော့တယ်၊ ဝင်တဲ့လေသည် ဝင်လာတယ်၊ ဘယ်မှာလဲချက်တိုင်မှာသာ ဝင်တော့တယ်၊ ဆိုတဲ့ လေခတ်ကို အဆုံးသတ်လိုက်တဲ့အခါ ထွက်လေသည်

ချက်တိုင်မှာထွက်၍ ချက်တိုင်မှာသာ ချုပ်တယ်၊ ဝင်တဲ့လေသည် ချက်တိုင်မှာသာဖြစ်၍ ချက်တိုင်မှာသာချုပ်တယ်ဆိုတဲ့ လေဓာတ်၏ ဖြစ်ပေါ်ခြင်း ဥဒယ လေဓာတ်၏ ချုပ်ခြင်း, ပျက်ခြင်း ဝယ ဤ ၂-ပါး ကို အာနာပါန လုပ်ငန်းစဉ်ဖြင့် သိမ်းဆည်းနိုင်ခြင်းသည် အာနာပါန ဖြစ်-ပျက် မည်၏၊ ဤ ဖြစ်-ပျက်သည်လည်း ခန္ဓာကိုယ်၌ သဘာဝအားဖြင့် ပေါ်ထွက်နေခြင်းကို သဘာဝခေါ် သဘောတရား ဖြစ်-ပျက် မျိုးဟု ဆိုနိုင်ပါပြီ။

သို့ရာတွင် ပညာမြင် ဖြစ်-ပျက် စခမ်း သို့ မဆိုက်သေးပေ၊ သညာဝိညာဏ်နယ်လောကမှာသာ ရှိနေသေးပါ၏၊ ဤ ဖြစ်-ပျက်ကို အစထားပြီး ချည်နှောင်၍ ဖြစ်-ပျက် အစစ်ကို တွေ့အောင် ရှာရဦးမည်၊ ဤ သဘာဝ ဖြစ် - ပျက် ကို တွေ့ရုံနှင့် ရုပ်-နာမ် ကူးပြောင်းရှုလို့ မရနိုင်သေးပါ၊ ရုပ်-နာမ်ကူးပြောင်းရှုနိုင်အောင် လေဓာတ်ချုပ်တဲ့ သဘောကလေးကို ယောဂါဝစရ ပုဂ္ဂိုလ် မိအောင် ဖမ်းဆီး ချုပ်နှောင် ထားပါ၊ မလွတ် ပါစေနဲ့၊ လွတ်သွားရင် ရှုကွက် ပျောက်သွားပါလိမ့်မယ်။

## ဖြစ် - ပျက် မှ ရုပ်တရား နာမ်တရား ရှာမှီး စုံစမ်းပုံမှာ

ဤ ဖြစ်-ပျက် ၂-ပါး တို့သည် အား ထွက်လေ ဝင်လေ တို့မှ ဖြစ်ပေါ်လာခြင်းသည် အသို့ဖြစ်ပေါ်လာပါ သနည်းဟု သဘာဝ နယ်ကို တပြေးပြေး ဆင်းရပါတော့မယ်၊ ထွက်တဲ့ လေဓာတ်မှာ ပရိပါစက မီးဓာတ် ဘယ်လိုရပ်တည်နေပါသလဲ၊ အကြောင်းကို ရှာဖွေသော် ရှင်တော်မြတ်ဘုရား(နာတိသီတသာနစ္စုဏ္ဍာယ)လို့

ဟောတော်မူတဲ့အတိုင်း ဥဏှမီးဓာတ်ကို တွေ့ပါလိမ့်မယ်၊ ဥဏှမီးဓာတ်မှ ထွက်တဲ့လေကလေး ထွက်လာပြီးလျှင် အဲဒီ မီးဓာတ်မှာဘဲ ပျက်သွားတာကို ဉာဏ် အမြင် ထင်ရှားလာပါလိမ့်မယ်။

ဝင်တဲ့ လေဓာတ် ဟာလဲ သီတ မီးဓာတ်မှ ထွက်ပေါ်လာပြီးလျှင် သီတ မီးဓာတ် ၏ အရိပ် မှာပင် ပျက်သွားတာကို ဉာဏ်အမြင်ထင်လာပါလိမ့်မယ်၊ လောကကြီးမှာ ဤ ဥဏှ,သီတ ၂-ပါး ပြုပြင် စီရင်နေကြောင်းကို ဉာဏ် အကျယ် ချဲ့လျှင်လဲ ပို၍ ထင်ရှား လာပါလိမ့်မယ်၊ အဲဒီ သီတ ဥဏှ ၂-ပါး တို့သည် အချင်းချင်း ဘယ်လို ဆက်စပ် ဖြစ်ပေါ် နေကြ ပါသလဲလို့ ဒုတိယ ထပ်၍ ဝေဘန်ရပါဦးမယ်။

တဖြေး ဖြေး သဘာဝ နယ် သို့ ဆင်းမှန်း မသိ ဆင်းရပါလိမ့်မယ်၊ သဘာဝနယ်သို့ရောက်မှ သညာ ဝိညာဏ် မလိုက်နိုင်ဘဲ ပညာနယ်ခမ်းသို့ တက်လှန်းနိုင်၍ ရုပ်စစ်,နာမ်စစ်,ပရမတ်အစစ် ခန္ဓာအစစ်တို့ကို တွေ့နိုင်ပါမယ်၊ ၎င်းတို့ကိုတွေ့မှ ဖြစ်-ပျက်အစစ် ဆိုတာ အနတ္တ ဘဲလို့ ဝန်ခံနိုင်ပြီးလျှင် သံသရာကြီး၏ ဒီမှာ ဘက်မှ ဟိုမှာ ဘက်သို့ ကူးမြောက် နိုင်သော တိဟိတ် ပုဂ္ဂိုလ် ပါရမီရှင် ရဲရဲတောက် အာဇာနီ ဆိုသလောက် ဖြစ်နိုင်ပါမယ်။

ဖြစ်ပျက် ၂-ပါးတို့သည် သီတဥဏှခေါ် ပရိပါစကမီးဓာတ်မှ ထွက် ပေါ် လာ ကြောင်း ဉာဏ် အမြင် ဖြင့် ထင် ရှား အောင် သိမ်းဆည်းပြီးသော ထိုယောဂါဝစရပုဂ္ဂိုလ်သည် ရှေ့ သို့တဖန် ဉာဏ်အဟုန်တက်၍ စဉ်းစားဆင်ခြင်ရပါလိမ့်ဦးမယ်။

# ပရိပါစကနှင့် သန္တတိပညတ်

ပရိပါစကမီးဓာတ်ခေါ် သီတနှင့်ဥဏှ ၂-ပါးတို့သည် အချင်းချင်းဆက်စပ်ခြင်းတည်းဟူသော သန္တတိပညတ်ရိပ်ကြောင့်အပြန်အလှန် ဖြစ်ပေါ်နေကြသဖြင့် ငါးကြင်းအမြီးခတ်သလို ခတ်နေကြပါတယ်၊ ဒါကြောင့် ထွက်လေ ဝင်လေ၊ ဝင်လေ ထွက်လေဖြစ်ပေါ်နေကြပါတကား၊ ထွက်လေ ဝင်လေတို့၏ အဆုံးကားဖြစ်ပျက်ပါတကား၊ ဖြစ်ပျက် ၂-ပါးတို့၏ ပေါ်ခြင်းကား သန္တတိပညတ်ရိပ်ပါတကား၊ ဤသို့သဘာဝ အဆင့်ဆင့်ကို ဉာဏ်အမြင်တွေအောင် အကြိမ်ကြိမ်သုံးသပ်ဆင်ခြင်တော်မူကြပါ။

သန္တတိပညတ်ရိပ်ရှိနေသမျှ ကာလပတ်လုံး ဖြစ် ပျက်နှစ်ပါးတို့ ရှိကြမည်ကား မလွဲနိုင်ပါ။ ဖြစ် ပျက် ၂-ပါး ရှိပြန်လျှင်လဲ ထွက်လေ ဝင်လေနှင့်တကွ ပရိပါစကခေါ် သီတဥဏှရှိမည်အမှန်ဖြစ်ပါတယ်၊ ဒါကြောင့် လိုရင်းတရားခံမှာ သန္တတိပညတ်ရိပ်ကို ပယ်သတ်မှသာလျှင် ပရမတ်အစစ် ရုပ်နာမ် ထွက်ပေါ်နိုင်ပါမယ်။

သန္တတိ ပညတ်ရိပ်ကြောင့်ပင်လျှင် ဖြစ် ပျက် ၂-ပါးတို့မှာ အချင်းချင်း ငါးကြင်းမြီးခတ်သလို ခတ်ကြပြီးလျှင် ဖြစ်ခြင်းရှိလို့ ပျက်ခြင်းရှိတယ်၊ ပျက်ခြင်းရှိပြန်တော့ ဖြစ်ခြင်းပေါ်ပြန်တယ်၊ ဤသို့ အသွားအပြန် ငါးကြင်းအမြီးခတ်နေသလို ခတ်နေခြင်းကြောင့် မျိုးစေ့နှင့် သစ်ပင်ပမာ သံသရာ ကျင်လည်နေကြရပါတယ်။

မျိုးစေ့နှင့်သစ်ပင်ဆိုသည်မှာလဲ အပြန်အလှန်သဘောပါဘဲ မျိုးစေ့ကြောင့် သစ်ပင်ဖြစ်လာတယ်မဟုတ်လား၊ နောက်တခါ သစ်ပင်ကြောင့်လဲ မျိုးစေ့ထွက်လာတယ်မဟုတ်လား၊ (ဥပမာ) သရက်စေ့ကို စိုက်လိုက်သောအခါ ဘာထွက်လာသလဲ၊ သရက်ပင်ပေါက်လာပါတယ်၊ သရက်စေ့နှင့်သရက်ပင်ကို အကြောင်းအကျိုးခွဲစမ်းပါ၊ မျိုးစေ့ကား အကြောင်းတရား သရက်ပင်ကား အကျိုးတရား အဲဒီလိုခွဲခြားတာ အစစ်အမှန်အကြောင်း အကျိုးပါလား။

သစ်ပင်ကြောင့်လဲ မျိုးစေ့ ဖြစ်နိုင်ပါတယ်၊ တနှစ်တခါ သရက်ပင်ကြီးက တပို့တွဲ-တပေါင်းလမှာဖူးပွင့်ပြီးလျှင် တပင်လုံး ဝေဆာအောင် ဖြစ်နေကြပါတယ်၊ ဒီအခါ ဘာတွေထွက်လာပါသလဲ၊ သရက်သီးတွေ လုံးကြီးနှင့်တိုက်ယူနိုင်အောင် သစ်ပင်ကြီးက သီးပေးပြန်တော့ မျိုးစေ့ကြောင့် သစ်ပင်ဖြစ်တယ်ဆိုတဲ့ စကားဟာ သညာဝိညာဏ်နယ်မှာ သဘာဝအတိုင်း ဖြစ်တဲ့ သဘောတရားမဟုတ်ပါ၊ စွဲခေါ်ဝေါ်တဲ့ စကားဖြစ်သွားပါတယ်။

သရက်ပင်က သရက်သီးတွေ သီးနေတာမြင်တော့ သစ်ပင်ကြောင့် မျိုးစေ့ဖြစ်တယ်ဆိုတဲ့ သညာဝိညာဏ်ပေါ်ထွက်လာပြန်တယ်၊ ဒီအခါကြတော့ သစ်ပင်က အကြောင်းပြန်ဖြစ်ပြီး မျိုးစေ့က အကျိုးဖြစ်ပြန်ပါတယ်၊ အဲဒီလိုဖြစ်နေတာတွေကို သညာဝိညာဏ်နယ်လို့ ခေါ်တယ်။

အသွားအပြန် သဘောလို့ခေါ်တယ်၊ အသွားအပြန်ဖြစ်နေခြင်းကိုလဲ ရုပ်တရားနာမ်တရားတို့ရဲ့ ပဋိစ္စသမုပ္ပါဒ်လို့ခေါ်

နိုင်ဘူး၊ ဖြစ်ပျက် ၂-ပါးဟာလဲ အပြန်အသွားဖြစ်နေတဲ့ ဖြစ်ပျက် ၂-ပါးမို့လို့ သူ့ကိုပညာမြင်စခမ်းသို့တင်၍မရသေးဘူး သညာဝိညာဏ်နယ်မှာဘဲ ရှိနေတဲ့ ဖြစ်ပျက်လို့ မှတ်ပါ။

အသွားအပြန်မရှိတဲ့ ဖြစ်ပျက်မျိုးမှ ပညာမြင်ဖြစ် ပျက်ဖြစ်နိုင် ပါဘူး၊ ပညာမြင်ဖြစ်ပျက်ကိုတွေ့မှ ရှင်တော်မြတ်ဘုရားချီးမွမ်း တော်မူပါတယ်၊ ရုပ်တရားအစစ် နာမ်တရားအစစ်ဆိုသည်မှာလဲ ပညာမြင် ဖြစ်ပျက်မျိုးက ပေါ်ထွက်လာမှ အစစ်လို့ ဆိုနိုင် ပါတယ်၊ သို့မဟုတ်က သညာနယ် ဝိညာဏ်နယ် မမှန်တဲ့နယ် လှည့်ပတ်နေတဲ့နယ် ပညတ်နယ် သမုတိသစ္စာနယ်လို့ အမျိုးမျိုး ခေါ်နိုင်ပါတယ်။

## အသွားအပြန်မရှိအောင်လုပ်ပုံ

အဲဒီ အသွားအပြန်ဖြစ်နေခြင်းကို သဘာဝဉာဏ်မရှိကြတဲ့ သညာ ဝိညာဏ်နယ်သမားတွေက အစစ်အမှန် သဘောတရား ထင်ပြီး ဆွဲကိုင်နေသောကြောင့် အစွဲဒိဋ္ဌိအမျိုးမျိုးပေါ်ထွက် နေတာပါ၊ သခ်ဳတလောကကြီးတခုလုံးဟာ အသွားအပြန်ဖြစ်ပြီး လှည့်ပတ်နေတဲ့ လောကကြီးလို့ မှတ်လိုက်ပါ။

၃၁-ဘုံကြီးမှာ ပေါ်ထွက်နေကြတဲ့ ယောကျ်ား မိမ္မ ပုဂ္ဂိုလ် သတ္တဝါကောင် တွေဟာလဲ အသွား အပြန် သဘောရှိ လို့ ပေါ်ထွက်နေရပါတယ်၊ အသွားအပြန်သဘောက ဘန်ဆင်း ထားပါတယ်၊ အသွားအပြန်သဘောရှိနေကြသဖြင့် ဘဝယန္တရား ကြီးမှာ ပုဂ္ဂိုလ်ကောင်တွေ ထွက်ကနေကြရပါတယ်။

အသွားအပြန်သဘောဖြစ်ပေါ်နေရခြင်းမှာလဲ တရားခံအစစ်ဟာ ဘယ်သူလဲ့ တဖန်ထပ်ပြီး သဘာဝဉာဏ်နှင့် ရှာဖွေစုံစမ်းလိုက်တော့ သန္တတိပညတ်ရိပ်ပါဘဲ၊ အဲဒီပညတ်ရိပ်ကို ပယ်လိုက်လျှင် အသွားအပြန် မရှိနိုင်တော့ဘူး အမှန်သဘောထွက်လာပါလိမ့်မယ်။

## ကဲကဲ သန္တတိပညတ်ရိပ် သတ်ပုံကို သွားကြဦးစို့

သန္တတိဆိုသည်မှာ ပိဋကတ်တော်များတွင် ဘာသာပြန်တော်မူကြတဲ့အခါ ၂-မျိုး ပြန်တော်မူပါတယ်။

၁။ သန္တတိ၊ အစဉ်ဖြစ်ပေါ်သော သဘောတရား။

၂။ သန္တတိ၊ ဆက်စပ်ခြင်း သဘောတရား။

ဤသို့အားဖြင့် ၂-မျိုး ဘာသာပြန်ကြရာ အစဉ် ဖြစ်ပေါ်နေသော သဘောတရားဆိုသည်မှာ မြစ်ရေ အယဉ် ကြီးသည် အောက်သို့ တသွင်သွင်ဖြင့် စီးဆင်း နေခြင်းကဲ့သို့ရင်း၊ ဆီမီးအလျှံသည် တထိန်ထိန်တဝင်းဝင်း အထက်သို့အစဉ်တက်၍ တောက်လောင် နေခြင်းကဲ့သို့ရင်း၊ ဖြစ်ပေါ်နေသော သဘောတရားမျိုးကို အစဉ်သဘောဟု ဆိုလိုပါတယ်။

ပဋိသန္ဓေ တည်နေသည့် အခါက စ၍ ဖြစ်ပေါ်လာကြသော ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် အစဉ်ကြီးကိုလဲ သန္တတိလို့ ခေါ်ပါတယ်။ ဥပမာ သစ်ပင်ကြီးတပင်ဟာ ရှေးဦးစွာ အပင် ဖြစ်ပေါ်လာသည့်အခါက စ၍ သစ်ပင် သေသည် အထိ

ဖြစ်ပေါ်နေသော သဘာဝ များကို သန္တတိလို့ ခေါ်တယ်၊ ပညတ် ဆိုတာကတော့ လူအပေါင်းတို့၏ မျက်စိနားသို့ ရောက်အောင် ခေါ်ဝေါ်သမုတ်ခြင်းကို ပညတ်လို့ သမုတ်။

သန္တတိ ဆက်စပ်ခြင်းဆိုသည်မှာ ထိုအစဉ်အားဖြင့် ဖြစ်ပေါ်နေကြသော သဘာဝတရားတို့သည် တခုနှင့်တခု ဆက်စပ်လျက်ဖြစ်နေကြလေသတယ်၊ ဆက်စပ်ခြင်း မရှိသော် ပေါ်ထွက်နိုင်ခြင်း သဘောတရား အလျှင်း မရှိနိုင်ပါ၊ ဆက်စပ်ခြင်းခေါ် သဘောတရား၌၊ သညာ ဝိညာဏ် ဆက်စပ်ခြင်း၊ ပညာမြင် သဘာဝအားဖြင့် ဆက်စပ်ခြင်း ၂-မျိုးရှိရာ သညာဝိညာဏ်ဆက်စပ်ခြင်းတို့ကား ဗျာပါရ ရှိသော ဆက်စပ်ခြင်းလို့ ခေါ်တယ်၊ ဗျာပါရ မပါသော ဆက်စပ်ခြင်းတို့ကား ပညာမြင် သဘာဝဆက်စပ်ခြင်း ဖြစ်ပါတယ်။

ဤသို့အားဖြင့် သန္တတိ ဆိုတဲ့ သဘောတရားကို ၂-မျိုး ခွဲခြားပြီးလျှင် အသိဉာဏ် ကျယ်ကျယ် စဉ်းစားဆင်ခြင်ထားပါ၊ အသိဉာဏ်ကျဉ်းလျှင် သဘာဝကို မတွေ့နိုင်ပါ၊ ပညာနယ်ကို ဆင်ခြင်ဘို့ ယောကျ်ားဟာ အသိဉာဏ်ကျယ်မှ ဆင်ခြင်နိုင်ပါတယ်၊ ဒါကြောင့် အာနာပါနယောဂါဝစရပုဂ္ဂိုလ်များအား အသိဉာဏ်ကျယ်လာအောင် သန္တတိ သဘောကို ထုတ်ဘော်၍ ပြဆိုလိုက်ရပါတယ်။

ရှေးဦးစွာ ထိုယောဂါဝစရပုဂ္ဂိုလ် သန္တတိပညတ်ရိပ်၏ သဘောတရားကို သိရှိနားလည်ပြီးနောက် ထိုသန္တတိပညတ်ကို သိမ်းဆည်းရန်မှာ သဘာဝကိုမြင်လျှင် သိမ်းဆည်းနိုင်ပါတယ်။ သဘာဝမမြင်လျှင် ဆင်ကန်းတောတိုးနဲ့ အဘယ်မှာ သိမ်းဆည်းနိုင်မလဲ။

## သန္တတိပညတ် ဘယ်လိုသိမ်းမလဲ

အစဉ်သဘော သန္တတိပညတ်ကို သိမ်းဆည်းရန်မှာ ဖြစ်-ပျက် ၂-ပါးတို့၏ အသွားအပြန် ဖြစ်ပေါ်နေခြင်းသည် ဘာကြောင့် ဖြစ်ပေါ်နေသလဲဟူသော ပြဿနာကို ရှေးဦးစွာ ကြပ်ကြပ် ဝေဘန်သော် အစဉ်သဘောရှိနေလို့သာ အသွားအပြန် ဖြစ်နိုင်သည်ဟူသောအဖြေမှာ အလွယ်တကူ ပေါ်ထွက်လာပါလိမ့်မယ်။

## ဒုတိယတဖန်ထပ်ပြီးဝေဘန်ရဦးမယ်

အစဉ်သဘောတရားတွေဆိုတာ ဘယ်ဟာပါလဲလို့ ပေါ်လာအောင် မေးစိစစ်လိုက်သော် ပေါင်းဆုံကြတဲ့ ဖဿ သဘောတရားနဲ့ ပေါ်လာရတဲ့ ဝေဒနာသဘောတရား ဒီ ၂-ချက်ကို ကွက်ခနဲမြင်နိုင်အောင် လက်တွေ့ဖမ်းယူပါ၊ ဆိုလိုရင်းမှာ အစဉ်သဘောအရ ဖဿနှင့်ဝေဒနာ ၂-ပါးကိုကောက်ယူနိုင်ပါတယ်။

အဲဒီ ဖဿနှင့်ဝေဒနာ ၂-ပါးသည် ၃၁-ဘုံကြီးမှာ ရောတည် ရှိနေတဲ့ သဘောတရား ၂-ပါးပါဘဲ သူတို့မရှိလျှင်အစဉ်သဘော တရား မရှိနိုင်ပါ။ သူတို့ ၂-ပါးကိုပင် အစဉ်သဘောလို့ ဆိုနိုင် ပါတယ်။

ရှင်တော်မြတ်ဘုရားသည်သံသရာ၏လည်ပတ်ပုံ ပဋိစ္စသမုပ္ပါဒ် သုတ္တန်နည်းကို ဖွင့်တော်မူသောအခါ ဖဿကို ရှေ့ထား၍ ဝေဒနာကို နောက်ထားပြီးလျှင် ဖွင့်တော်မူပါတယ်။ ပဋိစ္စ သမုပ္ပါဒ်ကြီး၏ လယ်ပတ်ခြင်းတရားခံကို ရှာဖွေလျှင် ဖဿနှင့် ဝေဒနာကိုသာ ရှာဖွေရပါမယ်။

အဝိဇ္ဇာနှင့်တဏှာကိုအရင်းမူလဟောထားပါသဖြင့် ၎င်းတို့ကိုထားခဲ့တော့မလားလို့ အဘိဓမ္မာဆရာတွေကမေးလျှင် မထားခဲ့ပါ။ အဝိဇ္ဇာနှင့်တဏှာကား ကျန်နေရာမှာ မပြဌာန်းသေးပါ။ ရှေ့ဥာဏ်စခန်းတွင် တရားခံအနေနဲ့ ပေါ်ထွက်လာပါလိမ့်မယ်။ ဖဿ၏ ရှေးသောက်မြစ်ကား အဝိဇ္ဇာပါ။ ဝေဒနာ၏ရှေးသောက်မြစ်ကား တဏှာတရားပါ၊ ၎င်း ၂-ပါးတို့ကို ရှေ့စခန်းတွင် ထင်ရှားလာပါလိမ့်မယ်။

ယခုစခန်းကား ဥဒယဗ္ဗယ ရုပ်နာမ်စခန်းသို့ဝင်တဲ့ ပစ္စုပ္ပန်မျက်မှောက် တရားခံကို ဆွဲထုတ်နေရတဲ့ အခါဖြစ်လို့ ဖဿနှင့်ဝေဒနာကို ဇာတ်လိုက်အနေနဲ့ အသုံးပြုနေသည်ဟု ဌာနာဌာန ကောသလ္လဥာဏ် အမြင်သန့်တော် မူကြစေလိုပါတယ်။ ဘယ်သဘာဝကိုမဆိုသူ့နေရာနှင့်သူခွဲ၍သုံးနိုင်လာလျှင်ပရိယတ်မျက်စိ ပဋိပတ်မျက်စိ ၂-ပါး ပေါက်နိုင်ပါတယ်။ သူ့နေရာနှင့်သူခွဲ၍မသုံးနိုင်သေးလျှင် ဒေသနာ မျက်စိတဘက်သာ ရှိတယ်လို့ ဆရာတော်များ ဆုံးမပါတယ်။ ( အဲဒီ စကားအတိုကလေးကို မှတ်ထားပါ)။

## အဘိဓမ္မာနှင့် ဖဿဝေဒနာ

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော ပရမတ္ထတရား ၄-ပါးတို့တွင် နိဗ္ဗာန်ပရမတ်ကား အသင်္ခတ နယ်သားဖြစ်၍ မဝေဘန်ဘဲ ထားလိုက်ပါဦး၊ ကျန်ပရမတ္ထတရား ၃-ပါးကို ဝေဘန်ပြပါဦးမယ်။ စိတ်ဘခုယုတ် ၉၀-အကြွယ် ၁၂၁-ပါး ခေါ်တဲ့ စိတ်ပရမတ်ကြီးတခုလုံးကို အဆီညှစ်လိုက်လျှင် ဝေဒနာ

သဘောတခုသာ ထွက်လာပါတယ်။ ဒါကြောင့် အဘိဓမ္မာလောကဥ္ စိတ်လုံးရေတွေကို ပြတဲ့အခါ ဝေဒနာနှင့်တွဲ၍ ထုတ်ဘော်ပြရပါတယ်။

သောမနဿသဟဂုတ် ဥပေက္ခာသဟဂုတ် စသည်ဖြင့် တွဲစပ်၍ ပြဆိုထားခြင်းကြောင့် အလုံးစုံသော စိတ်ပရမတ္ထတရားမှာ ဝေဒနာလျှင် ပြဋ္ဌာန်းခြင်းရှိပါတယ်။ ဝေဒနာလျှင်ႏ အမှန်ဘာဝဖြစ်ပါတယ်။ ဝေဒနာလျှင် အရင်းမူလ ပေါ်ဆိုနိုင်ပါတယ်။ ဤဝေဘန်ချက်ကို အဘိဓမ္မာနည်း၌ လိမ္မာကျွမ်းကျင်ပါလျှင် ဟုတ်မှန်ကြောင်း ဝန်ခံနိုင်ပါလိမ့်မယ်။

စေတသိက် ပရမတ္ထ ၅၂-ပါးတို့သည်ကား ဖဿလျှင် အရင်းခံရှိပါတယ်။ ဖဿပြဋ္ဌာန်းပါတယ်။ ဖဿလျှင် တည်ရာမှီရာ ရှိပါတယ်။ စေတသိက် ၅၂-ပါးကို အဆီညှစ်၍သော်၎င်း၊ အကျဉ်းချုပ်၍သော်၎င်း၊ ခေါ်ခမ္မော သွင်း လိုက် ပါလျှင် ဖဿစေတသိက်တခုသာ ကြွင်းကျန်ပါတယ်။

ရုပ်ပရမတ္ထ ၂၈-ပါးတို့ကား စိတ် စေတသိက်ခေါ် ဖဿဝေဒနာ ၂-ပါးမှာ မူတည်လျက် ဖြစ်ပေါ်ကြရတယ်။ ဖဿဝေဒနာ ၂-ပါးနှင့်ကင်း၍ ရုပ်တရားပေါ်ထွက်လို့ မရနိုင်ပါ။ ရုပ်တရားဆိုသည်မှာ အနာရမ္မဏတရားဖြစ်၍ နာမ်တရားတို့၏ အာရုံအဖြစ်သို့ရောက်၍ ပေါ်ထွက်နေနိုင်ပါတယ်။

ဤသို့အားဖြင့် ပရမတ္ထတရားတို့ကို သဘာဝဉာဏ်ဖြင့် အဆီညှစ်ကြည့်ပါ။ ဖဿဝေဒနာရဲ့ သဘောတရားကြီးဟာ ပြဋ္ဌာန်းကြောင်း ပေါ်လွင်လာပါလိမ့်မယ်။ ပဋိစ္စသမုပ္ပါဒ် ဒေသနာ

တော်ကြီးတခုလုံးကိုလဲ ပစ္စုပ္ပန်အကျိုးတရား ၅-ပါးက နေ၍ အဆီညှစ်ထုတ်လျှင် ဖဿနှင့်ဝေဒနာ ဒွေပါ လွင်လာပါလိမ့်မယ်။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကြီး လယ်ပုံကို ခေါင်းပိုင်း အမြီးပိုင်း ခွဲခြားသောအခါ ဆရာတော်ဘုရားများက ဖဿဟာ ခေါင်းပိုင်း ကြီးကွ၊ ဝေဒနာက အမြီးပိုင်းပေါ့ မှတ်ထားသူတို့ ၂-ပါး ငါးကြီးမြီး ခတ်လိုက်တာသည်ပင်လျှင် စက်ရဟတ် ၄-ချက် ချင်းရာ ၂၀-ဝင့်သုံးသွယ် မူလ ၂-ပါးဖြစ်ပြီး လယ်ပတ်နေတယ် လို့ အဆုံးမယူခဲ့ဘူးပါတယ်။

## ရုပ်နာမ် ၂-ပါးနှင့် ဖဿဝေဒနာ

အာနာပါနလုပ်ငန်းစဉ်ကိုအားထုတ်ကြသော ယောဂါဝစရ ပုဂ္ဂိုလ်တို့သည် ဥဒယဗ္ဗယဉာဏ်စခမ်း၌ ပေါ်ထွက်လာသော ရုပ်တရား နာမ်တရားတို့သည်ကား အလွန်သိမ်မွေ့၏။အကြောင်း တရား၄-ပါးတို့ကို အခြေခံထား၍ ပေါ်ထွက်ပါတယ်။

(၁) ပဌမ စတုက္ကခေါ် နှုတ်ခမ်းဖျားနှင့် နှာသီးဖျားအရပ် တွင် ပေါ်ထွက်သော အာရုံအာရမ္မဏိက ရုပ်နာမ်ကား ဥတု အကြောင်းပြဋ္ဌာန်း၍ ပေါ်ထွက်သော ရုပ်နာမ်ဟု မှတ်ပါ။

(၂) ဒုတိယ စတုက္ကခေါ် ငယ်ထိပ်ဦးကျောက်အရပ်ကပေါ် ထွက်သော ရုပ်နာမ်သည်ကား အာဟာရအကြောင်း ပြဋ္ဌာန်း၍ ပေါ်ထွက်သော အာရမ္မဏိက ပစ္စုပ္ပန်ရုပ်နာမ်ခေါ်ပါတယ်။

(၃ တတိယ စတုက္ကခေါ် နှလုံးအိမ်ရင်ညွှန့်အရပ်၌ ပေါ် ထွက်သော ရုပ်တရား နာမ်တရားသည် စိတ်အကြောင်းပြဋ္ဌာန်း၍ ပေါ်ထွက်သောကာလ ၃-ပါးရုပ်နာမ်ခေါ်ပါတယ်။

(၄) စတုတ္ထ စတုက္ကခေါ် ချက်တိုင်ပရိပါစက တေဇော ခါတ်၌ပေါ်ထွက်မည့် ရုပ်တရား နာမ်တရားသည်ကား ဖြစ် ပျက် ရုပ် နာမ်ခေါ်ပါတယ်၊ အကြောင်းတရားကား ကံအကြောင်း ပြဋ္ဌာန်း၍ ပေါ်ထွက်လာသော ရုပ် နာမ် ဖြစ်ခြင်းကြောင့်လဲ အလွန်သိမ်မွေ့ပါတယ်၊ အဲဒီလိုအကြောင်းတရား ၄-ပါးကို အခြေခံထား၍ အာနာပါနလုပ်ငန်းစဉ်က ရုပ်တရား နာမ်တရား များ ပေါ်ထွက်သည်ကို လက်တွေ့လုပ်ငန်းအားထုတ်မှ ဝန်ခံနိုင် ပါတယ်။

ဒါကြောင့် ဖြစ် ပျက် ၂ ပါးတို့တွင် ဖြစ်သဘောကား ဖဿ လို့ နောက်ကပြခဲ့ပါတယ်၊ ပျက်သဘောကား ဝေဒနာလို့ ပြခဲ့တဲ့သဘောအရ ရုပ်တရား နာမ်တရား ပေါ်ထွက်ပါလျှင် ဖြစ်သဘော ဖဿကား ရုပ်သဘောအရာ၌တည်ပါတယ်၊ ပျက်သဘောဝေဒနာကား နာမ်သဘောအရာ၌ တည်ပါတယ်၊ ၎င်းတို့ သဘောတရား ၂-ပါးသည် အသွားအပြန်လုံ့နေခြင်း ကြောင့် သံသရာလယ်နေရခြင်းပါ။

ဖဿဆိုတဲ့ နာမ်တရားကို အဘယ်ကြောင့် ရုပ်သဘောထဲ ထည့် ရ ပါ သ လဲ လို့ အဘိ ဓမ္မာ ဆ ရာ တွေ က မေး ကြ ပါလိမ့်မယ်၊ ရှင်တော်မြတ်ဘုရားသည် ၆-ဆင့်မြောက်ဖြစ်သော ယမိုက်ကျမ်း၌ လောကီစိတ် ၈၁-ခု၊ စေတသိက် ၅၂-ပါး ဟု ဆိုအပ်သော နာမ်တရား အစုတို့ကို ပိယရုပ်၊ သာတရုပ် ၂-ပါး၌ သွင်း၍ ဟောကြား ဆုံးမတော်မူပါတယ်။

ရူပံ ရူပက္ခန္ဓောတိ ပိယရူပံ သာတရူပံ ရူပံ နရူပက္ခန္ဓော။

စသည်ဖြင့် ဟောကြားတော်မူသည်ကို အခြေခံထား၍ စဉ်းစားပါ။ ယခုအခါ ဤတံခါးလေးဆင့် ရုပ်နာမ်သည်ကား အကောင်အထည်အနေနှင့် ပေါ်ထွက်နိုင်သော ရုပ်နာမ်မျိုး မဟုတ်ပါ။ ကံအကြောင်းရုပ်ခေါ် ပြုပြင်ခြင်းမကင်းတဲ့ သဘော မျှသာ ယူနိုင်ပါတော့တယ်။

## ရုပ်တရားနှင့်ဖဿယူပုံ

ဖဿကို အဘယ်ကြောင့် ရုပ်တရားဘက်တွင် ယူရပါသလဲလို့ မေးလျှင် ဖဿ၏သဘာဝကို ရှေးဦးစွာဝေဘန်ပါ။ ဖဿ၏ သဘောလက္ခဏာကို အဘိဓမ္မာလောက (ဖုသတီတိဖဿော)လို့ ဝေဘန်ပါတယ်။ အဲဒီဖဿက သဘာဝလက္ခဏာနှင့် ပေါ်ထွက် နိုင်တဲ့ သဘောတရားကို ဝေဘန်ပါတယ်။ ယခုဖဿက နာမည် လောက်သာ ခေါ်ဝေါ်နိုင်တော့တယ်။အကြောင်းတရား ၄-ပါး အစုံမရှိပါ။ ကံအကြောင်းတရားမျှသာရှိတဲ့ ဖဿကို ဖုသတိ တွေ့ထိတတ်၏။ ဉာတိ၊ ထို့ကြောင့် ဖဿော၊ ဖဿမည်၏လို့ မဆိုနိုင်ပါ။

ကံအကြောင်းတရားမျှရှိတဲ့ ဖဿကိုအနက်ပြန်လျှင် ပေါင်းဆုံ ခြင်းသဘောတရားလို့သာ အနက်ပြန်ဆိုနိုင်ပါသဖြင့် ပေါင်းဆုံ ပုံကိုသာ ဝေဘန်ရန်ရှိပါတော့တယ်။ ဒါကြောင့် ရှင်ဘော်မြတ် ဘုရားက သုတ္တန် ပိဋကတ်တော်တွင် ဖဿ၏ ပေါင်းဆုံပုံကို အောက်ပါအတိုင်း ဟောကြားတော်မူပါတယ်။

စက္ခုံစ ရူပေစ ပဋိစ္စ ဥပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော။

လို့ ဟောကြားတော်မူချက်အရ ဖဿ၏ ပေါင်းဆုံပုံကို ဝေဘန်သော် (၁) မျက်စိအကြည်။ (၂) ရူပါရုံအဆင်း။ (၃) စက္ခုဝိညာဏ် ဤ ၃-ပါးတို့၏ ပေါင်းဆုံခြင်းကို ဖဿလို့ ခေါ်ဆိုထားပါသဖြင့် ထိုသုံးပါးတို့ဟာလဲ ရူပါရုံခေါ် အာရုံသဘောတရားအပေါ်မှာသာ အခြေခံထား၍ ပေါင်းဆုံကြပါတယ်။ အာရုံသဘောဆိုသည်မှာလဲ အာရမ္မဏိကတို့၏ ဆွဲကိုင်ရာဖြစ်၍ ရုပ်တရားပြဋ္ဌာန်းနေပါတယ်။ ဒါကြောင့် အာရုံဘက်သို့လိုက်၍ ဖဿသဘောကို ရုပ်တရားအရာ၌ ပိယရုပ် သာတရုပ်တို့ကို သွင်းသလို သွင်းယူခြင်းပါဘဲ။

ဖြစ်သဘောဖဿကား ရုပ်တရားအရာ၌ ထည့်သွင်းရပါသောကြောင့် အာနာပါန ယောဂါဝစရ ပုဂ္ဂိုလ်များသည် စတုတ္ထချက်တိုင်တံခါး၌ ရုပ် နာမ်ကို ရှာဖွေပါလျှင် ဤဖဿရုပ်သဘောကိုသာ ရှာဖွေနိုင်ပါတော့တယ်၊ အလုံးစုံသော ပရမတ္ထဓမ္မတို့မှာ အာနာပါနဆိုင်ရာ တံခါးပေါက်သို့ဝင်၍ ရုပ် နာမ်ပေါ်ထွက်ကြပါပြီ၊ ဖဿသဘောသာ ကြွင်းကျန်နေသေးသဖြင့် ဤစတုတ္ထ ၄-ချက်မြောက်တံခါးမှာ ဖဿမှတပါး သွင်းစရာမရှိဟု သဘာဝဥာဏ်ဆင်အောင် မြင်တော်မူကြစေလိုပါတယ်။

## ဝေဒနာနှင့် နာမ်တရားဝင်ပုံ

ဝေဒနာဆိုသည်မှာ(ဝေဒယတိ အနုဘဝတီတိ ဝေဒနာ)လို့ အဘိဓမ္မာကျမ်းကြီးတွေက ဖွင့်ဆိုထားသော ဝေဒနာမျိုးမဟုတ်

တော့ပါ၊ အာရုံ၏ အရသာကို ခံစားနိုင်တဲ့ သဘောတရား ဝေဒနာမျိုးကား သဘာဝ အကောင်အထည်ကြီးအနေနဲ့ ရှိတဲ့ ဝေဒနာမျိုးကိုဆိုနိုင်ပါတယ်၊ ယခုဝေဒနာသည်ကား အခေါ် အဝေါ်မျှသာ ပေါ်ထွက်နိုင်ပါတော့တယ်၊ အကြောင်းတရား ၄-ပါးတို့ဘွင် ကံအကြောင်းတရားမျှသာရှိနေတဲ့ဝေဒနာသဘော ကို ခံစားတယ်လို့ အနက်မပြန်နိုင်ပါ။

## ဝေဒနာအနက် အဘယ်သို့ထွက်

ကံအကြောင်းတရားမျှသာ ရှိတဲ့ ဝေဒနာကို အနက်ပြန်ဆို လိုပါလျှင် ဖြစ်ပေါ်ရတဲ့သဘောတရားလောက်သာ ပြန်ဆိုနိုင်ပါ သဖြင့် ဝေဒနာပေါ်ခြင်းသဘောလို့ သာဆိုနိုင်သော ဝေဒနာ၏ သဘာဝကို အာနာပါန ယောဂါဝစရ ပုဂ္ဂိုလ်များမြင်အောင် ပညာဖြင့် ဝေဘန်သုံးသတ်တော်မူပါ။

ဖြစ်ပေါ်တဲ့ သဘာဝကို ပညာရှိများ ဉာဏ်ပိုင်အောင် အနည်းငယ်ဖွင့်ပြလိုပါသေးတယ်၊ သို့မှသာ ဉာဏ်အမြင်ထင်လင်း လာပါလိမ့်မယ် မျက်စိအကြည်ရိပ် အဆင်းရိပ် အမြင်ရိပ် ၃-ပါး ပေါင်းဆုံလိုက်တဲ့ ဖဿအရိပ်ကလေး ပေါ်ထွက်လာပါရော ထိုဖဿအရိပ်ကလေးမှ ပေါ်ထွက်လာတဲ့ ပရမတ်သဘောတရား ကို ဝေဒနာလို့ အမည်ပြုထားခြင်းပါ။

ဆိုလိုရင်းမှာ ၃-ပါးဘို့၏ ပေါင်းဆုံဘဲ့ ပစ္စယသာမဂ္ဂီခေါ် အကြောင်းညီညွတ်မှုဗျာပါရ အာရုံသဘောတရားရှိနေပါလျှင် အာရမ္မဏိကခေါ် အကျိုးတရားဗျာပါရ တခုခုသည် သခ်ံတ လောကမှာ ပေါ်ထွက်မြဲဓမ္မတာရှိရပါတယ်၊ ဘာကြောင့်ပါလဲ

အဝိဇ္ဇာနယ်ကြီးထဲမှာ ဥပါဒါန်အစီးအပွား ဇာတ်မသိမ်းသေးသောကြောင့် ရှိရမဲ့ဓမ္မတာခေါ် ပြကတေ့သဘာဝပါ၊ ထိုသဘောတရားအတိုင်း ပေါ်ထွက်လာရတာကို ဝေနာလို့ သမုတ်လိုက်ခြင်းပါ။ ခံစားတဲ့သဘော ဝေဒနာမျိုးကို သွားမဆွဲပါနဲ့။

ဒါကြောင့် ဖဿ သဘောတရားကို ရုပ်တရားဘက်က ကောက်ယူသိမ်းဆည်းပါသောကြောင့် ၎င်းအရိပ်နှင့်မကင်းပြတ်သေးသော သဘာဝဓမ္မ ကံအကြောင်းခေါ် ဝေဒနာကို နာမ်တရားဘက်မှာ သိမ်းဆည်းနိုင်ပါတယ်၊ အာရမ္မဏိက သဘောတရား အဆီအနှစ်ကလေးဖြစ်နေလို့ပါ။

ဖဿဆိုတဲ့သဘောတရားကတော့ အာရုံသဘောတရားအဆီအနှစ်ကလေးပါ၊ အကြောင်းတရား ၄-ပါးတို့တွင် ကံအကြောင်းတရားသည် အလုံးစုံသော အကြောင်းတရားတို့၏ အဆီအနှစ်ဖြစ်၍ ၎င်း ၂-ပါးကိုလဲ အဆီအနှစ်လို့ ခေါ်ဝေါ်သုံးစွဲသည်ဟု မှတ်တော်မူပါ။ သို့မှသာ သဘာဝချင်းနှီးနှောနိုင်၍ အဖုံးအပိတ်ညီညွတ်နိုင်ပါတယ်။

## ဥဒယဗ္ဗယရုပ်နာမ်ပေါ်လာပုံ

အာနာပါနလုပ်ငန်းစဉ်ဖြင့် တံခါး ၄-ချက် မီးခတ်လေးပါးကို ယောဂါဝစရပုဂ္ဂိုလ်တို့သည် အသီးသီးဖွင့်လျက် ရုပ်တရား, နာမ်တရား ၂-ပါးတို့ ဖော်ထုတ်တော်မူလာရာ ယခုစတုတ္ထခေါ် ၄-ချက်မြောက်တံခါး၌ ပရိပါစက မီးခတ်မှ ဖြစ်-ပျက် ၂-ပါး ရုပ်နာမ်တို့သည် ပေါ်ထွက်လာပါပြီ။

(၂၈)

အဲဒီ ဖြစ်-ပျက် ၂-ပါး ရုပ်နာမ်သည် ၃၁-ဘုံကြီးမှာ အလွန်အရေးပါသော ရုပ်နာမ်ဖြစ်ပါတယ်။ ဒီရုပ်နာမ်ကို သာမန်မျက်စေ့နှင့်ကြည့်ရှု၍ မမြင်မတွေ့နိုင်ပါ။ ရေသောက်မြစ်အနေနဲ့ တည်ရှိနေတဲ့ ရုပ်နာမ်မျိုးဖြစ်၍ ဥဒယဗ္ဗယဉာဏ် စိန်သွားနှင့် ကြည့်မှသာလျှင် မြင်နိုင်ပါသောကြောင့် ရှေးကပညာရှိကြီးများက အောက်ပါအတိုင်း ဉာဏ်စိန်သွားကို ထုတ်ဘော်တော်မူထားပါတယ်။

> လူသာမန်၊ နတ်သာမန်၊ ပုထုဇဉ်သာမန်တို့ မကြံအပ်မကြံစီနိုင် ဝရဇိန်မိုးကြိုးစက်ပမာ စိန္တာမယပညာ ဝင့်ဒုက္ခတို့ရဲ့ကုန်ရာ တိဟိတ်ပုဂ္ဂိုလ်တို့၌သာ ကြံစီတွေးတောနိုင်သောရုပ်နာမ်သဘာဝ အနတ္တ။

လို့ ဆရာတော်ဘုရားများ ဆုံးမတော်မူပါသောကြောင့် ဖဿနှင့်ဝေဒနာ ရုပ်တရား နာမ်တရား ၂-ပါးတို့ဟာ ဥဒယဗ္ဗယဉာဏ်စခမ်းမှာ ပေါ်ထွက်လာကြသော ရုပ် နာမ်မျိုးဖြစ်၍ အလွန်သိမ်မွေ့လှသည်အားလျော်စွာ အာနာပါန လုပ်ငန်းစဉ်ဖြင့် ဖေါ်ထုတ်နိုင်ရန် ယောဂါဝစရပုဂ္ဂိုလ်များအထူးတိုက်တွန်းပါ၏။ ဤရုပ် နာမ်ကိုမြင်လျှင် ရှေ့ကို အခက်အခဲမရှိတော့ပါ၊ ဝိပဿနာလုပ်ငန်းစဉ်၌ လက်ခမောင်းခတ်နိုင်သွားပါပြီ။

ဤအာနာပါနလုပ်ငန်းစဉ်ဖြင့် ဘော်ထုတ်လုပ်သော ဖြစ်-ပျက် ၂-ပါးသည် ရုပ်နာမ် ဖြစ်ပျက်မည်၏။ ထိုရုပ်နာမ်ဖြစ်ပျက်ကို မြင်တော်မူကြသော ပါရမီရှင်များသည် ရှေ့ကို ခန္ဓာ ဖြစ်ပျက် ပဋိစ္စသမုပ္ပါဒ် ဖြစ်-ပျက်တို့ကို တက်လှမ်းတော်မူနိုင်ကြ၍ မဂ်တံခါး ဖိုလ်တံခါးကို အလွယ်တကူ ဖွင့်တော်မူနိုင်ပါပြီ။

ရုပ် နာမ်ဖြစ်ပျက်ကိုမျှမမြင်သော ပုဂ္ဂိုလ်သည် ခန္ဓာဖြစ်ပျက် ပဋိစ္စသမုပ္ပါဒ်ဖြစ်ပျက်တို့ကိုတွေ့ဘို့ရာ အလွန်ဝေးကွာလှပါတယ်၊ ဖဿနှင့် ဝေဒနာ ၂-ပါးသည် ရုပ်နာမ်ဖြစ်ပျက် အစစ်အမှန်ပါဘဲ၊ အဲဒီ ၂-ပါးမြင်အောင် ရှင်တော်မြတ်ဘုရားသည် နည်းအမျိုးမျိုးတို့ဖြင့် ဆုံးမတော်မူပါတယ်။

ဖြစ် ပျက် ၂-ပါးကို မြင်တဲ့ ပုဂ္ဂိုလ်အားလဲ အကျိုးတရားအမျိုးမျိုးကို ထုတ်ဖော်၍ ပြတော်မူပါတယ်၊ ဝိပဿနာရှုကြကုန်သော ပုဂ္ဂိုလ်တို့က ဖြစ် ပျက်မြင်အောင်ရှုလို့ ပြောဟောနေသော်လဲ ဝါလုပ်ငန်းစဉ်တွေ ဖွင့်နေသော်လဲ ယခုဘော်ပြတဲ့ဖြစ် ပျက်မျိုးကိုမတွေ့သေးပါ၊ သညာဝိညာဏ်လုပ်ကြံတဲ့ဖြစ်ပျက်မျိုးကိုသာ နည်းအမျိုးမျိုးနှင့်တွေ့နေကြပါသဖြင့် တနေ့တခြားရေနံငါးလိုဖြစ်ပြီး အစာရေစာ ခမ်းခြောက်လာသလို ဝိပဿနာတရားသမားတွေလဲ ရေနံငါးဖြစ်၍ နောက်ဆုံးတွင် အကျင့်တရားပေါက်ပြန်ခြင်းအဖြစ်သို့ ရောက်တတ်ပါတယ်။

( သတိကြပ်ကြပ်ထား )

ရှေးအခါက ထေရီခေါ် ဘိက္ခုနီတွေဟာ ယခုဘော်ပြတဲ့ဖြစ် ပျက် ၂-ပါးကိုလဲ အာနာပါနလုပ်ငန်းစဉ်ဖြင့် မြင်တော်မူကြသည်နှင့်တပြိုင်နက် ရှင်တော်မြတ်ဘုရားသည် နိမ္မိတရုပ်ပွားစေလွှတ်တော်မူ၍ ခန္ဓာဖြစ် ပျက် ပဋိစ္စသမုပ္ပါဒ် ဖြစ် ပျက်တို့ကိုတက်နိုင်အောင် အဆုံးမပေးတော်မူပါတယ်။

ဤဖြစ် ပျက်ကို မတွေ့သေးသမျှ ရှင်တော်မြတ်ဘုရားသည် ထိုဘိက္ခုနီအား နိမ္မိတရုပ်ပွားစေလွှတ်ပေးခြင်းမရှိပါ၊ ဤဖြစ်

ပျက်ကို မမြင်သမျှ သတ္တဝါတို့ဟာ မစင်တွင်းကြီးထဲမှာဘဲ ကျရောက် သက်ဆင်းနေပါတယ်၊ ဒါကြောင့် နိမ္မိတရှပ်ပွား မလွှတ်ဘဲ ဆိတ်ဆိတ်နေတော်မူခြင်းပါ၊ ဤဖြစ် ပျက် ၂-ပါးကိုလဲ အကြင်အခါ အမြင်သိမ်းနိုင်လာ၏။ ထိုအခါ မစင်တွင်းမှလွှတ် ပြီလို့ မှတ်။

၃၁ဘုံကြီးမှာ ဤဖြစ်ပျက် ၂-ပါးက အုပ်ချုပ်နေပါသဖြင့် လွှတ်မြောက်လိုသော ပုဂ္ဂိုလ်သည် ဤဖြစ်ပျက်တို့ ရှေးဦးစွာ ဥဒယဗ္ဗယဉာဏ်ဖြင့် ဇာတ်သိမ်းတော်မူကြရပါတယ်၊ ယခုလဲ အာနာပါနလုပ်ငန်းစဉ်ဖြင့် ယောဂါဝစရပုဂ္ဂိုလ်များဇာတ်သိမ်း နိုင်ရန် ဥဒယဗ္ဗယဉာဏ်၌ အရေးပါသော ဖြစ်ပျက် ၂-ပါးကို ပရိပါစက မီးခါတ်စခမ်းမှဖေါ်ထုတ်၍ တင်ဆက်ပြလိုက်ပါပြီ။

## ဖြစ်ပျက် ၂-ပါးမှ တရားတက်ပုံ

အာနာပါန ရုပ် နာမ် ၂ ပါးဖြစ်ပျက်ကို တွေ့ပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည် ရှေ့သို့တဖန် လုပ်ငန်းစဉ်တက်ရမြန် ပါတယ်၊ ထိုလုပ်ငန်းစဉ်သည်ကား အာနာပါနဘာဝနာ၌ မဖေါ်ထုတ်တော့ပါ ရှင်တော်မြတ်ဘုရားသည် မဟာသတိပဋ္ဌာန် ဒေသနာတော်၌ ဣရိယာပထအပိုင်း၊ ဓါတုမနသိကာရအပိုင်း အသမ္မောဟ သမ္ပဇညအပိုင်း ပဋိကူလမနသိကာရအပိုင်းတို့ဖြင့် ဖော်ထုတ်ထားပါတယ်။

ဤအပိုင်းတို့ဖြင့် ဖော်ထုတ်ထားသော်လဲ ပ မအာနာပါန အပိုင်းမှာပင် ရုပ်နာမ်ထင်မြင်အောင် မသိမ်းဆည်းနိုင်ကြသော ကြောင့် ကြွင်းကျန်သော အပိုင်းတို့၏ လုပ်ငန်းစဉ်သည် မြုပ်တိမ်

ပြီးလျှင် သညာဝိညာဏ်စွဲဆရာတို့က သညာဝိညာဏ်အလုပ်မျိုးဖြင့် သွားတယ် သွားတယ်၊ စားတယ် စားတယ်လို့ တောခုတ်နေကြရာ အဘယ်မှာလျှင် တောရှင်းနိုင်တော့မလဲ မျက်စိလယ်လမ်းပျောက်ပြီးရောက်ချင်ရာ ရောက်ကြကုန်ပါတယ်။

ဒါကြောင့် တရားတက်ပုံကို အာနာပါန လုပ်ငန်းစဉ်ဖြင့် မဆိုင်သော်လဲ ပညာရှင်အသိရှင်များအတွက် လမ်းစပြပါဦးမယ်။

## တရားလမ်းစဘယ်သို့ရှာမလဲ

(သန္တတိ ပညတ်ကို အစထား၍ ဆွဲထုတ်ကြဦးစို့)

အစဉ်သဘောတရားသည် အဘယ်သဘာဝ ကြောင့် ထွက်ပေါ် နေရပါသလဲလို့ ဝေဘန် သိမ်းဆည်းလိုက်သော ထိုယောဂါဝစရပုဂ္ဂိုလ်မှာ ဘာကို လာတွေ့ပါသလဲ ဖဿနှင့် ဝေဒနာတရား ၂-ပါးရှိခြင်းကြောင့် သန္တတိ ပညတ်ရိပ်ကြီး ထွက်ပေါ်ပြီးလျှင် ၃၁ဘုံကြီးကို ဘန်ဆင်းတည်ထောင်နေကြောင်း ဉာဏ်ထဲမှာ ထင်မြင်လာပါလိမ့်မယ်။

ဒုတိယတဖန် ဖဿနှင့် ဝေဒနာတရား ၂-ပါးတို့ဟာလဲ ဘာကြောင့် ပေါ်ထွက်နေရပါသလဲ ၎င်းတို့ပေါ်ထွက်နေခြင်း၏ အကြောင်းရင်းကို တဖန်ထပ်၍ သိမ်းဆည်းရပါလိမ့်ဦးမယ်၊ ဖဿနှင့် ဝေဒနာတရား ၂-ပါး ပေါ်ထွက် နေရခြင်းမှာ အခြား အကြောင်းကြောင့် မဟုတ်ပါ၊ တဦးနှင့်တဦးပေါင်းဆုံခြင်းခေါ် ပစ္စုပ္ပန်သဘောရှိ၍သာ ဖဿနှင့် ဝေဒနာ ၂-ပါးတို့ ပေါ်ထွက်နေရပါတယ် ပစ္စုပ္ပန်မရှိလျှင် ဖဿဝေဒနာမပေါ်နိုင်

တော့ပါဟု ပိဋကတ်တော်များက ရှေးဦးစွာ ခနပစ္စုပ္ပန်ကို ဥဒယဗ္ဗယဉာဏ်က သိမ်းဆည်းတော်မူတယ်လို့ ထုတ်ဘော်ကြပါတယ်။

ခန ပစ္စုပ္ပန်ကို သိမ်းဆည်းခြင်း ဥဒယဗ္ဗယဉာဏ်သည် ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်လို့ လုပ်ငန်းစဉ်တကကွာ ပိုင်းခြားပါတယ်၊ ခနပစ္စုပ္ပန်ကိုသိမ်းပြီးနောက် သန္တတိ ပစ္စုပ္ပန်ကို သိမ်းရမယ်လို့ ပိဋကတ်တော်က ထုတ်ဆိုပါတယ်၊ သန္တတိပစ္စုပ္ပန်ကိုသိမ်းဆည်းတာက ပညာမြင် ဥဒယဗ္ဗယဉာဏ်လို့ ဆုံးဖြတ်တော်မူပါတယ်။

ယခုလဲဘဲ ဖဿနှင့်ဝေဒနာ ၂-ပါးတို့ဟာ ဘာကြောင့်ထွက်ပေါ်နေရသလဲလို့ အကြောင်းရင်းကို ရှာလျှင် ပစ္စုပ္ပန်ရှိနေလို့ ဖဿနှင့် ဝေဒနာထွက်ပေါ်သည်ဟု ဆိုရပါလိမ့်မယ်။

တတိယတဖန် ပစ္စုပ္ပန်ဆိုသည်မှာ ဘယ်သဘော တရားပါလဲ ခနပစ္စုပ္ပန်နှင့် သန္တတိပစ္စုပ္ပန် ၂-ပါးထွက်လာပါလိမ့်မယ်၊ ခနပစ္စုပ္ပန်ဝေဒနာရဲ့ ပေါ်ထွက်ရာ ရေသောက်မြစ်ပါ၊ သန္တတိပစ္စုပ္ပန်ကား ဖဿရဲ့ပေါ်ထွက်ရာ ရေသောက်မြစ်ပါ၊ ထိုပေါ်ထွက်ရာ ရေသောက်မြစ်တို့ ပစ္စုပ္ပန်လို့ ဝိပဿနာအရာမှာ သိမ်းဆည်းပါတယ်၊ ဤကား ပိဋကတ်မှလာသော ဒေသနာနည်းကို တင်ပြခြင်းပါဘဲ၊

လက်တွေ့နည်းအရ ပစ္စုပ္ပန်ကို ဝေဘန်သိမ်းဆည်းပါလျှင် ဝေဒနာရိပ် ပစ္စုပ္ပန်အရ နာမက္ခန္ဓာ ၄-ပါးခေါ် သညာက္ခန္ဓာ

ဝေဒနက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ထွက်ပေါ်လာပါတယ်၊အဲဒီခန္ဓာလေးပါးရှိနေခြင်းကို ခနပစ္စုပ္ပန်လို့ ခေါ်ပါတယ်၊ နာမ်ခန္ဓာ ၄-ပါးကို လုပ်ငန်းစဉ်ဖြင့် တကဏ္ဍထား၍ သိမ်းဆည်းရခြင်းကို ဥဒယဗ္ဗယဉာဏ်က ခန္ဓာပေါ်သည်လို့ ပြောဆိုခြင်း ပါဘဲ။

ဖဿအရိပ်သန္တတိပစ္စုပ္ပန်ကလဲ ဝေဒနာအတိုင်း နာမ်ခန္ဓာ ၄-ပါးထွက်ပေါ်ပါတယ်၊ နာမ်ခန္ဓာလေးပါးကို ပစ္စုပ္ပန်လို့ ခေါ်ဆိုထားတာပါ အဲဒီခန္ဓာကလေးတွေကြတော့ ဥဒယဗ္ဗယ လုပ်ငန်းစဉ်က တိဟိတ်ခန္ဓာထွက်ပါတယ်လို့ ပညာရှိများဆိုးဖြတ်ကြပါတယ်။

အဲဒီခန္ဓာ ၄-ပါးကြတော့ ပညာမြင်ဥဒယဗ္ဗယဉာဏ်ဆိုပြီး ပိဋကတ်တော်က ဖဿရဲ့အရိပ်ကို ၄-ချက်ထုတ်ပါတယ်၊အဝိဇ္ဇာ တဏှာ ကံ အာဟာရဆိုပြီး တကဏ္ဍထုတ်၍ တကဏ္ဍအနတ္တဉာဏ် ထင်အောင် သိမ်းဆည်းပါတယ်။

ဆိုလိုရင်းကတော့ ဖဿ ဝေဒနာ ဘယ်သဘာဝရှိလို့ ထွက်သလဲအမေးမှာ ပစ္စုပ္ပန်ခေါ် ပေါင်းဆုံမှုကြောင့် ထွက်တယ်လို့ ဖြေရပါမယ်။ ဘာကြောင့် ပေါင်းဆုံမှုကို တဖန်စစ်ဆေးပါအုံး ပေါင်းဆုံမှုပစ္စုပ္ပန်လဲ ဘယ်ကထွက်သလဲလို့ စစ်ဆေးလိုက်တဲ့ အခါ ခန္ဓာ ၄-ပါး ဖြစ်ပျက် ပဋိစ္စသမုပ္ပါဒ် ဖြစ်ပျက်များ အသီးသီးထွက်ပေါ်လာကြပါတယ်။

အဲဒီ သဘာဝတွေကို တဖန်ထပ်၍ ခြေရတာကို အနုပဿနာ ဉာဏ်လို့ ခေါ်ပါတယ်။ ကဲကဲ အာနာပါန လုပ်ငန်းစဉ်ကြီး

ဟာဖြင့် အနုပဿနာ ၇-ဉာဏ်သို့ ဆွဲတင်လိုက်ပါပြီ၊ မဂ်တရား ဖိုလ်တရား လိုလားသော အမျိုးကောင်းသား အမျိုးကောင်းသမီး တို့သည် အာနာပါနလုပ်ငန်းစဉ်မှတဆင့်အနုပဿနာ ၇-ဉာဏ်သို့ တက်လှမ်းတော်မူနိုင်ရန် ဓမ္မစကြာ တ းလုပ်ငန်းစဉ်၊ အနတ္တ လက္ခဏာသုတ်တရားလုပ်ငန်းစဉ်၊ မဟာသတိပဋ္ဌာန်၌ ဣရိယာပထ လုပ်ငန်း စဉ်၊ အသမ္မောဟသမ္ပဇညလုပ်ငန်းစဉ်၊ ဓာတုမနသိကာရ လုပ်ငန်းစဉ်၊ ပဋိကူလမနသိကာရ လုပ်ငန်းစဉ်များကို ဆရာ ကောင်းထံ နည်းခံပြီးလျှင် ပွားများအားထုတ်နိုင်ကြပါစေဟု မေတ္တာပြုလျက် ဤအာနာပါနဘာဝနာကို အပြီးသတ် နိဂုံးချုပ် ပတ်အုပ်၍ တိုင်းပြည်သို့ တင်ဆက်လိုက်ပါသတည်း။

ပဋ္ဌမဘိတ်ခွေ ဘာသာပြန်ပြီးပြီ။

ဓမ္မစကြာဖြန့်ချိရေးဌာန
အမှတ် (၂၀) ကမ္ဘာအေးဘုရားလမ်း
ရန်ကုန်မြို့
ခုနှစ် ၁၃၂၉-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၂-ရက်

—။— —။— —။—

# နိဂုံး

ရှင်တော်မြတ်ဘုရား ဟောကြားညွှန်ပြဆုံးမခဲ့သော အာနာပါနတရားတော်ကြီးကို မဂ်တရား ဖိုလ်တရားကို လိုလားနှစ်ချိုက်ကြကုန်သော ပါရမီရှင် အမျိုးကောင်းသား အမျိုးကောင်းသမီးများအတွက် မန္တလေးမြို့ အရှေ့ပြင် ဓမ္မစကြာပဋိပတ်သာသနာပြုရိပ်သာကြီးမှ မဂ်ဝင်အာနာပါနကျမ်း ပဌမပိုင်းကို တင်ဆက်ခဲ့ပါပြီ၊ ယခုတဖန် ဒုတိယပိုင်းကိုလည်း ဆက်လက်၍ တင်ဆက်လိုက်ပါပြီ။

ဤမဂ်ဝင် အာနာပါနကျမ်းသည် ရှင်တော်မြတ်ဘုရား၏ သာသနာတော်ကြီးနှင့် ကြုံကြိုက်လာကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးများ၏ အားကိုးအားထားရာဖြစ်သော ကျမ်းမြတ်ဘဆူဖြစ်ပေသည်။ ဘုရားရှင်ဟောကြားဆုံးမခဲ့သော အာနာပါနတရားတော်ကြီးကို အာသာပီစိတ်ဓာတ်ဖြင့် အရိုးကြေကြေအရေခမ်းခမ်းကြိုးပမ်းအားထုတ်၍ ဝိပဿနာယာနိကလမ်းသို့ တက်လှမ်းလိုကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးများတို့သည် ဤမဂ်ဝင် အာနာပါနကျမ်း၌ပါသော လုပ်ငန်းစဉ် အချက်အလက်များကို ဤကျမ်းစာအုပ်ထဲတွင် မထားမူ၍ မိမိတို့၏ နှလုံးအိမ်ထဲ၌ စွဲမြဲကိန်းဝပ်အောင် အကြိမ်ကြိမ် အဖန်ဖန်ကြည့်ရှု လေ့လာကြပြီး အာနာပါနလုပ်ငန်းစဉ်ကို ဒေနစဉ်အချိန်မှန်မှန် ပွားများအားထုတ်ခဲ့ပါလျှင် အာနာပါန တရားတော်ကြီး ဂုဏ်ကျေးဇူးတို့၏ ထူးမြတ်ဆန်းကြယ်ပုံတွေကို လက်တွေ့ ကိုယ်တွေ့ သဘောတွေ့ မနောတွေ့တို့ဖြင့် ခံစားသုံးဆောင်ရမည်မှာ ဤကျမ်း၌ပါသော အချက်အလက်များက ဖေါ်ပြထောက်ခံထားပါသည်။

ထို့ကြောင့် ဤကဲ့သို့ ထူးဆန်းခက်ခဲနက်နဲ သိမ်မွေ့လှသော အာနာပါန တရားတော်ကို ဒေသနာနည်း လက်တွေ့နည်း သဘာဝနည်းတို့နှင့်တကွ ဉာဏ်စဉ်တက်ပြီး ရုပ်-နာမ်ကူးပြထားပါသောကြောင့် လုပ်ငန်းစဉ်နှင့်တကွ နည်းနာနိဿယကိုသိရှိလိုကြကုန်သော ပါရမီရှင် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ဤမဂ်ဂင်အာနာပါကျမ်းစာအုပ်ကို ကြည့်ရှုလေ့လာပွားများအားထုတ်ခဲ့ပါလျှင် တရားတော်၏ အကျိုးထူးတရားများကို ခံစားသုံးဆောင်ရမည် ဖြစ်ပါသောကြောင့် မဂ်တရား ဖိုလ်တရားကို လိုလားနှစ်ချိုက်ကြကုန်သော ပါရမီရှင် အမျိုးကောင်းသား အမျိုးကောင်းသမီးများအတွက် အထူးသင့်လျော်လျောက်ပတ်သော ကျမ်းမြတ်တဆူဖြစ်ကြောင်း တိုက်တွန်းလိုက်ရပေသည်။

ဤမဂ်ဂင်အာနာပါနကျမ်းကို ပွားများ အားထုတ်လေ့လာဆည်းပူးကြသော ပုဂ္ဂိုလ်များသည် မိမိတို့၏ အသိဉာဏ်၌ အာနာပါနတရားတော်မြတ်ကြီးသည် ကိန်းဝပ်ပြီးလျှင် ရှင်တော်မြတ် ဟောကြားဆုံးမခဲ့သော သမ္မာဒိဋ္ဌိပညာရောင် အလင်းခတ်ကြီးသည် ပေါ်ထွက်ပြီး ရှင်တော်မြတ်၏ အနာဂတ်သာသနာတော်ကြီးကို စောင့်ရှောက် ထောက်ပံ့နိုင်ကြပါစေကုန်သတည်း။

မမွှစကြာ ပဋိပတ် သာသနာပြုရိပ်သာ
မဂ်လာဥယျာဉ်ရိပ်
အရှေ့ပြင် - မန္တလေးမြို့။

# တိုက်တွန်းလွှာ

အို ..ပါရမီရှင်အပေါင်းတို့-

ဘုရားရှင် ဝါတော် ၂၀-ကျော်မှ ဟောကြားဆုံးမ သွန်သင် ပြသခဲ့သော မဟာသတိပဋ္ဌာန် တရားတော် မြတ်ကြီးကို ဒေသနာတွေ့ လက်တွေ့ သဘာဝတွေ့ တို့ဖြင့် ပိုင်ပိုင်နိုင်နိုင် သိလို့, မြင်လို့, ပွားများ အားထုတ် လိုကြပါသလား။

မိမိတို့၏ ငါးပါးသော အကြည်ဓာတ် တွေမှ သတိပဋ္ဌာန် တရား ပေါ်အောင် ပွားများ အားထုတ် လိုကြပါသလား။

မိမိတို့၏ နှလုံးအိမ်မှ သတိပဋ္ဌာန် တရား ပေါ်အောင် ပွားများအားထုတ်လိုပါသလား။

ပညတ်နှင့် ပရမတ်ကို ခွဲခြားစွာ သိလိုကြပါသလား။

ရုပ် - နာမ် ဘယ်နှစ်မျိုး ရှိသလဲ ဆိုတာကို သိလိုကြပါသလား။

ဖြစ် - ပျက် ဘယ်နှစ်မျိုး ရှိသလဲ ဆိုတာကို သိလိုကြပါသလား။

ရှင်တော်မြတ် ဟောကြားခဲ့သော အနတ္တ တရား များကို သူ့ကဏ္ဍနှင့်သူ၊ သူ့အသိဉာဏ်နှင့်သူ၊ သူ့ဉာဏ်စဉ်နှင့်သူ၊ အတိအကျ သိလိုကြပါသလား။

ရှင်တော်မြတ် ဟောကြားဆုံးမခဲ့သော မဟာသတိပဋ္ဌာန် တရားတော်မြတ်ကြီး၌ ပါရှိသော အာနာပါနပိုင်း၊ ဣရိယာပထပိုင်း၊ သမ္ပဇညပိုင်း၊ ပဋိကူလမနသိကာရပိုင်း၊ ဓာတုမနသိကာရပိုင်း၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ၊ တရားဥကြောင်း ဝင်ပုံများကို ဘုရားရှင် အလိုတော်ကျ အတိုင်းပွားများအားထုတ်လိုကြပါသလား။

ရှင်းပေါ်ပြပါအချက်အလက်များကို ဓမ္မစကြာနည်း အနတ္တလက္ခဏသုတ်နည်း၊ ဝိပဿနာဥာဏ်စဉ်နည်းတို့ဖြင့် တန်းဆာဆင်၍ ဒေသနာတွေ၊ လက်တွေ့ သဘာဝတွေ့တို့ဖြင့် သိရှိနားလည်ပြီး၊ အချက်ကျကျ ပွားများအားထုတ်နိုင်ကြစေရန်၊ မန္တလေးမြို့ အရှေ့ပြင် ဓမ္မစကြာပဋိပတ် သာသနာပြုရိပ်သာကြီး၌ ဝါတွင်း သုံးလပတ်လုံး၊ ကျေးဇူးရှင် ဓမ္မစကြာ နာယက ဆရာတော်ဘုရားကြီး ဟောကြားဆုံးမခဲ့သော မဟာသတိပဋ္ဌာန်ပဋိပတ် လုပ်ငန်းစဉ် တရားတော်ကြီးသည်၊ မဂ်တရား၊ ဖိုလ်တရားကို လိုလားကြသော ပါရမီရှင် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများအတွက် မကြာမီထွက်ပေါ်လာတော့မည် ဖြစ်ပါသောကြောင့် စောင့်မျှော်ကြပါကုန်။

ဓမ္မစကြာပဋိပတ်သာသနာပြုရိပ်သာ
ဂေါလာဥယျာဉ်ရပ်-အရှေ့ပြင်-မန္တလေးမြို့။
၂၅၊၁၀၊၆၇

# အမှားအမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၁၉ | ၁၅ | ပဋိစ္စ | ပဋိစ္စဥပ္ပန္နတိ |
| ၂၄ | ၁၇ | ဒုတိယစတုက္ကကြဘော့ | ဒုတိယကြတော့ |
| ၂၉ | ၂၀ | ပေါ်ထွက်လ ာပံ | ပေါ်ထွက်လာပုံ |
| ၄၅ | ၂ | လုပ်စဉ် | လုပ်ငန်းစဉ် |
| ၄၆ | ၂၁ | သမ္ဗသနဉာဏ် | သမ္မသနဉာဏ် |
| ၅၂ | ၁၁ | ထွက်တော့လေ | ထွက်တဲ့လေ |
| ၆၈ | ၁၇ | ဆောင်းသော | ဆောင်သော |
| ၇၂ | ၅ | မဥ္ဇာဋ္ဌ | မဥ္ဇိဋ္ဌ |
| ၇၂ | ၆ | ပသာသရ | ပဘာသရ |
| ၈၁ | ၆ | အနှစ်ကိုတွေ့နိုင်မှ | အနှစ်ကိုတွေနိုင်မှ |
| ၈၅ | ၈ | သမ္ဗသနဉာဏ် | သမ္မသနဉာဏ် |
| ၈၇ | ၁၆ | ဝိပဿနာသမ္ဗသန | ဝိပဿနာသမ္မသန |
| ၉၅ | ၁၃ | သဘာ၁၀၄-ပါး | သဘာ၁၀-၄ပါးက |
| ၉၉ | ၂၀ | သမ္ဗသန | သမ္မသန |
| ၁၀၄ | ၁၃ | သမ္ဗသနဉာဏ်ခေါ် | သမ္မသနဉာဏ်ခေါ် |
| ၁၁၅ | ၃ | သဿတလောက | သဿတလောကော |
| ၁၁၇ | ၁၂ | ထင်မြင်ရှု | ထင်မြင်အောင်ရှု |
| ၁၂၀ | ၂ | အဆစ်ပွေး | အဆစ်ပိုး |
| ၁၂၆ | ၆ | သမ္ဗသနဉာဏ်ဝင်ပုံ | သမ္မသနဉာဏ်ဝင်ပုံ |
| ၁၂၆ | ၁၂ | သမ္ဗသနဉာဏ်သို့ | သမ္မသနဉာဏ်သို့ |
| ၁၃၆ | ၁၅ | ခန္ဓာကိုယ်ကြီး၌ | ခန္ဓာကိုယ်ကြီးမှ |
| ၁၅၂ | ၂၀ | ယောဂါဝစပုဂ္ဂိုလ် | ယောဂါဝစရပုဂ္ဂိုလ် |
| ၁၇၁ | ၃ | လောကီဂန္ဒာရီ | လောကီဂန္ဓာရီ |
| ၁၇၂ | ၈ | ဉာဏ်ကြီးတော် | ဉာဏ်တော်ကြီး |
| ၁၇၃ | ၁၆ | နှာဖြာစွယ်စွယ် | နှစ်ဖြာစွယ်စုံ |
| ၂၂၂ | ၁၆ | ရေသောက်မြစ်တို့ | ရေသောက်မြစ်ကို |